
# သိပ္ပံအဘိဓမ္မာ

(တတိယတွဲ)

ပဋ္ဌာန်းပညာ၊ ပဋ္ဌာန်းတရား

## နှစ်ဖက်လှ ဦးကျော်လွင်



DESIGNED BY WINN PAW MAUNG

သကျယင်စိုးစာပေ
မှ
ထုတ်ဝေ၍
ဂျလာရမ်စာပေ
အမှတ် ၁၆၉၊ ၃၃လမ်း၊ ရန်ကုန်မြို့
တယ်လီဖုန်း - ၈၇၁၈၆
မှ
ပြည်လုံးကျွတ်ဖြန့်ချီသည်။

## နှစ်ထောက်လှ ဦးကျော်လွင် — သိပ္ပံအဘိဓမ္မာ (တတိယတွဲ)


<u>ထုတ်ဝေမှုမှတ်တမ်း</u>

| | |
|---|---|
| စာမူခွင့်ပြုချက် | (၁၃၆/၉၃)(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | (၇၄/၉၄)(၉) |
| | ပထမအကြိမ် |
| | ၁၉၉၅ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသူ | ဒေါ်အေးအေးမော် |
| | (၀၁၄၇၈) |
| | သကျယင်စိုးစာပေ |
| | အမှတ် ၃၉၀၊ အရှေ့ဝါယာလက်(၃)လမ်း |
| | ကမ္ဘာအေး၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | မစ္စတာမှု(လ်)ရာ(ဂျ်)ဆေး(ဂျ်)ပါး(လ်) |
| | (၀၁၈၂၈) |
| | တောက်တောက်ဝင်း အော့ဖ်စက် |
| | အမှတ် ၁၆၉၊ ၃၃လမ်း၊ ရန်ကုန်မြို့။ |
| အဖုံးရိုက် | ဦးမြသိန်း |
| | (၀၁၄၂၇) |
| | သိန်းမြင့်ဝင်းအော့ဖ်စက် |
| | အမှတ် ၉၆၊ ၁၁လမ်း၊ ရန်ကုန်မြို့ |
| မျက်နှာဖုံးပန်းချီ | ဝင်းပေါ်မောင် |

# သိပ္ပံအဘိဓမ္မာ

(တတိယတွဲ)

ပဋ္ဌာန်းပညာ၊ ပဋ္ဌာန်းတရား


နှစ်ဖက်လှ ဦးကျော်လွင်

သ စ အ – မဟာစရိယ

မဟာဝိဇ္ဇာ၊ အထက်တန်းရှေ့နေ



| မြန်မာ | သာသနာ | ခရစ် |
|---|---|---|
| ၁၃၅၅ – ခု | ၂၅၃၇ – ခု | ၁၉၉၃ – ခု |

# မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| နိဒါန်း | ---------------- | ၁ |
| **အခန်း ၁။ ပဋ္ဌာန်းလမ်းစ** | ---------------- | ၆ |
| ပဋ္ဌာန်းဆိုတာဘာလဲ | ---------- | ၆ |
| ပဋ္ဌာန်းကျမ်းကို ဟောဖို့ပြင်ဆင်ခြင်း | ---- | ၁၀ |
| ပဋ္ဌာန်း နည်းများကို ရှာခြင်း | ------- | ၁၃ |
| ပဋ္ဌာန်းပစ္စည်း ၂၄ မျိုး | ---------- | ၁၇ |
| **အခန်း ၂။ ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းအကျယ်** | ------ | ၂၂ |
| ဟေတုပစ္စည်း သို့မဟုတ် ရင်းမြစ်အကြောင်း | --- | ၂၂ |
| ဟေတုအဓိပ္ပာယ် | ----------- | ၂၃ |
| ဟိတ်ခြောက်ပါးနှင့် စဉ်းစားဖွယ် | ----- | ၂၄ |
| ဟိတ်ကြောင့်ဖြစ်သော အကျိုးတရား | --- | ၂၇ |
| အာရမ္မဏပစ္စယော - အာရုံအကြောင်း | ----- | ၃၀ |
| အာရမ္မဏ အဓိပ္ပာယ် | -------- | ၃၁ |
| အာရုံခြောက်ပါးဟူသည် | -------- | ၃၃ |
| အာရမ္မဏသတ္တိစွမ်းရည် | -------- | ၃၄ |
| အာရမ္မဏပစ္စည်းနှင့် လက်တွေ့ဘဝ | --- | ၃၆ |
| အာရမ္မဏပစ္စည်းအရ နေတတ်အောင်နေ | -- | ၃၇ |
| ဒွါရ သို့မဟုတ် အာရုံတံခါး | -------- | ၃၈ |

အဘိဓမ္မာနည်းကျ မြင်ပုံမြင်နည်းစဉ်းစား - - ၄၀
အဝိပတိပစ္စယော - ကြီးကဲစိုးရ သဘာဝ ---- ၄၅
အဓိပတိ အဓိပ္ပာယ် ---------- ၄၅
အဓိပတိဖြစ်သော အာရုံထူး ------- ၄၇
အလေးဂရုမပြုသော စိတ် စေတသိက် --- ၅၀
အလေးဂရုပြုတတ်သော စိတ် စေတသိက်- - ၅၂
လောဘသမား၊ ဒေါသသမား၊
မောဟသမား ------------- ၅၃
အာရုံအဓိပတိပစ္စည်း ----------- ၅၅
သူ၏လောဘကို ကိုယ်အကျိုးရှိအောင်
အသုံးချ --------------- ၅၇
ကုသိုလ်သမား ရိုးသား ---------- ၅၉
လောဘသမား ကုသိုလ်လဲပြု ------- ၆၁
အဓိပတိဘုရားခန်း ----------- ၆၃
ရှိခိုးတတ်မှ ကုသိုလ် ----------- ၆၄
ရုပ်တုဆင်းတု ရှိခိုးခြင်းမဟုတ်ပုံ ----- ၆၆
သဟဇာတအဓိပတိ ---------- ၆၇
လူ၏စွမ်းရည်လေးမျိုး ---------- ၆၈
အဓိပတိဖြစ်ချင်လျှင် အဓိပတိ
ဖြစ်အောင်လုပ် ------------ ၆၉
အနန္တရပစ္စယော - အကြားမရှိ တစ်ဆက်တည်း အကျိုးပြုသော
တရား --------------- ၇၂
အနန္တရ အဓိပ္ပာယ် ----------- ၇၂
အနန္တရနှင့် သံသရာဝါဒ --------- ၇၃
လူသေတော့ စိတ်ပါသေသလား ----- ၇၇
လူသေတော့ ဝိညာဉ်မသေဘူးလား --- ၈၁

သမန္တရပစ္စယော ဟူသည် ---------- ၈၃
သမန္တရ အဓိပ္ပာယ် ---------- ၈၃
သမန္တရပစ္စည်း လိုအပ်ပုံ ------- ၈၃
ရုပ်ခြားနာမ်ခြားကိစ္စ ---------- ၈၅
သဟဇာတ အဓိပ္ပာယ် ------------- ၈၉
သဟဇာတ ခြောက်မျိုး ---------- ၈၉
အညမည ပစ္စည်း -------------- ၉၂
အညမညသုံးမျိုး ------------ ၉၂
နိဿယပစ္စည်း – တည်ရာမှီရာ --------- ၉၅
နိဿယ အဓိပ္ပာယ် ---------- ၉၅
နိဿယ နှစ်မျိုး ------------- ၉၆
နာမ်အားကျေးဇူးပြုသော
ရုပ်အကြောင်းတရား ---------- ၉၈
ရှေ့ဖြစ် နိဿယသဘော --------- ၉၉
နိဿယနှင့် ဝိထိသဘော --------- ၁၀၀
ဝတ္ထုရုပ်များကို အနုစိတ်ပြခြင်း ------ ၁၀၂
အကျိုးပိုင်း၏ လေးနက်မှု -------- ၁၀၃
လက်တွေ့ကျသော ဥပနိဿယပစ္စည်း ----- ၁၀၆
ဥပနိဿယ အဓိပ္ပာယ် ---------- ၁၀၆
ဥပနိဿယသုံးမျိုး ------------ ၁၀၈
ပကတူပနိဿယ အကြောင်း ------- ၁၀၈
ဥပနိဿယပစ္စည်း တစ်ဆယ့်နှစ်ချက် --- ၁၁၀
ကုသိုလ်က ကုသိုလ်အားဖြစ်စေပုံ ----- ၁၁၀
ကုသိုလ်က အကုသိုလ်အားဖြစ်စေပုံ --- ၁၁၂
ကုသိုလ်က အဗျာကတအားဖော်ထုတ်ပုံ -- ၁၁၃

အကုသိုလ်က အကုသိုလ်အား
အကြောင်းပြုပုံ ------------- ၁၁၄
အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံ ----- ၁၁၆
အကုသိုလ်က အဗျာကတတရားအား
ဥပနိဿယပစ္စည်း ဆက်ပုံ --------- ၁၁၉
အကုသိုလ်ကြောင့် အဗျာကတ
ဒုက္ခရောက်ရပုံများ ----------- ၁၂၂
မောဟဆိုတာ ဒါပဲ ----------- ၁၂၅
ပဋ္ဌာတပအကျင့် ------------ ၁၂၆
မီးလုပ်ကျွေးသည့် ဗြဟ္မဏဝါဒ
ပတ္တနာကြောင့် ------------- ၁၂၆
အကုသိုလ်အဆိုးချည်း မဟုတ် ------ ၁၂၇
ကာလနှင့်ဒေသခြားပြီး ဘယ်လို
အကျိုးပေးသလဲ ------------ ၁၂၉
မစိုးရိမ်ဆရာတော်၊ ဆရာဦးလှမောင်
ဟင်းမကောင်းခြင်း ----------- ၁၃၂
ချမ်းသာနှင့် ဆင်းရဲတို့၏
ဆက်သွယ်ဖြစ်ပေါ်မှုများ --------- ၁၃၃
အဗျာကတက ကုသိုလ်ဖြစ်အောင် ---- ၁၃၆
သုခ ဒုက္ခစသည်တို့က ဒါနသီလ
ဖြစ်စေပုံများ -------------- ၁၃၇
အဗျာကတက အကုသိုလ်ဖြစ်အောင် --- ၁၄၀
ပညာကြီးသူတို့၏ ဘာသာရပ် ------ ၁၄၂
ပုရေဇာတပစ္စည်း - ရှေးဖြစ်ကျေးဇူးပြု ----- ၁၄၄
ပုရေဇာတ အဓိပ္ပာယ် ---------- ၁၄၄
စိတ်သက်တမ်းနှင့် ရုပ်သက်တမ်း ----- ၁၄၄

ပန်းတစ်ပွင့် မျက်စိဖြင့် မြင်ပုံစဉ်းစားပါ -- ၁၄၆
ရုပ်ဝါဒ နာမ်ဝါဒ နှစ်စွန်းမထွက် ------ ၁၄၇
ပဋ္ဌာဇာတ – နောက်ဖြစ်ကျေးဇူးပြု -------- ၁၄၉
ပစ္ဆာဇာတ အဓိပ္ပာယ် ---------- ၁၄၉
မျှော်လင့်ချက်စွမ်းအား ---------- ၁၅၀
အာသေဝနပစ္စည်း – အထုံရ အကျိုးပြု ------ ၁၅၂
အာသေဝန အဓိပ္ပာယ် ---------- ၁၅၂
ဇောထဲမှာမှ အာသေဝနရ --------- ၁၅၃
လုပ်စရှိလျှင် လုပ်ချင်ချင် ---------- ၁၅၅
ကမ္မပစ္စည်း – ကံကျေးဇူးပြု ------------ ၁၅၇
ကမ္မ အဓိပ္ပာယ် -------------- ၁၅၇
အတူဖြစ် စေတနာ အတူအကျိုးပြု ---- ၁၅၉
မျိုးစေ့ စေတနာ နောင်အခါ အကျိုးပြု -- ၁၅၉
ကုသိုလ် အကုသိုလ်လုပ်ပြီး အဘယ့်ကြောင့်
ချက်ချင်း အကျိုးမပေးသနည်း ------ ၁၆၁
ကာလခြား နေရာခြားပြီးမှ အကျိုးပေး --- ၁၆၃
အကာလိကောနှင့် ကမ္မပစ္စည်း ခွဲခြား --- ၁၆၃
အကျိုးပေးကို ဓမ္မပဒနှင့်ကြည့် ------ ၁၆၄
ဝိပါကပစ္စည်း – အကျိုးချင်းအကျိုးပြု ------- ၁၆၆
ဝိပါက အဓိပ္ပာယ် ------------ ၁၆၆
အချင်းချင်း အကြောင်းအကျိုးဖြစ် ---- ၁၆၆
အာဟာရပစ္စည်း – ကျေးဇူးပြုပုံ --------- ၁၆၈
အာဟာရ အဓိပ္ပာယ် ----------- ၁၆၈
ရုပ်လဲအာဟာရ နာမ်လဲအာဟာရ ----- ၁၆၈
သြဇာနှင့်အား -------------- ၁၆၉
စားတိုင်း အားမဖြစ်သော ငုပ်ကွက် ---- ၁၇၁

သြဇာရှိသော အာဟာရဖြစ်ဖို့လို ----- ၁၇၂
နာမ်အာဟာရ ကျွေးမွေးပြုပုံ -------- ၁၇၃
ဣန္ဒြိယပစ္စည်း ဆက်သွယ်မှု ----------- ၁၇၄
ဣန္ဒြိယ အဓိပ္ပာယ် ----------- ၁၇၄
အစိုးရမှု သုံးမျိုး ------------- ၁၇၄
ဣန္ဒြေဖြစ်လျက် ပစ္စည်းမဖြစ် ------ ၁၇၆
အကြောင်းဖြစ်ရန် လိုအပ်သော
အချက်သုံးရပ် -------------- ၁၇၆
ဣန္ဒြိယပစ္စည်း မဖြစ်လျှင်
ဣန္ဒြေဖြစ်နိုင်မည်လော --------- ၁၇၇
ဈာနပစ္စည်း ဟူသည် -------------- ၁၇၉
ဈာန အဓိပ္ပာယ် ------------- ၁၇၉
ဈာန်နှင့် ဈာန်အင်္ဂါစေတသိက် ------ ၁၈၀
ဈာန်ဆိုတိုင်း အကောင်းချည်းလော ---- ၁၈၁
မဂ္ဂပစ္စယော ရှင်းလင်းချက် ----------- ၁၈၃
မဂ္ဂ အဓိပ္ပာယ် -------------- ၁၈၃
ရွေးရန်လမ်းနှစ်သွယ် ---------- ၁၈၄
"သမ္မာ" နှင့် "မိစ္ဆာ" ---------- ၁၈၅
မိမိသွားရမည့် လမ်းရွေးရန် -------- ၁၈၆
ဘုံအထူးသို့ ရောက်စေမှု --------- ၁၈၇
ကမ္မပထပတ္တနှင့် ဘူမန္တရပတ္တ ------ ၁၈၈
ဈာန၊ ကမ္မ၊ မဂ္ဂ ------------- ၁၈၉
သမ္ပယုတ္တပစ္စည်း စသည် ------------ ၁၉၁
သမ္ပယုတ်ဖြစ်ရန် လက္ခဏာ -------- ၁၉၁
ဝိပ္ပယုတ္တပစ္စည်း --------------- ၁၉၃
မယှဉ်ပုံသုံးမျိုး -------------- ၁၉၃

| | | |
|---|---|---|
| | အတ္ထိပစ္စည်း | ၁၉၅ |
| | ပဋ္ဌာန်းအရ "ရှိ" ပုံ | ၁၉၅ |
| | "အတ္ထိ" ရှစ်မျိုး | ၁၉၆ |
| | နတ္ထိပစ္စည်း | ၁၉၇ |
| | နတ္ထိအဓိပ္ပာယ် | ၁၉၇ |
| | ဝိဂတပစ္စည်း | ၁၉၈ |
| | ဝိဂတအဓိပ္ပာယ် | ၁၉၈ |
| | အဝိဂတပစ္စည်း | ၁၉၉ |
| | အဝိဂတအဓိပ္ပာယ် | ၁၉၉ |
| အခန်း ၃။ | ပစ္စည်းတရားတို့၏ စုပေါင်းသတ္တိ စုပေါင်းစွမ်းအား | ၂၀၀ |
| | မျိုးတူစုပစ္စည်းများ | ၂၀၁ |
| | ဟေတုပစ္စည်းဆက်ပုံ | ၂၀၄ |
| | အဓိပတိပစ္စည်းဆက်ပုံ | ၂၀၅ |
| | အာသေဝနပစ္စည်းဆက်ပုံ | ၂၀၆ |
| | သဟဇာတကမ္မပစ္စည်းဆက်ပုံ | ၂၀၈ |
| | နာနက္ခဏိကကမ္မပစ္စည်းဆက်ပုံ | ၂၀၉ |
| နိဂုံး | | ၂၁၁ |
| စာအုပ်စာရင်း | | ၂၁၆ |

# နိဒါန်း

ရှေးဆရာတော်ကြီးများသည် ပိဋကတ်တော် ကျမ်းပေါင်းများစွာမှ လိုအပ်ရာရာတို့ကို ထုတ်နှုတ်၍ မြတ်စွာဘုရား၏ အကြောင်းအရာကို သီးခြား စုစည်းရေးသားတော်မူကြသည်။ ထိုကျမ်းကြီးကို "ဗုဒ္ဓဝင်" ဟု အမည်ပေးခဲ့ကြ၏။ ထို ဗုဒ္ဓဝင်တွင် ဝါတော်စဉ်အလိုက် မြတ်စွာဘုရား ဆောင်ရွက်တော်မူချက်များကို ဖော်ပြထား၏။

ခုနစ်ဝါမြောက်တွင် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့တက်ကြွတော်မူပြီး မယ်တော်မိနတ်သားကို အမှူးထား၍ နတ်ဗြဟ္မာအပေါင်းအား အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့၏။

ထို ဝါတွင်း၌ပင် နေ့စဉ် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပြီး ဟိမဝန္တာတောရှိဆေးတန်းမြင်းသီလာ ကျောက်ဖျာထက်၌ ဆွမ်းဘုဉ်းပေးတော်မူရာတွင် နေ့စဉ်လာရောက်၍ ဝတ်ကြီးဝတ်ငယ် ပြုစုသော လက်ျာတော်ရံ ပညာဧတဒဂ်ရ ရှင်သာရိပုတ္တရာအား နတ်ပြည်၌ ဟောပြီးသမျှ တရားကို အကျဉ်းချုပ် ပြန်လည်၍ ဟောတော်မူ၏။

ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံမှ နာယူမှတ်သားထားသော အဘိဓမ္မာ တရားအကျဉ်းကို မိမိဉာဏ်ဖြင့် မကျဉ်းမကျယ် စီစဉ်၍ မိမိ၏ တပည့် ရဟန်းငါးရာတို့အား ပြန်လည်ဟောပြခဲ့၏။ ထို ရဟန်းငါးရာသည် ကဿပဘုရားရှင်လက်ထက် လင်းနို့သားငါးရာ ဖြစ်ခဲ့သော ဘဝက ဂူတစ်ခုအတွင်း နေကြရာ ရဟန်းတစ်ပါးက နေ့စဉ် အဘိဓမ္မာတရား ရွတ်ဖတ်သရဇ္ဈာယ်သည်ကို ကြည်ညိုစိတ် ဖြစ်ခဲ့ဘူးသော ဓာတ်ခံရှိသောကြောင့် ရှင်သာရိပုတ္တရာက သူတို့အား ရွေးပြီး အဘိဓမ္မာတရားဟောခြင်း ဖြစ်၏။

အထက်ပါ ဖြစ်စဉ်ဖြစ်ရပ်ကို သဘောပေါက်နားလည်သူသည် အဘိဓမ္မာကို ဘုရားမဟော၊ လူ့ပြည်မှာ မဟော၊ ဘုရားမဟုတ်သော ပညာရှိတင်ဦးက ဟောခဲ့သည် စသည်ဖြင့် ဝိစိကိစ္ဆာဖြစ်အောင် ရေးသားပြောဆိုမှု မှန်သမျှကို လက်သင့်ခံမည် မဟုတ်ပေ၊ သူ့ဟာသူ့ ရှင်းပြီးသား ဖြစ်နေ၍တည်း။

အမှန်မူကား အဘိဓမ္မာခုနစ်ကျမ်းကို သဘောအဓိပ္ပါယ်နှင့် တကွ အာဂုံဆောင်တော်မူသော မည်သည့် တိပိဋကဆရာတော် တစ်ပါးကမျှ အဘိဓမ္မာ ဘုရားမဟောဟု မိန့်ကြားတော်မူခြင်း မရှိချေ၊ ထိုတွင်မျှမက မင်းကွန်းတိပိဋကဆရာတော် အသျှင်ဝိစိတ္တသာရာဘိဝံသက သူ အဘိဓမ္မာကို သဘောရေးဖြေနှင့်ဟကွ အာဂုံပြန်ဆိုရန် လေ့လာသည့်အခါတွင်မှ သဗ္ဗညုတဉာဏ်တော်ကြီးကို ပို၍ အလေးအနက် ကြည်ညိုလာကြောင်း မိန့်ကြားတော်မူဘူး၏။

သို့ဖြစ်သောကြောင့် မိမိတို့၏ ဗုဒ္ဓဘာသာ လောကအတွင်း၌ ဝိစိကိစ္ဆာများအောင် သတ်လျှိုထားသော အပြောအဆိုမျိုးကို ငှက်ဆိုးမိန်ကောင်၏ အမင်္ဂလာအသံဆိုးလို သဘောထားပြီး ယံဒုန္နိမိတ္တံဖြင့် အပြတ်ရှင်းပစ်ကြရမည် ဖြစ်၏။ သူများယောင်လို့ယောင် အမောင်တောင်မှန်းမြောက်မှန်းမသိဘဝသို့လည်း မရောက်စေသင့်၊ ဣန္ဒခီလတံခါးတိုင်ကြီးပမာ မိမိ၏ သဒ္ဓါယုံကြည်မှု၊ ဝဇိရစိန်လို မိမိ၏ ပညာထက်မြက်မှုတို့ဖြင့် အခိုင်အမာ ရပ်တည်ပြီး ငါတို့ဘာသာမှာသာ ဒီလောက်ကြီးကျယ်သော မဟာပညာ အဘိဓမ္မာကြီးရှိသည်ဟူသော ဂုဏ်ယူသော စိတ္တာဓိပတိဟံခွန် ထူထားကြရန် ဖြစ်ပေသည်။

နှောင်းလူသားတို့ ကျင့်နိုင်ဆောင်နိုင်ရုံမျှသာ သံဂါယနာဆရာတို့က လက်ရှိအဘိဓမ္မာ ခုနစ်ကျမ်းကို စီစဉ်ထားခဲ့၏၊ စင်စစ် ဘုရားရှင် မူလဟောသော အဘိဓမ္မာတရားတော်ကား အဘယ်မျှ များပြားကျယ်ဝန်းသည်ဟု စာလုံးအက္ခရာဖြင့် ရေးပြ၍ပင် ရနိုင်ဖွယ် မရှိပေ။

"မဟာပကရဏ" "ကျမ်းကြီး" ဟူ၍ ခေါ်ရသော နောက်ဆုံး အဘိဓမ္မာကျမ်း ပဋ္ဌာန်းတစ်ကျမ်းတည်းသည်ပင် ဂဏန်းများလှသည်၊ ပဋ္ဌာန်းအဋ္ဌကထာကြီး၌ ဖော်ပြထားချက်အရ (၄၀၄၊ ၉၄၈၊ ၅၃၃၊ ၂၄၈) ဟူသော ဂဏန်းဆယ့်နှစ်လုံးကို ရ၏၊ ခုဆယ်ရာထောင်သောင်းဟု ကောက်ပြီးရေတွက်ပါက ကုဋေပေါင်း လေးသောင်းလေးရာကိုးဆယ့်လေးကုဋေနှင့် ရှစ်သန်းငါးသိန်းသုံး

သောင်းသုံးထောင်နှစ်ရာလေးဆယ့်ရှစ်ဖြစ်၏၊ ယင်းကား ပဋ္ဌာန်းကျမ်းလာ ဒေသနာ အစဉ်တော်ပေတည်း။ (အကျယ်ကို နှစ်ဖက်လှ၏ ခေတ်သစ် သောနုတ္တိုရ် (ပထမတွဲ) နှင့် နှစ်ဖက်လှ၏ သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏ အစိန္တေယျ တရားစာအုပ်တို့၌ ကြည့်ရှုနိုင်၏။)

ဤမျှများပြားလှသည်ကား အခြားမဟုတ်၊ နည်းတွေများနေခြင်း ဖြစ်၏၊ ဉာဏ်တော်ကြီးမား၍ သလောက် နည်းမျိုးစုံဖြင့် ဟောတော်မူသောကြောင့် ယခုလို အံ့မခန်းကြီးကျယ်နေခြင်း ဖြစ်၏။

အခြေတည်သည်က ပရမတ္ထတရားလေးပါးနှင့် ပညတ်သာ၊ ယင်းကို တိက် ၂၂၊ ဒုက် ၁၀၀ ဖွဲ့လိုက်၏၊ ထို တိက် ဒုက်တို့ကို အခြေခံပြီး အနုလောမ (အလျော်)၊ ပစ္စနိက် (ပြောင်းပြန်) စသည်ဖြင့် အမျိုးမျိုးဟောတော်မူရာ အလွန် ကျယ်သွားရပေသည်။

သဘောပေါက်အောင် ဥပမာဆောင်ရသော် ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းကဲ့သို့ ဖြစ်၏၊ ဂုဏ်တော်ကိုးပါးကို (၁၀၈) လုံး ပုတီးဖြင့် စိတ်လျှင် ခဏလေးပြီး၏၊ ကွန်ချာလှည့်လိုက်သောအခါ အလွန်ကို ကျယ်သွား၏၊ ကျယ် အောင်က သမာဓိရှိမှ ပညာကြီးမှ လုပ်တတ်၏၊ လုပ်နိုင်၏၊ စိတ်ဓါတ်ခွန်အား လည်း သိပ်လိုလာ၏၊ စိတ်ဓါတ်ခွန်အားကောင်းမှ ဂုဏ်တော်ကွန်ချာစိပ်နိုင်၏။

ဤဥပမာအတိုင်းပင် ပဋ္ဌာန်းကျမ်းကြီး ကြီးကျယ်သည်မှာ အတိုင်း အဆမရှိကြီးမြတ်တော်မူသော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သဘာဝပရမတ္ထ တရားတွေကို မွှတ်မွှတ်လည်အောင် ဟောတော်မူလိုက်သောကြောင့် ဖြစ်ပေ သည်။ ဆရာကောင်း သမားကောင်းဖြင့် ပဋ္ဌာန်းသင်ဖူးသူတို့ ဤအကြောင်းကို ရိပ်မိနိုင်ပေသည်။

ယခုရေးသားထုတ်ဝေသော ပဋ္ဌာန်းအကြောင်းစာအုပ် (သိပ္ပံ အဘိ ဓမ္မာ တတိယတွဲ) သည်ကား ဆိုပါပဋ္ဌာန်းကျမ်းကြီး၏ နည်းနာနယတို့ကို သင်ပြ သော ကျမ်းမဟုတ်၊ စာအုပ်ရေးပြီး သင်ပြလို့လည်း ရစကောင်းသည် မဟုတ်ပေ။

စင်စစ် ဤစာအုပ်က ဖော်ပြသည်မှာ ပဋ္ဌာန်းကျမ်းကြီး၏ အရင်း အမြစ် အခြေခံဖြစ်သော ၂၄ ပစ္စည်း၏ သဘောသဘာဝကို ဖော်ပြခြင်းဖြစ်၏၊

ပစ္စည်းတစ်ခုချင်း ရှင်းပြခြင်းသာ ဖြစ်၏၊ ဤစာအုပ်က "အကြောင်း" ဆိုသည်ကို လည်းကောင်း၊ "အကျိုး" ဆိုသည်ကို လည်းကောင်း၊ ယင်းအကြောင်းနှင့် အကျိုး ဆက်သွယ်မှုကို လည်းကောင်း ဗုဒ္ဓရှင်တော်ဘုရား၏ အလိုကျ ပဋ္ဌာန်းပညာဖြင့် အသိမှန်ရစေရန် ရည်ရွယ်၏။

လူသားတို့ အနေဖြင့် အကြောင်းအကျိုးဆိုတာ မရှိဟု ယူသူက ယူ၏၊ သူတို့ဉာဏ်မှီသမျှ အကြောင်းဆိုတာ ဒါပဲဟု သတ်မှတ်သူက သတ်မှတ်၏၊ ဤသို့ အမျိုးမျိုး ရှိရာတွင် မိမိတို့က ဗုဒ္ဓရှင်တော်ဘုရား၏ အလိုတော်ကျ အကြောင်းနှင့် အကျိုးကို သိကြရပြီး သမ္မာဝါဒ လက်ကိုင်ပြုနိုင်ကြရန် ဖြစ်ပေသည်။

ထို့ပြင် မိမိတို့ဘဝကို ပဋ္ဌာန်းအသိဉာဏ်ဖြင့် ထိန်းကျောင်းပေးသွားနိုင်ပါက အကျိုးရှိနိုင်၏၊ သို့ဖြစ်၍ သာမန်စာဖတ်သူများသည်ပင် အတော်အတန် လိုက်နိုင်အောင် (ဝါ) စာတတ်သူတိုင်းနှင့် ပဋ္ဌာန်းပညာနီးစပ်အောင် ရည်ရွယ်ချက်ထားပြီး ရေး၏။

သို့သော် ဘာသာရပ် သဘောက လေးနက်ခက်ခဲ သိမ်မွေ့သည့်အတွက် သာမန်အပေါ်ဖတ်၍ကား အရသာ တွေ့မည် မဟုတ်ချေ၊ ကာတွန်း၊ ဝတ္ထုအဆင့်လောက်ကိုသာ ဝင်စားနိုင်သော စိတ်နေစရိုက်မျိုးဖြင့်လည်း ဤစာအုပ်ကို ဖတ်၍ ပျော်မည်မဟုတ်ချေ၊ စင်စစ် ပညာစရိုက်ရှိသူမျိုးသည်သာ စိတ်ဝင်စားမည်ဖြစ်၏၊ ထို့ကြောင့် မိမိအနေဖြင့် ဤစာအုပ်ကို ကြိုက်သည်ဆိုလျှင်ပင် မိမိ၏စရိုက်ကို အကဲဖြတ်၍ ရမည်ဖြစ်ပေသည်။

ဤစာရေးသူ၏ စေတနာဆန္ဒသည်ကား မြတ်စွာဘုရားရှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ရှာဖွေဆည်းပူးတော်မူမှသာ ရရှိသိမြင် ဟောကြားထားနိုင်ခဲ့သော ပိဋကတ်ပညာ (ဝါ) ပဋ္ဌာန်းဘာသာရပ်ကို ဗုဒ္ဓဘာသာတို့ (သို့မဟုတ်) ဓမ္မနှင့် **ပညာ** နှစ်ဖြာ လိုလားသူတို့နှင့် ဆက်ပေးရန် ဖြစ်ပေသည်၊ တစ်နည်းဆိုရသော် **အဘိဓမ္မာ**ပညာကို လူထုလက်ထဲ ထည့်ပေးရန် ဖြစ်ပေသည်။ ဤစေတနာကြောင့်ပင် ဤစာမူကို ပြုစုခြင်းဖြစ်ပေသည်။

ဤစာမူတွင် ၂၄ ပစ္စည်းကို တစ်ပစ္စည်းချင်း ရှင်းလင်းဖော်ပြပြီးနောက် အကြောင်းတရားများ စုပေါင်း၍ အကျိုးကို ဖော်ထုတ်ပုံ သိသာရုံမျှ ထည့်

သွင်းထား၏၊ စင်စစ် အကြောင်းဟူသည် တစ်ခုတည်း မဟုတ်တတ်ပါကလား ဟုတွေးမြင်တတ်လာမည် ဖြစ်ပေသည်။

ထို့ပြင် ဤစာအုပ်ကို ဖတ်လျှင် စိတ်ချမ်းသာမည်၊ စိတ်ဓါတ်သန့်ရှင်းဖြူစင်မည်၊ ဉာဏ်ပညာ ထက်မြက်လာမည်၊ ပညာပါရမီ အထူးရစေမည်၊ ဤထက်ကြီးကျယ်သော လက်တွေ့အကျိုးမှာ ဝိပဿနာတရားကို အားထုတ်ပါက နာမရူပ ပရိစ္ဆေဒဉာဏ် မြန်မြန် ရရှိစေနိုင်မည် ဖြစ်ပေသည်။

ဤစာအုပ်သည်မိမိကိုယ်တိုင် ရေးသားထုတ်ဝေခဲ့ပြီးသော စာအုပ်များအနက် (၂၈) (နှစ်ဆယ့်ရှစ်) အုပ်မြောက် ဖြစ်၏။

ဤစာအုပ်သည် ခေတ်နှစ်များစွာ ကာလကြာအောင် စာပြုသူ၏ ကိုယ်စား ဗုဒ္ဓသာသနာမှန် ပြန့်ပွားအောင် သာသနာပြုရစ်ပါစေသတည်း။

နှစ်ဖက်လှ – ဦးကျော်လွင်

စာမူပြီးသည့်နေ့ – ၅၊ ၇၊ ၁၉၉၃

တနင်္လာနေ့

# အခန်း (၁)

## ပဌာန်းလမ်းစ

### ပဌာန်းဆိုတာ ဘာလဲ

ပဌာန်းကျမ်းမြတ်ကို ပုံသဏ္ဍာန်ပိုင်း (Form) နှင့် ပါဝင်မှုအပိုင်း (Content) ကို ခွဲကြည့်ပါက ပုံသဏ္ဍာန်ပိုင်းဆိုင်ရာ နည်းနာတို့သည် အဆုံးမရှိ လောက်အောင်များပြားထူးခြားဆန်းကြယ်လှသည်ကိုတွေ့ရသည်။ ပါဝင်သော တရားဝမ္ဘတို့မှာမူ အနှစ်ချုပ်အားဖြင့် ပရမတ္ထတရား လေးပါးသာ ဖြစ်ပါသည်။ ထို့ကြောင့် လူ့ဘဝအတွက် လက်တွေ့အသုံးဝင်မည့် (ဝါ) လက်ငင်းအကျိုးပြုမည့် ပဌာန်းဆက်တို့ကိုသာ ဦးစားပေး တင်ပြသွားရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာအခြေခံ အတန်အသင့်မရှိစေကာမူ သွက်လက်ချက်ချာသော စာဖတ်သူ တစ်ဦးအဖို့ ဖတ်၍ဖြစ်လောက်စရာ ရှိပါလိမ့်မည်။

"ပဌာန်းဆိုတာ ဘာလဲ" ဆိုသည့်မေးခွန်းဖြင့် စတင်ဖွင့်ကြပါမည်။ မှန်ပါသည်။ ပဌာန်းကို မသိဘူးသေးသူ မလေ့လာဘူးသေးသူတို့ အနေဖြင့် "ပဌာန်း" ဆိုတာ ဘာလဲဟု ရှေးဦးစွာ သိချင်ကြမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤ အခြေခံ သိလိုမှုကို အလျှင်ပေးရမည် ဖြစ်ပါသည်။

### "ပဌာန်းဆိုတာ ဘာလဲ"

"ပဌာန်း" ဆိုသည်မှာ ဗုဒ္ဓဘာသာတို့ ကိုးကွယ်သည့် ဂေါတမဗုဒ္ဓ ရှင်တော်ဘုရား စတင်ထုတ်ဖော် ဟောကြားတော်မူသည့် အဘိဓမ္မာ ခုနစ်ကျမ်း ကမှ နောက်ဆုံးကျမ်း၏ အမည်ဖြစ်ပါသည်။ အဘိဓမ္မာခုနစ်ကျမ်းထဲမှ နောက် ဆုံး အဘိဓမ္မာကျမ်းကို "ပဌာန်း" (ပဌာန်းကျမ်း) ဟု ခေါ်သည်။

အဲဒီကျမ်းကို ဘာလို "ပဋ္ဌာန်း" (ပဋ္ဌာန်းကျမ်း) လို့ ခေါ်ရတာလဲ၊ "ပဋ္ဌာန်း" ဆိုတာက ဘယ်လို အဓိပ္ပါယ် ရှိလို့လဲ။

အဲဒီအမေးနှစ်ခုကို ပေါင်းပြီး ဖြေပါမည်။ ပဋ္ဌာန်း (ပဋ္ဌာန) ဆိုတဲ့ ပါဠိစကားက "အကြောင်း" ဆိုတဲ့ အနက်ကို ဖော်ပြပါသည်။ "အကြောင်း" ဆိုရာတွင်လည်း သာမည အပယိက အကြောင်းမျိုးကို "ပဋ္ဌာန်း" လို့ မဆိုပါ။ ပဓါနကျတဲ့အကြောင်း ကေန်မုချ ဖြစ်တဲ့အကြောင်း (ဝါ) ခိုင်မာတဲ့ အကြောင်းမျိုးကိုမှ "ပဋ္ဌာန်း" ဟု ခေါ်ပါသည်။ သို့ဖြစ်၍ "ပဋ္ဌာန်း" "ပဋ္ဌာန်း" လို့ ကြားရတိုင်း "ပဓာနအကြောင်း၊ မုချအကြောင်း၊ ခိုင်မာတဲ့အကြောင်း" ဆိုတဲ့ အဓိပ္ပါယ်အထိ သိလိုက်ပါ။ ဒါက "ပဋ္ဌာန်း" ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပါယ် ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်ဘုရား ဟောတော်မူတဲ့ အဘိဓမ္မာခုနစ်ကျမ်းထဲမှ နောက်ဆုံးအဘိဓမ္မာကျမ်းသည် တစ်ကျမ်းလုံးပဲ၊ အဲဒီပဓါနအကြောင်းနဲ့ ပဓါနအကြောင်းကြောင့် ဖြစ်ရတဲ့ပဓါနအကျိုး (ဝါ) ကေန္တအကျိုးတို့ကိုသာ ဆက်စပ်ပြီး ဟောတဲ့ကျမ်း ဖြစ်၏။ အကြောင်းအကျိုးဆက်ပြတဲ့ ကျမ်းကြီး ဖြစ်ပါသည်။

အကြောင်းပိုင်းနှင့် အကျိုးပိုင်းကို စဉ်းစားရာတွင် အကြောင်းပိုင်းက အရင်းခံကျသည်၊ အရေးကြီးသည် ဆိုတဲ့အချက်ကို တွေ့ရပါမည်။ ပဓါနကျတဲ့ အကြောင်းရှိနေပြီဆိုလျှင် အကျိုးတရား မဖြစ်ပေါ်ဘဲ မနေပေ။ အကြောင်းအခိုင်အမာ ဖြစ်ပေါ်လာပါက အကျိုးဟာ မဖြစ်ပေါ်ဘဲကို နေ၍မရပါ။ ထိုသို့ အကြောင်းနှင့်အကျိုး နှစ်မျိုးတို့တွင် အကြောင်းပိုင်းက ပို၍ အခြေခံကျသည့်အတွက် အကြောင်းနှင့် အကျိုး နှစ်မျိုးကို ဟောသော ကျမ်းကြီးကို အမည်တပ်ရာတွင် အခြေခံကျသည့် အကြောင်းအချက်ကို ယူပြီး နာမည်ပေးပါသည်။ ထို့ကြောင့် ဤအဘိဓမ္မာကျမ်းကြီးကို "ပဋ္ဌာန်း" (ပဋ္ဌာနပကရဏ = ပဋ္ဌာန်းကျမ်း) ဟူ၍ နာမည်ပေးခြင်း ဖြစ်ပါသည်။

ဒါကို နားလည်ပါပြီ။

အဲဒီ ပဋ္ဌာန်းကျမ်းကြီးမှာ အကြောင်းတွေကို ဟောတယ်၊ အကျိုးတွေကို ဟောတယ်၊ အကြောင်းနဲ့ အကျိုး ဆက်စပ်ပုံကို ဟောတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်ပုံတွေကို ဟောတယ်ဆိုတော့ ဘာတွေကိုအခြေခံပြီး ဟောပါသလဲ၊ ဘယ်လိုဟောပါသလဲ။

ဘာတွေကို အခြေခံပြီး ဟောပါသလဲ ဆိုတော့ ကျွန်ုပ်တို့ နေထိုင်တဲ့ဩကာသလောကကြီး၊ ကျွန်ုပ်တို့ရဲ့ သတ္တလောကကြီး၊ အဲဒီလောကကြီး နှစ်ခုရဲ့ဖြစ်ပျက်ပြုပြင်တဲ့ သဘာဝကြီး၊ အဲဒီလောကကြီးသုံးပါးကို အခြေခံပြီး ဟောပါသည်။

ဘယ်လို ဟောပါသလဲ ဆိုတဲ့ မေးခွန်းကို တိုတိုနဲ့ ဖြေရလျှင် နည်းမျိုးစုံနဲ့ ဟောပါသည်။ နည်းပေါင်း ဘယ်လောက်ရှိသလဲဟု ရေတွက်လို့မရလောက်အောင်ပင် များပြားလှတဲ့ နည်းတွေနဲ့ ဟောပါသည်။ သဗ္ဗညုတဉာဏ်တော်ကြီး ကွန့်မြူးပြီး (ဉာဏ်ကစားပြီး) တအံ့တဩကြီးကို ဟောပါသည်။

ယခု ဆက်လက်ပြီး အထက် အမေးအဖြေမှာပါတဲ့ စကားအချို့ကို အကျယ်ရှင်းပြရပါမည်။

"ဩကာသလောကကြီး" ဆိုတာ ကမ္ဘာကြီးဖြစ်ပါသည်။ ကမ္ဘာကြီးဆိုတာကို အများသိကြတာက အာရှတိုက်၊ အာဖရိကတိုက် စတဲ့ တိုက်ကြီးခြောက်တိုက်နဲ့ ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ် သမုဒ္ဒရာ စတဲ့ သမုဒ္ဒရာတွေ၊ ဟိမဝန္တာတောင် စတဲ့ တောင်တွေ၊ ဆာဟာရသဲကန္တာရ စတဲ့ သဲကန္တာရတွေ၊ ဒါတွေလောက်ကိုပဲ ကမ္ဘာကြီးလို့ သိကြပါသည်။ ဒါက လက်ရှိ မျက်မှန်တပ်သုံးရတဲ့ မံသစက္ခုနဲ့ မြင်ရတဲ့ ကမ္ဘာဖြစ်ပါသည်။ ထို့ပြင် ကောင်းကင်ပေါ်က နေ၊ လ၊ နက္ခတ်တာရာတွေကိုလဲ မျက်မြင်မို့ ဒီကမ္ဘာထဲ ထည့်ကြပါသည်။ ထို့ကြောင့် လူသာမန်တွေ မြင်ကြသိကြတဲ့ ဩကာသလောကကြီး ဆိုတာ ဒါလောက်ပင်ဖြစ်ပါသည်။

ဒါပေမယ့် ဗုဒ္ဓဘာသာတွေကတော့ ဩကာသ လောက ဆိုတဲ့ ကမ္ဘာနဲ့ပတ်သက်လို့ အမြင်ပိုကျယ်သည်၊ အသိပိုကြီးသည်။ မျက်မှန်တပ်ကြည့်ရတဲ့ မံသစက္ခုကို လွန်ပြီး ဉာဏစက္ခုနဲ့ပါ ထွင်းဖောက်ကြည့်တတ်သည်။ ထို့ကြောင့် ထူးဆန်းလှတဲ့ ကမ္ဘာတွေကို မြင်ကြပါသည်။

ဗုဒ္ဓဘာသာတွေက ခုနပြောခဲ့တဲ့ လူသာမန်တွေ မြင်တဲ့ ကမ္ဘာကို လူ့ကမ္ဘာနဲ့ တိရစ္ဆာန်ကမ္ဘာလို့ ခွဲခြားသတ်မှတ်ပါသည်။ နောက်ပြီး လူ၏မျက်စိစွမ်းအားနဲ့ မမြင်ရပေမယ့် တကယ်ရှိနေတဲ့ ပြိတ္တာကမ္ဘာ၊ ငရဲကမ္ဘာ၊ အသူရကာယ်ကမ္ဘာကိုပါ မြင်ပါသည်။

ထို့ပြင် နတ်ကမ္ဘာ ခြောက်ကမ္ဘာ၊ ရုပ်နာမ်စုံ ဗြဟ္မာကမ္ဘာ ၁၅ ကမ္ဘာ၊ ရုပ်ဗြဟ္မာ ကမ္ဘာတစ်ကမ္ဘာ၊ နာမ်ဗြဟ္မာကမ္ဘာ ၄ ကမ္ဘာ၊ အဲဒီလို အလွန်ကြီးမားလှတဲ့ နတ်ဗြဟ္မာတို့ရဲ့ ကမ္ဘာတို့ကိုပါ ဗုဒ္ဓဘာသာတို့က ဩကာသလောကနယ်ကြီးထဲမှာ တကယ်ရှိနေတာကို တွေ့ကြရပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာတို့သိသော မြင်သော ဩကာသလောကကမ္ဘာက စုစုပေါင်း (၃၁) ကမ္ဘာအထိ ရှိပါသည်။ ထို့ကြောင့် ဤ "ပဋ္ဌာန်း" ဘာသာရပ်မှာ ဩကာသလောကဆိုရင် အဲဒီ (၃၁) ကမ္ဘာကို ဆိုကြောင်းသိရပါသည်။ "ပဋ္ဌာန်း" ကျမ်းကြီးကလဲ ဩကာသလောကနဲ့ ပတ်သက်လာရင် အဲဒီ (၃၁) ကမ္ဘာကိုပဲ အခြေခံပြီး ဟောပါသည်။

"သတ္တလောက" ဆိုရာမှာလဲ ဗုဒ္ဓဘာသာတို့ရဲ့ အမြင်က သိပ်ပြီးကျယ်သည်။ လက်ရှိ သိပ္ပံမှန်ပြောင်းတွေကို လွန်ပြီးမြင်ထားသည်။ သတ္တဝါစာရင်းပြုရာတွင် လူမဟုတ်သော အခြေလေးချောင်း အခြေနှစ်ချောင်း စသည်ရှိတဲ့ သတ္တဝါတွေကို တိရစ္ဆာန်ဆိုတဲ့ စကားတစ်လုံးထဲနဲ့ခေါ်သည်။ ထို့ကြောင့် လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ ငရဲ၊ နတ်၊ ဗြဟ္မာ ရယ်လို့ သတ္တဝါ ခုနစ်မျိုးကို ဗုဒ္ဓဘာသာတို့က သိထားကြပါသည်။ ဒါကြောင့် ပဋ္ဌာန်းကျမ်းကြီးက သတ္တလောကအကြောင်း ဟောရာတွင် အဲဒီဗုဒ္ဓဘာသာ အမြင်အရ မြင်ထားတဲ့ သတ္တဝါ ခုနစ်မျိုးကို အခြေခံပြီး ဟောပါသည်။ ဤအချက်ကို နားလည်ထားရပါသည်။

"သင်္ခါရလောက" ဆိုသည်ကတော့ ဘယ်ဝါဒ ဘယ်သိပ္ပံ ဘယ်ဝိဇ္ဇာတို့ကမှ ပြည့်ပြည့်စုံစုံ မသိမမြင်ကြတဲ့ သဘောတရား လောကကြီးဖြစ်ပါသည်။ အထက်ပါ ဩကာသလောက ကမ္ဘာကြီးနှင့် သတ္တလောကသတ္တဝါတွေရဲ့ ဖြစ်ပျက်ပြုပြင်နေတဲ့ ရုပ်နာမ်သဘာဝနယ်ကြီးကို သင်္ခါရလောကဟု ခေါ်ထားပါသည်။ အလွန်နက်နဲ သိမ်မွေ့တဲ့ လောကကြီး ဖြစ်ပါသည်။ ပဋ္ဌာန်းကျမ်းက အဲဒီ သင်္ခါရလောကကြီးကိုလဲ အခြေခံပြုပြီး ဟောပါသည်။

နောက် အထူးခြားဆုံးက အဲဒီလောကကြီးသုံးပါးကို လွန်မြောက်သွားတဲ့ အဲဒီလောကကြီး သုံးပါးမှ အလွတ်ဖြစ်တဲ့ လောကုတ္တရာနယ်ကြီး ဖြစ်ပါသည်။ လောက + ဥတ္တရ ဟု ပုဒ်ခွဲလျှင် ဥတ္တရ = လွန်မြောက်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လောကကို လွန်သွားပြီးတာကို လောကုတ္တရာဟု ခေါ်ပါသည်။ အဲဒီ လောကုတ္တရာနယ်ကြီးထဲမှာလဲ အထက်တန်းစား သဘာဝတရားတွေ ရှိပါသည်။ ပဋ္ဌာန်းဒေသနာတော်ကြီးက အဲဒီလောကုတ္တရာ သဘာဝတွေကိုလဲ ဟောပါသည်။

ဒီလောက်ဆိုရင် ဘာတွေကို အခြေခံပြီး ဟောသလဲဆိုတဲ့ မေးခွန်းရဲ့ အဖြေမှာပါတဲ့ လောကကြီးသုံးပါးနဲ့ လောကုတ္တရာ ဆိုတာကို အကျဉ်းချုပ်သိလောက်ပါပြီ။ "ပဋ္ဌာန်း" ကို လေ့လာသူသည် အဲဒီ ဗုဒ္ဓဘာသာတို့ သိမြင်တဲ့ အဲဒီလောကကြီး သုံးပါးနဲ့ လောကုတ္တရာကို ကြိုတင်ပြီး အာရုံတည်ထားဘို့ လိုပါသည်။

## ပဋ္ဌာန်းကျမ်းကို ဟောဖို့ပြင်ဆင်ခြင်း

ပဋ္ဌာန်းကို မည်သူဟောသလဲ။

ဂေါတမဗုဒ္ဓရှင်တော်ဘုရား ဟောပါသည်။

ဘာနဲ့ဟောသလဲ။

သဗ္ဗညုတဉာဏ်တော်နဲ့ ဟောပါသည်။

ဘာကို ဟောသလဲ။

ပရမတ္ထတရား ပညတ်တရား အားလုံးကို ဟောပါသည်။

ဘယ်လို ဟောသလဲ။

အကြောင်းအကျိုး ဆက်စပ်ပြ၍ ဟောပါသည်။

ဘယ်အကျိုးအတွက် ဟောသလဲ။

မိစ္ဆာဒိဋ္ဌိအယူမှား အမြင်မှားမှုများ ကင်းပျောက်စေရန်နှင့် သမ္မာဒိဋ္ဌိအမြင်မှန် ပေါက်စေရန်အတွက် ဟောပါသည်။

ဘယ်လို အမြင်မှားပျောက်ပြီး အမြင်မှန်ပေါက်စေပါသလဲ။

ပဋ္ဌာန်းကျမ်းကိုသင်ကြားလေ့လာလို့ရှိလျှင် ၃၁ ဘုံ၊ ၃၁ ဘဝ ရှိပုံကို

နားလည် လာသည်။ လူအမျိုးမျိုး နတ်အမျိုးမျိုး ဗြဟ္မာအမျိုး ရှိနေပုံကို သိလာသည်။ လောကီလူသားတွေနဲ့ လောကုတ္တရာသားတွေ (ဝါ) သောတာပန်စတဲ့ အရိယာတွေရှိပုံကို သိလာသည်။ လူမှာ ရုပ်နဲ့နာမ် နှစ်မျိုးတကယ်ရှိတကယ်ဖြစ်နေပုံကို သိလာသည်။ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝရယ်လို့ ဘဝ သုံးမျိုး တကယ်ရှိပုံကို သိလာသည်။

ပဋ္ဌာန်းကို သင်ယူလေ့လာပါက ရုပ်ဝါဒ အယူလဲ ပျောက်မယ်။ သတ္တဝါ သေပြီး ဝိညာဉ်အမြဲရှိတယ်လို့ ယူဆတဲ့ သဿတဝါဒ (ဝါ) ထာဝရဝါဒ အယူလဲပျောက်မယ်၊ အတိတ်ဘဝ မရှိ၊ နောင်ဘဝမရှိ စတဲ့ ဘဝအယူအဆမှားတွေလည်း ပျောက်သွားမယ်ပေါ့။

မှန်ပါတယ်၊ ပဋ္ဌာန်းကျမ်းကို တကယ်လေ့လာ သင်ယူဖြစ်ပါစေ၊ ထို ရုပ်ဝါဒီတွေ၊ ထာဝရဝါဒီတွေ၊ နောင်ဘဝမရှိ စသည်ဖြင့် ယူတဲ့ ဥစ္ဆေဒဝါဒီတွေ ကျွတ်မှာ သေချာပါတယ်။ ဆရာကောင်းနဲ့ သင်ဖို့တော့ လိုပါသည်။

တောခိုပြီးမှ အလင်းပြန်ဝင်လာတဲ့ ကွန်မြူနစ် လက်ဟောင်းထိပ်တန်းကြီး တချို့ မန္တလေး မစိုးရိမ် ဆရာတော် ဘုရားကြီးဆီမှာ သင်္ဂြိုဟ်တွေ ပဋ္ဌာန်းတွေ သင်ပြီး ကွန်မြူနစ်ဘဝက ကျွတ်သွားကြပါတယ်။ တချို့မှာ အဘိဓမ္မာဆရာတောင် လုပ်သွားကြသေး၏။

ဗုဒ္ဓဘာသာမှာ ဥစ္ဆေဒဝါဒ (ရုပ်ဝါဒ) ချွတ်ဆေးကြီး (ပဋ္ဌာန်း အဘိဓမ္မာ) အထင်အရှား ရှိနေပါလျက်နှင့် ကမ္ဘာ့ရုပ်ဝါဒ လောကထဲ ပေါက်အောင် မတိုးနိုင်တာ ကျွန်တော်တို့ သိပ်ညံ့တာပဲ။

ဗုဒ္ဓဘာသာမှာ သဿတဝါဒချွတ်ဆေးကြီး (ပဋ္ဌာန်းအဘိဓမ္မာ) ရှိနေပါလျက် ကမ္ဘာ့သဿတဝါဒကြီးကိုမ ချွတ်နိုင်တာ ကျွန်တော်တို့ သိပ်ညံ့တာပဲ။

အခု ကမ္ဘာမှာ ဘာသာမဲ့ ကွန်မြူနစ်နိုင်ငံကြီးတွေဟာ ရုပ်ဝါဒကို ပြန်လည်သုံးသပ်နေကြပြီ၊ တချို့လဲ ပြောင်းလဲလာကြပြီလို့ သိရတယ် ကွန်မြူနစ် ထိပ်သီး ဂေါ်ဘာချော့ဖ် ဆိုရင် ခရစ်ယာန် ပုပ်ရဟန်းမင်းကြီးနဲ့တောင် လက်ကြွနှုတ်ဆက်လာပြီ၊ ခရစ်ယာန် ထိပ်သီး အီတလီနိုင်ငံနဲ့ ကွန်မြူနစ် ရုပ်ရှား ချုံး

ကြည်ရေး ဆက်ဆံမှုပြုတော့မှာတဲ့၊ ဒါက ဘာပြသလဲဆိုတော့ ဘာသာမဲ့ ကွန်မြူနစ်တွေဟာ ဘာသာရေးဘက် ပြန်ယိုင်လာတဲ့ သဘောပါ။

ဒီအခါမျိုးမှာ မိမိတို့ နိုင်ငံက လုပ်နိုင်တဲ့ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်ကြီးတွေဟာ အဲဒီ ကွန်မြူနစ်နိုင်ငံကြီးတွေဆီကို သူတို့နားလည်မယ့်ဘာသာပြန်ပြီး ဗုဒ္ဓဘာသာ စာအုပ်စာစောင်တွေ ပို့ပေးမယ်။ ဗုဒ္ဓဘာသာထဲက တည်ကြည်လေးနက်ပြီး အကျင့်သိက္ခာလဲ ရှိတဲ့ ဗုဒ္ဓဝါဒကို ပြောတတ်ဆိုတတ် စည်းရုံးတတ်တဲ့ ပုဂ္ဂိုလ်တွေကို လွှတ်မယ်၊ သူတို့ကိုလည်း မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ပြီး ဗုဒ္ဓဝါဒ အကြောင်း ရှင်းပြမယ် စသည်ပေါ့လေ၊ အဲလို သူတို့ ပြန်လည်သုံးသပ်နေချိန်မှာ ဒါမျိုးတွေကို ဒီကလုပ်မယ်ဆိုရင် အဲဒီနိုင်ငံကြီးတွေက ဗုဒ္ဓဝါဒကိုများ ကြိုက်လာလျှင် ကျွန်တော်တို့ မြန်မာပြည်ဟာ တစ်ခါထဲ မျက်နှာကြီးသွားမယ်။

ပဋ္ဌာန်းကို ဆက်ရေးပါမယ်။

ဗုဒ္ဓရှင်တော်ဘုရားဟာ ပဋ္ဌာန်းကျမ်းကြီးကို ဟောဖို့ ပြည်တည်ပုံကို ပြောပါမယ်။

စိတ်စေတသိက်ရုပ်နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားလေးပါးကို စိတ်က ၈၉၊ စေတသိက်က ၅၂၊ ရုပ်က ၂၈ ဟူ၍ သဘာဝအတိုင်း အရင်ခွဲလိုက်ပါတယ်။

စိတ် ၈၉ ထဲမှာလဲ ကုသိုလ်စိတ် အကုသိုလ်စိတ် အဗျာကတစိတ် စသည်ဖြင့် အမျိုးမျိုး ခွဲလိုက်တယ်။ ရုပ် ၂၈ ပါးကိုလဲ ကံကြောင့်ဖြစ်သော ကမ္မဇ ရုပ်၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် စသည်ဖြင့် ရသလောက် ခွဲလိုက်တယ်။

ပရမတ္ထတရားတွေကို အနုစိတ်ရသလောက် ခွဲခြားလိုက်ပါတယ်။

အနုစိတ် ခွဲပြီးတဲ့ ပရမတ္ထတရားတွေကို သုံးစုသုံးစုစီ ၂၂ စု စုပါကယ်၊ နှစ်ခုနှစ်ခုစီ ၁၀၀ စု စုပါကယ်။ "သုံးစု" ကို ပါဠိလို "တိက" လို့ခေါ်တယ်။ နှစ်ခုကို ပါဠိလို "ဒုက" လို့ ခေါ်တယ်။ ဒါကြောင့် ပါဠိသက် ဝေါဟာရနဲ့ခေါ်ရင် တိက် ၂၂၊ ဒုက် ၁၀၀ လို့ခေါ်ရပါတယ်။

အစုခွဲခေါ်တဲ့ သဘောက ဒီလိုပါ။

ပရမတ္ထတရား အားလုံးကို ကုသိုလ်တစ်စု၊ အကုသိုလ်တစ်စု၊

ကုသိုလ်လဲ မဟုတ်၊ အကုသိုလ်လဲ မဟုတ်တဲ့ဟာက တစ်စု (အဗျာကတတစုလို့ ခေါ်တယ်) အဲဒီလို သုံးစုခွဲလိုက်လျှင် ပရမတ္ထတရားလေးပါး ကုန် သွားပါတယ်။ ကုသိုလ် အကုသိုလ်က နာမ်တရား၊ စိတ်စေတသိက်တရား၊ ဝိပါက်ကိရိယာရုပ် နိဗ္ဗာန်တို့က အဗျာကတ တရား၊ ဤသို့ သုံးစုခွဲပါတယ်။ ဤလို သုံးစုခွဲတာကို "တိက်" လို့ ခေါ်ပါတယ်၊ ဤလို တိက်ခွဲတာက ၂၂ တိက်ပါ။

ပရမတ္ထကရားကို နှစ်စုခွဲတာက တစ်မျိုးပါ၊ ဥပမာ စိတ်ကတစ်စု၊ စိတ်မဟုတ်တာက တစ်စုပါ၊ စိတ်မဟုတ်တာဆိုရင် စေတသိက်အားလုံး၊ ရုပ်၊ နိဗ္ဗာန်၊ ဒါတွေကို တစ်စုပေါ့၊ ဤလို ပရမတ္ထတရား လေးပါးကို နှစ်စုခွဲတာက "ဒုက်" ပါဘဲ။ ဒုက်ခွဲပေါင်း ၁၀၀ ရှိပါတယ်။

တိက်ခွဲပေါင်း ၂၂ မျိုး၊ ဒုက်ခွဲပေါင်း ၁၀၀ မျိုးပေါ် အခြေခံပြီး အဲဒီ အထဲမှာ အကြောင်းဖြစ်တဲ့ တရားတွေကို ရှာပါတယ်၊ အကျိုးဖြစ်တဲ့ တရားတွေကို ရှာပါတယ်၊ အဲဒီအကြောင်းနဲ့ အကျိုးဆက်သွယ်ပုံတွေကို ကြည့်ပါတယ်။

## ပဋ္ဌာန်းပစ္စည်းများကို ရှာခြင်း

ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောက ဆိုတဲ့လောက ကြီးသုံးပါးရဲ့ အနှစ်ချုပ် ဖြစ်တဲ့ စိတ်စေတသိက် ရုပ် ပရမတ္ထတရားသုံးပါး၊ ဤ လောကကြီးသုံးပါးကို လွန်မြောက်လို့ လောကုတ္တရာ ဖြစ်သွားတဲ့ နိဗ္ဗာန်တရား၊ ယင်းလေးမျိုးကို ပရမတ္ထတရားလေးပါးလို့ ခေါ်ပါတယ်။ ထို ပရမတ္ထတရားလေး ပါးမှ အလွတ်ဖြစ်တာက ပညတ်တရားပါပဲ။

ထို ပရမတ် ပညတ်တရားတွေဟာ တစ်ခုစီ သီးခြားကင်းလွတ်စွာ ဖြစ်နေကြတာ မဟုတ်ပါဘူး။ တစ်ခုနဲ့ တစ်ခု ဆက်စပ်အားယူ ဖြစ်ပျက်နေကြ တာပါ။ ဆက်သွယ်နေကြတာပါ။ စိတ်နဲ့စေတသိက်ဟာ ဆက်စပ်ဖြစ်နေပါ တယ်၊ စိတ်စေတသိက်နဲ့ ရုပ်ဟာ ဆက်စပ်ဖြစ်နေပါတယ်။ နိဗ္ဗာန်ဟာလဲ စိတ် စေတသိက်တို့နှင့် ဆက်စပ်မှု ရှိပါတယ်။ ပညတ်ဟာလဲ စိတ်စေတသိက် ရုပ် နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားတွေနဲ့ ကင်းတာ မဟုတ်ပါဘူး။

အကြမ်းစား ဥပမာများနဲ့ကြည့်ပါ၊ ခွေးခြေလို့ခေါ်တဲ့ခြေထောက်

လေးချောင်းရှိတဲ့ ခုံတစ်ခုံကို ကြည့်ပါ။ ခြေထောက်လေးချောင်းသည် တစ်ချောင်းနဲ့ တစ်ချောင်း တန်းနဲ့ဆက်သွယ်နေတယ်။ တန်းတည်း ဟူသော ဆက်သွယ်မှု မရှိပါက ခြေလေးချောင်းဟာ အခုလို ထောင်မတ်နေလို့ မရပါဘူး။ ဆက်သွယ်မှု ရှိနေလို့သာ ခွေးခြေထိုင်ခုံတစ်ခုအနေဖြင့် တည်ဖြစ်နေခြင်းပါ။

နောက် ဥပမာတစ်ခုကို ကြည့်ပါ။ အိမ်တစ်အိမ်မှာ မိဘနှစ်ပါးနှင့် သားသမီး လေးယောက်ရှိသည် ဆိုပါစို့။ လူကိုယ်ခန္ဓာကတော့ တစ်ဦးစီပေါ့၊ ဒါပေမယ့် တစ်ဦးစီ တစ်ဦးစီ ဖြစ်တဲ့ လူကိုယ်ခန္ဓာ ခြောက်ဦးဟာ တစ်အိမ်ထဲ အတူနေပြီး တစ်အိမ်ထဲသား ဖြစ်နေရတာ ဘာကြောင့်လဲလို့ စဉ်းစားရင် ဆက်သွယ်မှုကို တွေ့ရပါတယ်။ အဖေနဲ့အမေက လင်မယားအဖြစ် ဆက်စပ်နေတယ်။ မိဘနှစ်ပါးနဲ့ သားသမီး လေးယောက်တို့က မိဘနဲ့ သားသမီး အဖြစ် ဆက်စပ်နေတယ်။ သားသမီး လေးဦးကလဲ ညီအကို မောင်နှမအဖြစ် ဆက်စပ်နေကြတယ်၊ အဲဒီလို ဆက်စပ်မှုမရှိ၊ ဘယ်လိုမှ မသက်ဆိုင်ဘူး ဆိုရင် အတူယှဉ်တွဲနေကြလို့ ရမှာ မဟုတ်ပါ။

ဒါက လောကထဲမှာ ရှိရှိသမျှတွေဟာ ဆက်စပ်မှုနဲ့ မကင်းနိုင်ကြတာကို စဉ်းစားဖို့ပဲ။

အခုလို ဆက်စပ်ကြတဲ့ နေရာမှာတော့ ဆက်စပ်ပုံ ဆက်စပ်နည်းတွေ မတူကြဘူး။ အမျိုးမျိုး ရှိနိုင်ပါတယ်။ နေ မိသားစု ဆက်စပ်ပုံကိုပဲ ကြည့်ပါ။ အဖေနဲ့အမေ ဆက်စပ်တာက အပြန်အလှန် ဆက်စပ်ကြတယ်။ မိဘနဲ့ သားသမီးကျတော့ မိဘက မှီခိုခံရသူ၊ သားသမီးက မှီခိုသူ အဖြစ်နဲ့ ဆက်စပ်ကြတယ်။ ညီအကို မောင်နှမချင်းကြတော့ အတူတကွ တစ်ပေါင်းတည်း သဘောနဲ့ ဆက်စပ်ကြတယ်။ သို့ဖြစ်၍ ဆက်စပ်ရာမှာ ဆက်စပ်ပုံ အမျိုးမျိုး ရှိစမြဲ ဖြစ်ပါတယ်။

ဒါကို **သဘော**ပေါက်အောင် စဉ်းစားနင့်ပါ။

ပဋ္ဌာန်း**ကို** လေ့လာတဲ့နေရာမှာ "လူ" ကို မမေ့ပါနဲ့၊ "လူ" နဲ့ "ပတ်ဝန်းကျင်" ကို တည်ကိန်းထားပါ။ နောက်မှ လိုအပ်သလို တည်ကိန်းကို ပြုပြင်ဖြည့်စွက်ယူပါ။

လူဟာ ရုပ် + နာမ် = လူ ပဲမဟုတ်လား။ လူမှာရှိတဲ့ နာမ်ထဲမှာ စေ

တသိက်ပါတယ်၊ စေတသိက်ထဲမှာ လောဘ၊ ဒေါသ၊ မောဟစတဲ့ နာမ်တရားတွေ ပါတယ်။ နောက်ပြီး လူမှာ မျက်စိရှိတယ်၊ နားရှိတယ်၊ နှာခေါင်းရှိတယ်၊ လျှာရှိ တယ်၊ ကိုယ်ရှိတယ်၊ စိတ်ဝိညာဉ် (မနော) ရှိတယ်။ လူ့ပတ်ဝန်းကျင်မှာက မြင် စရာတွေ ကြားစရာတွေ နံစရာတွေ စားစရာတွေ တွေ့ထိစရာတွေ သိစရာတွေ က ရှိတယ် မဟုတ်လား။

အဲဒီလူမှာရှိတဲ့ စိတ်စေတသိက်တွေဟာလဲ အချင်းချင်း ဆက်စပ် မှီတွယ် ဖြစ်နေကြတာပဲ၊ စိတ်စေတသိက်နဲ့ ရုပ်တို့ဟာလဲ ဆက်စပ်မှီတွယ်ဖြစ် နေကြတာပဲ၊ ရုပ်ထဲမှာ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ မဟာဘုတ်ရုပ် (အခြေခံရုပ်ကြီး) လေးမျိုးနဲ့ ကျန်တဲ့ ရုပ်တွေဟာ ဆက်စပ်မှီတွယ် ဖြစ်နေကြ တာပဲ။

အရေးကြီးတာကတော့ အဲဒီစိတ်စေတသိက်ရုပ်တွေဟာ တစ်ခုထဲ မဟုတ်ဘူး၊ တစ်ခုဖြစ်ပျက် တစ်ခုဆက်သဘောနဲ့ မပြတ်ဖြစ်ပျက်နေကြတာ ဖြစ်တယ်။ ဖြစ်လာလိုက်ပျက်သွားလိုက် နောက်တစ်ခု ဖြစ်လာလိုက် ပျက်သွား လိုက်၊ ရှေ့ကဟာက ဖြစ်ပျက်သွား၊ နောက်ကဟာက ဖြစ်ပျက်ပေါ့၊ ကားပလပ် လေယာဉ်ပလပ်မှ မီးတဖျတ်ဖျတ် ပွင့်နေတာကို ကြည့်ပါ။ ဖျတ်ခနဲပွင့်သွားတဲ့ မီးဟာ ပွင့်ပြီး ငြိမ်းသွားတာပဲ၊ အဲတစ်ခုငြိမ်းပြီး နောက်တစ်ခု ထပ်ပေါ် ထပ်ပျက် ပဲမဟုတ်လား။ တကယ်လို့ ဖျတ်ခနဲ ပွင့်တဲ့မီးဟာ ငြိမ်းမသွားဘူး၊ ရှိနေတယ်ဆို ရင် နောက်ထပ် တဖျတ်ဖျတ် ထပ်ဖြစ်လာတဲ့ မီးတွေဟာလဲ ဖြစ်ပြီး မငြိမ်းကြဘူး ဆိုရင် တစ်မိနစ်လောက်အတွင်းမှာ မီးတောက်ကြီး ဖြစ်လာမှာပေါ့၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ ပလပ်က ဖျက်ခနဲ ဖျတ်ခနဲ ပွင့်ပွင့်လာတဲ့မီးဟာ ပွင့်ပြီးကာနဲ့ ငြိမ်းငြိမ်းသွားလို့ မီးတောက်ကြီး ဖြစ်မလာတာပဲ။

ဒါပေမယ့် ဖျက်ခနဲဖျတ်ခနဲ မီးအပွင့်အပွင့်လိုက်မှာ ဓာတ်ဆီကို လောင်လောင်ပေးလိုက်လို့ မီးလုံးမဖြစ်ပဲ မီးအားရပြီး အင်ဂျင်လည်တာပါပဲ။

အကယ်၍ ပလပ်ကို တဖျတ်ဖျတ်နှင့် ငြိမ်းဖွင့်ငြိမ်းစနစ်ကို မလုပ် ဘဲ ကားခေါင်းထဲ မီးခွက်ကြီး ထည့်ထွန်းပြီး ဓာတ်ဆီလွှတ်ပေးပါက အင်ဂျင်ကို မလည်ပတ်စေပဲ မီးတောက်ကြီးထ၍ ကားခေါင်းကြီးကို မီးလောင်သွားမှာပါပဲ။

ဒါကို စဉ်းစားလျှင် ဖျတ်ခနဲ ဖျတ်ခနဲ ပွင့်ငြိမ်းပွင့်ငြိမ်း ဖြစ်တဲ့ ပလပ်မီးဟာ ကားကိုရော လေယာဉ်ကိုရော အကျိုးပြုတာ သိရပါတယ်။ လျှပ်စစ်ဓာတ်မီးလင်းပုံကိုလဲ ဒီတိုင်းပါပဲ။ မြစ်ရေစီးကြောင်း၌ ရှေ့ကစီးတဲ့ ရေတွေ စီးဆင်းသွားတယ်၊ နောက်ကရေတွေထပ်စီးလာတယ်။ ဒါကြောင့်ရေစီးကြောင်းမပြတ်ဖြစ်နေတယ် စသည်ဖြင့်လည်း စဉ်းစားပါလေ။

ထိုနည်းတူ စိတ်စေတသိက်ရဲ့ ဖြစ်စဉ်ဟာလဲ ဖြစ်ပျက်ဖြစ်ပျက် စနစ်နဲ့ပဲ ဖြစ်နေကြပါတယ်။ စိတ်တစ်စိတ်ထဲ အမြဲဖြစ်နေတာ မဟုတ်ပါဘူး။ စေတသိက်တစ်ခု ဖြစ်ပြီး မပျက်ဘဲ ဆက်ဖြစ်နေတာ မဟုတ်ပါဘူး။ ဖြစ်ပျက်ဖြစ်ပျက် တစ်ခုပြီးတစ်ခု ဆက်နေခြင်းသာ ဖြစ်ပါတယ်။

ဗုဒ္ဓရှင်တော်ဘုရားသည် လောကကြီးသုံးပါးနဲ့ လောကုတ္တရာတရားတွေ ပညတ်တွေကို သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ သုံးသပ်ကြည့်ရှုတော်မူသည့်အခါ ယင်းတရားတို့ရဲ့ ဖြစ်ပျက်သဘာဝကိုလည်း မြင်ပါတယ်။ ဆက်စပ်ဖြစ်ပေါ်နေမှုတွေကိုလည်း တွေ့တော်မူပါတယ်။ ဆက်စပ်တဲ့ နေရာမှာလဲ ဖြစ်စေတဲ့ သဘာဝနဲ့ ဖြစ်လာတဲ့ သဘာဝတို့ရဲ့ ဆက်စပ်ပုံရယ်၊ ဖြစ်စေတဲ့တရားက ဖြစ်လာတဲ့တရားပေါ်ပေါက်လာအောင် ဆောင်ရွက်တာရယ်၊ ဖြစ်စေတဲ့တရားစုမှာရှိတဲ့ စွမ်းရည်သတ္တိတွေကိုရယ်၊ ဒါတွေကို ဘုရားရှင်ရဲ့ဉာဏ်တော်ကြီးနဲ့ တိတိကျကျ မြင်တော်မူပါတယ်။

ဖြစ်စေနိုင်တဲ့ သတ္တိရှိတဲ့ တရားဟာ အခြားတရား တစ်ခုဖြစ်ပေါ်လာအောင် ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ အပိုင်း (၃) ပိုင်း ပါဝင်နေတာကို သတိပြုပါ။ သုံးပိုင်းက ဘာလဲဆိုတော့ (၁) ဖြစ်စေနိုင်တဲ့ တရား၊ (၂) အဲဒီတရားမှာရှိတဲ့ အစွမ်းသတ္တိ (၃) ဖြစ်ပေါ်လာတဲ့တရား တို့ဘဲ ဖြစ်ပါတယ်။

ပါဠိဘာသာတွင် "ပစ္စယ" ဟူသော စကားလုံးသည် "စွဲ၍ဖြစ်စေသည်" ဟုရင်းမြစ်အနက်ထွက်ပါတယ်၊ ဝေါဟာရအနက်ကတော့ "အကြောင်း" ဟူ၍ဖြစ်ပါတယ်။ "ဥပ္ပန္န" ဟူသော စကားကတော့ "ဖြစ်လာခြင်း" "ဖြစ်လာသောတရား" ဟူ၍ အနက်ရင်းထွက်ပါသည်။ ပစ္စယနှင့် ဥပ္ပန္န စကားနှစ်ခုလုံးကို ပေါင်းတော့ ပစ္စယ + ဥပ္ပန္န = ပစ္စယုပ္ပန္န ဟူ၍ဖြစ်လာပါတယ်။ ပစ္စယုပ္ပန္န၏ အနက်မှာ အကြောင်းကြောင့် ဖြစ်လာသော အရာ (ဝါ) အကျိုးဟူ၍ ဖြစ်ပါတယ်၊

ထို့ကြောင့် ပစ္စယ = အကြောင်း၊ ပစ္စယုပ္ပန္န = အကျိုးဟူ၍ အတိုချုပ်သိနိုင်ပါတယ်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် စိတ်စေတသိက် ရုပ် နိဗ္ဗာန် ပညတ်ဟူသော ဓမ္မလောကကြီးတွင် အကြောင်းဖြစ်သောတရား အကျိုးဖြစ်သောတရားဟူသမျှတို့ကို သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် သုံးသပ်တော်မူပါတယ်။ ဩကာသလောကဟု ခေါ်သော (၃၁) ဘုံ၊ (၃၁) ဘဝ၊ သတ္တလောကဟု ခေါ်သော သတ္တဝါ ၁၂ မျိုးနှင့် သင်္ခါရလောကဟု ခေါ်သော ထို ဩကာသနှင့် သတ္တတို့၏ ဖြစ်ပျက်ပြုပြင်နေပုံတို့ကို အနုစိတ်ကြည့်ရှု သုံးသပ် ဆင်ခြင်တော်မူပါတယ်။

(၃၁) ဘုံမှာ အပါယ်လေးဘုံ၊ လူ့ဘုံ နတ်ပြည်ခြောက်ထပ် ဗြဟ္မာဘုံနှစ်ဆယ်တို့ ဖြစ်ပါတယ်၊ သတ္တဝါ ၁၂ မျိုးကတော့ အရိယပုဂ္ဂိုလ် ရှစ်ယောက်၊ တိဟိတ်ပုဂ္ဂိုလ်တစ်ယောက်၊ ဒွိဟိတ်ပုဂ္ဂိုလ်တစ်ယောက်၊ သုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်တစ်ယောက်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တစ်ယောက် ပေါင်း ၁၂ ယောက်ဖြစ်ပါတယ်။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ဆိုရာတွင် ကုန်းနေ ရေနေ သတ္တဝါအားလုံး ပါဝင်ပါတယ်။

ဤသို့ ၃၁ ဘုံ၊ ၃၁ ဘဝ သတ္တဝါအားလုံး ကိုယ်တွင်းကိုယ်ပ ဖြစ်ပျက်နေသမျှတရားတို့ကို စိစစ်ခွဲခြားတော်မူရာ အဲဒီဘုံ၊ အဲဒီသတ္တဝါ၊ အဲဒီ ဖြစ်ပျက်မှုတို့တွင် အကြောင်းပစ္စယ အမျိုးမျိုး အလိုက် အကျိုးပစ္စယုပ္ပန္န အစားစားဖြစ်နေကြပုံကို ကွက်ကွက်ကွင်းကွင်း ဒိဋ္ဌသိမြင်တော်မူပါတယ်။

အဲဒီအကြောင်း ပစ္စယ အမျိုးမျိုးကို အမျိုးအစား ခွဲခြားတော်မူရာ (၂၄) မျိုး ရှိတော်မူပါတယ်၊ (၂၄) မျိုးထက်လည်း ပို၍ မရှိတော့ကြောင်း မြင်တော်မူပါတယ်။

## ပဋ္ဌာန်းပစ္စည်း ၂၄ မျိုး

ဗုဒ္ဓအဘိဓမ္မာ ခုနစ်ကျမ်းထဲမှ ပဋ္ဌာန်းတရားတော်ကို လေ့လာရာတွင် အကျဉ်းချုပ် အခြေခံဖြစ်တဲ့ ၂၄ – ပစ္စည်းကို မသိ၍မဖြစ်၊ မရ၍ မဖြစ်ပါ၊

ဥပမာအားဖြင့် သချၤာပညာကို စတင်သင်ယူလိုသူသည် အခြေခံ အလီပေါင်းကို မသိ၍ မဖြစ်၊ မရ၍ မဖြစ်သကဲ့သို့ ဖြစ်ပါသည်။

၂၄ – ပစ္စည်းကို သင်ယူရာတွင် ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူရင်းဖြစ်သော ပါဠိဘာသာဖြင့် ကျက်မှတ်သည်က အကောင်းဆုံး ဖြစ်ပါသည်။ သို့ပါ၍ မူရင်း ပါဠိဘာသာ ၂၄ ပစ္စည်းကို ဖော်ပြပါမည်။

| | |
|---|---|
| ဟေတုပစ္စယော | ("ပစ်စယော" ဟု အသံထွက်ပါ၊ ပြစ်စယောဟု အသံမထွက်ပါနှင့်) |
| အာရမ္မဏပစ္စယော | (ရ–ကောက်ကို လျှာလိပ်သံ ထွက်ပါ) |
| အဓိပတိပစ္စယော | (အာဓိပတိဟု မဆိုပါနှင့်) |
| အနန္တရပစ္စယော | (အနန်တရ ဟုထွက်ပါ) |
| သမနန္တရပစ္စယော | (သမနန်တရ ဟုဆက်ဆိုပါ) |
| သဟဇာတပစ္စယော | |
| အညမညပစ္စယော | (အင်ညမင်ညဟု အသံမှန်ထွက်ပါ၊ အညမျင်ညဟု မထွက်ပါနှင့်) |
| နိဿယပစ္စယော | (နိတ်သယ ဟုထွက်ပါ၊ နိသရဟု မထွက်ပါနှင့်) |
| ဥပနိဿယပစ္စယော | (ဥပ နိဿယဟု အသံခွဲထွက်ပါ) |
| ပုရေဇာတပစ္စယော | ("ရေ" ကို လျှာလိပ်သံထွက်ပါ) |
| ပစ္ဆာဇာတပစ္စယော | (ပစ်ဆာ ဟုထွက်ပါ) |
| အာသေဝနပစ္စယော | |
| ကမ္မပစ္စယော | (ကမ်မ ဟုထွက်ပါ၊ ကာမ ဟုမထွက်ပါနှင့်) |
| ဝိပါကပစ္စယော | |

အာဟာရပစ္စယော (အဟာရဟု မဆိုပါနှင့်)

ဣန္ဒြိယပစ္စယော (အိမ်ဒရိယ ဟုထွက်ပါ)

ဈာနပစ္စယော

မဂ္ဂပစ္စယော

သမ္ပယုတ္တပစ္စယော (သမ်ပယုတ်တ ဟုထွက်ပါ)

ဝိပ္ပယုတ္တပစ္စယော (ဝိပ်ပယုတ်တ ဟုထွက်ပါ)

အတ္ထိပစ္စယော (အတ်ထိ ဟုထွက်ပါ)

နတ္ထိပစ္စယော (နတ်ထိ ဟုထွက်ပါ)

ဝိဂတပစ္စယော

အဝိဂတပစ္စယော (အ - ဝိဂတ ဟုခွဲထွက်ပါ)

အသံထွက်မှန်ဖို့ လိုပါသည်။ ဗမာလူမျိုးတို့အဘို့ ဗမာပါဠိသံမှန်အောင် ထွက်နိုင်လျှင် လုံလောက်ပါပြီ။

"ပစ္စယ" ဟူသော ပါဠိသဒ္ဒါကို မြန်မာမှုပြုတဲ့အခါ "ပစ္စည်း" ဟူသော မြန်မာဝေါဟာရကိုရလာပါသည်။ ပါဠိဘာသာနှင့်မြန်မာ ဘာသာ ပြောင်းလဲရာ၌ စည်းစံနစ်ရှိပါသည်။ ဒါကို ဒီမှာပြောဖို့မလိုပါ။ နယ မှ နည်း၊ ဝိနယ မှ ဝိနည်း၊ ဝိဇယမှ ဝိဇည်း၊ ဥဒယမှ ဥဒည်း၊ အရိယမှ အရည်း စသည်ဖြင့် များစွာရှိပါကုန်၏။

ပစ္စယ = ပစ္စည်းဆိုသည်မှာ ပဓါနအကြောင်းတရား ဖြစ်၏။ တစ်လောကလုံး ဆက်သွယ်ဖြစ်ပျက်နေကြရာတွင် သူ့ဟာသူ ဖြစ်ချင်ရာ ဖြစ်နေကြခြင်းမဟုတ်ပါ၊ သူ့အကြောင်းနှင့် သူ့အကျိုး၊ အကြောင်းရှိရာ အကျိုးထင်နေကြခြင်းသာ ဖြစ်သည်။ ဤသို့ဖြစ်နေသော အကြောင်းတရားများစွာတို့ကို အနှစ်ချုပ် စစ်ထုတ်ယူသောအခါ စုစုပေါင်း ၂၄ မျိုးသာရှိ၍ မြတ်စွာဘုရားက ၂၄ - ပစ္စည်းကိုထုတ်ဖော်ထားခြင်းဖြစ်ပါသည်။ ဤ ၂၄ ပစ္စည်းသည် ပဋ္ဌာန်းကျမ်းကြီးကို ဟောကြားဘို့ အခြေခံအချက်လည်း ဖြစ်လာပါသည်။

ဤအဘိဓမ္မာ ဆောင်းပါး ဖတ်သူကို သင်္ချေ်ားစာအစမှ စတင်စေမည် ဆိုပါက ၂၄ ပစ္စည်းပါဠိ ဝေါဟာရများကို အသံထွက်မှန်မှန်ဖြင့် အရကျက်လိုက်ဖို့ လိုပါလိမ့်မည်။ အရကျက်တယ်ဆိုတာ တခြားတဟုတ်ပါ၊ အကြိမ်းလေးငါးဆယ် ထပ်ထလဲလဲ ဆိုလိုက်သောအခါ စာအုပ်မကြည့်ရတော့ဘဲ အလွတ်ဆိုနိုင်သွားခြင်း ဖြစ်ပါသည်။

အလွတ်ရပြီးတဲ့နောက် နေ့တိုင်း ထပ်ကာထပ်ကာ ရွတ်ဆိုပေးမှ ကြာသောအခါ မမေ့မပျောက်တော့ဘဲ မိမိရွတ်ချင်တဲ့အချိန် ရွတ်၍ ရလာပါသည်။ ဤသို့စာကိုအလွတ်ရခြင်းသည် လူ့စွမ်းရည်များထဲတွင် အံ့စရာ ကောင်းလှတဲ့ စွမ်းရည်တစ်ရပ် ဖြစ်ပါသည်။ မိမိအလွတ် အာဂုံရထားတဲ့ စာတွေသည် မရွတ်ဘဲမဆိုဘဲ တခြားအလုပ်တွေလုပ်နေတဲ့အခါ မိမိကိုယ်ထဲ မည်သည့်နေရာ၌ နေပါသနည်း။

သိပ္ပံခေတ် လူသားတို့က ဦးနှောက်အခန်းကလေးတွေထဲမှာ သိမ်းထားသည်ဟု ပြောကြမည် ထင်ပါသည်။ သို့သော် စဉ်းစားသင့်သည်က ယခုခေတ် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်သူမြတ်တို့သည် ပိဋကသုံးပုံကျမ်းစာအုပ်ကြီး အုပ်ရေ (၂၀) ထဲမှ ထောင်ပေါင်းသောင်းပေါင်း များစွာသော အက္ခရာပုဒ် ဝါကျတို့ကို သူတို့၏ ဦးနှောက်ထဲ၌ သိုမှီးထားသည် ဆိုအံ့၊ သို့သော် သမာဓိ (စိတ်တည်ကြည်မှု) မရခိုက်မှာ ၄င်းစာတွေ ထွက်မလာပါ၊ မရပါ၊ အမှားမှား အယွင်းယွင်း ဖြစ်ကုန်ပါသည်၊ သမာဓိကြီးကြီးဖြင့် စိတ်ကိုတည်ပြီးမှ အမှန်ထွက်ပါသည်။

တစ်နည်းအားဖြင့်လည်း သိပ်ကျေနေကဲ့ စာအချို့ကို ရွတ်ဆိုရာ၌ သိကိုမသိဘဲ နှုတ်က တတွတ်တွတ်မှန်မှန်ကန်ကန် ထွက်နေတတ်ပြန်ပါသည်။

အမှန်က ကျွန်ုပ်တို့ လူသားတို့ကိုယ်မှာ ဖြစ်နေတဲ့ မနောဝိညာဏဓါတ်ကြီး (ဂါ) သိစိတ်သိနာမ်ကြီးသည် အလွန့်အလွန် ဆန်းကြယ်လှသည်ကို သတိပြုမိကြရန် ဖြစ်ပါ၏။

ဤတွင် ပဋ္ဌာန်း ၂၄ ပစ္စည်းကို အလွတ်ရအောင် ကျက်မည်ဆိုလျှင် စိတ်ကြည်ငြိမ်အောင် ကြိုးစားဖို့လိုပါသည်။ တောရောက်တောင်ရောက်စိတ်နှင့်

ကျက်မရပါ၊ ဤအချက်ကို သတိပြုပါ၊ တချို့စာကျက်မရတာ ဉာဏ်ထိုင်း၍ မဟုတ်ပါ၊ စိတ်မငြိမ်၍ (ဝါ) သမာဓိမရှိ၍ ဖြစ်ပါသည်။

ပဋ္ဌာန်း ၂၄ ပစ္စည်းကို ကျက်၍ အလွတ်ရပြီ ဆိုပါလျှင် ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် အလွန့်အလွန် ဂုဏ်ယူဝမ်းမြောက်ဘွယ် ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် မြတ်စွာဘုရား နှုတ်တော်ထွက် ဝေါဟာရစကားတော်ကို မိမိနှုတ်ဖြင့် ရွတ်နိုင်၍ ဖြစ်ပါသည်၊ မိမိပါးစပ်မှ ထွက်သမျှ အသံတွေထဲမှာ အဖိုးတန်ဆုံး အသံ ဖြစ်ပါတော့သည်။

ဤထက် အရေးကြီးသည်မှာ ပဋ္ဌာန်း ၂၄ ပစ္စည်းကို အလွတ်ရထားသူသည် မိမိကိုယ်ထဲမှာ ပဋ္ဌာန်း ၂၄ ပစ္စည်း ကိန်းဝပ်နေပြီ ဆိုသည်ကို သတိပြုတတ်ဖို့ပင် ဖြစ်ပါသည်။ ဘုရားရှင်၏ နှုတ်ကပါဠ်တော်မြတ် မိမိကိုယ်ထဲမှာ တည်နေခြင်းသည် အတိုင်းမသိ ဝမ်းမြောက်ဖွယ်ရာကြီး မဟုတ်ပါလား။

သို့ဖြစ်ပါ၍ မိမိကိုယ်ကို အရည်အသွေး တန်ဖိုးမြှင့်တင်လိုသူတိုင်း အနေဖြင့် ဗုဒ္ဓရှင်တော်ဘုရား၏ ပဋ္ဌာန်းတရားတော် ၂၄ ပစ္စည်းကို အလွတ်ရအောင် ကျက်ထားဆောင်ထားသင့်ပါကြောင်း တင်ပြရပါသည်။

# အခန်း (၂)

## ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်း အကျယ်

## ဟေတုပစ္စည်း သို့မဟုတ် ရင်းမြစ်အကြောင်း

ပစ္စယ ဟူသော ပါဠိဝေါဟာရ၏ ရင်းမြစ်အနက်မှာ ပတိ+အယ= ပတိ=စွဲ၍၊ အယ=ဖြစ်သည် ဟူသော ပုဒ်ခွဲနက်အရ စွဲ၍ဖြစ်သော သဘာဝ(ဝါ) စွဲ၍ဖြစ်စေသော သဘာဝသည် "ပစ္စည်း" ဖြစ်ပေသည်။ ယင်း "ပစ္စယ" ပုဒ်ကို အနက်ဖွင့်ရာ၌ "ဥပကာရကာ" ဟု ဖွင့်၏၊ အဓိပ္ပာယ်မှာ ကျေးဇူးပြုတတ်သည် ဟူလို၊ ကျေးဇူးပြုတတ်သော တရားကို ပစ္စယ=ပစ္စည်းဟု ဆိုပေသည်။ ဝေါဟာရ အနက်ပေးသည့်အခါမှာ ပစ္စယ=ပစ္စည်းကို အကြောင်းတရားဟု ပေးလေသည်။

ဤတွင် "ပစ္စည်း" ဆိုသောစကားနှင့် စပ်လျဉ်း၍ ဤအဘိဓမ္မာ ပဋ္ဌာန်းပစ္စည်းနှင့် အသံတူပြီး အနက်အဓိပ္ပာယ် မတူသော "ပစ္စည်း" ဟူသော ဝေါဟာရတို့နှင့် မရောမရှုပ်ရန် လို၏။

ဘုန်းကြီး ရဟန်းများ လောကဌ် ပစ္စည်းလေးပါး ဒါယကာ ဟူသော စကားသည် အလွန်ထင်ရှား၏။ ယင်း ပစ္စည်းဟူသည်ကား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော အရာလေးမျိုး ဖြစ်ပေသည်။ ထို လေးမျိုးသည် ရဟန်း အတွက် အထောက်အပံ့ ဖြစ်ပေ၏။ ထို့ကြောင့် ပစ္စည်းလေးပါး ဆိုရာဌ် ပစ္စည်း ၏ အဓိပ္ပာယ်မှာ အထောက်အပံ့ ဟူ၍ ဖြစ်ပေသည်။

ပစ္စည်းရှင် ဆိုရာတွင်မူ ပစ္စည်း ဆိုသည်မှာ ရွှေ ငွေ ရတနာ လယ် ယာ ကျွဲ နွား စသည်ကို ဖြစ်၏။ ဥစ္စာရှင်၊ ဓနရှင် ဟူသော အနက်ကိုဆောင်၏။

ထို့ကြောင့် သင်္ကန်းပစ္စည်း၊ ဆွမ်းပစ္စည်း၊ ဥစ္စာပစ္စည်းတို့နှင့် ပဋ္ဌာန်း

ပစ္စည်းကို ခွဲခြားမှတ်သားရာ၏။ ပဋ္ဌာန်းပစ္စည်း ဆိုသည်ကား စွဲ၍ဖြစ်စေသော တရား၊ ကျေးဇူးပြုတတ်သောတရား အကြောင်းတရားပေတည်း။

ပစ္စယ၊ ပစ္စယဟု ၂၄ ခါ ပါရှိသော်လည်း ရှေးကဆက်သည့် သဒ္ဒါ တို့ကား မတူချေ၊ ဟေတု၊ အာရမ္မဏ၊ အဓိပတိ စသည်ဖြင့် တစ်ခုနှင့်တစ်ခု မတူ၊ ကွဲပြားစွာ ပါဝင်နေ၏။ ပရမတ္ထ သဘောတရား (ဝါ) သဘာဝတရားနယ် ကြီး၌ ထူးခြားဆန်းပြားသော အကြောင်းအမျိုးမျိုးကို လိုက်၍ ပစ္စယရှေ့ကပုဒ် တွေလည်း တစ်မျိုးစီ ဖြစ်နေလေသည်။

ပထမဦးစွာ ဟေတုပစ္စယော ဟူသောပုဒ်ကို ရှင်းလင်းဖော်ပြပါအံ့၊ "ဟေတု" ဆိုတာ ဘာလဲ –

## ဟေတုအဓိပ္ပာယ်

ဟေတု ဆိုတာ အရင်းအမြစ်တည်း၊ အကျိုးတရား တစ်ရပ်ကို အခြေအမြစ်ကနေပြီးဖြစ်စေတတ်သည့် သဘာဝတည်း၊ အခြေအမြစ်ဆိုသော အချက်ကို စဉ်းစားလျှင် မြဲမြဲမြံမြံ တည်စေသည့် သဘောရပ်လည်းဖြစ်ပါသည်။

ဥပမာ – ညောင်ပင်ကြီးတစ်ပင်ကို ကြည့်ပါ၊ အမြစ် ပင်စည် ပင် လုံး အကိုင်း အခက် အသီးတို့ကို တွေ့ရ၏။ အမြစ်သည် ထို ညောင်ပင်ကြီး ရှင် သန်စေရန် တစ်ချက်၊ ခိုင်ခံ့စေရန် တစ်ချက်၊ ဤကဲ့သို့ ကိစ္စနှစ်ချက် တာဝန် နှစ်ရပ်ကို ယူထားပေသည်။ မှန်ပေသည်။ အမြစ်မရှိပါက ထိုညောင်ပင်ကြီး သေ မည်၊ အမြစ်မရှိပါက ထိုညောင်ပင်ကြီး လဲမည်။ ညောင်ပင်ကြီး ပေါက်ရောက် ဖြစ်ထွန်း တည်တံ့နေနိုင်ခြင်းသည် စင်စစ် အမြစ်က အကျိုးပြုထား၍ ဖြစ် ကြောင်း သိနိုင်ပေသည်။

စိတ် စေတသိက် ဟူသော ပရမတ္ထတရားတို့တွင် အမြစ်ဖြစ်သော တရား (ဝါ) ဟေတုတရားဟိတ်တရားတို့ပါဝင်၏။ ထိုတရားတို့ကို ရှာရပေမည်။

ဟိတ်တရားကို အဘယ်မှာ ရှာရမည်နည်း။ စာအုပ်ထဲမှာ ရှာရ မည်လော၊ ပဋ္ဌာန်းစာအုပ်ထဲမှာ ဟိတ်တရားကို ရှာရမည်လော၊ စာအုပ်ထဲမှာရှိ သော ဟိတ်တရားသည် စာဟိတ်သာ ဖြစ်၏၊ ဝေါဟာရပညတ်သာ ဖြစ်၏။ ပရ မက် မဟုတ်ချေ၊

ဟိတ်တရားကို ရှာရမှာက သက်ရှိသတ္တဝါ ကိုယ်မှာ ရှာရမည်၊ သို့မဟုတ် လူ၏ ကိုယ်မှာ ရှာရမည်။ ပို၍ တိတိကျကျ ပြောရလျှင် ယခုစာဖတ်နေသော သူ၏ ကိုယ်ထဲမှာ ဟိတ်တရားကို ရှာရပေမည်။ ဒါမှသာ စာပဍ္ဍာန်းသာမက ငါပဍ္ဍာန်း ဖြစ်လာပေမည်။

စာပဍ္ဍာန်းလည်း ကောင်းပါ၏၊ သို့သော် ငါပဍ္ဍာန်း ဖြစ်လာမှသာ မိမိတို့အတွက် အဘိဓမ္မာကို သင်ရကျိုး နပ်ပေလိမ့်မည်၊ ထို့ကြောင့် မိမိကိုယ်ထဲမှာ ဟိတ်တရားကို ရှာပါ၊ သို့မဟုတ် မိမိကိုယ်ထဲမှာ ဟေတုပစ္စယောကို စဉ်းစားပါ။

မိမိစိတ်ကို မိမိဆင်ခြင်ကြည့်ပါ။

၁။ လိုချင်တတ်တဲ့ သဘာဝ (လောဘ) ရှိသည်၊

၂။ စိတ်ဆိုးတတ်တဲ့ သဘာဝ (ဒေါသ) ရှိသည်၊

၃။ မသိမိုက်မဲတွေဝေသည့် သဘာဝ (မောဟ) ရှိသည်။

ကိုယ့်မျက်နှာကိုမှန်ကြည့်သကဲ့သို့ မိမိစိတ်ကိုအဘိဓမ္မာနှင့်ကြည့်လျှင် ဆိုခဲ့ပါ လောဘ၊ ဒေါသ၊ မောဟ ဟူသော သဘာဝတို့ကို ဉာဏ်ဖြင့် မြင်လာပါမည်။

ဤတွင်မျှမကချေ၊ လောကတွင် ဆန့်ကျင်ဘက် သဘာဝတို့သည် ရှိမြဲဖြစ်၏။ ထို့ကြောင့် လိုချင်သော သဘာဝ၏ ဆန့်ကျင်ဘက် မလိုချင်သော သဘာဝလည်း ရှိ၏။ ပြစ်မှားစိတ်ဆိုးတဲ့ သဘာဝ၏ ဆန့်ကျင်ဘက် အေးမြတဲ့ သဘာဝလည်း ရှိ၏။ မသိတဲ့သဘာဝ၏ ဆန့်ကျင်ဘက် သိသည့်မြင်သည့် သဘာဝလည်း ရှိ၏။ ယင်းသဘာဝတို့ကို ပါဠိလို ခေါ်သောအခါ အလောဘ၊ အဒေါသ၊ အမောဟ **ဟူ၍** ခေါ်ရပေသည်။

## ဟိတ်ခြောက်ပါးနှင့် စဉ်းစားဘွယ်

ဆိုခဲ့ပါ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ တို့နှင့် ပတ်သက်၍ စဉ်းစားတတ်သလောက် စဉ်းစားကြည့်သင့်၏။

အရင်က အဘိဓမ္မာ ဆောင်းပါးများ ဖတ်ခဲ့သည့် အသိဉာဏ်အရ ထို လောဘ၊ ဒေါသ စသည်တို့မှာ စိတ်၌ မှီ၍ဖြစ်ရသော စေတသိက်တရားမျိုး ဖြစ်ကြောင်း တွေ့ရ၏။

ထို့ကြောင့် မိမိတို့ကိုယ်မှာ လောဘဖြစ်လိုက်မည် ဆိုပါစို့၊ လောဘနှင့် ယှဉ်ရသော စိတ်သည် လောဘစိတ်ဟု အခေါ်ခံရပြီ။ လောဘနှင့်အတူ ဖြစ်ရသော စေတသိက်တို့လည်း အကုသိုလ်စေတသိက် ဖြစ်ရပြီ။ အရေးကြီးသော အချက်တစ်ရပ်မှာ လောဘဖြစ်ခိုက်၌ ကျွန်ုပ်တို့ကိုယ်မှာ ရုပ်များလည်း ဖြစ်၏၊ လောဘစိတ်ကြောင့် ဖြစ်သော ရုပ် (ဝါ) စိတ္တဇရုပ်တည်း၊ ဒေါသနှင့်ယှဉ်သော စိတ်(ဝါ)ဒေါသစိတ်ကြောင့်လည်း ကျွန်ုပ်တို့ကိုယ်မှာ ရုပ်ဖြစ်၏၊ ထိုရုပ်ကိုလည်း စိတ္တဇရုပ်ဟု ခေါ်၏။ မောဟနှင့်ယှဉ်သောစိတ်ကြောင့် ဖြစ်သောရုပ်လည်း စိတ္တဇရုပ်တည်း။ ထိုနည်းတူ အလောဘ၊ အဒေါသ၊ အမောဟတို့ အရင်းခံ၍လည်း ကျွန်ုပ်တို့ကိုယ်မှာ စိတ္တဇရုပ်တွေ ဖြစ်နေပေသည်။

သိသာလွယ်ကူသော ဒေါသအကြောင်းကို စဉ်းစားပါ၊ ယခု စာဖတ်နေစဉ် ကျွန်ုပ်တို့မှာ ဒေါသဖြစ်၍ မနေပါ။ အဒေါသ အမောဟ ဖြစ်နေပေမည်။ ထိုအခါ ကျွန်ုပ်တို့ မျက်နှာ၏ အနေအထားကို မှတ်သားထားပါ၊ နီရဲမည်းပုပ် ခက်ထန်၍ မနေပါ။ မှန်တန်း အနေအထား ရှိပါသည်။

သို့သော် စိတ်ဆိုးစရာ တွေ့၍ ကျွန်ုပ်တို့ စိတ်ဆိုးသောအခါ သို့မဟုတ် သိပ်စိတ်ဆိုးသောအခါ ကျွန်ုပ်တို့ မျက်နှာသည် အရင်မျက်နှာနှင့် မတူပါချေ၊ ခက်ထန်နီရဲ မည်းပုပ်နေပါသည်။

စဉ်းစားပါ၊ ကျွန်ုပ်တို့မှာ မျက်နှာနှစ်ခု မရှိပါ၊ မျက်နှာဖုံး နှစ်ခုကို တစ်ခုပြီးတစ်ခု ချွတ်လဲတာမျိုး မဟုတ်ပါ။ မျက်နှာက တစ်ခုထဲပါ၊ ဒါပေမယ့် မျက်နှာထားက နှစ်မျိုးဖြစ်နိုင်သည်၊ ဖြစ်သည်၊ ဒါဖြင့် ဒီလို မျက်နှာထားနှစ်မျိုး ဖြစ်ရတဲ့ အကြောင်းက ဘာလဲ၊ ဒါကို ကိုယ်ပိုင်စဉ်းစားရပေသည်။

ဒီလို မျက်နှာထား နှစ်မျိုးဖြစ်ရခြင်းသည် မျက်နှာဟု ခေါ်သော အသားအရေ အရောင်တွေ ပြောင်းလဲ၍ပေတည်း။ သို့သော် အသားအရေ အရောင် ဆိုတာတွေရဲ့ အရင်းခံက တခြားမဟုတ်၊ ပထဝီဓာတ် အာပေါဓာတ်တေ

ဇောဓာတ် ဝါယောဓာတ် ဝဏ္ဏဓာတ် ဂန္ဓဓာတ် ရသဓာတ် ဩဇာဓာတ် စတဲ့ ရုပ်တွေသာ ဖြစ်သည်။

ပထဝီဓာတ်သည် မျက်နှာခက်ထန်မာကျောစေသည်၊ ဝါယောဓာတ်သည် မျက်နှာလှုပ်ရှား‌ဖောင်းမို့စေသည်။ ထိုသို့ဓာတ်ကြီးတွေ ပြောင်းလဲလာပုံကို ဖော်ပြသောဓာတ်က ဝဏ္ဏဓာတ် (အဆင်း) ဖြစ်ပေသည်။ မျက်နှာရှိ ရုပ်ဓာတ်ကြီးတွေပြောင်းလဲ၍ မျက်နှာထား ပြောင်းလဲခြင်းဖြစ်ပေသည်။ ဝဏ္ဏဓာတ်ကပြ၍ သူ့မျက်နှာ ပြောင်းလဲပုံကို တခြားလူက မျက်စိဖြင့် မြင်ရခြင်းဖြစ်ပေသည်။

သို့သော် မျက်နှာရှိ ရုပ်ဓာတ်ကြီးတွေပြောင်းလဲရတဲ့ အရင်းအမြစ်က ဘာလဲ၊ ခုနပြောခဲ့တဲ့ ဒေါသပဲ၊ ဒေါသ ဖြစ်လာလို့ မျက်နှာပေါ်မှာ ရုပ်တွေ ပြောင်းလဲပြီး မျက်နှာထား တစ်မျိုး ဖြစ်လာခြင်းသာ ဖြစ်ပေသည်။

ဒါတွေကို အဘိဓမ္မာပညာရပ်စကားနဲ့ ပြောတော့ ဒေါသက အရင်းခံ ဟိတ်တရား၊ ဒေါသနှင့်ယှဉ်သောစိတ်ကြောင့် ဖြစ်လာတဲ့ ရုပ်တွေက စိတ္တဇ ရုပ်တွေ၊ ဒေါသဟိတ်နှင့်အတူ ဖြစ်လို့ ပါဠိလို သဟိတ် (သ–ဆိုတာက အတူတကွ)။

ဒါကြောင့် သဟိတ် စိတ္တဇရုပ်၊ ဤလို အဘိဓမ္မာပညာ ဝေါဟာရတွေဖြင့် ခေါ်ကြခြင်း ဖြစ်ပါ၏။

ဒေါသနည်းတူ လောဘ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ထိုတရားတို့ကြောင့်လည်း လူတစ်ကိုယ်လုံးမှာ ရုပ်တွေ ဖြစ်နေပေသည်။

ထပ်၍ စဉ်းစားလျှင် ထို လောဘ ဒေါသ စသော သဘာဝခြောက်မျိုးသည် –

၁။ အရင်းအမြစ် သဘာဝလည်းဖြစ်၏။

၂။ တခြားသော စိတ် စေတသိက် ရုပ်တရားတို့ကိုလည်း ဖြစ်စေတတ်၏။

ဤအချက်နှစ်ရပ်ကို တွေ့ရပေသည်။

အရင်းအမြစ်က ဟေတု(ဟိတ်)၊ ဖြစ်စေသည့် သဘောက ပစ္စယ = အကြောင်းပေတည်း။ ဒါကိုပေါင်းခေါ်တော့ ဟေတုပစ္စယော (ဟေတုပစ္စည်း) ဟု ခေါ်ရသည်။ ဟေတုပစ္စည်း ဖြစ်သော တရားပေါင်းက ခုနပြောခဲ့သည့် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမော ခြောက်မျိုးတည်း။ ဟေတုပစ္စည်းဖြစ်လို့ ထိုခြောက်မျိုးကို ဟိတ်ခြောက်ပါးဟု အဘိဓမ္မာပညာမှာ ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။

## ဟိတ်ကြောင့်ဖြစ်သော အကျိုးတရား

မြတ်စွာဘုရားက ဟေတုပစ္စည်းခြောက်မျိုးကို သဗ္ဗညုတဉာဏ်ဖြင့် ဖော်ထုတ်ပြီးနောက် အဲဒီ ဟေတုကြောင့် ဖြစ်လာတဲ့ အကျိုးတရားတွေ (ပစ္စယုပ္ပန်တွေ) ကို စုစည်းဖော်ပြပေးထားပါသည်။ ဟေတုပစ္စည်းကြောင့် ဖြစ်ရတဲ့ အကျိုးတရားတို့ကား ထိုဟိတ်ခြောက်ပါးနှင့် ယှဉ်ပြီးဖြစ်တဲ့စိတ် (စုစုပေါင်း ၇၁ မျိုး) စေတသိက် (စုစုပေါင်း ၅၂ မျိုး) (၅၂ မျိုးတွင် အတိအကျ ပြောပါက မောဟမူစိတ်၌ ယှဉ်ဆဲယှဉ်ခိုက် ဖြစ်တဲ့ မောဟစေတသိက်ကို ချန်ထားရ၏) စိတ္တဇရုပ် (ဟိတ်နှင့်အတူဖြစ်လို့ သဟိတ် စိတ္တဇရုပ်ဟု ခေါ်၏) ပဋိသန္ဓေဖြစ်တဲ့ ကမ္မဇရုပ် (ဟိတ်ပါ၍ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဟု ခေါ်၏၊) ပဋိသန္ဓေကမ္မဇရုပ်ကို ကျွန်ုပ်တို့ စဉ်းစား၍ မရနိုင်၊ ဘုရားရှင်၏ ရွှေဉာဏ်တော်အရသာ ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရား ဖော်ထုတ်ဟောကြားထားသည့် အတိုင်း မှတ်သားရန်သာ လိုပေသည်။

ပြန်ချုပ်လျှင် – ဟေတုပစ္စည်းဆိုတာက – ဟိတ်ခြောက်ပါး၊

ဟေတုပစ္စယုပ္ပန်ဆိုတာက - စိတ်၊ စေတသိက်၊
စိတ္တဇရုပ်၊ ကမ္မဇ ရုပ်တည်း။

ဤတွင် အလွန်အရေးကြီးသောအချက်ကား အဲဒီပစ္စည်းနဲ့ အဲဒီ ပစ္စယုပ္ပန် ဘယ်လို ဆက်သွယ်သလဲ၊(ဝါ) အဲဒီအကြောင်းနဲ့ အဲဒီအကျိုး ဘယ်လို ပတ်သက်သလဲ၊ အကြောင်းသဘာဝလဲ သပ်သပ်၊ အကျိုးတရားတွေကလဲ သပ်သပ် မဖြစ်နိုင်ဘူးလား ဆိုတဲ့ အချက်ပေတည်း။ (အတွေးအခေါ် ပညာရှင် အချို့ ဤနေရာတွင် ဂွမ်းပြန်သွားကြသည်) အလွန့်အလွန် နက်နဲ သိမ်မွေ့၏။ သမာဓိ

ပညာရင့်ကျက်သော စိတ်မျိုးဉာဏ်မျိုးနှင့်သာ စဉ်းစားနိုင်ရာသည်။

ဘုရားရှင် ဟောကြားထားသည့်အတိုင်း ပြောရလျှင် ထို ဟိတ်ခြောက်ပါးမှာ သတ္တိ (စွမ်းရည်) ရှိသည်။ ထိုသတ္တိကိုဟေတုသတ္တိဟု ခေါ်သည်။ လောဘမှာ လောဘသတ္တိရှိသည်၊ ဒေါသမှာ ဒေါသသတ္တိရှိသည်၊ မောဟမှာ မောဟသတ္တိရှိသည်။ အလောဘမှာ အလောဘသတ္တိရှိသည်၊ အဒေါသမှာ အဒေါသသတ္တိ ရှိသည်၊ အမောဟ (ပညာ) မှာ အမောဟသတ္တိ ရှိသည်။ ထိုသတ္တိတွေသည် ဟေတုသတ္တိ (ရင်းမြစ်သတ္တိ) တွေချည်းဖြစ်သည်။

အဲဒီသတ္တိက အကျိုးကိုဖြစ်စေသည်။ (ဝါ) အကျိုးနှင့် ဆက်စပ်စေသည်။ တန်းစီချလိုက်လျှင် အကြောင်းရယ် သတ္တိရယ် အကျိုးရယ် ဒီသုံးမျိုးကိုတွေ့နိုင်သည်။ အကြောင်းကို သိသည်။ အကျိုးကိုလဲ သိနိုင်သည်ထားပါ။ သတ္တိစွမ်းရည်ကို သဘောပေါက်ဖို့က ခက်လှသည်။ သို့သော် မိမိမှာ သမာဓိစွမ်းအားပညာစွမ်းအား ကြီးလာလျှင် သဘောပေါက်လာမည်၊ ဘုရားဟောကတော့ မှချမှန်ကန်ပေသည်။

ဤဟေတုပစ္စည်းကို ကျကျနန သဘောပေါက်နားလည်လျှင် (ဝါ) စာပဋ္ဌာန်းမှတစ်ဆင့် ငါပဋ္ဌာန်း ဖြစ်လာလျှင် ထိုသူသည် သတိရှိပါက မအိုလွယ်အောင် (ဝါ) အရွယ်တင်အောင် နေတတ်မည်၊ ကျန်းမာအောင် အသက်ရှည်အောင် နေတတ်မည်။

ဘယ်လိုလဲ -

ဥပမာ ဒေါသဆိုတာ ပူလောင်တဲ့ သဘော၊ ဖျက်ဆီးတဲ့ သဘော၊ ဒေါသဖြစ်လျှင် မိမိတစ်ကိုယ်လုံးမှာ ဖြစ်၏။ ရုပ်တွေလောင်၏၊ ရင်ပူ၏၊ ထို့ကြောင့် ဒေါသ ခဏခဏဖြစ်လျှင် ရုပ်တွေနာပြီး ရုပ်ကျ၏၊ ရုပ်နွမ်း၏၊ အိုလွယ်၏၊ ဒေါသဖြစ်တဲ့အခါ အသည်းနှလုံး အဆုပ်တွေမှာလဲ ဒေါသရုပ်တွေ ဖြစ်၏။ ထို့ကြောင့် အသည်းနာ၏၊ အဆုပ်နာ၏၊ နှလုံးနာ၏၊ နာဖန်များတော့ ရောဂါရ၏။ ကျန်းမာရေး ထိခိုက်၏၊ အသက်တို၏။

ဒေါသကြီးလွန်း၍ နှလုံးသွေးရပ်ပြီး သေကြသူတွေရှိသည် မဟုတ်ပါလော။ စိုးရိမ်ကြီးလွန်းမှု (သောက)၊ ပူပန်ကြီးလွန်းမှု (ပရိဒေဝ)၊ စိတ်မချမ်း

သာလွန်းမှု (ဒေါမနဿ) တို့လည်း ဒေါသ၏ ဘက်သားတို့တည်း။ သူတပါးကြီး ပွားချမ်းသာတာကို မကြည့်နိုင်တဲ့ (ဣဿာ)၊ ကိုယ်ချမ်းသာကြီးပွားသလို သူတပါး မချမ်းသာ မကြီးပွားစေချင်တဲ့ (မစ္ဆရိယ)၊ ဒါတွေလဲ ဒေါသရဲ့ ဘက်တော်သားတွေချည်းတည်း။

ထိုကြောင့် ဒေါသတို့၊ သောက၊ ပရိဒေဝ၊ ဒေါမနဿတို့ ဣဿာ မစ္ဆရိယတို့ ကြပ်ကြပ်ထားကြတဲ့ လူတွေဟာ လူရုပ် လူရည် မပြောင်ခြင်း၊ ကျန်းမာရေး ချို့ငဲ့ခြင်း၊ အသက်တိုခြင်း ဖြစ်တတ်ကြောင်း ဟေတုပစ္စည်းကို အရင်းခံ၍ သိနိုင်ကြပါသည်။

ဒေါသနည်းပြီး အဒေါသများ (ဝါ) မေတ္တာစိတ်ထားများလျှင် ရုပ်ကြည်လင်၏၊ ရုပ်အေးမြ၏၊ တစ်ကိုယ်လုံး အေးမြ၏၊ အသည်းနှလုံး အဆုပ်တွေပါ အေးမြ၏၊ ထိုကြောင့် သွေးသားလည်ပတ်မှု မှန်၏၊ ထိုကြောင့် ရုပ်တင်၏၊ ရောဂါကင်း၏၊ ထိုကြောင့် ကျန်းမာ၏၊ အသက်ရှည်၏၊ ဒါကိုလည်း ဟေတုပစ္စည်းကပင် ပြောနေပါသည်။

နိုင်ငံခြားမှာ သုတေသီအချို့သည် အသက်ရှည်တဲ့ အရပ်ဒေသသွား၊ အဘိုးကြီး အဘွားကြီးတွေ တွေ့၊ ဘယ်လိုစိတ်ထားသလဲ၊ ဘာစားသလဲ စသည်ဖြင့် မေးမြန်းမှတ်သားကြ၏၊ မှတ်တမ်းတွေ ပြုကြ၏။ သူတို့အား ဤဟေတုပစ္စည်းကိုသာ တတ်သိနားလည်အောင် သင်ပေးရပါက သူတို့၏ သုတေသနလုပ်ငန်းမှာ လေးလေးနက်နက် အကူအညီ ရသွားမည် ဖြစ်ပါသည်။

## အာရမ္မဏပစ္စယော – အာရုံအကြောင်း

ယခုခေတ် လူငယ်အများစု အနေဖြင့် သီချင်းကြီး သီချင်းခံတို့ကို မကြိုက်ခြင်း၊ ဇာတ်မင်းသားတို့၏ နှစ်ပါးသွား သစ္စာထားခန်းတို့ကို စိတ်မဝင်စားကြခြင်းတို့မှာ သီချင်းကြီး သီချင်းခံတို့က မကောင်း၍လော၊ မင်းသား မင်းသမီးတို့၏ သစ္စာထားခန်းတို့က ဘဝနှင့် မဆီလျော်၍လော၊ ဝါ၊ ခေတ်မမှီကြ၍လော၊ ဤသို့စဉ်းစား လေ့လာသည့်အခါတွင် အရေးကြီးသော ငုပ်ကွက်တခု ရှိနေကြောင်း တွေ့ရ၏။ သီချင်းကြီး စသည်တို့က မကောင်း၍၊ ခေတ်မမှီ၍ မဟုတ်၊ လူငယ်တို့ အနေဖြင့် သီချင်းကြီးနှင့် သစ္စာထားပြောစကားတို့ကို နားမလည်ကြသည့် အခြေခံ အကြောင်းကို တွေ့ရလေသည်။

အနုပညာသဘောအရ ကြည့်ရှုနားလည်သောသူ၏ သန္တာန်၌ ခံစားမှုရသ ဖြစ်ပေါ်လျှင် ကြိုက်နှစ်သက်မှု ဖြစ်မြဲဓမ္မတာပင် ဖြစ်၏။ သီချင်းကြီးများ၌ "လေးဆူဒီပါ သီဒါရေမြေဆုံးစေတော့" ဟု ဆိုရာ၌ ခေတ်လူငယ်တို့က ဒီပါ ဆိုတာ ဘာလဲဟု မသိ၊ လေးဆူဒီပါ ဆိုတာကိုလဲ မသိ၊ သီဒါ ဆိုတာကိုလဲ မသိ၊ သူတို့အနေဖြင့် ကျွန်းကြီးလေးကျွန်း၊ သီဒါခုနစ်တန်တို့ကို မကြားဘူး၊ အာရှတိုက်စသည့် တိုက်ကြီးခြောက်တိုက်နှင့် ပစိဖိတ် အတ္တလန်တစ် စသည့် သမုဒ္ဒရာတို့ကိုသာ သင်နေကြရ၏။ ဤကဲ့သို့ သီချင်းစာသား၏ အနက်အဓိပ္ပာယ်ကို အပြည့်အဝ မရကြသဖြင့် ရသရည်မလည်ခြင်း ဖြစ်ပေသည်။

ထိုနည်းတူ ရှေးမင်းသားကြီးတို့က နှစ်ပါးသွားခန်းမှာ မင်းသမီးကို အင်း ချောလိုက်တာ၊ လှလိုက်တာ၊ ဒါပေမယ့် တရားနဲ့ ဆင်ခြင်တော့ အာရုံနဲ့ အာရမ္မဏိကပဲ မဟုတ်လားကွဲ့ လို့ လက်စွဲလျှောက်တော်များကို ပြောရာတွင် ယခုခေတ်လူငယ်အများစုက သူတို့ နားမလည်သည့် အတွက် ဘာတွေ ရှောက်ပြောနေတာလဲဟု ပျင်းလာပြီး ပြန်ကြ၏။ အနုပညာ အမြင်ဖြင့် လေ့လာပါက သူတို့ခမျာ နားမလည်ရှာသည့်အတွက် ရသရည်မလည်ခြင်း ဖြစ်ကြောင်း (ဝါ) မကြိုက်

ကြခြင်းဖြစ်ကြောင်း တွေ့ရပေသည်။

သို့ဖြစ်၍ အဘိဓမ္မာ ဆောင်းပါး ယခု ပဋ္ဌာန်းဆောင်းပါးတို့ကို ဖတ်ရှုလေ့လာသူတို့အဘို့ အဘိဓမ္မာ ပညာကို သိရှိရရုံမျှမက မြန်မာ့ယဉ်ကျေးမှုပိုင်းဆိုင်ရာ မြန်မာစာပေ ဝေါဟာရပိုင်းဆိုင်ရာ စသည်တို့ကိုပါ လေ့လာပြီးသား ဖြစ်နေပုံကို သတိပြုလျှင် မြင်လာပေလိမ့်မည်။

လူတိုင်း မပြောမဖြစ် ပြောနေကြ သုံးနေကြ ရေးနေကြရသော နေ့စဉ်သုံး စကား နေ့စဉ်သုံး စာတို့တွင် အရုဏ်(အရုဏ်) နှင့် အာရုဏ် မကွဲကြ၊ ခဏခဏ မှားရေးနေကြ၏၊ ဤသို့ဖြစ်ရသည်မှာ ပါဠိရင်းမြစ်ကို မသိကြ၍ ဖြစ်ပေသည်၊ ပါဠိရင်းမြစ်ကို ပိုင်ထားလျှင် ဘယ်သောအခါမှ မမှားနိုင်တော့ပေ။

"အရုဏ"(ပါဠိ) သည် နီတွေးတွေးအရောင်၊ ရောင်နီဦး ဟူသော အနက်ကို ဟော၏၊ ယင်းအရုဏ (ပါဠိ) မှ အရုဏ် (အရုဏ်) ဟူသော ပါဠိသက် ဝေါဟာရကိုရ၏၊ ထို့ကြောင့်နေ့တစ်နေ့တွင် အစဦးပေါ်လာသည့်အရောင်ကို အရုဏ်ရောင်ဟု ခေါ်ရသည်၊ အရုဏ်တက်သည် အရုဏ်ဆွမ်းချက်သည် စသဖြင့် သုံးရသည်။

## အာရမ္မဏ အဓိပ္ပာယ်

အာရမ္မဏ (ပါဠိ) သည် "မွေ့လျော်ရာ" "လာ၍ မွေ့လျော်ရာ" ဟူသော အနက်ကို ဟော၏။ ယင်း အာရမ္မဏ (ပါဠိ) မှ "အာရုံ" ဟူသော ပါဠိသက် ဝေါဟာရကိုရ၏၊ မြန်မာသုံးမှာ အာရုံပြုသည်၊ အာရုံခံသည်၊ အာရုံခံ တန်ဆောင်း စသည်ဖြင့် သုံး၏၊ ထို့ကြောင့် နံနက်စောစော နေခြည်ဦး လာချိန်ကို အာရုံတက် (အာရုဏ်တက်) ဟု သုံးပါက တက်တက်စင် လွဲမှားပေကော့သည်။

ယခု ရေးသားသည့် "အာရမ္မဏပစ္စယော" ၌ အာရမ္မဏ (အာရုံ) ဆိုသည်မှာ ရင်းမြစ်အနက်အားဖြင့် "မွေ့လျော်ရာ" "လာ၍မွေ့လျော်ရာ" ဖြစ်ကြောင်း သိရပေသည်။ ဘာတွေမွေ့လျော်ရာလဲ၊ ဘာတွေလာပြီး မွေ့လျော်မှာလဲဟု မေးရပေမည်။

ဤသို့မေးသောအခါ လူ၏ကိုယ်ခန္ဓာကိုမှီ၍ ဖြစ်သောလူ၏ကိုယ်

ထဲမှာ ဖြစ်သော စိတ်စေတသိက် (နာမ်) သဘာဝတို့ရဲ့ မွေ့လျော်ရာဖြစ်ကြောင်း သိရပေသည်။ အာရုံကို မွေ့လျော်တဲ့ စိတ်စေတသိက် (နာမ်) တရားကို ပါဠိဘာသာ စည်းကမ်းအရ "အာရမ္မဏိ" ဟု ခေါ်ရသည်။ ထို့ကြောင့် အာရုံနှင့် အာရမ္မဏိက တစ်စုံကို ဤတွင် ဆွေးနွေးရန် ဖြစ်၏။

အာရုံနှင့် အာရမ္မဏိက နှစ်ရပ်တွင် အာရုံရှိမှ အာရမ္မဏိက ဖြစ်နိုင်သည်၊ အာရုံမရှိဘဲ အာရမ္မဏိက မဖြစ်နိုင်။

ဤအချက်ကို သေသေချာချာ စဉ်းစားကြည့်လျှင် အာရုံသည် အကြောင်းတရား၊ အာရမ္မဏိကသည် အာရုံကြောင့် ဖြစ်ရသော အကျိုးတရား၊ ဤသို့ တွေ့ရပေသည်။

ဤအာရုံ၊ အာရမ္မဏိက အကြောင်းနှင့်အကျိုး တစ်စုံကို လေ့လာရာတွင် အခြားမှာ ရှာဖို့ မဟုတ်၊ မိမိတို့ကိုယ်ကိုပင် အခြေခံ၍ ဝေဖန်ပိုင်းခြားရပေမည်၊ တစ်နည်းဆိုရသော် သက်ရှိသတ္တဝါကို တည်ကိန်းပြုပြီး ဤအာရုံ၊ အာရမ္မဏိက ဟူသော ပဋ္ဌာန်းဆက်ကို တွက်ချက်ရှာဖွေရမည် ဟူလို။

"လူ"

လူမှာ မြင်တတ်သော မျက်စိရှိသည်၊ ကြားတတ်သော နားရှိသည်၊ နံတတ်သော နှာခေါင်းရှိသည်၊ အရသာခံတတ်သော လျှာရှိသည်၊ တွေ့ထိတတ်သော ကိုယ်ရှိသည်၊ သိတတ်သော စိတ်ရှိသည်၊ ဤအချက်ခြောက်ချက်ကို စဉ်းစားကြည့်လျှင် သိနိုင်ပေသည်။

မျက်စိသည် သူ့ချည်းနေ၍ မမြင်၊ မြင်စရာရှိမှ မြင်သည်၊ နားသည် သူ့ချည်းနေ၍ မကြား၊ ကြားစရာရှိမှ ကြား၏၊ နှာခေါင်းသည် သူ့ချည်းနေ၍ အနံ့မရ၊ နံ့စရာရှိမှ နံသည်၊ လျှာသည် သူ့ချည်းနေ၍ အရသာမရှိ၊ စားစရာရှိမှ အရသာ တွေ့၏၊ ကိုယ်သည် သူ့ချည်းနေ၍ အတွေ့အထိ မဖြစ်၊ တွေ့စရာ ထိစရာရှိမှ တွေ့ထိမှု ဖြစ်၏၊ စိတ်သည်လည်း သူ့ချည်းနေ၍ မသိ၊ သိစရာရှိမှသိ၏၊ ဤသဘော ဘာဝကို စဉ်းစားရာ၏။

အဆိုပါမြင်စရာ၊ ကြားစရာ၊ နံ့စရာ၊ စားစရာ၊ ထိတွေ့စရာ၊ သိစရာ အားလုံးကို အဘိဓမ္မာ အမည်အားဖြင့် "အာရုံ" ဟူ၍ စုစည်းခေါ်ထားပေသည်။

## အာရုံခြောက်ပါး ဟူသည်

မြင်စရာ အာရုံကို ရူပါရုံဟု ခေါ်၏၊ ကြားစရာအာရုံကို သဒ္ဒါရုံ၊ နံစရာအာရုံကို ဂန္ဓာရုံ၊ အရသာရှိစရာ အာရုံကို ရသာရုံ၊ တွေ့ထိစရာ အာရုံကို ဖောဋ္ဌဗ္ဗာရုံ၊ သိစရာအာရုံကို ဓမ္မာရုံဟု အသီးသီးခေါ်သည်။ ဤ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဟူသော ဝေါဟာရသည် အဘိဓမ္မာ ပညာရပ်ဆိုင်ရာ အဘိဓမ္မာ ဝေါဟာရတို့ပေတည်း။

မြင်စရာ မှန်သမျှ ရူပါရုံ ဖြစ်သောကြောင့် ကျွန်ုပ်တို့ကိုယ်သည်လည်း ရူပါရုံ၊ သူတပါးကိုယ်လဲ ရူပါရုံ၊ အဝတ်အစား အသုံးအဆောင် အိမ်ကျောင်း သစ်ပင် ရေ မြေ စသည်လည်း ရူပါရုံပေတည်း။ အချုပ်အားဖြင့် မျက်စိဖြင့် မြင်ရတဲ့ အရာအားလုံး ရူပါရုံတွေချည်းတည်း။

ကြားစရာ အသံဟူသမျှ သဒ္ဒါရုံ ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ အသံသည်လည်း သဒ္ဒါရုံ၊ သူတပါးအသံသည်လည်း သဒ္ဒါရုံ၊ ကားသံ၊ ရထားသံ၊ မိုးသံ၊ လေသံ အားလုံး သဒ္ဒါရုံတွေချည်းတည်း။

အနံ့ဟူသမျှ ဂန္ဓာရုံ ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ကိုယ်နံ့သည်လည်း ဂန္ဓာရုံ၊ သူတပါး ကိုယ်နံ့သည်လည်း ဂန္ဓာရုံ၊ ပန်းရနံ့မျိုးစုံ အပုပ်နံ့ အဖုံ့ဖုံ့ အားလုံး ဂန္ဓာရုံတွေချည်းတည်း။

စားစရာ ဟူသမျှ ရသာရုံ ဖြစ်သောကြောင့် ကျွန်ုပ်တို့ ကိုယ်လည်း ရသာရုံ၊ သူတပါးကိုယ်လည်း ရသာရုံ၊ ကြက် ဘဲ ဝက် ငါးနှင့် ဟင်းသီးဟင်းရွက် မျိုးစုံ ရသာရုံတို့ပေတည်း၊၊ ကျွန်ုပ်တို့ကိုယ်ကို သူတပါးက စားသောက်သောအခါ ရသာရုံဖြစ်၏၊ ဥပမာ ခြင်ကိုက်ခြင်း၊ ထို့ထက် ကျားစားခံရခြင်းမျိုးတည်း။

တွေ့ထိစရာ မှန်သမျှ ဖောဋ္ဌဗ္ဗာရုံဖြစ်သောကြောင့် ကျွန်ုပ်တို့ကိုယ်လည်း ဖောဋ္ဌဗ္ဗာရုံ၊ သူတပါးကိုယ်လည်း ဖောဋ္ဌဗ္ဗာရုံ၊ အဝက်အစား အိပ်ရာနေရာ ဆိုဖာ ထိုင်ခုံ ဖျာ သင်ဖြူး ထိစရာ အရာအားလုံး ဖောဋ္ဌဗ္ဗာရုံချည်းတည်း။

စိတ်ဖြင့် သိစရာမှန်သမျှ ဓမ္မာရုံဖြစ်သောကြောင့် မျက်စိဖြင့်လည်း မမြင်ရ၊ နားဖြင့်လည်း မကြားနိုင်၊ နှာခေါင်းဖြင့်လည်း အနံ့မရ၊ လျှာဖြင့်လျက်

၍လည်းမဖြစ်၊ ကိုယ်ဖြင့် ထိ၍လည်း မရ၊ စိတ်သက်သက်ဖြင့်သာ သိနိုင်သော စိတ်တွေးမြင် သဘာဝ မှန်သမျှ ဓမ္မာရုံပေတည်း။

ထို အာရုံခြောက်ပါးသည် အာရမ္မဏပစ္စယောပေတည်း၊ ဝါ၊ အာရုံတည်းဟူသော ပစ္စည်းပေတည်း၊ ဝါ၊ အာရုံတည်းဟူသော အကြောင်းတို့ပေတည်း။ ထို အာရုံတို့ကို အစွဲပြု၍ ဖြစ်လာရသော စိတ်စေတသိက်မှန်သမျှ အကျိုးတရားများသည် ပဋ္ဌာန်းဝေါဟာရအားဖြင့် ခေါ်သော် ပစ္စယုပ္ပန်တရားဟု ခေါ်ရ၏။

အဘိဓမ္မာပညာရှင် မဟုတ်သော ရိုးရိုးအဘိဓမ္မာ သုတေသီတစ်ဦး အနေဖြင့် အာရုံနှင့် အာရမ္မဏိက သရုပ်ကွဲလျှင်ပင် အတော်ဟန်ကျပေပြီ။ ဥပမာ ပန်းတစ်ပွင့်ကို မြင်ရာ၌ ပန်းပွင့်ကား ရူပါရုံ၊ ပန်းပွင့်မှန်း သိတဲ့စိတ်က အာရမ္မဏိက၊ စိတ်သည် ပန်းပွင့်ဟူသော အာရုံကြောင့် ဖြစ်ပေါ်လာ၏။ အသံကြားတဲ့ အခါ၊ အနံ့ရတဲ့အခါ၊ စား၍သောက်၍ အရသာဖြစ်တဲ့အခါ၊ ကိုယ်နှင့်ထိတဲ့ တွေ့တဲ့အခါတို့၌လည်း အာရုံနှင့် အာရမ္မဏိက ခွဲ၍သိအောင် စဉ်းစားရာ၏၊ မြင်ကြားနံ့လျက် ထိငါးချက်မှ အထက် တွေးသိမြင်ထင်လာသောအခါ၌လည်း ဓမ္မာရုံနှင့် သိသောစိတ်တို့ကိုခွဲ၍ သိအောင် စဉ်းစားရာသည်။

သိမ်တော့သိမ်မွေ့၏၊ သို့သော် ဤသို့အာရုံနှင့် အာရမ္မဏိက ကွဲအောင် သိတတ်လျှင်ပင် အလွန်ဟန်ကျပြီဟု ယူဆနိုင်လေသည်။

## အာရမ္မဏသတ္တိစွမ်းရည်

ပို၍မြင့်လာသော အဆင့်၊ တစ်ဆင့်သို့ တက်ကြပါဦးစို့။ အာရုံနှင့် အာရမ္မဏိက **တစ်ရုံ သိ**ခဲ့ပြီ၊ အာရုံကြောင့် အာရမ္မဏိက (စိတ်စေတသိက်) ဖြစ်ပေါ်လာသည်**ဟုလည်း** သိခဲ့ပြီ၊ သို့သော် ဤအသိကား ပဋ္ဌာန်းအသိ မကုန်သေးချေ၊ ဤမျှလောက်နှင့် ပဋ္ဌာန်းနက်နဲသည်ဟု မဆိုရသေးချေ။

စင်စစ် အာရုံနှင့် အာရမ္မဏိကကြားတွင် "သတ္တိ" ဟူသော စွမ်းရည်တစ်မျိုး ပါဝင်လျက် ရှိပေသေးသည်။ ယင်း "သတ္တိ" ကြောင့်သာ အာရမ္မဏိက (စိတ်စေတသိက်) ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။ ယင်းသတ္တိသည် အာရုံ

၏ သတ္တိဖြစ်၍ အာရမ္မဏသတ္တိဟု ခေါ်၏၊ ထိုအာရမ္မဏ သတ္တိသည် အဘယ် မှာရှိသလဲ ဆိုလျှင် အာရုံ၌ရှိသည်ဟု သိနိုင်၏။

ဥပမာ – ပန်းတစ်ပွင့်၊ ပန်းတည်း ဟူသော အာရုံဆိုပါစို့၊ ထို ပန်း တည်းဟူသော ရူပါရုံ (အဆင်း) သည် လူ၏ မျက်စိထဲမှာရှိသော စက္ခုပသာဒ ရုပ်ကြည်လွှာ၌ လာ၍ထင်ဟပ်နိုင်၏။ မျက်စိရုပ်ကြည်လွှာ၌ ထင်ဟပ်နိုင်သော သတ္တိရှိ၏။ လူ၏ မျက်ကြည်လွှာရုပ်နှင့် ပန်းအဆင်းရူပါရုံတို့ ပေါင်းဆုံမိလိုက် သည့်အခါ အမြင်စိတ်ကလဲ ဖျတ်ခနဲ ပွင့်သွား၏။

ဤကဲ့သို့ ရူပါရုံသည် စက္ခု အကြည်ရုပ်ကလေး၌ ထင်ဟပ်ပြီး စက္ခုဝိညာဉ်စိတ်ကလေးကို ပွင့်စေနိုင်သည့် အလွန်အလွန် သိမ်မွေ့သည့် စွမ်း ရည်သည် အာရမ္မဏ သတ္တိပေတည်း။

အကယ်၍ အာရုံတခုသည် သတ္တိကင်းမဲ့သည် ဆိုပါက စက္ခုအမြင် စိတ်ကို ပွင့်စေနိုင်မည်မဟုတ်ချေ။ မျက်ကြည်ရုပ်သည်ကား ဖြစ်လာသော စိတ် စေတသိက် သဘာဝတို့က မှီ၍ဖြစ်ရသော အခံသဘာဝ ဖြစ်၏။

ပမာဆိုပါလျှင် အာရုံသည် မီးခြစ်ဆံနှင့် တူပြီး မျက်စိအကြည်ရုပ် က မီးခြစ်အိမ်နှင့်တူသည် ဆိုလျှင် မီးခြစ်ဆံ၏ ပွတ်ခြစ်သည့် အစွမ်းကလေး သည် မီးခြစ်ဆံ၏ သတ္တိပင် ဖြစ်သည်၊ တောက်လာသော မီးကိုကား ဖြစ်လာ သော အမြင်စိတ် (စက္ခုဝိညာဉ်စိတ်) နှင့် ပမာတင်၍ ဆင်ခြင်နိုင်စရာ ရှိပေ သည်။

မီးခြစ်ဆံနှင့် မီးခြစ်ကို ဥပမာပြရာ၌ မီးခြစ်ဆံက ပွတ်ခြစ်ဖို့ အ တွက် လူကလုပ်ပေးရ၏။ ဗျာပါရ တစ်ခုပါ၏။ သို့သော် ပရမတ္ထသဘာဝတွင်မူ ကြားကလုပ်ပေးရန် ဗျာပါရ မလို။ သူ့သဘော သူဆောင်၍သာ ဖြစ်၏။ ရူပါရုံ သည် စက္ခုပသာဒ၌ ထင်ဖို့အတွက် ထိုအာရုံနှင့် ပသာဒ တိုက်ဆိုင်ဖို့(ဝါ) ကြည့်မိ ဖို့သာ လိုသည်၊ ဘေးက အကူအပံ့ အကြောင်းတရားမှာ အလင်းရောင်ရှိဖို့နှင့် လူက နှလုံးသွင်းမိဖို့သာ လိုပေသည်။ တိုက်ဆိုင်မိသည်ဆိုလျှင် အာရုံ၏ သတ္တိ (ဝါ) အာရမ္မဏသတ္တိကြောင့် အမြင်စိတ်၊ မြင်သိစိတ် (စက္ခုဝိညာဉ်စိတ်) ဖြစ် လာမြဲ ဓမ္မတာပင်။

ခေတ်တွေးခေါ် ပညာရှင် အများသည် အကြောင်းအကျိုးရှိမှုကို လက်ခံ၏၊ အကျိုးဖြစ်ထွန်းဖို့အတွက် အကြောင်းလိုအပ်သည်ကို ယုံကြည်၏၊ သိပ္ပံပညာတွင်မူ (Cause and effect) ကို လက်ခံကျင့်သုံးလေသည်။

ဘုရားရှင်သည်လည်း ပဋိစ္စသမုပ္ပါဒ် ဒေသနာကို ဟောတော်မူရာ၌ အကြောင်းနှင့်အကျိုး တစုံကိုသာ ဖော်ပြဟောကြား၏၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၏၊ ဤသို့သာလျှင် တိုက်ရိုက်ဟော၏၊ အကြောင်း၏ သတ္တိကို မဟောချေ။

ပဋ္ဌာန်းနည်းကိုဟောတော်မူသောအခါကျမှသာ အကြောင်းသတ္တိ ပစ္စယသတ္တိကို ဖော်ထုတ်ဟောတော်မူသည်။ ပစ္စယသတ္တိသည် အလွန့်အလွန် သိမ်မွေ့လှပြီး အသိခက်လှ၏၊ ထို့ကြောင့်ပင် ပဋ္ဌာန်းနည်းသည် အလွန့်အလွန် နက်ရှိုင်းသွားခြင်း ဖြစ်ပေသည်။

ပဋ္ဌာန်းသုတေသီ တစ်ဦး အနေနဲ့မူ အကြောင်း၊ အကြောင်း၏ သတ္တိအကျိုး၊ (ပစ္စည်း၊ ပစ္စယသတ္တိ၊ ပစ္စယုပ္ပန်) ဟူသော အချက်လောက်ကို မှတ်မိလျှင် အတော်ဟုတ်ပါပြီ။ ပဋ္ဌာန်း အဘိဓမ္မာသည် ကမ္ဘာတွင် ထင်ရှားနေသော ဖီလိုဆိုဖီ ပညာရပ် စသည်တို့ထက် နက်ရှိုင်းကြောင်း ရိပ်မိနိုင်ပါပြီ။

## အာရမ္မဏပစ္စည်းနှင့် လက်တွေ့ဘဝ

အာရမ္မဏပစ္စည်းနှင့် ပတ်သက်၍ နောက်တဆင့်တက်စရာ ကျန်ပါသေးသည်၊ ဤနောက်တစ်ဆင့်က လက်တွေ့ဘဝအတွက် အသုံးပြုလို့အလွန်ကောင်းပါသည်။

အာရမ္မဏပစ္စယော ဆိုတာက အာရုံတည်းဟူသော အကြောင်းကရားတည်း၊ အာရုံကြောင့် အာရုံပြုတဲ့စိတ် (အာရမ္မဏိက) ဖြစ်တယ်၊ ဤအချက်ကိုမူသေကိုင်ထားပါ။ ဒါက အနားလေးဘက် ထောင့်လေးထောင့်ညီရင် ထောင့်မှန်စတုဂံ ဖြစ်တယ်လို့ သင်္ချာမှာ မူသေမှတ်ရသလို "အာရုံကြောင့် စိတ်ဖြစ်တယ်" ဆိုတာကိုလဲ မူကစ်ရပ်အနေနဲ့ ကိုင်ထားပါ။ ဒီမူကို အခြေပြုပြီး ဆက်စဉ်းစားရန် ဖြစ်၏၊

အာရုံတွေက အမျိုးမျိုး ရှိနေ၏၊ ဆိုးတဲ့အာရုံ၊ သိပ်ဆိုးတဲ့ အာရုံ၊ ကောင်းတဲ့ အာရုံ၊ သိပ်ကို ကောင်းတဲ့ အာရုံ ဟူ၍ အမျိုးမျိုး ရှိ၏၊ ထို့ကြောင့် ထပ်၍ မှတ်ရမည့် အချက်မှာ အာရုံကောင်းလျှင် စိတ်ကောင်းဖြစ်သည်၊ အာရုံ ဆိုးလျှင် စိတ်ဆိုးဖြစ်သည်၊ ဝါ၊ အာရုံအေးလျှင် စိတ်အေးသည်၊ အာရုံပူလျှင် စိတ်ပူသည် ဟူသော အချက်တည်း။

ရူပါရုံတခုကို နမူနာထားကြည့်ပါ။

မင်းသား မင်းသမီးကို မြင်လျှင် ဘယ်လိုစိတ်ဖြစ်မည်လဲ၊ ဘီလူး သဘက်ကိုမြင်လျှင် ဘယ်လိုစိတ်ဖြစ်မည်လဲ၊ မိမိကို လက်အုပ်ချီဂါရဝပြုနေတာ ကို မြင်လျှင် ဘယ်လိုစိတ်ဖြစ်မည်လဲ၊ အံကြိတ်ပြီး လက်သီးရွယ်ပြနေတာ မြင် လျှင် ဘယ်လိုစိတ်ဖြစ်မည်လဲ၊ ချစ်သူကို မြင်လျှင် ဘယ်လိုစိတ်ဖြစ်မည်လဲ၊ ရန် သူကို မြင်လျှင် ဘယ်လိုစိတ်ဖြစ်မည်လဲ။ စိတ်ဖြစ်ပုံတွေ တူပါမည်လော။

ရူပါရုံကို မြင်သည့် စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာပုံချင်းက တူပါ ၏၊ သို့သော် ကောင်းတာမြင်ရတာက ကုသိုလ်အကျိုး စက္ခုဝိညာဉ်၊ မကောင်း တာမြင်ရတာက အကုသိုလ်အကျိုး၊ စက္ခုဝိညာဉ် ဤလို ကွဲပြားခြားနားပါ၏၊ ဤတွင် ခေတ္တရပ်၍ စဉ်းစားလျှင် ငါကောင်းတာ မြင်တာ ငါ့ကုသိုလ်ရဲ့ အကျိုး ပါလား၊ ငါမကောင်းတာ မြင်တာ ငါ့အကုသိုလ်ရဲ့ အကျိုးပါလား ဟူ၍ အဘိဓမ္မာ ကျကျ သတိပြုနိုင်၏။

အဘိဓမ္မာသဘာဝအတိုင်း ဆက်ရလျှင် ရူပါရုံကို မြင်ရာ၌ စက္ခု ဝိညာဉ်စိတ် တခုတည်းသာ ဖြစ်သည်မဟုတ်၊ စိတ်အုပ်စု ဖြစ်စဉ်တရပ် (ဝီထိ စိတ်တခု) ဖြစ်မြဲဓမ္မတာတည်း။ ထို့ကြောင့် ထိုစိတ်အုပ်စုတွင်ပါသည့် ဇောစိတ် သည်ကား အာရုံကို လိုက်၍ဖြစ်တတ်ပေသည်။ အချောအလှ အကောင်းအမွန် ကိုမြင်သောအခါ လောဘဇောစိတ် ဖြစ်၏၊ စော်ကားသူ ရန်သူစသည်ကို မြင် သောအခါ ဒေါသဇောစိတ် ဖြစ်၏။ အကယ်၍ သပ္ပာယ်သော ဘုရားဆင်းတုကို မြင်လျှင် ကြည်ညိုသဒ္ဓါစိတ်ဖြစ်၏။

## အာရမ္မဏပစ္စည်းအရ နေတတ်အောင်နေ

ဤကဲ့သို့ အာရုံအလိုက် စိတ်ဖြစ်တတ်ပုံ အဘိဓမ္မာ သဘာဝ နားလည်ပြီး အသုံးချမည် ဆိုလျှင် လောဘစိတ် မဖြစ်အောင် လောဘဖြစ်လောက်တဲ့ သက်ရှိသက်မဲ့ ပစ္စည်းကို မမြင်ရအောင် ရှောင်၊ ဒေါသစိတ် မဖြစ်ရအောင် ဒေါသဖြစ်စရာ ကောင်းတဲ့ သက်ရှိသက်မဲ့ ပစ္စည်းကို မမြင်ရအောင်နေ၊ ဤကဲ့သို့ ဘဝကို ထိန်းကျောင်းနေတတ်အောင် ပဋ္ဌာန်းအဘိဓမ္မာက အကျိုးပြုပေသည်။

မြတ်စွာဘုရားက ရဟန်းများ တောမှာနေပြီး တရားအားထုတ်သည်ကို ချီးကျူးရာ၌ တောမှာနေလျှင် လိုချင်စရာတွေ မမြင်ရ၊ စိတ်ဆိုးစရာတွေ မတွေ့ရ၊ အေးမြတဲ့ သစ်ရိပ်ဝါးရိပ်တွင် စိတ်အေးချမ်းမြ၏။ ထို့ကြောင့် တရားကို တကယ်အားထုတ်လိုသူအား အရညဂတော (တောသို့ဝင်ပါ) ဟု ညွှန်ကြားခဲ့ခြင်း ဖြစ်ပေသည်။

မြို့ထဲရွာထဲ ရဟန်း သာမဏေများသွားတဲ့အခါ ၄ တောင်စကျွဲချ၍ သွားရန် ပညတ်ခြင်းမှာလည်း ယခု အာရမ္မဏပစ္စယော သဘောကို အခြေခံထား၏။ မြို့ထဲရွာထဲမှာက လောဘဖြစ်စရာ၊ ဒေါသဖြစ်စရာ အာရုံတွေရှိနေ၍ ဒါတွေကို မြင်ပြီး လောဘ ဒေါသ မဖြစ်ရအောင် မျက်လွှာချပြီး သွားရန် ပညတ်ခြင်း ဖြစ်ပေသည်။ မာတုဂါမများနှင့် ပတ်သက်၍လည်း မမြင်ရ မတွေ့ရအောင် နေတာ အကောင်းဆုံး ဟူ၍ ရှင်အာနန္ဒာအား မြတ်စွာဘုရား မိန့်ကြားခဲ့သည်။

ပဋ္ဌာန်းအမြင်နှင့် ကြည့်တတ်လာလျှင် အခြား သုတ် ဝိနည်းတို့ကို ဘယ်လိုဟောထားသည်၊ ဘယ်လိုပညတ်ထားသည်ဟု သဘောပေါက် နားလည်ပြီး ဗုဒ္ဓသာသနာတော် အပေါ် ပို၍ကြည်ညိုလာသည်။ မိမိတို့၏ နေ့စဉ်ဘဝကို ထိန်းကျောင်းရာ၌လည်း ပဋ္ဌာန်းပညာနှင့် ထိန်းကျောင်းနေသွားလျှင် အကုသိုလ်နည်းပြီး ကုသိုလ်များမည် ဖြစ်သည်။ ဘဝကြီးပွားရေး၊ ဘဝအောင်မြင်ရေးနှင့် ဘဝလွတ်မြောက်ရေးကိုပါ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ယခု အာရမ္မဏပစ္စယော ရှိသေးသည်၊ ရှေ့တွင် ပစ္စည်းများ စုံလင်အောင် ဆက်ပြီး လေ့လာသွားပါက ဘဝနှင့် လောကကို ခြုံပြီး ကြည့်နိုင်စွမ်းသည်

ကြီးမြတ်လှသော မဟာဉာဏ်ကို ရနိုင်မည် ဖြစ်လေသည်။

## ဒွါရ သို့မဟုတ် အာရုံတံခါး

လူမှာ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ခန္ဓာရယ်၊ စိတ်ရယ် စုစုပေါင်း ခြောက်မျိုးရှိ၏၊ အသက်ရှိသောသူ (လူအရှင်) တွင် ထိုခြောက်မျိုး ပွင့်လင်းနေ၏။ မျက်စိက မြင်၏၊ နားက ကြား၏၊ နှာခေါင်းက အနံ့ရ၏၊ လျှာက အရသာခံစား၏၊ ကိုယ်က အထိအတွေ့ကိုသိ၏၊ စိတ်ဖြင့် စိတ်ကူးတွေးမြင်၏၊ အသက်မရှိသော လူကိုယ်ခန္ဓာတွင် ထိုခြောက်မျိုး မပွင့်တော့သည့် အတွက် ငှက်ပျောတုံး တစ်တုံးကဲ့သို့ ဖြစ်သွား၏။

ယခု စာဖတ်နေသူသည် အသက်ရှိသူ ဖြစ်သည့်အတွက် ဆိုခဲ့ပါ မျက်စိ စသော ခြောက်မျိုး ပွင့်နေ၏၊ ရှင်သန်နေ၏၊ မြင်စရာတွေမြင်၏၊ ကြားစရာတွေကို ကြား၏၊ အနံ့တွေ ရ၏၊ အရသာပေါ်၏၊ အတွေ့အထိ သိ၏၊ စိတ်ဖြင့် တွေးမြင်တတ်၏။

အိမ်တစ်အိမ်တွင် လူဝင်ပေါက် တံခါးရှိ၏။ ထိုတံခါးမှ လူဝင်၏၊ ထွက်၏၊ တံခါးကို ပါဠိဘာသာဖြင့် "ဒွါရ" ဟုခေါ်၏။ လူ၏ ခန္ဓာအိမ်တွင်လည်း မျက်စိရှိနေသည့်အတွက် ရူပါရုံကို သိသည့်စိတ် (စက္ခုဝိညာဉ်စိတ်) ဖြစ်လာ၏၊ ပျက်သွား၏၊ ထို့ကြောင့် လူ၏ ခန္ဓာအိမ်တွင် ရှိသော မျက်စိကို အိမ်တံခါးနှင့် တင်စားပြီး "ဒွါရ" ဟု ခေါ်၏။

ထို့ကြောင့် မျက်စိတံခါးကို စက္ခုဒွါရဟု ပါဠိလို ခေါ်၏၊ နားတံခါးကို သောတဒွါရ၊ နှာခေါင်းတံခါးကို ဃာနဒွါရ၊ လျှာတံခါးကို ဇိဝှာဒွါရ၊ ကိုယ်တံခါးကို ကာယဒွါရ၊ စိတ်တံခါးကို မနောဒွါရ ဟုအသီးသီး ခေါ်ရ၏။

ထိုသို့လူကိုယ်ခန္ဓာမှာ ရှိနေသော တံခါးခြောက်ပေါက်၌ သက်ဆိုင်ရာ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်၊ မနောစိတ်တို့ဖြစ်ပေါ်လာနိုင်ဘို့အတွက် အာရုံလို၏။ အာရုံက အကြောင်းပြုပေးလိုက်မှ ထိုစိတ်တို့ ဖြစ်ပေါ်လာနိုင်သည်။ ဤသို့ အာရုံက အကြောင်းပြုပေးခြင်းသည် အာရမ္မဏပစ္စယော ပင်ဖြစ်သည်။

လူတို့သည် အာရမ္မဏပစ္စယောကြောင့် နေ့တိုင်း မြင်၊ ကြား၊ နံ၊ လျက်၊ ထိသိ နေကြခြင်း ဖြစ်၏။ တစ်နည်းဆိုရသော် မိမိတို့ နေ့စဉ် မြင် ကြား နံ လျက် ထိ သိ နေကြရာ၌ အာရုံ၏ အရေးပါသော အခန်းကဏ္ဍကို သတိပြုက သိနိုင်ပေသည်။

လူနှင့် လူ့ပတ်ဝန်းကျင် (man and his Environment) ဆက်သွယ်ရာ၌ အရေးအကြီးဆုံး အချက်မှာ "အာရုံ" ဖြစ်၏။ "အာရုံ" သည် ဆက်သွယ်မှုကိုစွ၍ အချက်အချာ ဖြစ်သည်။ အာရုံကောင်းလျှင် စိတ်ကောင်းဖြစ်၏။ အာရုံဆိုးလျှင် စိတ်ဆိုးဖြစ်၏။ စိတ်ကောင်း အဖြစ်များလျှင် လူကောင်းဖြစ်၏။ စိတ်ညံ့စိတ်ဆိုး အဖြစ်များလျှင် လူညံ့၊ လူယုတ် ဖြစ်၏။ ထို့ကြောင့် လူနှင့် ပတ်ဝန်းကျင် ဆက်သွယ်ရာတွင် ဆက်သွယ်ရေး ကိရိယာမှာ "အာရုံ" ဖြစ်ကြောင်း နားလည်နိုင်ပေသည်။

စာတွေ့မှ ဒါတွေ့ဖြစ်အောင် စဉ်းစားရန် လို၏။ ဘုရားရှင်ကလည်း စဉ်းစားရန် အားပေးခဲ့၏။ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓါ ဟူသော ပညာသင်နည်း ရှစ်ရပ်တွင် စိန္တေယျ=ကြံစည်ရာ၏၊ ဝိစာရေယျ=သုံးသပ်ရာ၏ ဟုညွှန်ပြတော်မူခဲ့သည်။

## အဘိဓမ္မာနည်းဂျ မြင်ပုံမြင်နည်း စဉ်းစား

အာရမ္မဏပစ္စယော – အာရုံက ကျေးဇူးပြုပုံ၊ အာရုံသည် အကြောင်းဖြစ်ပုံကို လက်တွေ့ ဤသို့စဉ်းစားပါ။

မိမိမျက်စိထဲမှာ မျက်ကြည်ရုပ် ဖြစ်ရှိနေသည်။ ဖြစ်ပျက် ဖြစ်ပျက်ဖြင့် ရှိနေသည်ဟု ဆိုလိုသည်။ မော်တော်ကား ပလပ်မှ တဖျတ်ဖျတ် မီးပွင့်နေသကဲ့သို့ တဖျတ်ဖျတ် ဖြစ်ပျက်နေသည်။ တနည်းအားဖြင့် ဖွင့်ထား၍ လင်းနေသော မီးချောင်းသို့ ဝင်နေသော လျှပ်စစ်ဓါတ်အားသည် တစ်ခုတည်းမဟုတ်၊ လျှပ်စစ်စီးကြောင်းဟု တင်စားခေါ်ထားသည့်အတိုင်း တစ်ခုပြီးတစ်ခု ဆက်ဖြစ်နေပြီး ပါတ်လိုက်နေသည့်အတွက် မီးချောင်း အဆက်မပြတ် လင်းနေခြင်းဖြစ်၏။ ဤနည်းတူ မိမိမျက်စိထဲမှာ (ဝါ) မျက်လုံးအိမ်ထဲမှာ ရှိနေသော မျက်ကြည်ရုပ်သည်လည်း ဥပါဒ် ဌီ ဘင် ဆိုသော အဘိဓမ္မာ ပညာရပ် ဝေါဟာရအတိုင်း ဖြစ်

ဘည် ပျက် မပြတ်ဖြစ်နေ၏။ "ဌီ" "တည်" ဟု ဆိုသော်လည်း အတိုင်းမသိ အဖြစ်အပျက် မြန်လွန်းအားကြီးလှ၍ ဖြစ်ပျက်သည်သာလျှင် အရေးကြီးသော အချက်ဖြစ်သည်။

မိမိမျက်စိထဲ၌ ထိုကဲ့သို့ဖြစ်ပျက်နေသော မျက်ကြည်ရုပ်(ဝါ) စက္ခုပသာဒသည် သူ့ချည်းနေ၍ မမြင်နိုင်၊ သူမရှိကဲလည်း မမြင်နိုင်။ သူသည် ယမ်းမီးခြစ်ခေါ် သစ်သားမီးခြစ်အိမ်ဘေးမှာ သုတ်ထားသော ယမ်းကဲ့သို့ ဖြစ်ပေသည်။

ထို့ကြောင့် မိမိမျက်စိကို မှိတ်ထားကြည့်ပါ၊ ဘာကိုမြင်သလဲ၊ ဘာကိုမျှမမြင်၊ မမြင်ရုံမက နေခင်းကြောင်တောင်ကြီးမှာပင် မျက်စိမှိတ်ထားပါက မှောင်နေပေသည်။ သဘောက စက္ခုဒွါရ ခေါ်သော မျက်စိတံခါးကို ပိတ်ထားသောကြောင့် ဖြစ်၏။

ကျွန်ုပ်တို့ မျက်စိရှေ့မှာ လူတစ်ယောက်ကို ရပ်ထားပါ။ မျက်စိမှိတ်ထား၍ ထိုလူကို ကျွန်ုပ်တို့ မမြင်သေးပါ၊ ထိုလူ၏ ကိုယ်တွင် ရူပါရုံ (ဝါ) ရူပါရုံ အဆင်းရှိ၏။ ထိုအဆင်းသည်လည်း ဖြစ်ပျက် ဖြစ်ပျက် မပြတ်ဖြစ်လျက်ရှိ၏။ ရူပါရုံကို ဝဏ္ဏအဆင်းဟုလည်း ခေါ်၏။ လူ၏ အဆင်းသည် နေရောင် လရောင် မီးရောင် မရှိက မထင်ရှား။

စဉ်းစားပါ၊ ကျွန်ုပ်တို့ နေထိုင်သော ဩကာသ လောကကြီးမှာ ထာဝရ ရှိနေသော အရာကား "အမှောင်ထု" ဖြစ်ပါသည်။ နေမရှိ၊ လမရှိ၊ ကြယ်တာရာ အရောင်မရှိ၊ မီးရောင်မရှိသည်နှင့် အမှောင်ထု ပေါ်လာသည်။ ဥမင်လိုဏ်ခေါင်းထဲဝင်ကြည့်၊ အမှောင်ထုသာ ရှိသည်။ ရေအောက်ဆင်းကြည့်၊ အမှောင်ထုသာ ရှိသည်။ ထို့ကြောင့် အမှောင်ထုသည် အလိုလိုရှိနေသော သဘာဝ ဖြစ်၏။ ယင်းအမှောင်ထုကား ဩကာသလောက၏ ရူပါရုံ(ဝါ) အခြေခံပါ အဆင်းဖြစ်ပေသည်။

ကျွန်ုပ်တို့ လူကိုယ်ခန္ဓာမှာရှိသော ရူပါရုံ (ဝါ) ရူပါရုံသည် ထိုကမ္ဘာ့အမှောင်ထုကို မထိုးဖောက်နိုင်။ နေရောင် လရောင် ကြယ်ရောင် မီးရောင်က ပြမပေးလျှင် ကျွန်ုပ်တို့ လူရောင်မထွက်၊ အမှောင်ထဲမှာ ပျောက်နေသည်။

နတ်ကိုယ်ခန္ဓာ၊ ဗြဟ္မာကိုယ်ခန္ဓာရှိ ရူပါရုံ (ဝါ) ရူပဓါတ်မှုကား နေရောင် လရောင် ကြယ်ရောင် မီးရောင် အကူအညီ မလို၊ သူတို့၏ ရူပဓါတ်က ကမ္ဘာ့အမှောင်ထုကို ထိုးဖောက်နိုင်သည်။ ထွန်းလင်းနိုင်သည်။

တစ်ဖန် ကျွန်ုပ်တို့ မျက်စိထဲမှာ ရှိသော စက္ခုပသာဒ မျက်ကြည်ရုပ်ကလည်း ညံ့၏။ အားပြော့၏။ အမှောင်ထုကို ထွင်းဖောက်ပြီး မမြင်နိုင်၊ အလင်းရောင် အကူအညီပါမှ မြင်နိုင်၏။ နတ် ဗြဟ္မာတို့၏မျက်စိ ဒိဗ္ဗစက္ခုသည်ကား အမှောင်ထုကို ထွင်းဖောက်၍ မြင်နိုင်၏။ လူ၏ မျက်စိသည် မှောင်မိုက်နေသော နေရာ၊ ဥပမာ ဥမင်လိုဏ်ခေါင်း တောင်စောင်းအတွင်း မြေအောက် ရေအောက်၌ရှိသော အဆင်းကို အမှောင်ထုကို ထွင်းဖောက်ပြီး မမြင်နိုင်၊ နတ် ဗြဟ္မာတို့၏ မျက်စိ (ဝါ) ဒိဗ္ဗစက္ခုမှုကား အဆိုပါ တောင်ခေါင်း မြေအောက် ရေအောက်တွင် လွှမ်းမိုးနေသော အမှောင်ထုကို ထွင်းဖောက်ပြီး မြင်နိုင်သည်။

သိပ္ပံ အသိဉာဏ် အခံရှိသော သူတို့သည် (ဝါ) သိပ္ပံသမားတို့သည် အထက်ဖော်ပြပါ အချက်တို့ကို လူ့သာမန်တို့ထက် ပိုပြီး သဘောပေါက်လွယ်ကြမည်ဖြစ်၏။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မျက်စိကိုမှိတ်ထားလျှင် မျက်စိထဲမှာ မှောင်ကျနေ၍ ဘာကိုမျှ မမြင်ရခြင်း ဖြစ်၏။

အခု မှိတ်ထားသော မျက်စိကို ဖြည်းဖြည်းချင်း ဖွင့်ပါ၊ မိမိရှေ့မှာ လူတစ်ယောက် ရပ်ထားတာ ရှိနှင့်နေသည်။ သို့ဖြစ်၍ ထိုသူကို မြင်သည်ဟု ပြောလျှင် အဘိဓမ္မာ သဘာဝ မကျသေး၊ ဖြတ်လမ်းက ပြောခြင်းပင် ဖြစ်၏။

မျက်စိကို ဖွင့်လိုက်သောအခါ အလင်းရောင် ရှိနေပါက ထိုသူ၏ ကိုယ်မှာ ဖြစ်ရှိနေသော ရူပါရုံအဆင်းနှင့် မိမိမျက်စိထဲက စက္ခုပသာဒ မျက်ကြည်ရုပ်နှင့် လာပြီး ကိုက်ဆိုင်ကြသည်။ သဘောက ယမ်းမီးခြစ်ဆံနှင့် ရပ်နေသော လူ၏ အဆင်းရူပါရုံနှင့် တူ၏။ မျက်ကြည်ရုပ်နှင့် လူ့အဆင်းနှင့် တွေ့ထိတိုက်ဆိုင်ခြင်းက မီးခြစ်ဆံနှင့် မီးခြစ်အိမ်ကို ထိခြစ်သည့် သဘောဖြစ်၏။

မီးခြစ်အိမ်က ယမ်းနှင့် မီးခြစ်ဆံက ယမ်းနှစ်ခု ပွတ်ခြစ်ရာ မီးတောက်လာသကဲ့သို့ မိမိ မျက်ကြည်ရုပ်နှင့် ရပ်နေသော လူ၏ အဆင်းတို့ တိုက်

ဆိုင်သည့်အတွက် စက္ခုဝိညာဉ်စိတ် ခေါ်သော နာမ်တရား ပေါ်လာသည်။ စက္ခုဝိညာဉ်စိတ် ဖြစ်လာခြင်းသည် မီးတောက်လာသည်နှင့်တူ၏။

ဤတွင် စက္ခုံစ ပဋိစ္စ ရူပေစ

ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ –

ဟူသော သုတ္တန်ပါဠိတော်ကို တိုက်ရိုက်ကိုးကားနိုင်၏။

"စက္ခုပသာဒကိုလည်းကောင်း ရူပါရုံတို့ကို လည်းကောင်း အစွဲပြု၍ စက္ခုဝိညာဉ်စိတ် ဖြစ်လာသည်"

ဟူလို။

ဤတွင် အဘိဓမ္မာနည်းကျ စဉ်းစားရန်မှာ စက္ခုပသာဒနှင့် ရူပါရုံနှင့် တိုက်ဆိုင်တာနှင့် စက္ခုဝိညာဉ်စိတ်က ဖြစ်ကရောလား။ ဤသို့ စဉ်းစားရန်ဖြစ်၏။ အဖြေကား စက္ခုပသာဒနှင့် ရူပါရုံနှင့် တိုက်ဆိုင်တာနဲ့ စက္ခုဝိညာဉ်စိတ် ဖြစ်တာတော့ မှန်သည်။ သို့သော် စက္ခုပသာဒနှင့် ရူပါရုံနှင့် ဆက်သွယ်မှုတွင် ငုတ်ကွက်တစ်ခု ရှိနေ၏။ ယင်းကား အခြားမဟုတ်။ အကြည့်ခံ လူကိုယ်မှာရှိသော ရူပါရုံမှာ ကြည့်သူ၌ စက္ခုဝိညာဉ်စိတ် ဖြစ်လာအောင် စွမ်းဆောင်နိုင်သည့် စွမ်းရည်သတ္တိ ရှိနေခြင်းဟူသော အချက်ဖြစ်၏။ ဤသတ္တိကို အာရမ္မဏ "သတ္တိ" ဟု မြတ်စွာ ဘုရားက ဖော်ထုတ်ညွှန်ပြတော်မူခဲ့သည်။

အကျဉ်းချုပ်က ရူပါရုံမှာ စက္ခုဝိညာဉ်စိတ် ဖြစ်လာအောင် စွမ်းဆောင်ပေးသည့် အာရမ္မဏသတ္တိ ရှိပေရာ ကို အာရမ္မဏသတ္တိကြောင့် စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

၂၄ ပစ္စည်းတို့တွင် ပစ္စည်းတစ်ခုခြင်း ဖော်ပြရာ၌ သူ့ကြောင်းနှင့် သူ့အကျိုး တစ်စုံစီ တစ်စုံစီကို အရင်ဖော်ပြ ဟောကြား၏။ ၂၄ ပစ္စည်းလုံး စုံမှ ရနိုင်သမျှ ပစ္စည်းများ(ဝါ) အကြောင်းတရားများကိုပြန်လည်ဖော်ပြ ဟောကြား၏။ ဤဆောင်းပါးတွင်လည်း တစ်ပစ္စည်းခြင်း ရေးနေခိုက်ဖြစ်၏။ ထို့ကြောင့် စက္ခုပသာဒ အကြောင်းကို ယခု ပြော၍ မဖြစ်သေး။

ဤတွင် ပဋ္ဌာန်းပညာအရ အကျဉ်းချုပ် မှတ်ရန်ကား အဆင်း၊

အသံ၊ အနံ့၊ အရသာ၊ ထိစရာ၊ စိတ်ကူးစရာတို့သည် အာရုံများ ဖြစ်ကြ၏။ (ဝါ) အာရမ္မဏများ ဖြစ်၏။ ထိုအာရုံများက လူမှာ ရှိနေတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့နှင့် တိုက်ဆိုင်မိတိုင်း မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ်၊ လျက်စိတ်၊ ထိစိတ်၊ စိတ်ကူးစိတ်များ ဖြစ်၍ဖြစ်၍ လာ၏။ ဤသို့ စိတ်တွေဖြစ်၍ဖြစ်၍ လာအောင် အာရုံတွေမှာရှိတဲ့ အာရမ္မဏသတ္တိက ကျေးဇူးပြုသည်။ ဤအချက် မှတ်မိရန် ဖြစ်ပါသည်။

## အဓိပတိ ပစ္စယော – ကြီးကဲစိုးရ သဘာဝ အကြောင်းတရား

"အဓိပတိ ပစ္စယော" ၌ "ပစ္စယော" အဖွင့်မှာ ယခင် ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော တွင်ပါရှိသော "ပစ္စယော" အဖွင့်နှင့် အတူတူဖြစ်၍ ထပ်မံ ဖော်ပြရန် မလိုတော့ပါ၊ စကားလုံး အသစ်ဖြစ်သော "အဓိပတိ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြရန် ဖြစ်ပါသည်။ ကြိုတင်မှာကြားရန် ကိစ္စတစ်ရပ်မှာ ဤ "အဓိပတိ" ပစ္စည်းသည် လူမှု၊ ပညာ၊ ကျန်းမာ၊ စီးပွား၊ ကုသိုလ် စသော အရေးကိစ္စများ အတွက် ကြီးပွားတိုးတက်အောင် လက်တွေ့ အသုံးချသွားနိုင်သည့် ပစ္စည်းဖြစ်၍ အထူးတလည် လေ့လာမှတ်သား ကျင့်သုံးသွားရန် ဖြစ်ပါသည်။

### အဓိပတိ အဓိပ္ပာယ်

"အဓိပတိ" သည် ပါဠိဝေါဟာရ ဖြစ်၏၊ ယင်းတွင် "အဓိ+ပတိ" ဟု နှစ်ပုဒ်ခွဲရ၏၊ "အဓိ" သည် "လွန်ခြင်း၊ အထက်ဖြစ်ခြင်း"၊ "လွှမ်းမိုးခြင်း"၊ "အစိုးရခြင်း" စသော အနက်များစွာကိုဖော်ပြနိုင်၏၊ ထို့ပြင် "ဆက်စပ်သော" (RELATIVE TO) ဟူသော အနက်ကိုလည်း ဖော်ပြနိုင်သည်၊ "ပတိ" သည် "အသျှင်" (အရှင်)၊ အကြီးအမှူး ဟူသော အနက်ကို ဖော်ပြ၏၊ "စိုးမိုးသူ" (RULER) ဟူသော အနက်ကိုလည်း ဖော်ပြနိုင်သည်။

"အဓိပတိ" ကို ကျမ်းဂန်များ၌ "အဓိကနံပတိ, အဓိပတိ" ဟု ပြင်ဆို ကျင်းကြ၏၊ အနက်ကိုလည်း အဓိကနံ = မိမိနှင့် စပ်သမျှ အရာတို့၏၊ ပတိ - အရှင် တည်း။ အဓိပတိ = မိမိနှင့်စပ်သမျှ အရာတို့၏ အရှင်ယူ၍ ပေးကြသည်၊ ဘိုး တော်ဘုရား လက်ထက် သံဃနာယက သံဃဇေဋ္ဌ ဖြစ်တော်မူသော သံအင်း သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းသုံးချက်စုကျမ်းတွင် "အကြီး အမှူး" ဟူ၍ မြန်မာပြန်ထား၏၊ အဓိပတိ ပစ္စည်း၏ သဘော သဘာဝကိုလည်း

စကြာမင်း၏ အစိုးရမှု သဘောဖြင့် နှိုင်းယှဉ်ဖော်ပြထားပေသည်။

ဆရာကြီး ဒဂုန်ဦးထွန်းမြင့်ကမူ အဓိပတိကို မြန်မာပြန်ရာ၌ "အကြီးအမှူး" ဟူသော ဝေါဟာရကို မသုံးဘဲ "အကြီးအကဲ" "အထွတ်အထိပ်" ဟု ပါဠိသက် ဝေါဟာရ အဘိဓာန်တွင် ဖော်ပြထား၏။ "ကဲ" နှင့် ပတ်သက်၍ ဝေါဟာရတ္ထပကာသနီကျမ်းတွင် "အလွန်အကဲ" ဟူသည်ကား "သာလွန်သည်" ဟူသောအနက်တည်းဟု ဖော်ပြထားပေသည်။ "အလွန်" နှင့် "အကဲ" အနက်တူ ဖြစ်၏၊ သာသည် "လွန်သည်" ကို "ကဲ" သည်ဟု သုံး၏၊ ကလေးများ ဒိုးပစ် ကစားစရာတွင် "ကဲသည်" "အောက်သည်" ဟူသော ဝေါဟာရကို တွင်တွင်သုံး လျက်ရှိကြသည်။

("အဓိပတိ" နှင့် "မှူး" "ကဲ" သဘာဝအသုံးကို နောက်တွင်မှ ဖော်ပြပါမည်။)

"အဓိပတိပစ္စယော" ၏ အနက်မှာ အကျမ်းဖျဉ်းအားဖြင့် "မိမိနှင့် စပ်သမျှသော အရာများအား ကြီးကဲစိုးရ သဘာဝဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်း" ဟု မှတ်သားရန် ဖြစ်ပါသည်။

"အဓိပတိပစ္စည်း" သည် နှစ်မျိုးရှိ၏၊ တစ်မျိုးက "အာရုံအဓိပတိ ပစ္စည်း" ၊ တစ်မျိုးက "တက္ကဖြစ် အဓိပတိပစ္စည်း" တည်း၊ ဤနှစ်မျိုးတွင် အာရုံ အဓိပတိပစ္စည်းကို အရင်ဖော်ပြပါမည်။

"ပစ္စည်း" သည် အကြောင်းတရား၊ ဖြစ်စေသည့်တရား (ဝါ) ဖြစ် စေသည့် သတ္တိရှိသည့်တရားတည်း။ "ပစ္စယုပ္ပန်" သည် အကျိုးတရား၊ ဖြစ်လာ သည့် တရား၊ အကြောင်းကြောင့် ပေါ်လာရသော တရားတည်း။ ပစ္စည်း အကြောင်းတရားတွင် အကျိုးကို ဖြစ်ထွန်းစေနိုင်သည့် စွမ်းရည်သတ္တိ (ပစ္စယ သတ္တိ) ရှိကြောင်းတို့ကို ပြန်လည်သတိရထားပါ။

"**အာရုံအဓိပတိ**" ဆိုရာ၌ "အဓိပတိအာရုံ" ဟူ၍လည်း ပြန်လှန် နားလည်ရပေမည်၊ ဤသို့နားလည်ပြီ ဆိုလျှင် ပြီးခဲ့သော အာရမ္မဏပစ္စည်းကို ပြန်ပြီး စဉ်းစားပါဦး။

အာရမ္မဏပစ္စည်းတုန်းက အာရုံအမျိုးမျိုးကို ဖော်ပြခဲ့ပြီး ဖြစ်၏၊

ထိုအာရုံတို့သည် သာမန်အာရုံများ ဖြစ်ကြ၏၊ ထိုသာမန်အာရုံများထဲမှ ယခု အဓိပတိ ဖြစ်သော အာရုံ (ဝါ)၊ အဓိပတိအာရုံကို ထပ်ဆင့်ရွေးကောက်ပြမည် ဖြစ်ပေသည်။

အထက်တွင် "အဓိပတိ" သဘောကိုပြခဲ့ပြီ၊ ကြီးမြတ်သည့်သဘော၊ ကြီးကဲသည့် သဘော၊ စိုးရသည့် သဘောရှိ၏၊ ထို့ကြောင့် အဓိပတိအာရုံဟု ဆိုလိုက်သည်နှင့် သာမန်အာရုံ မဟုတ်၊ ကြီးမြတ်သည့် အာရုံ၊ ကြီးကဲသည့် အာရုံ၊ စိုးရသည့် အာရုံ ဟု တဆက်တည်း သိရန်ဖြစ်ပါသည်။

## အဓိပတိ ဖြစ်သော အာရုံထူး

ဤတွင် အရေးကြီးသော သဘောတရား တစ်ရပ်မှာ အာရုံတစ်ခု သည် သာမန်မဟုတ်၊ အဓိပတိ အဆင့်ရှိသည်ဆိုလျှင် ထိုအာရုံကို ပေါ့ပေါ့တန် တန် မဖြစ်စေတော့ပေ၊ အလေးအနက် သဘောထားလာမြဲ ဖြစ်ပေသည်၊ မှန် ပေသည်။ အဓိပတိ အာရုံဆိုသည်ကား ကြီးမြတ်သော အာရုံ၊ ကြီးကဲသော အာရုံ၊ စိုးရသော အာရုံ ဖြစ်ပေ၍ ကြီးကဲစိုးရသော အရာကို (ဝါ) အာရုံကို အဘယ်သူ သည်ပေါ့ပေါ့တန်တန် ပြုတော့အံ့နည်း၊ အလေးအနက်ထားလာမည်မှာ သဘာဝ ကျသော အချက်ဖြစ်ဘိသည်။

သို့သော် အာရုံတိုင်း အဓိပတိ အဆင့်ကို မရပေ၊ လိုလားအပ်သော ဂုဏ်၊ သိပ်ပြီး သဘောကျစရာ အရည်အချင်း၊ သိပ်ကို ချစ်စရာ ကောင်းသော အသွင်အပြင်၊ တော်တော့ကို ကျေနပ်စရာ ကောင်းသော အရည်အသွေး၊ အလွန်ရှိသေထိုက်သည့် အနေအထားရှိဘို့ လိုပေသည်။ ဤအချက်ကို ကျေးဇူး ရှင် လယ်တီဆရာတော်ဘုရား၏ ပဋ္ဌာနုဒ္ဒေသဒီပနီ၌ Some objects which are most agreeable, most lovable, most pleasing, and most regardable ဟု ရေးသားဖော်ပြထား၏။

ဤကဲ့သို့ ထူးခြားသော အာရုံများကို အဓိပတိအာရုံ (ဝါ) အလေး အမြတ်ပြုအပ်သော အာရုံဟု ပဋ္ဌာန်းပညာတွင် ခေါ်ပေသည်။ "အလေးအမြတ် ပြုအပ်သော" ဆိုသည်မှာ "အလေးဂရုအပြုခံထိုက်သော"၊ "ခံရသော" ဟု ဆို လိုသည်။

အလေးအမြတ်ပြုအပ်သော. အဓိပတိအာရုံကို ဓမ္မဝိဒ္ဒါန်ကျကျ အရင်ဖော်ပြရသော်၊ ရုပ်ထဲက ဣဋ္ဌနိပ္ဖန္နရုပ် ၁၈ ပါး၊ စိတ်ထဲက ဒေါသစိတ်၊ မောဟစိတ်၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ် ဖယ်လိုက်ပြီး၊ ကျန်သောစိတ် ၈၄ ပါး၊ စေတသိက်ထဲက ဒေါသစေတသိက်၊ ဣဿာစေတသိက်၊ မစ္ဆရိယစေတသိက်၊ ကုက္ကုစ္စစေတသိက်၊ ဝိစိကိစ္ဆာ စေတသိက်မှတပါး၊ ကျန်သော စေတသိက် ၄၇ ပါးနှင့် နိဗ္ဗာန်တရား ဖြစ်ပေသည်။ အကျဉ်းအားဖြင့် ဣဋ္ဌနိပ္ဖန္နရုပ် ၁၈၊ စိတ် ၈၄၊ စေတသိက် ၄၇၊ နိဗ္ဗာန် ဟူ၍ ဖြစ်၏။

တစ်ခုစီ ရှင်းရသော် ရုပ် ၂၈ ပါးတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဟူသော အကြောင်းတရား လေးပါးကြောင့် အခိုင်အမာ ဖြစ်လာသော ရုပ်က ၁၈ ပါး၊ ထိုအကြောင်းတရားတို့ကြောင့် အခိုင်အမာ ဖြစ်လာသည် မဟုတ်ဘဲ၊ ခိုင်မာသောရုပ်တို့ကြောင့် ဆင့်ပွားဖြစ်ပေါ်လာသောရုပ်က ၁၀ ပါး၊ ဤသို့ရှိရာတွင် ခိုင်မာသော ရုပ် ၁၈ ပါးသည်သာ အဓိပတိအာရုံ ဖြစ်နိုင်၏၊ ဤသည်ကို "နိပ္ဖန္နရုပ်" ဟု ပါဠိဘာသာဖြင့် ဖော်ပြ၏။

သို့သော် ခိုင်မာသော နိပ္ဖန္နရုပ် ဖြစ်တိုင်း၊ အဓိပတိအာရုံ ဖြစ်နိုင်သလောဟု ဆက်စဉ်းစားလျှင် ခိုင်မာသော ရုပ်ဖြစ်တိုင်းလည်း အဓိပတိအာရုံ မဖြစ်နိုင်၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အလိုရှိအပ် နှစ်သက်အပ်သော အရည်အချင်း ရှိမှသာ အဓိပတိ အာရုံဖြစ်နိုင်သည်၊ ဤသည်ကို "ဣဋ္ဌ" ဟူသော ပါဠိစကားဖြင့် ဖော်ပြ၏။

အချုပ်အားဖြင့် အလိုရှိအပ် နှစ်သက်အပ်သော ရုပ် ၁၈ ပါး၊ (နိပ္ဖန္နရုပ် ၁၈ ပါး) သည်သာ အဓိပတိအာရုံ ဖြစ်နိုင်ကြောင်း သိအပ်ပေသည်။ ကျန်သော ရုပ် ၁၀ ပါးမှာမူ လွန်ကဲသော အရည်အသွေး မပေါ်နိုင်၍ အဓိပတိအာရုံ မဖြစ်နိုင်ပေ။

အဓိပတိအာရုံ ဖြစ်နိုင်သော ရုပ် ၁၈ ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

ပထဝီရုပ်၊ အာပေါရုပ်၊ တေဇောရုပ်၊ ဝါယောရုပ် ဟူသော မဟာဘုတ်ရုပ်ကြီး ၄ ပါး၊ စက္ခုပသာဒ = မျက်ကြည်ရုပ်၊ သောတပသာဒ

= နားကြည်ရုပ်၊ ဃာနပသာဒ = နှာခေါင်းကြည်ရုပ်၊ ဇိဝှာပသာဒ = လျှာကြည်ရုပ်၊ ကာယပသာဒ = ကိုယ်အကြည်ရုပ် ဟူသော ပသာဒရုပ် = အကြည်ရုပ် – ငါးပါး။

ရူပ = အဆင်းရုပ်၊ သဒ္ဒ = အသံရုပ်၊ ဂန္ဓ = ရနံ့ရုပ်၊ ရသ = အရသာရုပ်၊ ဖောဋ္ဌဗ္ဗ = အတွေ့ရုပ် ဟူသော ဂေါစရ ရုပ်ငါးပါး။

ထို့ပြင် ကျား – မ ဖြစ်ကြောင်း ဘာဝရုပ်၊ ဟဒယဝတ္ထု (နှလုံးရုပ်)၊ ဇီဝိတ = အသက်ရုပ်၊ အာဟာရရုပ်၊ စုစုပေါင်း ၁၈ ပါး ဖြစ်၏။

အချုပ်အားဖြင့် မဟာဘုတ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၅ ပါး၊ ဘာဝရုပ် ၁ ပါး၊ ဟဒယရုပ် ၁ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ အာဟာရရုပ် ၁ ပါး၊ ပေါင်း ၁၈ ပါးဖြစ်၏။

ထိုရုပ် ၁၈ ပါးသည် တစ်ခုစီ သီးခြား ရှိကြသည် မဟုတ်ပေ၊ သက်ရှိ သတ္တဝါ (လူ) ၌ ထိုရုပ် ၁၈ မျိုးလုံး ဖြစ်၏၊ ရှိ၏၊ သက်မဲ့ဖြစ်သော အဝတ်အထည်၊ ကား၊ ရထား စသည်၌ မဟာဘုတ်ရုပ် ၄ ပါး၊ အဆင်းရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊ အာဟာရရုပ်ခေါ် ဩဇာရုပ်၊ ဤရုပ်ရှစ်ပါးသာ ပါရှိ၏။ သက်မဲ့ဝတ္ထုတွင် ပသာဒ ရုပ် ၅ ပါး၊ အသံရုပ်၊ ဖောဋ္ဌဗ္ဗရုပ်၊ ဘာဝရုပ်၊ နှလုံးရုပ်၊ အသက်ရုပ်၊ ပေါင်း ၁၀ ပါး မရှိပေ။

လူဟူ၍ ဖွဲ့စည်းဖြစ်ပေါ်နေသော ရုပ် ၈ ပါးတို့တွင် အဆင်းရုပ်ကို မျက်စိဖြင့် မြင်ရ၏၊ ကျန်သော ရုပ်တို့ကို မမြင်ရ၊ အသံရုပ်ကို နားကကြားရ၏၊ အနံ့ရုပ်ကို နှာခေါင်းဖြင့် အနံ့ရ၏၊ အရသာရုပ်ကို လျှာဖြင့် သိရ၏၊ ဖောဋ္ဌဗ္ဗရုပ်ကို ကိုယ်ဖြင့် တွေ့ထိရ၏၊ ကြွင်းသောရုပ်တို့ကို စိတ်ဖြင့်သာ သိနိုင်ပေသည်။

သက်ရှိသည့် သူ့ဟာသူ အသံထွက်နိုင်၏၊ ကား ရထား စသည့် သက်မဲ့ပစ္စည်းတို့သည် သက်မဲ့ချင်း ထိခိုက်မှ အသံထွက်၏၊ ဥပမာ – ကားသံ ထွက်သည်မှာ မီးနှင့်လေနှင့် သံကိရိယာပစ္စည်း ဝတ္ထုများနှင့် ပွတ်တိုက်ထိခိုက် သည့် အတွက် အသံထွက်ခြင်း ဖြစ်ပေသည်။ ထို့နည်းတူ စောင်းသည် သူ့ဟာ သူ အသံမထွက်၊ လက်ခတ်ဖြင့် တီးမှ အသံထွက်ပေသည်။

ဖောဋ္ဌဗ္ဗနှင့် ပတ်သက်၍ သူ၏အသားကို ကိုင်လျှင် မိမိလက်က ကာယပသာဒ အကြည်ရုပ်နှင့် သူ့အသားက ဖောဋ္ဌဗ္ဗရုပ်တို့ တွေ့ထိ၏။ တဖန် မိမိလက်က ဖောဋ္ဌဗ္ဗရုပ်နှင့် သူ့အသားက ကာယပသာဒရုပ်လည်း တွေ့ထိ၏၊ ထို့ကြောင့် ကိုင်သူနှင့် အကိုင်ခံသူ နှစ်ဦးလုံး ကာယဝိညာဉ်စိတ် အသီးသီးဖြစ်၏။

သက်မဲ့ပစ္စည်းကိုကိုင်သောအခါမိမိလက်ကကာယပသာဒရုပ်နှင့် အကိုင်ခံသော ပစ္စည်းမှာရှိသော ပထဝီရုပ် တေဇောရုပ် ဝါယောရုပ်တို့ ထိတွေ့၏၊ ထို့ကြောင့် မိမိမှာသာ ကာယဝိညာဉ်စိတ် ဖြစ်၏၊ ဝါဂွမ်းကို ကိုင်လျှင် နူးညံ့ ပထဝီနှင့် တွေ့၏၊ ဆူးကို ကိုင်လျှင် ခက်မာပထဝီနှင့် တွေ့၏၊ မီးကို ကိုင်လျှင် တေဇောဓါတ်နှင့် တွေ့၏၊ အာပေါဓါတ်မှာမူ တွေ့ထိ၍ မရနိုင်ပေ။

အဆင်းရူပါရုံ တစ်ခုသည် သာမန်ဆိုက အာရမ္မဏပစ္စည်းတပ်၏၊ သိပ်လှပြီဆိုက အာရုံအဓိပတိပစ္စည်း တပ်၏၊ အသံတခုသည် သာမန်ဆိုက အာရမ္မဏတပ်၏၊ သိပ်သာယာပြီ သိပ်ကောင်းပြီဆိုလျှင် အာရုံအဓိပတိပစ္စည်း တပ်၏၊ အနံ့တခုသည် သာမန်ဆိုလျှင် အာရမ္မဏပစ္စည်းတပ်၏၊ သိပ်မွှေးပြီဆိုလျှင် အာရုံအဓိပတိပစ္စည်းတပ်၏၊ အရသာတခုသည် သာမန်ဆိုလျှင် အာရမ္မဏ ပစ္စည်းတပ်၏၊ သိပ်ကောင်းပြီဆိုလျှင် အာရုံအဓိပတိပစ္စည်းတပ်၏၊ အတွေ့အထိတရုပ်သည် သာမန်ဆိုက အာရမ္မဏပစ္စည်းတပ်၏၊ သိပ်ပြီး ထိလို့တွေ့လို့ ကောင်းပြီဆိုလျှင် အာရုံအဓိပတိပစ္စည်းတပ်၏၊ ထိုအာရုံငါးပါးမှ ကြွင်းသော ရုပ် ၁၃ မျိုးသည်လည်း သာမန်ထက်ထူးလာပြီ ဆိုလျှင်၊ မနောဒွါရမှာ အာရုံအဓိပတိ ပစ္စည်းဖြစ်လာလေသည်။

## အလေးဂရုမပြုသော စိတ် စေတသိက်

အဓိပတိပစ္စည်း ဖြစ်သော ရုပ် ၁၈ ပါးကို ရှင်းလင်းဖော်ပြခဲ့ပါပြီ၊ ယခု စိတ် စေတသိက်ကို ဆက်လက်ဖော်ပြရန် ဖြစ်၏။

အဓိပတိအာရုံဖြစ်နိုင်သော စိတ် ၈၄ ပါးကို ကောက်ရာတွင် ဒေါသစိတ်၊ မောဟစိတ်၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ် ဤတွင် စိတ်ငါးမျိုးကို ချန်

ထားရကြောင်း သတိပြုမိပါလိမ့်မည်၊ တဖန် စေတသိက်ကို ကောက်ရာ၌လည်း ဒေါသစိတ်၌ ယှဉ်သော ဒေါသစေတသိက်၊ ဣဿာစေတသိက်၊ မစ္ဆရိယစေတသိက်၊ ကုက္ကုစ္စစေတသိက် တို့လည်း ချန်ထားရ၏။

ဆိုလိုသည်မှာ ဒေါသစိတ် စေတသိက်တို့သည် အလေးအမြတ်ပြုအပ်သော အဓိပတိအာရုံ မဖြစ်နိုင်၊ မောဟစေတသိက်တို့သည်လည်း အဓိပတိအာရုံ မဖြစ်နိုင်၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ် စိတ်သည်လည်း အဓိပတိအာရုံ မဖြစ်နိုင်၊ အဓိပတိ အာရုံဆိုသည်မှာ ကြီးကဲစိုးရသော အာရုံဖြစ်၏၊ ဒေါသ၊ မောဟ၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်တို့သည်ကြီးကဲစိုးရသည့် သဘောမရှိပေ။

ဤတွင် အရေးကြီးသော ကောက်ချက်တခုရသည်မှာ ဒေါသကို အလေးအမြတ်မပြု၊ သို့အတွက် ဒေါသဖြစ်နေသောသူ၊ စိတ်ဆိုးနေသောသူကိုလည်း ဘေးကလူတွေက အလေးအမြတ်မပြုပေ၊ မောဟကို အလေးအမြတ်မပြုသည့်အတွက် မောဟဖြင့် တွေဝေနေသူကိုလည်း ဘေးကလူတွေက အလေးမထားပေ၊ ထိုနည်းတူ သူတပါးကို ငြူစူသည့် ဣဿာ ဖြစ်နေသူ၊ သဝန်တိုသည့် မစ္ဆရိယ ဖြစ်နေသူ၊ ကုက္ကုစ္စတွေ ဖြစ်ပြီး စိတ်မချမ်းသာသူ၊ ဝိစိကိစ္ဆာများနေသူ တို့ကိုလည်း ဘေးကလူတွေက အလေးအမြတ် မပြုပေ၊ ပါးဒဏ်ရာ စသည်ရ၍ ကိုယ်ခန္ဓာမှာ ဒုက္ခဖြစ်နေသော သူမျိုးကိုလည်း ဘေးကလူတွေက အလေးအမြတ် မပြုပေ။

အဘိဓမ္မာ သဘာဝသည် လူပုဂ္ဂိုလ် အဆင့်အတန်း မျက်နှာလိုက်မှု မရှိပေ၊ ထို့ကြောင့် ဒေါသကြီးနေသည်၊ စိတ်ဆိုးနေသည်၊ တွေဝေနေသည်၊ မနာလိုဝန်တိုဖြစ်နေသည် ဆိုလျှင် ရာထူးကြီးသူ၊ သို့မဟုတ်၊ အသက်ကြီးသူ မည်သူပင်ဖြစ်ဖြစ်၊ ဘေးက အလေးအမြတ် မပြုကြောင်း ဘေးလူ၏ စိတ်ထဲက လေးစားမှု မရှိကြောင်း သတိပြုရန် ဖြစ်ပေသည်။

ဤအထိကား အဓိပတိ ဖြစ်သော အာရုံပိုင်း (ဝါ) အဓိပတိပစ္စည်းပိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖော်ပြချက် ဖြစ်၏။

## အလေးဂရုပြုတတ်သော စိတ် စေတသိက်

အဓိပတိဖြစ်သော အာရုံကို အာရုံပြုသည့် စိတ် စေတသိက်များ (ဝါ) အာရုံ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန် အကျိုးတရားများကား၊ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ – ခု၊ မဟာကုသိုလ်စိတ် ၈ – ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ – ခု၊ လောကုတ္တရာစိတ် ၈–ခု၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် ၄၅ ပါးတို့ဖြစ်၏၊ စိတ် ၈၉ ပါး ရှိသည့်အနက်က ဆိုခဲ့ပါ စိတ်ပေါင်း ၂၈ – စိတ်တို့သည်သာ အလေးအမြတ်ပြုအပ်သော အာရုံကို အလေးအမြတ်ပြုတတ်ပေသည်။ ထိုမှကျန်သော စိတ်တို့သည် အလေးအမြတ် မပြုကတ်ကြပေကုန်။

အဓိပတိအာရုံနှင့် အဓိပတိ အာရုံကိုသာ အာရုံပြုသည့် စိတ်တို့ကို အောက်ပါအတိုင်း အသေးစိတ် တွဲစပ်နိုင်၏။

| | |
|---|---|
| ဘောမူစိတ်ရှစ်ခုသည် | ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါး ဟူသော ရုပ်တရားနှင့် လောဘမူစိတ် ၈၊ လောကီကုသိုလ် ၁၇၊ လောကီဝိပါက် ၃၁၊ ကိရိယာစိတ် ၂၀ ဟူသော နာမ်ရုပ်တရားတို့ကို အလေးအမြတ် အာရုံပြု၏။ |
| မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ် ၄ ပါး | – လောကီကုသိုလ် ၁၇ ပါးကိုသာ အလေးအမြတ် ပြု၏။ |
| မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် ၄ ပါး | – အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၏။ |
| မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ် ၄ ပါး | – အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၏။ |
| လောကုတ္တရာစိတ် ၈ ခုသည် | – နိဗ္ဗာန်ကိုသာ အလေးအမြတ် အာရုံ ပြု၏။ |

အထက်ပါ အနုစိတ်အခွဲကို ထပ်ခါတလဲ ကြည့်ရှုလေ့လာစဉ်းစားရပေမည်။

ထိုတွင် ဣဋ္ဌဖြစ်သော ရုပ် ၁၈ ပါးကို၊ လောဘစိတ် တခုတည်းကသာ အလေးအမြတ်ပြုကြောင်း တွေ့ရသည်၊ လိုချစ်စရာ နှစ်သက်စရာ ဘယ်လောက်ကောင်းကောင်း ရုပ်ကို ကုသိုလ်စိတ်က အလေးအမြတ်မပြု၊ ကိရိယာစိတ်က အလေးအမြတ်မပြု၊ လောကုတ္တရာစိတ် ဆိုသည်မှာ နိဗ္ဗာန်တခုတည်းကိုသာ အလေးအမြတ်ပြုသည်၊ ဤကောက်ချက်သည် အလွန့်အရေးကြီးပါ၏။

## လောဘသမား၊ ဒေါသသမား၊ မောဟသမား

သိပ်လှတဲ့အဆင်းကို အရေးတယူအာရုံပြုသော စိတ်ကား၊ လောဘစိတ်၊ သိပ်ကောင်းတဲ့ အသံကို တန်ဖိုးထားသော စိတ်ကား လောဘစိတ်၊ သိပ်မွှေးတဲ့ အနံ့ကို မြတ်နိုးတာ လောဘစိတ်၊ သိပ်ကောင်းတဲ့ အရသာကို ကြိုက်တာ လောဘစိတ်၊ အိစက်ညက်ညောတဲ့ အတွေ့အထိမှာ စွဲငြိတာ လောဘစိတ်၊ အချုပ်အားဖြင့် ကောင်းပေ့ဆိုတဲ့ အာရုံငါးပါးကို အလေးထားသည့် စိတ်မှန်သမျှ လောဘစိတ်ချည်းသာ ဖြစ်၏၊ ကုသိုလ်စိတ် လုံးဝမပါပေ၊ တစ်နည်းဆိုရသော် ကုသိုလ်စိတ်သည် အာရုံငါးပါးကို အလေးအမြတ် မပြုပေ။

ထို့ပြင် လောဘစိတ်သည် သူ့လောဘ အချင်းချင်းကိုလည်း အလေးအမြတ် အာရုံပြု၏၊ လောကီကုသိုလ်စိတ်ကိုလည်း အလေးအမြတ်အာရုံပြု၏၊ လောကီဝိပါက်ကိုလည်း အလေးအမြတ် အာရုံပြု၏၊ ကိရိယာစိတ်ကိုလည်း အလေးအမြတ် အာရုံပြု၏၊ သို့သော် လောဘစိတ်သည် လောကုတ္တရာဖြစ်သော မဂ်စိတ်ကိုလည်း အလေးအမြတ် အာရုံမပြု၊ ဖိုလ်စိတ်ကိုလည်း အလေးအမြတ် အာရုံမပြု၊ နိဗ္ဗာန်ကိုလည်း အလေးအမြတ် အာရုံမပြုပေ။ ဤအချက်သည်လည်း အလွန်ကို မှတ်သားဖွယ်ဖြစ်၏။

တစ်နည်းဆိုရပြန်သော် သိပ်လှ သိပ်ချောသည့် အဆင်းအာရုံသည် လူမှာရှိသော လောဘစိတ်ကိုသာ ထကြွစေသည်၊ လောဘလူသားကိုသာ ဆွဲဆောင်လွှမ်းမိုးစိုးရနိုင်သည်၊ ထိုနည်းတူ သိပ်ကောင်းသည့် အသံ၊ သိပ်မွှေးသည့် အနံ့၊ သိပ်အရသာရှိတဲ့ အစားအစာ၊ သိပ်နူးညံ့သည့် အတွေ့အထိကိုသည် လူ၏

လောဘကိုသာ ဖြစ်စေသည်၊ လောကလူသားကိုသာ ဖမ်းစားနိုင်သည်၊ လောဘ လူသားကိုသာ ကြီးစိုးလွှမ်းမိုးနိုင်သည်။

တစ်နည်းအားဖြင့် သိရန်မှာ အလွန်ကိုနှစ်သက်စရာ၊ မြတ်နိုးစရာ ဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ တို့ကို အမြတ်တနိုးထားသူ မှာ လောဘသမားသာ ဖြစ်သည်။

ဖော်၍ပြောရသော် သိပ်လှတဲ့ပန်းချီကားကို ဒေါ်လာမြောက်မြား စွာ ပေးဝယ်ပြီး အလှချိတ်ထားသည့် အလုပ်သည် လောဘသမား၏ အလုပ်ဖြစ် ၏၊ နားဝင်ပီယံ ဖြစ်သော သီချင်းဂီတကို နားထောင်ပြီး မြတ်နိုးသူသည် လောဘ သမားဖြစ်၏၊ ရေမွှေးအကောင်းဆုံး ကြိုက်သူသည် လောဘသမား၊ လောဘစိတ် ထားဖြစ်၏။ ဟော်တယ်တကာတက်ပြီး စားကောင်းသောက်ကောင်းတွေ စားတဲ့ စိတ်သည် လောဘစိတ်ဖြစ်၏၊ အိစက်ညက်ညောလှသည့် အဝတ်အစား အခင်း စသည်ကို အမြတ်တနိုးသုံးဆောင်သူသည် လောဘရှင်ဖြစ်၏။

သို့သော် ဒေါသစိတ်ကား ဖျက်ဆီးသောစိတ်ဖြစ်၏၊ ဘယ်လောက် ကောင်းတဲ့ ဣဋ္ဌအာရုံကိုမျှ ဂရုမစိုက်၊ ထို့ကြောင့် ဒေါသသည် အဓိပတိပစ္စည်း မတပ်ခြင်းဖြစ်၏၊ ဒေါသစိတ်သည် အလွန်လှသော ပန်းချီကားကိုလည်း ထိုး ဖောက်ဖျက်ဆီး၏၊ အလွန်ကိုလှတဲ့ ဇနီးချောကိုလည်း ရိုက်ရက်၏၊ ဘာတွေ ဘယ်လောက်ကောင်းကောင်း၊ ဘယ်လောက်လှလှ၊ ဘယ်လောက်မွှေးမွှေး မလို ဘူး၊ ဒေါသ သမားက အလေးအမြတ် မပြု၊ ဖျက်ဆီးပစ်နိုင်သည်သာ၊ အဘယ် ကြောင့်နည်း၊ ဒေါသစိတ်သည် အဓိပတိ မတပ်သောကြောင့် ဖြစ်ပေသည်။

ထိုနည်းတူ တွေဝေသူ မောဟသမားကလည်း လှတာကိုလဲ မကြိုက်၊ ချိုတေးသံကိုလည်း မလို၊ ရေမွှေးပေါင်ဒါမလိမ်း၊ အစားကောင်း မလိုက်၊ ခိမ်ကျကျ မအိပ်မနေ၊ ဖြစ်သလို နေ၏၊ ပြောစရာတွေ အများကြီး ရှိပါသေး သည်။

အာရုံအဓိပတိ (အာရမ္မဏာဓိပတိ) ၏ ပစ္စည်းနှင့် ပစ္စယုပ္ပန်ကို မှတ် မိအောင် ပြန်လည်ဖော်ပြပါဦးမည်။

အာရုံအဓိပတိပစ္စည်းကား – အလေးအမြတ်ပြုအပ်သော၊ဣဋ္ဌဖြစ်
သော နိပ္ဖန္နရုပ် ၁၈ ပါး၊ ဒေါသစိတ်၊ မော
ဟစိတ်၊ ဒုက္ခသဟဂုတ ကာယဝိညာဉ်
စိတ် ကြဉ်သောစိတ် ၈၄ ပါး၊ ဒေါသ၊
ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ
ကြဉ်သော စေတသိက် ၄၇ ပါး၊ နိဗ္ဗာန်
တည်း။

အကျိုးပစ္စယုပ္ပန်တရားကား – အလေးအမြတ် ပြုတတ်သော
လောဘမူစိတ် ၈ ပါး၊ မဟာကုသိုလ်စိတ်
၈ ပါး၊ မဟာကိရိယာဉာဏသမ္ပယုတ်
စိတ် ၄ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊
ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိ
ကိစ္ဆာ၊ အပ္ပမညာကြဉ်သော စေတသိက်
၄၅ ပါးပေတည်း။

အဓိပတိပစ္စည်းကို နားလည်စေဖို့ကဤ တရားတွေကို မဖော်ပြ၍လည်း မဖြစ်၊ ဖော်ပြရပြန်သော်လည်း နက်နဲ၏၊ သို့သော် ပညာပါရမီ လိုလားသူများ အနေဖြင့် ကြိုးစားလေ့လာသွားပါက နားလည်နိုင်ပါ၏၊ လူနားမလည်နိုင်သော တရားကို မြတ်စွာဘုရား မဟောခဲ့ဘူး ဆိုသည်ကိုတော့ စိတ်ချလက်ချ ယုံပါလေ။

## အာရုံအဓိပတိပစ္စည်း

ယခု အာရုံအဓိပတိပစ္စည်း (အာရမ္မဏာဓိပတိပစ္စည်း) ကို ဆက်လက်ဖော်ပြပါဦးမည် –

ပြီးခဲ့သော ဆောင်းပါး (၂) တုန်းက လောဘမူစိတ်ရစ်ခုက ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် (၁၈) ပါးကို အလေးအမြတ် အာရုံပြု၍ စသည်ဖြင့် အလေးအမြတ် အပြုခံရသော အဓိပတိ အာရုံပိုင်း (ဝါ) ပစ္စည်းပိုင်းနှင့် အလေးအမြတ် ပြုတတ်သော စိတ်ပိုင်း (ဝါ) ပစ္စယုပ္ပန်ပိုင်းကို တွဲစပ်ဖော်ပြခဲ့ပါသည်။

ယခုလတွင် ဤအဓိပတိပစ္စည်းနှင့် ပစ္စယုပ္ပန်ထဲမှ လက်တွေ့ဘဝ အတွက် အရေးကြီးသော အချက်တို့ကို ညွှန်ပြပါမည်။ ဖတ်ပြီး စဉ်းစားဖို့ လိုပါ လိမ့်မည်။

(၁) လောဘစိတ်သည် နှစ်သက်စရာ အလေးအမြတ်ပြုစရာ ဖြစ်သော အဆင်း၊ အသံ စသော ရုပ်တို့ကို အလေးအမြတ် အာရုံပြု၏၊ လောဘချင်းကို အလေးအမြတ်ပြု၏၊ လောကီကုသိုလ်တို့ကို အလေးအမြတ် အာရုံပြု၏။

(၂) ကုသိုလ်စိတ်သည် မဟာကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ် ဟူသော ကုသိုလ်တရားကိုသာ အလေးအမြတ် အာရုံပြု၏။

အထက်ပါ အချက်နှစ်ရပ်ကို အထူးသတိထားရပေသည်။ တစ်နည်းအားဖြင့် ဤအချက်နှစ်ရပ်ကို "မှု" အဖြစ်ကိုင်ထားပြီး ဘဝရေးရာ အဖြာဖြာတို့တွင် အသုံးချ ရပါမည်။

လောကီရေးဘက်က စဉ်းစားပါ။ လူတိုင်းမှာ လောဘရှိ၏။ ထို လောဘသည် နှစ်သက်စရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ကို အလေး အမြတ် ပြု၏ (ဝါ) ကြိုက်၏ (ဝါ) သိပ်ပြီး သဘောကျ၏။ အလေးအမြတ်ပြု၏ ဆိုသည်မှာ သိပ်ပြီး သဘောကျ၊ သိပ်ပြီး ကြိုက်ခြင်းပေတည်း။

ဤသဘောတရား (ဝါ) ဆိုပါတော့ အတွေးအခေါ်ကို အခြေခံထား ပြီး လူမှုရေး၊ စီးပွားရေး စသည်ကို လုပ်နိုင်ပေသည်။ ထင်ရှားသည်ကို ပြပါအံ့။ ရုပ်အဆင်းလှလျှင် ဘယ်လိုလဲ၊ ကျကျနန ပြင်ဆင်ဖြီးလိမ်းထားလျှင် ဘယ်လို လဲ၊ ဝတ်ကောင်းစားလှ ဝတ်ထားလျှင် ဘယ်လိုလဲ၊ မြင်ရသူတွေက လှလျှင် သဘောကျ၏။ သိပ်လှလျှင် သိပ်သဘောကျ၏။ လှတာက ဘာလဲ၊ နှစ်သက် စရာ အဆင်း၊ သဘောကျတာက ဘာလဲ၊ လောဘ၊ ဒါကို ပဋ္ဌာန်းပစ္စည်းဆက် လိုက်ရပင် ဖြစ်၏။

## သူ၏လောဘကို ကိုယ့်အကျိုးရှိအောင် အသုံးချ

တစ်ဖက်က ပြောလျှင် လောဘသမားတွေ သဘောကျစေချင်လျှင် လှအောင် လုပ်ရမည်၊ သိပ်ပြီးလှအောင် လုပ်ရမည်၊ လူမှုရေးတွင် လှ၍၊ လှတယ်ထင်၍ညားကြသည်။ စီးပွားရေးတွင် တခမ်းတနား လှလှပပ ပြင်ဆင်ထားသော မိန်းကလေးတွေ ရောင်းတဲ့ဆိုင်၊ အခင်းအကျင်း သိပ်ကောင်းတဲ့ဆိုင်သို့ လူတွေ ဝင်၏။ နိုင်ငံခြားသား တရုတ်၊ ကုလားတို့သည် သူတို့၏ အရောင်းဆိုင်တွေကို အကုန်အကျခံပြီး တခမ်းတနား လုပ်ကြ၏။ အချောအလှ မိန်းကလေးတွေကို မွေးပြီး ရောင်းခိုင်း၏။ သူတို့ဆိုင်တွေ ရောင်းရ၏။ သူတို့က အဘိဓမ္မာခွင် ဝင်နေတော့သည်။

အခုခေတ်မှာ မုန့်ပုံးတွေ လှအောင်လုပ်ကြတာ၊ အထည်တွေ ဆန်းအောင် တီထွင်ကြတာ၊ မော်တော်ကားတွေ ဆန်းသစ်အောင် ပုံထုတ်ကြတာတွေဟာ ပဋ္ဌာန်းအောက်က အလုပ်တွေချည်း ဖြစ်သည်။ သူတို့က လှအောင် သိပ်လှအောင် လုပ်တော့ လောဘသမားတွေက လိုချင်လာသည်။ လိုချင်တော့ ဝယ်ကြသည်။ သုံးကြသည်။ ဒါနဲ့ သူတို့ပစ္စည်းတွေ ရောင်းရပြီး ချမ်းသာကြသည်။

အသံလည်း ထိုနည်းတူပင်၊ အသံကောင်းသထက် ကောင်းအောင်၊ ကြည်သထက် ကြည်အောင်၊ စွဲငြိဘွယ်တွေ ဖြစ်အောင် လုပ်တော့ လောဘသမားတွေက ကြိုက်ကြ၊ ဝယ်ကြ၊ သုံးဆောင်ကြသည်။ စကားပြောတဲ့အခါ ချိုသာစွာ ပြောခြင်း၊ အကြောင်းအရာအလိုက် လေယူလေသိမ်း ကောင်းကောင်းနှင့် ပြောခြင်း၊ နေရာ အလိုက် အညှ အခရာ အတာအနွဲ့နှင့် ပြောခြင်း၊ ဤသို့ ပြောခြင်းတို့သည် နှစ်သက်စရာ အသံဖြစ်သည့်အတွက် ကြားရသော လောဘသမားတွေက ကြိုက်ကြသည်၊ သဘောကျကြသည်။ စိတ်ပါသည်၊ လက်ပါသည်၊ ငွေကြေးပါသည်၊ နောက်ဆုံး လူပါပါသွားတော့သည်။

ရနံ့နှင့် ပတ်သက်၍လည်း အစားအသောက် ရောင်းသူတို့သည် မွှေးအောင်ကြိုင်အောင် လုပ်ကြသည်။ ရေမွှေး ပေါင်ဒါ စသည်ကို သင်းအောင် ထုံအောင် ပြုလုပ်ရောင်းချကြသည်။ အထူးသဖြင့် မိန်းမတို့သည် (ယောကျာ်း

အချို့လည်း အတူတူ) မိမိတို့ကိုယ်ကို ပေါင်ဒါရေမွှေး လိမ်းသ ဆွတ်ဖြန်း၍ တစ်ကိုယ်လုံး မွှေးကြိုင်နေအောင် လုပ်ကြသည်။ သူတို့၏ ကိုယ်မှ အမွှေးနံ့၊ သိပ်မွှေးသည့် အမွှေးနံ့ကို ရှုရရှိုက်ရသည့် လောဘသမားများက သဘောကျသည်၊ ကြိုက်သည်။ သိပ်မွှေးလျှင် သိပ်ကြိုက်သည် (ဝါ) အလေးအမြတ်ပြုလာသည် (ဝါ) အဓိပတိ ပစ္စည်းတပ်ပစ်လိုက်သည်။

အရသာမှာ ပိုသိသာ၏။ အစားအသောက်ဆိုင်တို့သည် အရသာရှိအောင် ချက်ကြသည်။ ထမင်းဆိုင်ကောင်းကောင်း ဆိုလျှင် ရန်ကုန်မှာ ကားတွေ စုပြုံပြီး လာစားကြသည်။ ကားတွေက စားကြတာ မဟုတ်၊ ကားမောင်းတဲ့လူ (ဝါ) ကားပိုင်ကဲ့လူ လောဘလူသားတို့က ဣဋ္ဌဖြစ်တဲ့ အရသာကို လာခံစားကြခြင်း ဖြစ်ပေသည်။ သိပ်ကောင်းတဲ့ ထမင်းဆိုင်မှာ လူအုံနေတာကို မြင်လျှင် ပဋ္ဌာန်းကြည့်ကြည့်ပါက အင်းဣဋ္ဌဖြစ်တဲ့ ရသာရုံကို လောဘသမားတွေ လာပြီး အဓိပတိပစ္စည်း တပ်နေကြတာပါကလားဟု မြင်နိုင်ပါသည်။

အတွေ့အထိပိုင်းကလည်း ထိုနည်းတူ ဖြစ်၏။ သိပ်ကောင်းတဲ့ အတွေ့အထိ အာရုံ ဆိုလျှင် အဓိပတိပစ္စည်း တပ်သည့်အတွက် လောဘသမားဟာ မခွာနိုင်ပေ။ သက်မဲ့ဖြစ်တဲ့ ပိုးဖဲ ကတ္တီပါ ဆိုဖာ စသည့် ပစ္စည်းတို့မှာ ကောင်းလေလေ လောဘသမားက ကြိုက်လေလေဖြစ်၏။ သက်ရှိ အထိအတွေ့တို့တွင်လည်း ထူးခြားသည့် အတွေ့အထိ ပိုင်ရှင် ဖြစ်ဘိမူ သူ့ကို ထိတွေ့ခွင့်ရှိသည့် လောဘသမားမှာ ကျွန်လုံးလုံး ဖြစ်တော့သည်။ ထူးခြားသော အတွေ့အထိ ပိုင်ရှင်၏ ဖမ်းစားမှုကို ခံနေရပေတော့မည်။

နိပါတ်တော်ထဲမှာ အရိုးအဆစ်ကလဲ မပြေပြစ်၊ အသားလည်း မညီညာ၊ အရေကလည်း မချောမွတ်၊ အရွယ်ကလည်း နဲနဲဟိုင်း၊ ဆံပင်ကလဲ မကောင်းတဲ့အတွက် သူ့ကို ပဉ္စပါပီ (၅ မျိုးလုံး မကောင်းတဲ့ မိန်းမ) လို့ ခေါ်ရသူဟာ အတွေ့အထိကျတော့ ကောင်းလွန်းအားကြီးပါသတဲ့ (ဝါ) အဓိပတိပစ္စည်း အဆင့်ရှိပါသတဲ့။ ထို့ကြောင့် ညမှောင်ထဲမှာ သူ့ကို ထိမိတဲ့ ဘုရင်ဟာ သူမကို စွဲတငြိငြိ ဖြစ်ပြီး မိဖုရားခေါ် မြှောက်ကြောင်း ပါရှိပါသည်။ ပဉ္စပါပီရဲ့ အတွေ့အထိက ရှင်ဘုရင်ရဲ့ လောဘကို အဓိပတိပစ္စည်းတပ်လိုက်၍ ဖြစ်ပါသည်။

ကေနိပါတ် ယက္ခိနီဇာတ်မှာလည်း တောလမ်းခရီးသွားကြသည့်

ယောကျ်ားသား ငါးဦးအနက် ဘီလူးမတို့က အလှကြိုက်သူကို အလှနှင့် ဖြားယောင်းယူ။ ဂီတပဒေသာကြိုက်တဲ့လူကို ဂီတနှင့်ဆွဲ၊ အမွှေးရနံ့ မက်တဲ့သူကို နံ့သာမျိုးစုံဖြင့် ဖမ်းစား၊ အစားကောင်းကြိုက်သူကိုတော့ ဘီလူးဟော်တယ်ခေါ်ကျွေး၊ အတွေ့အထိ လိုက်စားသူကိုတော့ လိုင်ဘုံမြနန်းပေါ် တင်ပေး၊ ဤသို့အားဖြင့် လောဘသမား ငါးဦးကို သတ်စားဘူးကြောင်း ဖော်ပြထားပါသည်။ ဤတွင် ဘီလူးမတို့ ဖန်ဆင်းပြသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ တို့သည် နှစ်သက်စရာ ဣဋ္ဌအာရုံများ ဖြစ်ပေသောကြောင့် ယောကျ်ားတို့၏ လောဘများက ခုံမင်နှစ်သက် ဖွဲ့ယှက်လိုက်ပါကြခြင်း ဖြစ်ပေသည်။

## ကုသိုလ်သမား ရိုးသား

နောက် အရေးကြီးလှသည့် အချက်တစ်ရပ်မှာ (အဓိပတိပစ္စည်း၊ ပစ္စယုပ္ပန် ပြန်ကြည့်ပါ) ကုသိုလ်စိတ်သည် ကုသိုလ်ကိုသာ အလေးအမြတ်ပြုသည်ဟု ဖော်ပြထားပါသည်။ ဤစကားအရ ကုသိုလ်စိတ်သည် နှစ်သက်စရာဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော ရုပ်ကို အလေးအမြတ် အာရုံမပြုဟု သိရပေသည်။

ကုသိုလ်စိတ်သည် သိပ်လှတဲ့ အဆင်းကို ဖြစ်ဖြစ်၊ သိပ်ကောင်းတဲ့ အသံကို ဖြစ်ဖြစ်၊ သိပ်မွှေးတဲ့ အနံ့ကို ဖြစ်ဖြစ်၊ သိပ်ကောင်းတဲ့ အစားအစာ အရသာကို ဖြစ်ဖြစ်၊ သိပ်ကောင်းတဲ့ အတွေ့အထိကို ဖြစ်ဖြစ်၊ သာမန်သာ အာရုံပြုသည်။ အလေးအမြတ် အာရုံမပြု (ဝါ) အဓိပတိပစ္စည်းမတပ်၊ ကုသိုလ်စိတ်၌ ဉာဏ်ယှဉ်၏။ သတိယှဉ်၏၊ သမာဓိယှဉ်၏။ ထို့ကြောင့် လှအောင် ဘယ်လိုလုပ်လုပ်၊ အသံကောင်းအောင် ဘယ်လိုဆိုဆို၊ အနံ့မွှေးအောင် ဘယ်လိုဆွတ်ဆွတ်၊ အရသာရှိအောင် ဘယ်လိုချက်ချက်၊ ထိအောင်ငြိအောင် ဘယ်လို အတွေ့ပေးပေး၊ ကုသိုလ်သမားကို မလွှမ်းမိုးနိုင်ပေ။ အဘယ့်ကြောင့်နည်း။ ကုသိုလ်စိတ်က ထိုဣဋ္ဌဖြစ်သော ရုပ်တွေ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့) တွေကို အလေးအမြတ် မပြုသောကြောင့်ပေတည်း။

အထက်ပါ ယက္ခိနီဇာတ်တွင် ဘုရားအလောင်းသည် ဉာဏ်ရှိသောသူဖြစ်၍ ဘီလူးမတို့က ဖန်ဆင်းပြသော လိုချင်စရာ နှစ်သက်စရာ ကောင်းလှ

တဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့တွေကို မခံစားဘဲ ရှောင်လွှဲနိုင်ခြင်းဖြစ်၏။ ဘုရားအလောင်းက ကုသိုလ်စိတ်(ဉာဏ်) ကို ရှေ့တန်းတင်သည်၊ လောဘကို ရှေ့တန်းမတင်၊ ဉာဏ်ပညာ ရှေ့ကနေ၍ နောက်က လောဘထွက်၍ မရပေ။

တေမိမင်းသားလေး(၁၇) နှစ်သား အရွယ်တွင် သူတစ်ယောက်ထဲ အခန်းထဲ လှောင်ပြီး တကယ်ချော တကယ်လှတဲ့ ကညာပျိုတွေက ဝိုင်းလျက် အလှကိုပြ၊ အသံနှင့်ညှု၊ အနံ့ကိုပေး၊ အကောင်းတွေ ကျွေးရုံမက၊ တစ်ကိုယ်လုံးပေးပြီး အလိုစမ်းကြရာတွင် တေမိမင်းသားကလေးသည် ငရဲကြောက်သည့် သံဝေဂ ဉာဏ်တော်ကြီးဖြင့် အသက်ရှုကို ချုပ်၍ ခုခံကာကွယ်ထားသဖြင့် နောက်က လောဘခများ မထွက်သာဘဲ ရှိနေ၍ အပြုအစု နပ်တဲ့ အချောအနိပ်တွေ အတိတ်ပြပြီး ချိတ်ကြ ရိပ်ကြရုံမက အပိုင်လုပ်ကြသည်ကိုပင် တေမိမင်းသားကလေး၏ ကုသိုလ်စိတ်က အလေးအမြတ် မပြုသည့်အတွက် (ဝါ) ဂရုမစိုက်သည့်အတွက် နောက်ဆုံး အပိုင်ကြံသူ လှပျိုဖြူတို့သာ လက်လျှော့ တပ်ခေါက်ပြန်ကြရလေသည် မဟုတ်ပါလား။

အထက်တွင် သိသာသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိတို့ကို ဖော်ပြခဲ့၏။ စင်စစ် လောဘသည် သိပ်ကောင်းသော စက္ခုပသာဒ ရုပ် (ဝါ) မျက်စိကိုလည်း အလွန်အကဲ သာယာတတ်၏၊ နှစ်သက်တတ်၏၊ သိပ်ကောင်းသော မျက်စိကို အလွန်အကဲ အာရုံပြုပြီး ငါ မျက်စိတယ်ကောင်းပါကလားစသည်ဖြင့် မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်၏။ ဒိဋ္ဌိသည် လောဘ၌ ယှဉ်သော စေတသိက်ပေတည်း။ ထိုနည်းတူ နားကို လည်းကောင်း၊ နှာခေါင်းကို လည်းကောင်း၊ လျှာကိုလည်းကောင်း၊ ကိုယ်ကို လည်းကောင်း၊ စိတ်နှလုံး တည်ရာ ဟဒယရုပ်ကိုလည်းကောင်း၊ သာယာနှစ်သက် တပ်မက်စွဲလမ်းတတ်ပေသည်။

လောဘသည် ဣန္ဒြေရုပ်ကို အထူးတလည် အာရုံပြုရုံမက လောဘချင်းလည်း အလွန်အကဲ အာရုံပြုတတ်ပြန်သည်။ (ပစ္စည်းပစ္စယပွန် ပြန်ကြည့်ပါ) ဥပမာ လူတစ်ယောက်သည် တဏှာရာဂ ဖြစ်၏။ လွန်လွန်ကဲကဲ ဖြစ်၏။ ထိုသို့ဖြစ်သော ရာဂကိုပြန်ပြီး သိပ်သဘောကျ၏၊ သာယာ၏၊ နှစ်သက်၏၊ သူတပါး ရာဂဖြစ်သည်ကို မြင်ပြီး ထိုတဏှာရာဂကို သိပ်သဘောကျ၏။ ဥပမာ ဥဿုယ ပဏ္ဍုက် ဆိုသော ပဏ္ဍုက်လူသား တစ်မျိုးသည် သူတပါး မေထုန်မှီဝဲသည်ကို

ကြည့်ပြီး သူ့မှာ ဖြေဖျောက်မှု ယူ၏။ အခုခေတ်တွင် ခြင်ကိုက် မှက်ကိုက်ခံပြီး အတွဲချောင်းကြည့်ကြသူမျိုးသည် သူများ ရာဂကို အလွန်အကဲ သဘောကျသည့် ဥဿုယပဏ္ဍုက် လူစားမျိုးတည်း။ မိမိလောဘဖြင့် သူတပါး၏ တဏှာလောဘကို အလွန်အကဲ ဝင်စားခြင်း ဖြစ်ပေသည်။

## လောဘသမား ကုသိုလ်လဲပွဲ

နောက်တစ်ချက်က လောဘသည် ဒါန သီလ ဘာဝနာ ကုသိုလ်တရားကိုလည်း အလေးအမြတ် အာရုံပြု၏။

ဥပမာ သူတပါးအား ဖိတ်ကြားကျွေးမွေးသည်၊ ဆွမ်းကပ်သည်၊ ရှင်ပြုသည်၊ ကျောင်းလှူသည်၊ အလှူဒါနကို ပြု၏။ ဒါနပြုခြင်းသည် ကုသိုလ်ပေတည်း။ သို့သော် ကိုယ်ပြုသည့် ဒါနကုသိုလ်ကို ပြန်ပြီး အလွန်အကဲ သာယာ နှစ်သက်တတ်၏။ ဤအခါမျိုးတွင် လောဘသည် ကုသိုလ်ကို အလေးအမြတ်ပြုခြင်း ဖြစ်ပေသည်။ ထိုနည်းတူ ဥပုသ်စောင့်ပြီး ကမ္မဋ္ဌာန်းထိုင်ပြီး မိမိ၏ သီလဘာဝနာကိုပြန်ပြီး ဆင်ခြင်တဲ့အခါ အလွန်အကဲ သာယာမှု နှစ်သက်မှု ဖြစ်တတ်၏။ ဖြစ်လျှင် လောဘက ထိုသီလနှင့် ဘာဝနာကုသိုလ်ကို အလေး အမြတ် အာရုံပြုရာ ရောက်ပေသည်။

ပြန်ပြီး ချုပ်ရလျှင် လောဘသည်

(၁) နှစ်သက်စရာ ဖြစ်သော အဆင်း အသံ စသည့် ရုပ်တရားများကိုလည်း အလွန်အကဲ အာရုံပြုတတ်၏။

(၂) လောဘအချင်းချင်းလည်း အထူးတလည် အာရုံပြုတတ်၏။

(၃) ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်ကိုလည်း အလေး အမြတ် အာရုံပြုတတ်၏။

ဤအချက် သုံးချက် ထင်ရှားပါသည်။

ဤတွင် သတိပြုရန်မှာ အဆင်း၊ အသံ စသည့် ရုပ်တိုင်းလည်း အဓိ

ပတိ အာရုံဖြစ်လောက်အောင် နှစ်သက်စရာ မရှိ(ဝါ) မထူးခြား၊ သာမန် အဆင်း၊ အသံတွေက များပါ၏။ လောဘတိုင်းလည်း အဓိပတိ လောဘ မဖြစ်၊ သာမန် လောဘတွေက များပါ၏။ အဓိပတိ အဆင့် မရောက်လျှင် သာမန်အာရမ္မဏ အဆင့်သာရှိ၏။ ပြီးခဲ့သော အာရမ္မဏပစ္စည်းနှင့် သက်ဆိုင်၏။ စာသုံးနှင့် ပြောရလျှင် အလေးအမြတ်ပြုအပ်မှ၊ အရပ်သုံးနှင့် ပြောလျှင် သိပ်ကို ထူးခြားမှ၊ သိပ်ကိုကောင်းမှ အဓိပတိ အဆင့်ရောက်၏။ အဓိပတိအဆင့်ရောက်သော အဆင်း၊ အသံနှင့် တွေ့ရလျှင် လူအများမှာ လောဘစိတ်ပင် ဖြစ်၏။ ဉာဏ်ပညာ အဆင် အခြင်ရှိသူသာလျှင် လောဘမဖြစ်ဘဲ(ဝါ) အလွန်အကဲမဖြစ်ဘဲ သာမန်သဘော နှင့် တည်ကြည်ရင့်ကြက်စွာ နေနိုင်ပေသည်။

တနည်းပြောရလျှင် ထူးခြားသော အလှသည် လောဘသမားကို ဖမ်းစားနိုင်၏။ ပညာအဆင်အခြင် ရှိသူကိုမူ မဖမ်းစားနိုင်ပေ။

လောကီရေးတွင်မူ လောဘသမားတွေ၏ အိတ်ထဲမှ ပိုက်ဆံတွေ ခုန်ထွက်လာစေလိုလျှင် အလှထူးအောင် လုပ်၊ အဆိုကောင်းအောင် ဆို၊ အနံ့ ကောင်းအောင် ပေး၊ လျှာလည်အောင် ကျွေး၊ အိစက်ညက်ညောသည့် အတွေ့ အထိပေး၊ ဤသို့ အကြိုက်ကို အထူးလုပ်ပေးနိုင်လျှင် လောကမှာ အောင်မြင်ပေ သည်။

နောက် အရေးကြီးသော အချက်တစ်ရပ်မှာ ပဋ္ဌာန်းနှင့် နေတတ် လျှင် လင်မယား ချစ်၏။ တစ်မိသားနှင့် တစ်မိသား တစိမ်းသက်သက်ကြီး လင် ရယ် မယားရယ် ဆိုပြီး တွဲမိခြင်းသည် ဘာလဲ၊ တဏှာလောဘ၊ ကိလေသာပင် တည်း။ ထို့ကြောင့် တဏှာကြိုက်အောင် (ဝါ) အလေးအမြတ်ပြုအောင် သပ်သပ် ရပ်ရပ် ဝတ်စားနေထိုင်ရသည်။ သံသာချိုမြ ပြောရသည်။ အနံ့ဆိုးတွေ မနံ့စေဘဲ အမွှေးရနံ့ ပေးရသည်။ ထမင်းဟင်း ကောင်းကောင်း ချက်ကျွေးရသည်။ နောက် ပြီး အိပ်ရာနေရာ သန့်သန့်ပြန့်ပြန့် ထားရသည်။ ဤသို့သာ ပဋ္ဌာန်းနှင့် နေတတ် လျှင် ဤလင်မယား မည်သည့်အခါမျှ ရန်မဖြစ်၊ ရာသက်ပန် ရိုးမြေကျမက သံသာလေကမ်းတိုင် တူပြိုင်ပြိုင်ကူးနိုင်ပေလိမ့်မည်။

ရှေးဆရာတော်ကြီးများ၏ လေသံမျိုးဖြင့် ပြောရလျှင် တစ်ကမ္ဘာ

လုံး ရှိသမျှ လူ့ကိစ္စတွေကို ဉာဏ်ရှိသမျှ မျှော်လေ၊ ပဋ္ဌာန်းကလွတ်တာ ဘာမျှ မရှိကြောင်း တွေ့ပါလိမ့်မည် ဟူလို။

## အဓိပတိ ဘုရားခန်း

အာရမ္မဏာဓိပတိပစ္စည်း (ဝါ) အာရုံအဓိပတိပစ္စည်းတွင် –

(၁) လောဘစိတ်သည် အလိုရှိအပ်နှစ်သက်အပ်သော ဣဋ္ဌရုပ်ကို အလေးအမြတ် အာရုံပြု၏။ သာမန်လည်း အာရုံပြု၏။

(၂) ကုသိုလ်စိတ်သည် ၄င်းဣဋ္ဌရုပ်ကို အလေးအမြတ် အာရုံ မပြု၊ သာမန်သာ အာရုံပြုသည်။ ကုသိုလ်စိတ်သည် ကုသိုလ်နှင့် ဝိပါက်ကိရိယာကို သာ အလေးအမြတ် အာရုံပြုသည်။

ဤအချက်ကို အခြေခံ၍ ယခုလတွင် ဘုရားခန်း ဖွင့်ပါမည်။

ဗုဒ္ဓဘာသာတို့သည် ဓါတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူသော စေတီလေးမျိုးကို ဘုရားရှင်ကိုယ်စား ကိုးကွယ်ကြပါသည်။ မြတ်စွာဘုရား ကိုယ်တော်မှ ဖြစ်လာသော ဓါတ်တော် (ဆံတော်၊ အံတော်၊ ညှပ်ရိုးတော်နှင့် အခြား သရီရဓါတ်တော်များ) ကို ဓါတုစေတီခေါ်၏။ "ဓမ္မစေတီ" ဆိုသည်မှာ တရားစေတီ ဖြစ်၏။ ပိဋကတ် ကျမ်းစာအုပ်များ၊ ပိဋကတ် ပေ ပရပိုက်၊ ကျောက်စာ စသည်တို့ဖြစ်၏။ ပရိဘောဂစေတီ ဆိုသည်ကား မြတ်စွာဘုရား အသုံးပြုသော ဗောဓိညောင်ပင်၊ ရေသနုပ် သင်္ကန်းတော်၊ တောင်ဝှေးတော်၊ ရေစစ်တော် စသည်ဖြစ်၏။ ဥဒ္ဒိဿစေတီ ဆိုသည်ကား သုတ်ပါထေယျ ပါဠိတော်၊ လက္ခဏသုတ်၌ အတိအကျ ဖော်ပြထားသော ၃၂ ပါးသော ယောကျ်ား မြတ် လက္ခဏာ (ဝါ) ဘုရားပုံတော် စာပန်းချီကို အခြေပြု၍ ဘုရားအစစ်ကို ရည်စူးကာ ထုလုပ်သော ဆင်းတုတော် (သက်တော်ထင်ရှား မြတ်စွာဘုရား၏ ရုပ်အဆင်းကို တုပြီးပြုလုပ်ထားသော ဆင်းတုတော်) သည် ဥဒ္ဒိဿစေတီတော်ပင် ဖြစ်သည်။

ထိုသို့သော စေတီတော်တို့ကို အဘိုးအနဂ္ဃ ထိုက်တန်သော စိန် ကြောင်နီလာ ပတ္တမြား ရတနာတို့ဖြင့် ပြုလုပ်ပူဇော်ခြင်း၊ ရွှေပိန်းချ၍ မွမ်းမံခြင်း

စသည်ဖြင့် နှစ်သက်ဖွယ် ကြည်ညိုဖွယ် ဖြစ်အောင် ပြုလုပ်ပူဇော်ကြသည်။ သို့ဖြစ်သောကြောင့် ဘုရား စေတီ ဆင်းတုတို့သည် နှစ်သက်ဖွယ် ဣဋ္ဌာရုံ၊ သိပ်ပြီး နှစ်သက်ဖွယ်ရာ အတိဣဋ္ဌာရုံ ဖြစ်ပေတော့သည်။ မဟာမုနိကဲ့သို့သော ဘုရားဆင်းတုတော်သည် ပုံလွှာအချိုးအစား၊ မျက်နှာတော် အနေအထား သပ္ပါယ်လှ၏။ မိမိတို့ အိမ်များတွင် ပူဇော်ထားသော ဘုရားဆင်းတုတော်များတွင်လည်း အချို့မှာ မျက်နှာတော်နှင့် ရွှေရောင် ပဏာရလှ၏။ ထို့ကြောင့် နှစ်သက်ဖွယ် ဣဋ္ဌာရုံ ဖြစ်ပေသည်။

သို့သော် ဘုရားစေတီတော်၊ ဆင်းတုတော်တို့သည် ရုပ်တို့သာ ဖြစ်ကုန်၏။ နှစ်သက်ဖွယ်ရာ ဣဋ္ဌရုပ်တို့သာ ဖြစ်ကုန်၏။ ရွှေရောင် အဆင်းသည် နှစ်သက်ဖွယ်ရာ ဣဋ္ဌရူပါရုံအဆင်း ဖြစ်၏။ ပတ္တမြား၊ နီလာ အရောင်တို့သည် နှစ်သက်ဖွယ်ရာ ရူပါရုံအဆင်းဓါတ်တို့သာ ဖြစ်ကုန်၏။ ဤအချက်ကို အလေးဂရုပြု၍ သတိရှိရပေမည်။

## ရှိခိုးတတ်မှ ကုသိုလ်

ဘုရားစေတီတော် ဆင်းတုတော်တို့ကို ရှိခိုးသောအခါ သာမန်မျှမက အလေးအမြတ် အာရုံပြုသည် ဆိုလျှင် (၁) အဆင်းရူပရုပ်ကိုသာ အာရုံပြုပါက လောဘစိတ်က အဝိပတိပစ္စည်း ဝင်တပ်ပေသည်။ ပဋ္ဌာန်းနည်းအရ တဲ့တဲ့ ပြောရလျှင် ဘုရားရှိခိုးသောအခါ ဘုရားပုံတော် အဆင်းတော် ရွှေရောင် ငွေရောင် ထုံးရောင်တို့ကို သာမန်မျှမက အလေးအမြတ် အာရုံပြု၍ ရှိခိုးသည် ဆိုလျှင် အဝိပတိပစ္စည်းတပ်သော လောဘဇောကျလေသည်။ ရုပ်ပုံတော်၏ အလှ (ဝါ) သပ္ပါယ်မှုကို အလေးအနက်ထားပါက စိတ်အခြေအနေသည် နှစ်သက်သဘောကျသည့် **လောဘ**ပင် ဖြစ်ပေသည်။ တရားနာရာ၌လည်း အသံကောင်းခြင်း၊ အဟောအ**ပြော**ကောင်းခြင်းကို အလေးအမြတ် အာရုံပြုပါက လောဘစိတ်ဖြစ်သည်။ ၄င်းတို့**ကို** သာမန်သဘောထားပြီး တရားသဘောကို အလေးမြတ်ပြုမှ ကုသိုလ်စိတ် ဖြစ်သည်၊ ကုသိုလ်ရသည်။

ဘယ့်နှယ် ဘုရားရှိခိုးတာ တရားနာတာ အကုသိုလ်ဖြစ်ရသလားဟု ထင်စရာ ရှိ၏။ အဘိဓမ္မာ သဘောတရားကား၊ မျက်နှာမလိုက်။ မည်သည့်

ဏ္ဍရုပ်ကို အလေးအမြတ် အာရုံပြုပြု၊ လောဘကသာ ပစ္စည်းတပ်၏။ ဘုရားဆင်းတုက ရုပ်ဖြစ်၍ လောဘမဖြစ်ဘဲ တခြားစိတ်ဖြစ်ရမည်ဟု မှတ်နှာမလိုက်ပေ။

သုတ္တန်ဒေသနာနည်းအားဖြင့် အကြမ်းဖျဉ်း ပြောကြလျှင်မူကား ဘုရားဆိုသည့် အသံကြားရကာမျှဖြင့် ကုသိုလ်တွေ ရကုန်ကြောင်း၊ ဘုရားကို မြင်လိုက်သည်နှင့် ပီတိတွေဖြစ်ကုန်ကြောင်း ပြောကြပါ၏။ သို့သော် ဤစကားတို့၏နောက်တွင် ပါရှိသော အဘိဓမ္မာသဘာဝကို ထပ်ပြီး ဖော်ပြရမည်ကို မမေ့သင့်ပေ။

ပြန်ပြီး ပြောရလျှင် ရုပ်တုကို ရှိခိုးလျှင် အလေးအမြတ်ပြုလွန်းပါက သဘောကျသည့် လောဘပင် ဖြစ်သည်။

သို့ဖြစ်လျှင် ဘုရားရှိခိုး၍ ကုသိုလ်ရတာက ဘယ်လိုလဲဟု တဆက်တည်း ပြောရပေမည်။

ကုသိုလ်စိတ်သည် ဏ္ဍရုပ်ကို သာမန်သာ အာရုံပြု၏။ ကုသိုလ်အချင်းချင်းနှင့် ဝိပါက်ကိရိယာကိုမူ အလေးအမြတ် အာရုံပြု၏။ ဤကား အရေးကြီးသော အချက်တည်း။

ထို့ကြောင့် စေတီတော် ဆင်းတုတော်ကို ရှိခိုးသောအခါ ရုပ်တုတော်၏ အဆင်းတော် ရွှေရောင်တစ်ဝင်းဝင်း စသည်ကို သာမန်သာ အာရုံပြုပြီး ဘုရားရှင်၏ ဂုဏ်တော်များကို အလေးအမြတ် အာရုံပြုရသည်။ ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြုပြီး ရှိခိုးတော့မှ ကုသိုလ်ဇောစောသည် (ဝါ) ကုသိုလ်ရပေသည်။

ထပ်၍ ပြောရလျှင် ရုပ်ထုတော် ဆင်းတုတော်၏ အဆင်းရုပ်လွှာကို အလေးအမြတ် အာရုံပြုပြီး ရှိခိုးလျှင် လောဘစိတ် ဖြစ်သည်။ သာမန်သာ အာရုံပြုပြီး ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို အလေးအမြတ် အာရုံပြုပြီး ရှိခိုးမှ ကုသိုလ်ရသည်။

ဩကာသ ကန်တော့ချိုးကို ပြန်စဉ်းစားပါ၊ ရုပ်တု ဆင်းတု ရွှေရောင် ငွေရောင်ကို ရှိခိုးပါ၏ဟု မပါပါ။ "ဘုရားရတနာ၊ တရားရတနာ၊ သံဃာ

ရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏” ဟု ဆိုပါသည်။ ရတနာမြတ်သုံးပါးကိုသာ ရှိခိုးပါသည်။ ဆင်းတုတော်ရှေ့မှာ ထိုင်ပြီး လက်အုပ်ချီပြီး ရှိခိုးပါသော်လည်း ရတနာသုံးပါးကိုသာ ရှိခိုးပါ၏ဟု ဆိုရသည် မဟုတ်ပါလော။

ထို့ပြင် ဘုရားရှိခိုး အမျိုးမျိုးတို့၏ အချုပ်ဖြစ်သည့် “ဣတိပိသော” စသည် ဂုဏ်တော်များကို ရွတ်ဆိုပူဇော်ရခြင်းသည်လည်း ဘုရားဂုဏ်တော်တို့ကိုသာ အလေးအမြတ်ပြုပြီး ရှိခိုးရသည့်အတွက် ကသိုလ်ရပေသည်။ ထို့ကြောင့် အချို့ အဘိဓမ္မာဆန်လွန်းသူတို့က မန္တလေး၊ ပုဂံ စသည်သို့ ဘုရားဖူးသွားသည်ဟု ဆိုလျှင် အိမ်က ဘုရားရှိခိုးလည်း အတူတူပါပဲဟု ပြောကြခြင်း ဖြစ်ပေသည်။ မှန်ပါသည်၊ မည်သည့် ဘုရားကို ရှိခိုး ရှိခိုး ဘုရားဂုဏ်ကိုသာ ရှိခိုးရ၍ တူပါပေသည်။ သို့သော် နေရာဒေသ ထူးခြားသောအခါ စိတ်ပါလက်ပါ ပို၍ရှိပါသည်။ မြတ်စွာဘုရား ပွင့်တော်မူခဲ့သည့် ဗုဒ္ဓဂါယာရှိ မဟာဗောဓိပင်ရင်းက ဆင်းတုတော်ကိုရှိခိုးသောအခါ ဤနေရာ၌ မြတ်စွာဘုရားပွင့်ခဲ့သည်ဟူသော အသိစိတ်ဓါတ်က ဘုရားဂုဏ်တော်များ ပို၍ ထင်ရှားလာအောင် (ဝါ) အဓိပတိပစ္စည်းတပ်လာအောင် အထောက်အကူ ဖြစ်စေပါသည်။

## ရုပ်တုဆင်းတု ရှိခိုးခြင်း မဟုတ်ပုံ

ဤပဋ္ဌာန်းဒေသနာတော်မှ အရေးအကြီးဆုံး ကောက်ချက်တစ်ခုမှာ ဗုဒ္ဓဘာသာတို့သည် ရုပ်တု ဆင်းတုတော်၏ ရှေ့မှာ ထိုင်ပြီး ရှိခိုးနေသော်လည်း ရုပ်ထုကို ရှိခိုးခြင်း မဟုတ် (ဝါ) ရုပ်တုကို ကိုးကွယ်ခြင်း မဟုတ်၊ ဗုဒ္ဓရှင်တော် ဘုရားကိုသာ ရှိခိုးခြင်း ဖြစ်သည်။ ဘုရားကိုသာ ကိုးကွယ်ခြင်း ဖြစ်သည်ဟူသောအချက်ဖြစ်ပေသည်။ ရုပ်တုတော်ကို ထားခြင်းမှာမူ မိဘဓါတ်ပုံ ထားဘိသကဲ့သို့ ပို၍ အာရုံထင်လွယ်အောင် စိတ်သန်အောင် ထားရှိပူဇော်ခြင်း ဖြစ်သည်။ ဤသို့သော အမှန်တရားကိုမသိနားမလည်သူတို့သည် ဗုဒ္ဓဘာသာတို့ကို ရုပ်တုကိုးကွယ်သူများဟု မဟုတ်တန်းတရား ပြောကြသည်။ ထိုသူတို့၏ မသိမှု မလိမ္မာမှုသာ ဖြစ်ပေသည်။

## သဟဇာတအဓိပတိ

အာရုံအဓိပတိပစ္စည်းနှင့် စပ်လျဉ်း၍ ဤမျှဖြင့် စကားစသိမ်း၍ တကွဖြစ်သော အဓိပတိပစ္စည်း (သို့မဟုတ်) သဟဇာတာဓိပတိပစ္စည်းသို့ ဆက်ပါမည်။

တကွဖြစ် အဓိပတိပစ္စည်း ဆိုရာ၌ အတူတကွ ဖြစ်သည့် သဘောတရားများတွင် အဓိပတိ ဖြစ်ခြင်း (ဝါ) ကြီးကဲစိုးရခြင်းပင် ဖြစ်၏။ လူတွင် ရုပ်နှင့် နာမ်ရှိရာ ရုပ်သည် မည်သည့်ရုပ်မျှ မည်သည့်အခါမျှ အဓိပတိ မဖြစ် (ဝါ) ကြီးကဲစိုးရ သဘာဝမရှိ။ နာမ်ပေါင်း (၅၃) ပါး၊ (စိတ် + စေတသိက် ၅၂) တို့တွင်လည်း စိတ်နှင့် ဆန္ဒ စေတသိက်၊ ဝီရိယစေတသိက်၊ ပညာစေတသိက် ဤ လေးမျိုးသာ ကြီးကဲစိုးရ အဓိပတိ ဖြစ်နိုင်သည်။ စိတ်သည် အပြားအားဖြင့် (၈၉) ပါး ဖြစ်လာသော်လည်း မူလအားဖြင့် တစ်ခုတည်းသာ ဖြစ်၏၊ ထို့ကြောင့် "စိတ်" ဟူ၍ တစ်ခုသာ ဤတွင် ဖော်ပြခြင်း ဖြစ်၏။

မှတ်သားရန်မှာ လူတစ်ကိုယ်လုံးတွင် စိတ်နှင့် ဆန္ဒ၊ ဝီရိယ၊ ပညာ ဤလေးမျိုးသာလျှင် ကြီးကဲစိုးရ သဘာဝရှိသည်။ အဓိပတိ ဖြစ်နိုင်သည်ဟူ၍ မှတ်သားရန် ဖြစ်ပေသည်။ ဤလေးမျိုးထက်ပိုပြီး မရှိဟုလည်း တထစ်ချဆက်၍ မှတ်ရပေမည်။

**အဓိပတိ ဟူသည် သာမန်မင်းသာမက မိမိနှင့် မင်းပြိုင်မရှိသော** စကြာဝတေးမင်းကဲ့သို့ ဖြစ်၏။ ထို့ကြောင့် စွမ်းအား အလွန့်အလွန် ကြီး၏။ ထို့ကြောင့် လူ၌ အရည်အချင်းထဲတွင် စိတ်နှင့် ဆန္ဒ၊ ဝီရိယ၊ ပညာ ဤလေးမျိုးသည် အဘိုးအတန်ဆုံးဟု သိအပ်ပေ၏။

သို့သော် စိတ်တိုင်းတော့ အဓိပတိ မဖြစ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာတိုင်းလည်း အဓိပတိ မဖြစ်၊ ဒွိဟိတ်ဇော တိဟိတ်ဇော ဆိုသည့် ဇောစိတ်အစဉ်မှာပါသော စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာတို့သာ အဓိပတိ အဆင့်အတန်းကို ရနိုင်ပေသည်။ ဤတွင်လည်း သူတို့လေးမျိုးသည် တချိန်တည်း အဓိပတိ မဖြစ်နိုင်၊ တချိန်တည်း စကြာမင်း လေးပါး မပေါ်နိုင်သကဲ့သို့ပင်တည်း။ သို့ဖြစ်၍ စိတ်က အဓိပတိ ပစ္စည်း တပ်နေလျှင် (ဝါ) စိတ်ခါတ်သိပ်ပြီး ပြင်းထန်နေလျှင် ဆန္ဒ၊ ဝီရိယ၊ ပညာ

ပုံ့ကာ နောက်သာ နေရသည်။ သို့သော် အဓိပတိပါမှ ဖြစ်သည်၊ အညံ့စားကား မဟုတ်ပေ၊ အခြေအနေအရ ဆန္ဒသိပ်ပြင်းထန် လွန်ကဲလာလျှင် ဆန္ဒက အဓိပတိဖြစ်ပြီး ကျန်သုံးပါးက အထောက်အကူ ဖြစ်ရသည်။ ဝီရိယသိပ်ကောင်းနေချိန်တွင်လည်း ကျန်သုံးမျိုးက နောက်ကွယ်က နေရ၏။ ပညာက သိပ်ရှေ့တန်းရောက်နေပြန်လျှင်လည်း ပညာသာ အဓိပတိ ဖြစ်ပြီး ကျန်သုံးမျိုးက ပံ့ပိုးသည့် အပိုင်းကသာ နေရသည်။

ဤတွင် ပညာအဓိပတိသည် အကောင်းဘက် သက်သက်၌သာ ဖြစ်၏(ဝါ) ကုသိုလ်ဘက်၌သာ ပညာအဓိပတိကို ရပေ၏။ စိတ်အဓိပတိ၊ ဆန္ဒအဓိပတိ၊ ဝီရိယ အဓိပတိတို့မှကား အကောင်းလည်း ရှိ၏။ မကောင်းသည့်ဘက်လည်းရှိ၏။

ဥပမာ နှစ်သက်စရာ ကောင်းလှသည့် အဆင်းရုပ်ကို လောဘစိတ်က အလေးအမြတ် အာရုံပြုခိုက်တွင် ၄င်းလောဘဇော၌ပါသော စိတ်က ဆောင်ချင်လည်း ဆောင်မည်။ စိတ်ဆောင်လျှင် စိတ်အဓိပတိ ဖြစ်၏။ ဆန္ဒပြင်းပြချင်လည်း ပြင်းပြမည်။ ဆန္ဒပြင်းပြလျှင် ဆန္ဒက ထိုအခိုက်မှာ အဓိပတိ ဖြစ်ခွင့်ရ၏။ ဝီရိယ လွန်ကဲလျှင်လည်း ဝီရိယအဓိပတိ ဖြစ်၏။ ဘုရားဂုဏ်တော်ကို အလေးအမြတ် အာရုံပြုပြီး ကုသိုလ်ဇော စောသည့်အခါတွင် ထိုကုသိုလ်ဇော၌ စိတ်နှင့် ဆန္ဒ၊ ဝီရိယ ပါ၏။ ဉာဏသမ္ပယုတ် ကုသိုလ်ဇောဆိုလျှင် ပညာပါယှဉ်၏။ ထို့ကြောင့် ထိုသို့ ကုသိုလ်ဇော ဖြစ်သည့်အခိုက်တွင် စိတ်ဖြစ်စေ ဆန္ဒ၊ ဝီရိယ၊ ပညာ တစ်ခုခု ဖြစ်စေ အခြေအနေအရ အဓိပတိ ဖြစ်ပေသည်။

## လူ၏ စွမ်းရည်လေးမျိုး

အရေးအကြီးဆုံးမှာ လူသည် ကိုယ့်မှာရှိသော အရည်အချင်းကို ကိုယ်တိုင်သိဖို့ လိုပေသည်။ ငါ ဘီအေ၊ ငါ အိုင်အေ စသည်ဖြင့် ဘွဲ့ ဒီဂရီကို သိဖို့ လွယ်ပါသည်။ သူတပါးက သိဖို့လည်း လွယ်ပါသည်။ ထို့ထက် ခက်ခဲသည်မှာ မိမိ ဘာစွမ်းသလဲ ဆိုတာကို သိထားဖို့ လိုပါသည်။ မိမိသည် ပန်းချီရေးဆွဲဆိုလျှင်၊ ဖြစ်သည်၊ လက်သမား လုပ်ရမလား၊ ဖြစ်သည်၊ စကားပြောရမလား၊ ဖြစ်သည်၊ စီမံအုပ်ချုပ်ရမလား၊ ဖြစ်သည်။ ဤသို့ စသည်ဖြင့် မိမိဆောင်ရွက်နိုင်

သည့် အရည်အချင်းကို မိမိကိုယ်တိုင်သိဖို့ လိုသည်။ ဘေးလူများကလည်း ဒီလူ ဘာတော့ဖြစ်သည်၊ ဘာတော့ မဖြစ် စသည်ဖြင့် သိသင့်သည်။ ဥပမာ တချို့မှာ ပန်းချီဆွဲ သိပ်တော်၏၊ သို့သော် လူ (၅၀) ယောက် အုပ်ချုပ်ပြီး အလုပ်တစ်ခု လုပ်ပါဆိုလျှင်ကား သူမဖြစ်တော့ပေ။ နိုင်ငံကျော် စာရေးဆရာကြီး တစ်ဦးသည် စာရေးတော်သည့် နေရာတွင် ပြောစရာ မရှိ။ သို့သော် သူ့ကို ရုံးတစ်ရုံးဖွဲ့ပြီး စီမံအုပ်ချုပ်လုပ်ပါ ဆိုတော့ မလုပ်တတ်တော့ချေ။

သို့သော် ဤအရည်အချင်းမျိုးကို သိဖို့ထက် မိမိကိုယ်မှာ ရှိနေသော စိတ်ဟာ ဘယ်လောက်စွမ်းအားကြီးသလဲ၊ မိမိ၏ ဆန္ဒဟာ ဘယ်လောက် ထိရောက်သလဲ၊ မိမိ၏ ဝီရိယသည် အဘယ်မျှ အစွမ်းရှိသလဲ၊ မိမိ၏ ပညာကို အသုံးချတတ်လျှင် ဘယ်လောက်အောင်မြင်သလဲဟု မိမိ၏ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းကို အမှန်အတိုင်းသိဖို့ကား အထူးခက်ခဲလှသည်။ တနည်းဆိုရသော် ဗုဒ္ဓအဘိဓမ္မာကို မသိသူမှန်သမျှ လူမှာ စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာ ဆိုတာ အတိုင်းမသိ စွမ်းအားကြီးသည်ဟု တိတိပပ မသိနိုင်ချေ။ (လူကိုယ်ခန္ဓာကြီးကို ဒုံးပျံဂြိုဟ်တုဖြင့် တွန်းမတင်ရဘဲ အလိုလို ကောင်းကင်သို့ ပျံတက်သွားစေနိုင်သည့် ဈာန် အဘိညာဉ် စွမ်းအားအထိ မျှော်ကြည့်ပါ။)

ပဋ္ဌာန်းပညာကို တတ်လာပြီဆိုလျှင် မိမိစိတ်ကို သာမန်စိတ် မဟုတ်ဘဲ၊ အဓိပတိစိတ် ဖြစ်အောင် မွေးမြူဖို့၊ မိမိဆန္ဒကို အပျော့စား မဟုတ်ဘဲ၊ အဓိပတိ ဆန္ဒမျိုး ဖြစ်အောင် နှိုးဆော်ဖို့၊ မိမိ၏ ဝီရိယကို လျော့လျော့ရဲရဲ မဖြစ်စေဘဲ အဓိပတိဝီရိယ ဖြစ်အောင် အားထုတ်ဖို့ မိမိ၏ မူလပညာကို ဓါးအိမ်ထဲက ဓါးလို ထိုးမထားဘဲ ထုတ်ပြီး ထက်အောင်သွေး၍ ဝင့်ဝင့်ကြွားအပ်သော ဓါးကြီးကဲ့သို့ ပညာရောင် တလက်လက် ပြောင်အောင် လေ့ကျင့်ဖို့လိုသည်ဟု ဆက်ပြီး သဘောပေါက်မှ အဘိဓမ္မာပဋ္ဌာန်း သင်ရကျိုးနပ်သည်။

## အဓိပတိ ဖြစ်ချင်လျှင် အဓိပတိ ဖြစ်အောင်လုပ်

မိမိမှာရှိသော စိတ်နှင့် ဆန္ဒ၊ ဝီရိယ၊ ပညာတို့ကို အဓိပတိ အဆင့် ရှိအောင် မြှင့်တင်နိုင်သူ ဆိုပါက ထိုသူသည် အဖက်ဖက်၌ ထိပ်တန်းက လူ (ဝါ) လူတကာအပေါ်က ကြီးကဲစိုးရသူ (ဝါ) လူများထက်သာသူ မုချဖြစ်ရမည်သာ။

အဘိဓမ္မာသင်ရာ၌ (ဝါ) ပဋ္ဌာန်းသင်ရာ၌ ဤလို ဘဝရေးရာအတွက် အသုံးချတတ်သည်အထိ လမ်းညွှန်ပြနိုင်မှ (ဝါ) အဘိဓမ္မာအသိ ပဋ္ဌာန်းအသိကို လက်တွေ့ အသုံးချနိုင်ကြမှသာ လိုရင်းရောက်ပေမည် သို့မဟုတ်ဘဲ စိတ်စေတသိက် သရုပ်ခွဲ၊ ပစ္စည်း ပစ္စယုပ္ပန်တွေ ဆိုရိုးကျကျဆို နောက်ပြီး အာဂုံတွေ ပြန်နေကြရုံမှာမူ ကုသိုလ်ရရုံမျှသာ ရှိချေသည်။ (ဝါ) ဘုန်းကြီးအလုပ်အဘိုးအဘွား အလုပ်မျိုးသာ ဖြစ်ချေသည်။

လူ့ဘောင်ဘဝကို ဗုဒ္ဓမြတ်စွာ တရားဖြင့် တည်ထောင်ကြစို့ ဆိုပါလျှင် အထက်တွင် တင်ပြခဲ့သည့်အတိုင်း လက်တွေ့ လက်ကိုင်ပြုတတ်အောင် သင်ကြဖို့၊ လက်တွေ့ လက်ကိုင်ပြုကြဖို့ ဦးတည်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

ပြောစရာတွေများပါသေးသည်။ ဤ အဓိပတိတစ်ပစ္စည်းထဲနှင့်နောက် ၁၀ နှစ် (လပေါင်း ၁၂၀) ရေး၍ မကုန်နိုင်ပါ၊ သို့သော် ၂၄ ပစ္စည်း စုံလင်အောင် ရှေ့သို့ဆက်ရန် ရှိပေသေး၍ ဤတွင် အဓိပတိပစ္စည်းကို စကားစသိမ်းပါမည်။

“အဓိပတိ“ ကို “အကြီးအမှူး” ဟု မြန်မာဘာသာပြန်သည့် ကိစ္စနှင့် ပတ်သက်၍ နောက်မှ ရေးရန် စကားခံခဲ့သည်ကို ပြန်ပြီး အုပ်ရသော “မှူး” နှင့် “ကဲ” စဉ်းစားရန်သာ ဖြစ်ပါ၏။ ညီအမ ခုနစ်ဖော်တွင် အငယ်ဆုံး အထွေးဆုံးက အလှဆုံး အချောဆုံး ဆိုပါလျှင် သူ၏ အလှသည် အာရုံအဓိပတိပစ္စည်းတပ်သော ဣဋ္ဌာရုံ (ဝါ) အတိဣဋ္ဌာရုံအလှ ဖြစ်ပါသည်။ စဉ်းစားလျှင် သူ့အလှက “သာသည်” ဟု တွေ့နိုင်ပါ၏။ “သာသည်” နှင့် “ကဲသည်” သည် အနက်တူပါသည်။ အထွေးဆုံး ညီမလေး၏ အလှသည် ကျန်သော အမခြောက်ဦး၏ အလှမတွေအပေါ်မှာ အကြီးအမှူး ဖြစ်ပါသည်ဟု ပြောလျှင် သံပ်ပြီး အံဝင်ခွင်ကျ ဖြစ်ဟန် မရှိပါ။

ထိုနည်းတူ တကွဖြစ်သော စိတ်နှင့် ဆန္ဒ၊ ဝီရိယ၊ ပညာ ဟူသော လေးမျိုးတွင်လည်း တစ်ခုက ထက်သန်နေခိုက် သူကသာနေသည်၊ (ဝါ) ကဲနေသည်၊ ကျန်သုံးခုကအောက်နေသည်ဟု ဆိုရပါမည်။ သူက ကျန်သုံးခုအပေါ်မှာ ဗိုလ်ကျပြီး အကြီးအမှူး လုပ်နေသည်ဟု ဤအထိ အဓိပ္ပာယ်ရောက်ရန် မရှိပါ။

ထို့ကြောင့် အဓိပတိကို အကြီးအမှူးဟု မြန်မာပြန်သည်ထက် အကြီးအကဲဟု မြန်မာပြန်ပါက ပို၍ဆီလျော်မည်ဟု သဘောရ၍ အစပိုင်းက ဤကဲ့သို့ "တို့" ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ဝေါဟာရသည် အဓိက မဟုတ်လွန်း။ အနက်အဓိပ္ပာယ် သဘောတရားနှင့် ယင်းသဘောတရားကိုလက်တွေ့အသုံးချခြင်းသည်သာ အဓိက ပဓါန ဖြစ်ကြောင်း သဘောပေါက်ကြရန် ဖြစ်ပေသည်။

## အနန္တရပစ္စယော = အကြားမရှိ တဆက်တည်း ကျေးဇူးပြုသောတရား

### အနန္တရ အဓိပ္ပာယ်

အနန္တရပစ္စယောဌ် န+အန္တရ ဟုပုဒ် ဖြတ်ရ၏။ န=မ၊ မဟုတ်၊ ၊ရှိ၊ အန္တရ=ကြား၊ "န" ကို သဒ္ဒါနည်းဖြင့် "အန" ပြုပြီး အန+အန္တရ= "အနန္တရ" ၊ဒ်ပြီးပေသည်။ အဓိပ္ပာယ်ကား ကြားမရှိဟူလို၊ ကြားမရှိစေဘဲ ကျေးဇူးပြုသော စ္စည်းဖြစ်၍ အနန္တရပစ္စည်းဟု ခေါ်သည်။

အနန္တရပစ္စည်း၏ သဘောကို ဥပမာပေးရာဌ် စကြာမင်း နတ်ရွာ လျှင် သားတော်ကြီး အိမ်ရှေ့ဥပရာဇာ နန်းတက်ရပုံကို ဖော်ပြ၏။ စကြာမင်း နေလျှင် သားဥပရာဇာ နန်းမတက်ရ၊ စကြာမင်း နတ်ရွာစံပေးခြင်းသည် သား ဦးအား နန်းတက်စေရန် အကျိုးပြုသည့် သဘောရောက်၏။ ထိုပြင် အခြားမင်း ၁းကဲ့သို့ မဟုတ်၊ စကြာမင်း နတ်ရွာစံပြီး အခြားသူ မင်းဖြစ်ရိုး မရှိ။ သားကြီး ၁ရသသည်ပင် မင်းဖြစ်ရ၏။ ဖြစ်ရာတွင်လည်း ကြားထဲဌ် အပြတ်အလပ်မရှိ၊ န်းဖြစ်သည် ဟူလို၊ ကေန္တ အကျိုးဆက်ဖြစ်သည်ကို ပြ၏။ အနန္တရပစ္စည်း လည်း အကျိုးကို ဖြစ်စေရာတွင် ကြားမရှိ၊ တဆက်တည်း ဖြစ်စေသည်။

အနန္တရပစ္စည်း၏ ပစ္စည်း၊ ပစ္စယုပ္ပန်တို့မှာ စိတ်၊ စေတသိက်ပင် ၊၏။ စိတ် ၈၉ ၊ စေတသိက် ၅၂ ပါးဟူသော နာမ်တရားသည်သာ အနန္တရ : ၊နှင့် သက်ဆိုင်၏။ ဤစိတ်၊ စေတသိက်သည်ပင် အနန္တရပစ္စည်း၏ ပစ္စည်း ည်းဖြစ်၏။ ပစ္စယုပ္ပန်လည်း ဖြစ်၏။ သို့သော် ရှေ့ရှေ့စိတ်က ပစ္စည်း၊ နောက် ၊က်ဆက်ဖြစ်ရသော စိတ်က ပစ္စယုပ္ပန်၊ ဤသို့ခွဲရ၏။

ဤတွင် အရေးကြီးသော အချက်တစ်ရပ်မှာ ရဟန္တာ၏ စုတိစိတ် ၏။ ရဟန္တာ၏ စုတိစိတ်ချုပ်ပြီးနောက် စိတ်အသစ် ဖြစ်မလာတော့ပေ။ ဘဟ်သိမ်း၍ငြိမ်းတော်မူ၏။ ဤသို့ စိတ်ထပ်မဖြစ်တော့ဘဲ ငြိမ်းခြင်းသည်

ပင် နိဗ္ဗာန်ဖြစ်၏။ ထို့ကြောင့် ရဟန္တာ၏ စုတိစိတ်သည် ရှေ့ရှေ့သော ပစ္စည်း ထဲမပါဝင်နိုင်ပေ။ သို့သော် နောက်နောက်စိတ်အုပ်စုထဲ၌ ပါနိုင်၏။ ထို့ကြောင့် အကျဉ်းအားဖြင့် ရဟန္တာ၏ စုတိစိတ်သည် အနန္တရပစ္စည်း မဖြစ်နိုင်၊ အနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန်သာ ဖြစ်နိုင်ပေသည်။

အစမထင် သံသရာကာလ ဘဝအနန္တ တစ်လျှောက်လုံး ရှေ့စိတ်က အနန္တရပစ္စည်း၊ နောက်စိတ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်၊ ဤသို့ချည်း လာခဲ့၏။ ရဟန္တာ ဖြစ်သွားပြီး ပရိနိဗ္ဗာန် စံသည့်အခါ နောက်ဆုံး စုတိစိတ်ဖြစ်၏။ ထို ရဟန္တာ၏ စုတိစိတ်သည် သံသရာ၏ အဆုံးသတ်ဖြစ်၏။ စိတ်သန္တာန် ကြီး စိတ်အစဉ်ကြီးသည် ရဟန္တစုတိစိတ်ဖြစ်ပြီး ပြတ်လေတော့၏။ မိမိတို့သည် ထိုသို့ ရဟန္တာ မဖြစ်သေးသမျှ မိမိတို့၏ စိတ်အစဉ်ကြီး ဆက်၍ဆက်၍ ဖြစ်နေ ပေဦးမည်။ ထိုသို့ စိတ်အစဉ် ဆက်ဖြစ်နေခြင်းသည် သံသရာပင် ဖြစ်၏။ သံသ ရာ လည်ခြင်းပင် ဖြစ်၏။

## အနန္တရနှင့် သံသရာဝါဒ

ဤ "အနန္တရပစ္စည်း" နှင့် ရှေ့တွင် ဆက်လက်ဖော်ပြမည့် "သမ အနန္တရ ပစ္စည်း" ဤနှစ်ပစ္စည်းသည် "သံသရာ" ဝါဒနှင့် ပတ်သက်၍ အရေး အကြီးဆုံး ဖြစ်၏။ ဤအနန္တရပစ္စည်းကို နားလည်မှ သံသရာဝါဒကို နားလည် မည်ဖြစ်၏။ တနည်းပြောရသော် ဤပဋ္ဌာန်းအနန္တရပစ္စည်းကိုမှ ကျကျနန နား မလည်သေးလျှင် သံသရာဝါဒကို နားမလည်သေးဟု ဆိုရာ၏။

ဘဝလောက သို့မဟုတ် ကိုးကွယ်မှုဘာသာဝါဒ သို့မဟုတ် အတွေး အခေါ် သဘာဝတ္ထပိုင်း (ဝါ) ဖီလိုဆိုဖီပိုင်းတွင် မင်းမူနေသော ဥစ္ဆေဒဝါဒ၊ သဿ တဝါဒတို့သည် တဖက်စွန်းရောက် ဝါဒများဖြစ်၏။ ဥစ္ဆေဒဝါဒ ဟူသည် "အပြတ် ဝါဒ" ဖြစ်၏။ သေလျှင်ပြီးရော၊ နောက်ဘဝမရှိဟု ယူသည်။ ဤဥစ္ဆေဒဝါဒကို အခြေခံပြီး အချို့သော ဖီလိုဆိုဖီဝါဒတွေ ကွန်မြူနစ်ဝါဒတွေ ပေါ်ပေါက်၏။ သဿတဝါဒ ဟူသည် "အမြဲဝါဒ" ဖြစ်၏။ သတ္တဝါသည် သေပြီးနောက်လည်း သူဘဲရှိနေသည်၊ သူဘဲဆက်ဖြစ်နေသည်ဟု ယူသည်။ ဤ သဿတဝါဒကို အခြေခံပြီး ဖန်ဆင်းရှင်ဝါဒ (ဣဿရနိမ္မာန ဝါဒ) စသည်တို့ကို ဖော်ဆောင်၏

ကမ္ဘာ့လူ့သမိုင်းတွင် ဤ "အပြတ်ဝါဒ" နှင့် "အမြဲဝါဒ" ကြီးနှစ်ရပ် ကြီးစိုးထား၏။

ပဋ္ဌာန်း အနန္တရပစ္စည်းသည်ကား ဤဝါဒကြီးနှစ်ရပ် (ဝါ) အစွန်းကြီး နှစ်စွန်းကိုရှောင်ပြီး ယထာဘူတကျသော အယူဝါဒကိုဖော်ထုတ်၏။ အစွန်းလွတ် အမှန်တရားကို ညွှန်ပြ၏။

လူတွင် သို့မဟုတ် သက်ရှိသတ္တဝါတစ်ဦးတွင် ရုပ်နှင့် နာမ် ဟူ၍ သဘာဝ နှစ်မျိုး ရှိ၏။ ရုပ်နှင့်နာမ်ကို နားမလည်သော (ဝါ) မယုံကြည်သောသူ အတို့ မငြင်းနိုင်သော အချက်ကို ပြောရလျှင် အသက်ရှင်သော လူ၌ရှိသော သိတတ်သည့် သဘာဝသည် "နာမ်"၊ လူသေကောင်မှာရှိသော ပုပ်ပွလာသည့် ဟာကြီးသည် "ရုပ်" တည်း။

ဗုဒ္ဓအဘိဓမ္မာပညာကို သင်ယူသူ၊ ဟောသူအဘို့ကား ရုပ်သည်ပင် တစ်မျိုးတည်း မဟုတ်၊ လူကိုင် ၌ ရုပ်လေးမျိုးရှိကြောင်း နားလည်၏။ ယင်း ရုပ်လေးမျိုးကား အောက်ပါတို့ပင် ဖြစ်၏။

(၁) ကမ္မဇရုပ် (ကံကြောင့်ဖြစ်သောရုပ်)

(၂) စိတ္တဇရုပ် (စိတ်ကြောင့်ဖြစ်သောရုပ်)

(၃) အာဟာရဇရုပ် (အစာအာဟာရကြောင့်ဖြစ်သောရုပ်)

(၄) ဥတုဇရုပ် (ပူမှု၊ အေးမှု ဥတုကြောင့် ဖြစ်သောရုပ်)

အသက်ရှိသော လူရှင်၏ ခန္ဓာကိုယ်တွင် ထိုရုပ်လေးမျိုးလုံး ဖြစ်ရှိ၏။ လူသေကောင်တွင်မူ ဥတုဇရုပ်တစ်မျိုးတည်းသာ ဖြစ်ရှိ၏။ ကမ္မဇရုပ်သည် လူသေကောင် မဖြစ်ခင်ကထဲက ချုပ်သွား၏။ စိတ္တဇရုပ်သည် လူသေကောင် မဖြစ်ခင်ထဲက ချုပ်သွား၏။ အာဟာရဇရုပ်သည်လည်း လူသေကောင် မဖြစ်ခင် ထဲက ချုပ်၏။ **နာမ်** (ဝါ) စုတိစိတ် ချုပ်သည့်အခါ လူသေ၏။ ငှက်ပျောတုံး လက်ပံတုံးကဲ့သို့ ဝိညာဉ်မဲ့၏။ သို့သော် ငှက်ပျောတုံး၊ လက်ပံတုံးက မပုပ်၊ လူ သေကောင်မှုကား အရူ၊ အသည်း၊ သွေး၊ အသားတွေကြောင့် လွန်စွာပုပ်၏။ လွန်စွာနံ၏။ ထို့ကြောင့် လူသေကောင်သည် ငှက်ပျောတုံး လက်ပံတုံးတို့နှင့် နာမ်

(အသိစိတ်) မရှိပုံချင်း တူသော်လည်း စက်ဆုတ်ဘွယ် ဖြစ်ပုံချင်း မတူ၊ ပို၍ ဆိုးဝါး၏။

သို့ဖြစ်လျှင် လူတွင်ရှိသော ရုပ်ကို ဖယ်လိုက်ပါ၊ သိစိတ် သိနာမ်ပိုင်းကို ကြည့်ရန်လို၏။ ဗုဒ္ဓရှင်တော်ဘုရားက ပုထုဇဉ်၊ အရိယာပုဂ္ဂိုလ် ဟူသမျှ ဖြစ်နိုင်သော စိတ်ပေါင်း ၈၉ စိတ်၊ ထိုစိတ်တို့နှင့် ယှဉ်သော စေတသိက် ၅၂ ဟု ညွှန်ပြခဲ့၏။ ယနေ့ လူတွေတွင်မူ အကုသိုလ်စိတ် ၁၂ ပါး၊ ကုသိုလ်စိတ် ၈ ပါး၊ အဟိတ်စိတ် ၁၇ ပါး၊ မဟာဝိပါတ်စိတ် ၈ ပါးအားဖြင့် စိတ်ပေါင်း ၄၅ စိတ် အထိုက်အလျောက် ယှဉ်၍ဖြစ်၏။

ထိုစိတ်စေတသိက်တို့ကို နာမ်ဟု ခေါ်၏။ ထို နာမ်သဘာဝတရားတို့သည် လူ့ဘုံ၌ လူ၏ ဟဒယဝတ္ထုဟု ခေါ်သော နှလုံးသွေးကြည်ရုပ်ကို မှီပြီးဖြစ်၏။ ဖြစ်နေပုံမှာ မော်တော်ကား ပလပ်မှ မီးတစ်ချက်ချင်း တဖျတ်ဖျတ်ပွင့်ပိတ်နေသကဲ့သို့ တစ်ခုပြီးတစ်ခု ဖြစ်နေ၏။

ကားပလပ်မှ မီးတဖျပ်ဖျပ် ပွင့်နေခြင်းသည် အင်ဂျင်အစိတ်အပိုင်းများ ပုံမှန်ရှိမှု လည်ပတ်မှုကြောင့်သာ မီးပွင့်ကလေးများ ဖြစ်ပေါ်ပျောက်ပျက်နေ၏။ အင်ဂျင် အစိတ်အပိုင်းများ မကောင်းလျှင်သော် လည်းကောင်း၊ မလည်ပတ်လျှင်သော် လည်းကောင်း၊ မီးမပွင့်၊ ထိုဥပမာအတိုင်း လူ၏ကိုယ်မှာ အဆုတ်အသည်း ကျောက်ကပ်စသည် အရေးကြီးသော ကောဋ္ဌာသရုပ်များနှင့် နှလုံးကောဋ္ဌာသကောင်းမှ ကောင်းပြီး လှုပ်ရှားမှုသာ အသိစိတ်နာမ် မပြတ် ဖြစ်ပျက်၏။ ထို ကောဋ္ဌာသတို့ မကောင်းတော့ဘူးဆိုလျှင် စိတ်နာမ် မဖြစ်နိုင်၊ ယင်းသို့ဤ ကိုယ်ခန္ဓာကြီး၌ စိတ်နာမ် ဆက်မဖြစ်ဘဲ ရုပ်သွားသည့်အခါ လူသေ၏။

ဤတွင် လူသေလျှင် ပြီးရောဆိုတဲ့ ဥစ္ဆေဒ အယူအမြင် ဖြစ်တတ်၏။ မပြီးဘူး ဆက်ဖြစ်တယ် ဆိုသည့် သဿတအယူအမြင် ပေါ်တတ်၏။ ဤနေရာသည်ကား အရေးကြီးလှသော နေရာတည်း။

အနန္တရပစ္စည်းကား န+အန္တရ(အန္တရ=အကြား၊ အခြား) + န=မရှိ၊ အကြားမရှိ ကြားမရှိဘဲ တစ်ခုပြီးတစ်ခု ဆက်ဖြစ်အောင် ကျေးဇူးပြုသည့်သဘောကို ပြပေရာ အောက်ပါ အစက်ကလေးများကို စိတ်ကလေးကစ်ခုစီ

သဘောထားပြီး ကြည့်ပါ။

... ... ... ... ... ... ... ... ... ... ... ... ... ...

ထိုအစက်ကလေးများသည် တစ်ပြိုင်နက် ပေါ်နေသည် မဟုတ်၊ တစ်ခုချုပ်ပြီးမှ နောက်တစ်ခုက ပေါ်လာ၏။ ပေါ်လာတာကလည်း ပျက်သွားပြန်၏။ ရှေ့က ဖြစ်ပေါ်သည့်စိတ်သည် မိမိချုပ်လိုက်သည်နှင့် နောက်စိတ်တစ်ခု ဖြစ်လာအောင် အကျိုးပြုသွား၏။ ဥပမာ ပထမစိတ်ချုပ်သွားခြင်းသည် ဒုတိယစိတ်ဖြစ်ပေါ်လာစေဖို့ဖြစ်၏။ ဒုတိယစိတ်ချုပ်ပျက်သွားခြင်းသည် တတိယစိတ်ဖြစ်ပေါ်လာစေဖို့ဖြစ်၏။

ဤကဲ့သို့တစ်စိတ်ပြီး တစ်စိတ် မပြတ်ဖြစ်ပျက်နေဖို့အတွက် ဘယ်သူကမှ လုပ်ပေးနေရသည် မဟုတ်၊ သူ့ သဘာဝအတိုင်း သူဖြစ်နေခြင်းသာဖြစ်၏။ ဤသို့ သူ့ဟာသူ ဖြစ်ပျက်နေသည့် ဖြစ်စဉ်ကြီးကို စိတ္တနိယာမ ဖြစ်စဉ်ကြီးဟုခေါ်၏။

ဥပမာ ပန်းပင်စိုက်ထားရာတွင် မြေရေလေ အလင်းရောင် ကောင်းစားမည်၊ ပိုးလောက်မကိုက်ဘူး ဆိုလျှင် ထိုပန်းပင်သည် သူ့ဟာသူ ဖူးလာသည်၊ ဖူးပြီး သူ့ဟာသူ ပွင့်လာသည်။ ဘယ်သူကမှ လုပ်ပေးစရာ မလို၊ ဤသို့ သူ့ဟာသူ ဖူးတာ ပွင့်ဘာကို ဗီဇနိယာမ (မျိုးစေ့စွမ်းရည်၏ ဖြစ်မြဲဓမ္မတာ) ဟု ခေါ်၏။

စိတ် စေတသိက် (နာမ်တရား) တို့သည်လည်း စိတ္တနိယာမ (စိတ်တို့၏ ဖြစ်မြဲဓမ္မတာ) အတိုင်း ဖြစ်ချုပ် ဖြစ်ချုပ် ဖြစ်နေ၏။ ဤသို့ ဖြစ်ချုပ်ဖြစ်ချုပ် ဖြစ်စဉ်ကြီးတွင် ရှေ့စိတ်ချုပ်သွားခြင်းသည် နောက်စိတ်ဖြစ်လာဘို့အတွက် ဖြစ်ပေသည်။

ကောင်းပြီ၊ အသက်ရှင်နေသော လူကိုယ်ထဲ၌ စိတ်တို့ ဖြစ်ချုပ် ... မျ... နာမ်ယန္တရားကြီး လည်ပတ်နေသည်ထား၊ လူသေသောအခါ နောက်ဆုံး ... စိပ၊ (သေစိတ်) ချုပ်လိုက်ပြီး၊ လူသေကောင်ကြီး၌ စိတ်တွေ ဆက်မဖြစ် ...ပါကလား။ အဲဒီ စိတ်ဖြစ်စဉ်ကြီး ဘယ်ရောက်သွားသလဲ၊ ဤကား အရေး ... အချက်ကည်း...

## လူသေတော့ စိတ်ပါ သေသလား

လူသေပြီးနောက် စိတ်ဖြစ်စဉ်ကြီး ဘယ်ရောက်သွားသလဲ၊ ဤကား အရေးကြီးသော အချက်ဟူ၍ ယခင်လက ဖော်ပြခဲ့၏။

ဤအရေးကြီးသော အချက်ကိုအနန္တရပစ္စည်းက ဖြေရှင်းပေး၏။ စိတ် စေတသိက်တို့၏ အနန္တရ ဖြစ်စဉ်ကြီးသည် အစမထင် သံသရာမှစ၍ နိဗ္ဗာန်ရသည့် နောက်ဆုံးစိတ်တိုင်အောင် ကမ္ဘာအသင်္ချေ ဘဝအသင်္ချေ ဘယ်လောက်ကြာကြာ အနန္တရဖြစ်စဉ်ကြီး မပြတ်ဘူး။ မရပ်ဘူး။ ဤကိုယ်မှာ မဖြစ်တော့လျှင် နောက်ကိုယ်မှာ ဆက်ဖြစ်သွားသည်။ ဖြစ်သောအခါတွင်ကား ဖြစ်ချုပ် ဖြစ်ချုပ် ရှေ့စိတ်ချုပ် နောက်စိတ်ဖြစ်၊ ဤစနစ်အတိုင်းသာ တစ်သံသရာလုံးဖြစ်လေ၏။ မှန်၏။ ရှေ့စိတ် ချုပ်ပေးတိုင်း နောက်စိတ် ဖြစ်ပေါ်လာဖို့ ကျေးဇူးပြုသွား၏။ (ဝါ) အကျိုးပြုသွား၏။ ထိုသို့အနန္တရသတ္တိဖြင့် အကျိုးပြုသွားသည့် အတွက် ရှေ့စိတ်ချုပ်ပျက်လျှင် နောက်စိတ်ပေါ်ကို ပေါ်ရ၏။ မပေါ်ဘူးဟူ၍ လုံးဝမရှိပေ။

ဤသို့ အနန္တရ ဖြစ်စဉ်ကြီး မပြတ်ရအောင် ခိုင်ခံ့ဖြစ်စေသော သဘာဝနှစ်မျိုး ရှိ၏။ ယင်းနှစ်မျိုးကား အဝိဇ္ဇာနှင့် တဏှာတည်း၊ "အဝိဇ္ဇာ" ဆိုသည်ကား မိမိကိုယ်မှာ အမှန်အတိုင်း ဖြစ်နေတာကို မသိခြင်းဖြစ်၏။ ဥပမာ ပန်းတစ်ပွင့်ကို မျက်စိဖြင့် မြင်ရာ၌ ပန်းပွင့်က ရူပါရုံအဆင်း မျက်စိ၌ မြင်သိစက္ခုဝိညာဉ်စိတ် ဖြစ်၏။ ထိုအဆင်းရူပါရုံနှင့် မျက်စိထဲက စက္ခုပသာဒ (မျက်ကြည်) တို့ တော့ဆိုင်မိ၍ မြင်သိစိတ် စက္ခုဝိညာဉ်စိတ် ဖြစ်၏။ ဤကား သဘာဝတည်း။ သို့သော် ဤသို့ အဆင်းရူပါရုံနှင့် မျက်ကြည်ရုပ်နှင့် တိုက်ဆိုင်မိရာမှ စက္ခုဝိညာဉ်မြင်သိစိတ် ဖြစ်တာပါကလား ဟုမသိ၊ ဘာကို သိသလဲ၊ ငါမြင်တယ် ဟု တလွဲသိ၏။ အမှန်ကို မသိ၊ အလွဲကိုသိတာ "အဝိဇ္ဇာ" ဘည်း။

ငါ မြင်တယ် ထင်သည့်အတွက် မြင်တဲ့ပန်းပွင့် အပေါ်မှာ လိုချင်မှု တက်မက်မှု တဏှာ ဖြစ်၏။ အမှန်ကို မသိ၊ အမှားကို သိနေ၍ မလိုချင်သင့်တာကို လိုချင်မှု ဖြစ်ပေါ်လာ၏။ ဤကား သာမည ဥပမာတည်း။

ဘဝနှင့် ပတ်သက်ရာတွင်ကား ငါ့ဘဝဟု အဝိဇ္ဇာက ထင်၏။ ဤ

လိုထင်၍ဘဝကိုလိုချင်၏၊တက်မက်၏၊သေခါနီးတွင် နိမိတ်ထင်၏။ ဘဝခြင်းရာတွေကို မြင်၏။ အမိဝမ်းရေကို မြင်၏၊ သို့မဟုတ် ဥယျာဉ်ဗိမာန်ကို မြင်၏၊ သို့မဟုတ် မီး စသည်ကို မြင်၏။

ဤသို့ သေခါနီး၌ ဘေးကလူများ မမြင်၊ သေမည့်သူများက မြင်သော အမြင်နိမိတ်တွေ ပေါ်၏၊ အကြား နိမိတ်တွေ ပေါ်၏၊ အနံ့ နိမိတ်တွေ ပေါ်၏။ အဝိဇ္ဇာက ဘဝအပြစ်ကို ဖုံးထား၏။ တဏှာက ဘဝကို တွယ်တာ၏။

ဤအခိုက်တွင် ထိုသတ္တဝါ အရင်ကပြုခဲ့သော အကုသိုလ်ကံ၊ သို့မဟုတ်ကုသိုလ်ကံက သေမည့်သူ၏စိတ်သန္တာန်အစဉ်ကို တွန်းလွှတ်လိုက်၏။ (ဝါ) ပစ်လွှင့်လိုက်၏။ ဤသို့ အဝိဇ္ဇာက အဖုံး၊ တဏှာက အတွယ်၊ ကံက အပစ် လိုက်ကွင် စုတိစိတ်ဖြစ်ပြီး ချုပ်လေရာ ချုပ်သောစုတိစိတ်က ကြားမခြားစေဘဲ နောက်စိတ်တစ်ခု ပေါ်အောင် ကျေးဇူးပြုလိုက်၏။ ဤသို့ ရှေ့စုတိစိတ်က ချုပ်သည်နှင့် တပြိုင်နက် နောက်စိတ်တစ်ခု ဖြစ်လာအောင် ကျေးဇူးပြုလိုက်သည့်အတွက် နောက်စိတ် ဖြစ်ရ၏။

သို့သော် ထိုနောက်စိတ်သည် လက်ရှိခန္ဓာကိုယ်ကြီးထဲ၌ ဖြစ်၍ မရတော့၊ လက်ရှိ ခန္ဓာကိုယ်ကြီးထဲ၌ စိတ် (နာမ်) မှီပြီး ဖြစ်နိုင်လောက်သည့် နှလုံးအဆက်အသည်းသွေးစသည်တို့မရှိတော့၍လက်ရှိကိုယ်ကြီးထဲ၌ နောက်စိတ် ဖြစ်မလာနိုင်။ ထို့ကြောင့် စုတိစိတ်ချုပ်ပြီး စုတိစိတ်က အနန္တရပစ္စည်းစွမ်းရည်ဖြင့် ကျေးဇူးပြု၍ နောက်ဖြစ်ရသောစိတ်သည် တခြားဘဝ နောက်ဘဝ၌ ဖြစ်ရတော့သည်။ ထိုနောက် ဘဝ၌ အစဆုံး ဖြစ်ရသောစိတ်သည် အတိတ်ဘဝ (ပြီးခဲ့သောဘဝ) (ဝါ) ဘဝဟောင်းနဲ့ ဘဝသစ် (နောက်ဖြစ်ရတဲ့ ဘဝ) ကို ဆက်စပ်ပေးသည့် သဘောရှိသော စိတ်ပေတည်း။ ထိုစိတ်ကို ပါဠိလို ပဋိသန္ဓေစိတ်ဟုခေါ်၏။ ပဋိသန္ဓေ ဆိုသည်မှာ တစ်ဖန်ဆက်စပ်မှုဟု အဓိပ္ပာယ် ရှိပေသည်။

ပဋိသန္ဓေသည် ဘဝသစ်၌ ပထမစိတ်တည်း၊ ထိုသို့ ပထမစိတ် ဖြစ်လိုက်ကထဲက ဒုတိယတတိယ စသည်ဖြင့် စိတ်တွေဆက်ကာဆက်ကာ ဖြစ်လိုက် ချုပ်လိုက် သွားပြန်ပါသည်။ စိတ်မျိုးစေ့နှင့်အတူ ရုပ်မျိုးစေ့လည်းကျ၍ ရုပ်ခန္ဓာကြီး ဖြစ်ပေါ်လာပြန်ပါသည်။

အနန္တရသည် ရုပ်ဖြစ်စဉ်နှင့် မသက်ဆိုင်၊ စိတ်ဖြစ်စဉ် (ဝါ) နာမ် ဖြစ်စဉ်နှင့်သာ သက်ဆိုင်သည်။ ရုပ်ဖြစ်စဉ်အတွက် ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါးရှိပြီး ဖြစ်၏။ ကံကြောင့် ရုပ်ဖြစ်၏။ စိတ်ကြောင့် ရုပ်ဖြစ်၏။ ဥတုကြောင့် ရုပ်ဖြစ်၏။ အာဟာရကြောင့် ရုပ်ဖြစ်၏။

ယင်းရုပ်လေးမျိုးတို့တွင် ကံကြောင့်ဖြစ်သော ရုပ်သည် အရေးကြီးဆုံး ဖြစ်၏။ တစ်နည်းဆိုရသော် ဘဝသံသရာနှင့် ပတ်သက်၍ အရင်းခံကျသော အချက်ဖြစ်၏။ အရူပဘုံခေါ် ရုပ်မဲ့သော ဗြဟ္မာဘုံ ဗြဟ္မာဘဝမှတပါး (၃၁) ဘုံတွင် ကျန်သော (၂၇) ဘုံ (၂၇) ဘဝတို့အတွက် ကံကြောင့် ဖြစ်သော ရုပ်သည် ဘဝသစ်ကို ထူထောင်ရာ၌ စိတ်နှင့်အတူ ပါမြဲဖြစ်လေသည်။

ဘဝသစ်တစ်ခု စတင်ရန်အတွက် (၁) ပဋိသန္ဓေစိတ် (၂) ၎င်းနှင့် ယှဉ်သော စေတသိက် (၃) ကံကြောင့် ဖြစ်သော ရုပ် (ကလလရေကြည်ခေါ် သော ရုပ်သဘာဝ) ဤသုံးမျိုးတပြိုင်နက်ဖြစ်၏။ ဤသို့ဖြစ်ကြရာတွင် ဘဝ ဟောင်းက စုတိစိတ်က အနန္တရပစ္စည်း စွမ်းရည်ဖြင့် ဘဝသစ်၌ ပဋိသန္ဓေစိတ် ဖြစ်ရန် ကျေးဇူးပြုလိုက်၏။ ကံက ဘဝသစ်၌ ရုပ်သစ်ဖြစ်စေ၏။ ပဋိသန္ဓေစိတ် နှင့် ကံကြောင့် ဖြစ်သော ကလလရေကြည်ရုပ်တို့ တွဲမိကြပြီး ဘဝသစ်မှာ တရွေ့ ရွေ့ ကြီးထွားလာကာ လူ သို့မဟုတ် သတ္တဝါ ဖြစ်လာပြန်ရသည်။

ဤတွင် တစ်ဘဝသေပြီး မပြတ်ဘဲ မပြီးဘဲ နောက်ဘဝ ဖြစ်ရသေး သည်ဆိုသော အချက်ကို အနန္တရပစ္စည်းက သိစေ၏။ မှန်၏။ စုတိစိတ် ချုပ်ပြီး သည်နှင့် အကြားမလပ်မရှိစေဘဲ တဆက်ထဲ ပဋိသန္ဓေစိတ်ကို ဖြစ်စေသည်။ ပဋိသန္ဓေစိတ်သည် နောက်ဘဝသစ်၏ အစပထမစိတ်ဖြစ်ကာ သူချုပ်ပြီး သည်နှင့် ဘဝသစ်၏ စိတ်ကွေ အနန္တရပစ္စည်းသဘောဖြင့် တစ်ခုချုပ်ပျက် တစ်ခုဆက်သွားလေသည်။

ထို့ကြောင့် သေလျှင်ပြီးရော ဘဝပြတ်ကရောဆိုသည့် ဝါဒ (ဝါ) ဥစ္ဆေဒဝါဒများကြောင်း သိရပေသည်။

တစ်ဖန် စိတ်တစ်ခုတည်းက တစ်မျိုးတည်း အမြဲဖြစ်နေခြင်း မဟုတ်ဘဲ တစ်ခုဖြစ်ပျက် တစ်ခုဆက်၊ တစ်ခုချုပ်ပြီးနောက် တစ်ခုထပ်ဖြစ်၊

ထပ်ပျက် ဤသို့ ဖြစ်ပျက် ဖြစ်စဉ်ကြီးဖြင့် သွားနေသည့်အတွက် တစ်ခုတည်း မြဲနေသည် ဆိုသောဝါဒ (ဝါ) သဿတဝါဒဟာလဲ မဟုတ်ဘူး၊ မှားနေတယ်ဟု သိရပြန်သည်။

အနန္တရပစ္စည်းနှင့် ပတ်သက်၍ အရေးကြီးသည်မှာ စိတ်နှစ်ခု တပြိုင်နက်ဖြစ်နေသည်ဟူ၍ ဘယ်သောအခါမျှ မရှိနိုင်၊ စိတ်သည် တချိန်တည်း၌ တစ်ခုတည်းသာ ဖြစ်၏။ တစ်ခုချုပ်ပျက်ပြီးမှသာ နောက်တစ်ခု ဖြစ်၏။

သို့သော် စိတ်တို့၏ ဖြစ်ချုပ်မှု အရှိန်အဟုန်သည် အလွန့်အလွန် မြန်လှ၏။ ဘယ်လောက်မြန်သလဲ ဆိုလျှင် မျက်တောင်တစ်ချက်ခတ် အချိန် အတွင်းမှာ စိတ်ပေါင်း ကုဋေတစ်သိန်းခန့် ဖြစ်ချုပ်သွားပေသည်။ ယခုခေတ် သိပ္ပံပညာအရ စဉ်းစားလျှင် အလွန်ဖြစ်နိုင်သည့်အချက်ဖြစ်ပါသည်။ လေယာဉ် ပလပ်မှ မီးပွင့်များသည်ပင် တစ်စက္ကန့်အတွင်း ဘယ်နှစ်ပွင့်ဖြစ်၊ ဘယ်နှစ်ပွင့် ပျက်လေသနည်း။ ရာနှင့်ချီ၍ ဖြစ်ပျက်သွားပေရာသည်။

တစ်ခုဖြစ်၍ ချုပ်ပြီးမှ နောက်တစ်ခု ဖြစ်လာသည် ဆိုသော အချက်ကို မီးပလပ်နှင့် စဉ်းစားလျှင် အကယ်၍ ရှေ့ကဖြစ်သည့် မီးပွင့်များ မပျက်သွားဘူးဆိုလျှင် မီးတွေ အများကြီး ထတောက်လာမည် ဖြစ်သည်၊ သို့ဖြစ်လျှင် ကားခေါင်း လေယာဉ်ခေါင်းထဲ၌ မီးတောက်ကြီး တောက်လာရပေသည်။ ယခုမူ တစ်ခုပျက်ပြီး နောက်တစ်ခုဖြစ်လာသည့် အတွက် ကားခေါင်း လေယာဉ်ခေါင်းထဲ မီးတောက်ကြီး မထခြင်း ဖြစ်ပေသည်။

စိတ်သည် အဖြစ်မြန်လွန်း အချုပ်မြန်လွန်းလှ၍ စိတ်သန္တာန်ကြီး ပေါ်ထင်မနေပေ၊ သဘာဝမျှဖြင့်ပင် ဖြစ်ပျက်နေ၏။

သို့သော် ရုပ်သည်ကား စိတ်ထက်(၁၇)ဆ အသက်ရှည်၏။ အဖြစ် မြန်သော်လည်း အချုပ်နှေး၏။ ဖြစ်ပြီး မပျက်ခင်စပ်ကြား ဌီကာလကြာသည့် အတွက် ရုပ်ကို၏ ဖြစ်စဉ်ကြီးသည် ပေါ်လာ၏။ ဥပမာ ကျွန်ုပ်တို့ လက်ညှိုးကို ထောင်ကြည့်လျှင် ပထဝီရုပ် အာပေါရုပ် တေဇောအပူရုပ် ဝါယောတွန်းကန် သည့်လေရုပ်တို့သည် ဖြစ်လိုက်ချုပ်လိုက်နေ၏။ သို့သော် ဖြစ်ပြီး တော်တော်နှင့် မချုပ်သေးသည့် အတွက် ရုပ်ခါတ်ကြီးလေးပါး အဖွဲ့အစည်း ပေါ်လာ၏။ ထို

ရုပ်ဓါတ်ကြီးများ ပေါ်လာရာတွင် အဆင်းဓါတ် ဖြစ်လာ၏။ ထိုအဆင်းဓါတ်ကို မျက်စိကမြင်ရ၏။ ထို့ကြောင့် ရုပ်ကို မြင်ရ၏။ စိတ်ကို မမြင်ရခြင်း ဖြစ်ပေသည်။

ပြန်လည်ပေါင်းရုံး သုံးသပ်လျှင် လူသည် သေလျှင်ပြီးရော၊ ဘဝပြတ်ကရော ဆိုသည့် အမြင် (ဥစ္ဆေဒဒိဋ္ဌိ) လည်းမှား၏။ အဘယ့်ကြောင့်နည်း၊ သေလျှင် ဘဝမပြတ်၊ နောက်ဘဝ ဆက်ဖြစ်၍တည်း။

## လူသေတော့ ဝိညာဉ်မသေဘူးလား

လူသေသော်လည်း ဝိညာဉ်မသေ၊ ဒီဝိညာဉ်ဘဲ ဆက်ဖြစ်၏။ ဒီလူဘဲ ဆက်တည်နေ၏ ဆိုသည့်အမြင် (သဿတဒိဋ္ဌိ) လည်း မှား၏။ အဘယ့်ကြောင့်နည်း၊ စိတ် (ဝိညာဉ်)သည် တစ်ခုတည်း အမြဲတည်နေသည် မဟုတ်၊ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် အနိစ္စ အမြဲမရှိ သဘာဝအတိုင်းသာ လျှင် သွားနေသောကြောင့်တည်း၊ ဤဘဝကစိတ် (ဝိညာဉ်) သည် နောက်ဘဝသို့မလိုက်မပါ၊ ဤဘဝက စုတိစိတ်က အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုလိုက်သောကြောင့် နောက်ဘဝသစ်မှာ ပဋိသန္ဓေစိတ်သစ် ဖြစ်ရသည့် အတွက် "မြဲသည်" ဆိုသော သဿတဝါဒ မှားကြောင်း သိရပြန်သည်။

အမြင်မှန်ကား လူတွင်ဖြစ်နေသော စိတ်သည်မှီရာဝတ္ထုရုပ် အာရုံရုပ်တို့၏ ကျေးဇူးပြုမှုကြောင့် ၁သေမချင်း မပြတ် ဖြစ်ပျက်နေ၏။ တစ်ခုဖြစ် တစ်ခုပျက် ဆက်နေ၏။ မှီရာရုပ်ဝတ္ထု ပျက်စီး၍ သေရသောအခါ အဝိဇ္ဇာ၊ တဏှာ၊ ကံဤသုံးပါးကြောင့် စုတိစိတ်ချုပ်ပြီး ဘဝမပြတ်ရသေးဘဲ၊ နောက်ဘဝမှာ ပဋိသန္ဓေစိတ်ဆက်ဖြစ်ရပြန်၏။ ဆက်ဖြစ်ပြီး ဘဝသစ်တဖန် ဖြစ်ရပြန်၏။

အရဟတ္တ မဂ်ဉာဏ်ကို ရပြီး ရဟန္တာ ဖြစ်လာသည့်အခါ အဝိဇ္ဇာ မရှိတော့၊ တဏှာလည်း မရှိတော့၊ ကံလည်း ကုန်သွားပြီ၊ ထို့ကြောင့် ရဟန္တာ စုတိသောအခါ (ဝါ) သေသောအခါ ပဋိသန္ဓေစိတ်သစ် ဖြစ်အောင် ကူညီသည့် အဝိဇ္ဇာ၊ တဏှာ၊ ကံ တို့မရှိတော့သဖြင့် စုတိစိတ်သည် အနန္တရပစ္စည်း စွမ်းရည် ကင်းမဲ့သွားသည့်အတွက် နောက်စိတ်တစ်ခု (ပဋိသန္ဓေစိတ်) ကို မဖြစ်စေနိုင်

တော့ပေ။ ရဟန္တာ၏ စုတိစိတ်လည်း ချုပ်ကရော သံသရာတလျှောက်လုံး ဖြစ်လာသည့် အနန္တရပစ္စည်း ဖြစ်စဉ်ကြီးလည်း ပြတ်ပါလေရော၊ ဤသို့ စိတ်အစဉ်ပြတ်၍ ငြိမ်းသွားခြင်းသည် ပရိနိဗ္ဗာန်ပေတည်း။

မိမိတို့သည်ကား အဝိဇ္ဇာ၊ တဏှာ၊ ကံ ရှိနေကြသူများဖြစ်၍ အနန္တရပစ္စည်း ဖြစ်စဉ်ကြီးဖြင့် သံသရာ ခရီးသွားကြရဦးမည်၊ ဘဝတွေ ဆက်ကာ ဖြစ်သွားကြရဦးမည်၊ ဘဝဒုက္ခ၊ ဘဝသုခတွေ တွေ့ကြရဦးမည်၊ သံသရာခရီး မဆက်ချင်လျှင် တဏှာကို သတ်ရမည်။ ဤသို့ပြောလျှင် ဝိပဿနာဘက်ရောက်သွား၏။

ဤကဲ့သို့ အဝိဇ္ဇာ၊ တဏှာ၊ ကံတို့ကြောင့် အနန္တရပစ္စည်း စွမ်းအင်ဖြင့် စိတ်တွေ အဆက်ဆက် ဖြစ်နေသည်။ ဘဝတွေ အဆက်ဆက် ဖြစ်နေသည်။ ဤသို့မြင်တတ်သော အမြင်မှသာ အစွန်းလွတ် အမြင်မှန် ဖြစ်ပေသည်။ အလွန်နက်နဲသော တရားသဘောဖြစ်၍ ရိုရိုသေသေ လေးလေးစားစား ဖတ်ရှုမှတ်သားကြပါကုန်။

## သမနန္တရပစ္စယော = ကောင်းစွာ အခြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော အကြောင်းတရား

မြတ်စွာဘုရားသည် တစ်လောကလုံးရှိ အကြောင်းတရားတို့ကို စိစစ်ဖော်ထုတ်ရာတွင် စိတ်စေတသိက်တို့ တစ်ခုနှင့်တစ်ခု ကြားမရှိ တဆက်တည်း ကျေးဇူးပြုတတ်သည့် သဘာဝကို "အနန္တရပစ္စယော" ဟူ၍ ပစ္စည်းတစ်ခု (ဝါ) အကြောင်းတစ်ရပ် အဖြစ် သတ်မှတ်၍ ဖော်ပြခဲ့၏။

## သမနန္တရ အဓိပ္ပာယ်

ဤသို့အခြားမရှိတဆက်တည်းကျေးဇူးပြုပုံကိုပစ္စည်းတစ်ခုတည်.ဖြင့် မပြီးဘဲ "အနန္တရ" ဟူသော ပုဒ်တွင် ရှေ့က "ကောင်းစွာ" ဟူသော အနက်ကို ပေးသည့် "သံ" ဟူသော ပုဒ်ကို ထပ်မံအားဖြည့်၍ "သမနန္တရ" ဟူ၍ ပုဒ်သစ် တစ်ခုပြုလုပ်ကာ ယင်းပုဒ်ဖြင့် "သမနန္တရပစ္စယော" ဟူသော ပစ္စည်းတစ်ခုကို ထပ်မံပြုလုပ်ထည့်သွင်းတော်မူခဲ့သည်။

ပစ္စည်း၏ သရုပ်တရားကိုယ် ကောက်ရာတွင် အနန္တရနှင့် မထူးပေ။ ရှေ့ကဖြစ်၍ဖြစ်၍ ချုပ်ချုပ်သွားသော စိတ် စေတသိက်တို့က ပစ္စည်း၊ နောက်နောက် ဖြစ်ပေါ်ဖြစ်ပေါ်လာသော စိတ်စေတသိက်တို့က ပစ္စယုပ္ပန် အနန္တရနှင့် အတူတူပင်၊ ထိုကဲ့သို့ ပစ္စည်း ပစ္စယုပ္ပန် သရုပ်မထူးပါဘဲလျက် သမနန္တရပစ္စည်းတစ်ခုကို အဘယ့်ကြောင့် ထပ်၍ ထည့်ပါသနည်း။

## သမနန္တရပစ္စည်း လိုအပ်ပုံ

မြတ်စွာဘုရားတို့မည်သည် အချည်းအနှီး အကျိုးမရှိ မည်သည့် စကားကိုမျှ ပြောတော်မမူဟောတော်မမူသောကြောင့် ဤပဋ္ဌာန်းပစ္စည်းကျခါမှ

အကျိုးမရှိဘဲ "သမနန္တရ" ကိုမထည့်တန်ရာ၊ အကျိုးထူးရှိ၍သာ ထည့်ထားခြင်း ဖြစ်၏။ အကျိုးထူးကား စိတ္တနိယာမ ဖြစ်စဉ်အားဖြင့် ရှေ့စိတ်တစ်စိတ် ဖြစ်ပျက်သည်နှင့် နောက်စိတ်တစ်စိတ် ဆက်၍ ဖြစ်ဖြစ်လာပုံကို လေးနက်ခိုင်မြဲစေသည်။

"နိယာမ" ဆိုသည်မှာ ဖြစ်မြဲဓမ္မတာသဘောဖြစ်၏၊ မည်သူကမျှ လုံ့လ ဝါယာမ ပယောဂ မစိုက်ရဘဲ သူ့အလိုလို ဖြစ်သည့်သဘော၊ သူ့အလိုလို ပျက်သည့် သဘောဖြစ်၏၊ မည်သည့်တန်ခိုးရှင်၏ အမအစ အကူအပံ့မျှ မပါဘဲ သူ့သဘာဝအတိုင်းဖြစ်မြဲပျက်မြဲ ဓမ္မတာသဘောသည် "နိယာမသဘော" ပေတည်း။

နိယာမတရား ငါးပါးရှိရာ၌ ဤတွင် "စိတ္တနိယာမ" ကို ဖော်ပြရန်ဖြစ်၏၊ စိတ်တို့ တစ်ခုပြီး တစ်ခု ဖြစ်ချုပ်နေခြင်းသည် စိတ္တနိယာမ သဘောအတိုင်းသာ ဖြစ်ချုပ်နေကြခြင်းဖြစ်၏၊ မည်သူကမျှ ဖန်တီးပြုပြင်၍ မဟုတ်ပေ။

ဤသို့ စိတ်တို့ ဖြစ်ချုပ်နေကြရာ၌ ရှေ့စိတ် ချုပ်သည့်အခါ နောက်စိတ်ဆက်တိုက် ဖြစ်လာ၏။ တနည်းဆိုသော် ရှေ့စိတ်ချုပ်သွား၍သာ နောက်စိတ်ဖြစ်လာခွင့် ရ၏။ ရှေ့စိတ် မချုပ်ပါက နောက်စိတ် မဖြစ်နိုင်ပေ၊ ဤသို့ စဉ်းစားလျှင် ရှေ့စိတ်သည် နောက်စိတ် ဖြစ်လာဖို့အတွက် အကျိုးပြုသွားသည်ဟု ဆိုရသည်။ စကြာမင်း နတ်ရွာစံခြင်းသည် သားကြီး ဥပရာဇာမင်းဖြစ်ဘို့ အခွင့်ပေးသကဲ့သို့ ဖြစ်သည်ဟု ဥပမာပေးထားပေသည်။

လူ့ဘဝတွင် စိတ်တို့သည် နှလုံးသွေးရုပ်ကို အမှီပြု၍ ဖြစ်၏။ လူ့ဘဝတွင်သာမက ရုပ်ရှိသော ဘဝဟူသမျှ၌ စိတ်သည် ရုပ်ကိုမှီ၍သာ ဖြစ်၏။ ရုပ်မရှိ နာမ်သာရှိသော အရူပဗြဟ္မာဆိုသော အလွန်ထူးဆန်းသည့် သတ္တဝါတစ်မျိုးတွင်မူ စိတ်တို့သည် ရုပ်ကို အမှီမပြုဘဲ နာမ်သဘာဝချင်းသာ မှီ၍ ဖြစ်ပေသည်။

စိတ်တို့သည် ဖြစ်၍ချုပ်၍သာ နေကြ၏။ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်းတို့ဖြင့် ချုပ်သွားသည့် ရှေ့ရှေ့စိတ်က ဖြစ်လာသည့် နောက်နောက်စိတ်တို့အား ကျေးဇူးပြု၏၊ သို့သော် ဤအတွက် အလွန်နက်ရှိုင်းသော အခြေခံ

တရပ်ရှိနေ၏၊ ယင်းကား အခြားမဟုတ် "အဝိဇ္ဇာ၊ တဏှာ" ဟူသော ဝဋ်မြစ် (ဝါ) ဘဝ၏ အမြစ်ပေတည်း၊ အဝိဇ္ဇာ၊ တဏှာ ဟူသော ဝဋ်မြစ် မပြတ်သေးသူ တို့၌သာ စိတ်တို့မပြတ် ဖြစ်နေ၏။ တစ်ဘဝ၏ အဆုံးသတ်စုတိစိတ် ဖြစ်ပါသော် လည်း မရပ်မနား ပဋိသန္ဓေ စိတ်သစ် နောက်ဘဝမှာ ဖြစ်ရပြန်၏။

သစ်ပင်တစ်ပင်မှာ အမြစ်မသေလျှင် အရွက်ဟောင်းကြွေသော် လည်း အရွက်သစ် ထွက်လာပြန်သကဲ့သို့ ဘဝဝဋ်မြစ် မသေလျှင် ဤဘဝက စိတ်အရွက်ဟောင်းတွေ ကြွေသော်လည်း နောက်ဘဝ၌ စိတ်ရွက်သစ်များ ထပ် ထွက်မြဲ ဖြစ်ပေသည်။

ဤကဲ့သို့ ဝဋ်မြစ်ကြောင့် စိတ္တနိယာမအတိုင်း စိတ်တွေချုပ်ဖြစ်နေ ကြရာတွင် မြတ်စွာဘုရားက ဤစိတ္တနိယာမ ဖြစ်စဉ်ကိုကြည့်ပြီး အနန္တရပစ္စည်း သမနန္တရပစ္စည်း နှစ်ပစ္စည်းကို ပြုလုပ်တော်မူခြင်း ဖြစ်ပေသည်။

သာမန်လူတို့၌ စိတ်တို့ဆက်ကာဆက်ကာ ဖြစ်နေရာ၌ စိတ်တစ်ခု နှင့် တစ်ခုအကြား (ဝါ) ရှေ့ကချုပ်သောစိတ်နှင့် နောက်ကဖြစ်ပေါ်လာသော စိတ်တို့၏ အကြား၌ အချိန်ကာလ (Time)နှင့် နေရာဒေသ (Space)တို့ခြားနား ခြင်း မရှိချေ၊ ရှေ့စိတ်နှင့် နောက်စိတ်ကြားမှာ ကာလခြားမှု မရှိ၊ နေရာခြားမှု မရှိ၊ ရှေ့စိတ်ချုပ်သည်နှင့် ဆက်တိုက် နောက်စိတ် ဖြစ်လာလေသည်။ ဤ အ ချက်ကို လေးနက်စေရန် "သမနန္တရပစ္စယော" ကို ထပ်ပြီးဟောခြင်းဖြစ်၏။

## ရုပ်ခြားနာမ်ခြား ကိစ္စ

ချွင်းချက်သော်ကား ပဉ္စမဈာန်ကို ရပြီး နာမ်ကို စက်ဆုပ်လှသော ဗြဟ္မာကြီးများနှင့် နေဝသညာနာသညာယတန စကုတ္ထအရူပဈာန်အထိ ရသော အနာဂါမ်၊ ရဟန္တာ အရှင်သူမြတ်တို့ကိုမူကား ကာလခြားမှု၊ ဒေသခြားမှု ရှိနိုင် ပေသည်။ ကာလခြားပြီးမှ ဒေသခြားပြီးမှ စိတ်ဆက်ဖြစ်ရခြင်း ရှိပေသည်။

နာမ်ကိုစက်ဆုပ်လှသော ပဉ္စမဈာန်ရပုဂ္ဂိုလ်သည် သေသောအခါ အသညသတ်ဗြဟ္မာ သွားဖြစ်ရ၏။ အသညသတ်ဗြဟ္မာ ဆိုသည်မှာ စိတ်နာမ် လုံးဝမရှိ၊ ရုပ်သက်သက်သာ ရှိသော ဗြဟ္မာမျိုးတည်း။ ဥပမာ – ဗြဟ္မာရုပ်ထုကဲ့

သို့တည်း။ သူက နာမ်ကို စက်ဆုပ်လှ၍ နာမ်ကိုပယ်နိုင်အောင် တရားအားထုတ်သည့် အတွက် သူ၏ အားထုတ်မှုကြောင့် ယခုလို စိတ်နာမ် မဖြစ်ဘဲ ရုပ်သက်သက် သတ္တဝါမျိုးသာ ဖြစ်ပေသည်။ သူသည် ကမ္ဘာငါးရာတိုင်တိုင် အသက်ရှည်ကြာတည်နေပြီးနောက် ကမ္ဘာငါးရာစေ့သည်နှင့် အသညသတ်ရုပ်ဗြဟ္မာဘဝမှ စုတေ သေလွန်ရလေသည်။

ဤတွင် သူ အသညသတ်ဗြဟ္မာ မဖြစ်မီ ပဉ္စမဈာန်ရပုဂ္ဂိုလ်ဘဝ၌ သေသောအခါ သူ၏ စုတိစိတ်သည် ပဋိသန္ဓေစိတ်သစ် တမျိုးကို ချက်ခြင်း မဖြစ်စေနိုင်ဘဲ ကမ္ဘာငါးရာ ကာလကြာအောင် ပြတ်သွားခဲ့သည်၊ စုတိစိတ်ကား ချုပ်သွား၏၊ တန်းလန်းတော့ စောင့်မနေပါ။ သို့သော် ထို စုတိစိတ်သည် နောင် ပဋိသန္ဓေစိတ်သစ် ဖြစ်နိုင်စေဘို့ အနန္တရ၊ သမနန္တရ သတ္တိစွမ်းအားကို ထားရစ်သည်။ ထို့ကြောင့် ထို အသညသတ် ရုပ်ဗြဟ္မာကြီး သေသောအခါ နောက်ဘဝ၌ ပဋိသန္ဓေစိတ်သစ် ဖြစ်ဖို့အတွက် ကျေးဇူးပြုလိုက်သဖြင့် စိတ်သစ် ဘဝသစ် ဖြစ်ရပြန်သည်။

ပုံစံဖြင့် ဤသို့ ပြရာ၏ –

အရင်ဘဝ --- (အသညသတ်ဗြဟ္မာဘဝ) --- နောက်တတိယဘဝ
(စုတိစိတ်) (ဘဝသစ်ပဋိသန္ဓေစိတ်)

အထက်ပါပုံကိုကြည့်လျှင် အရင်ဘဝက စုတိစိတ်၏ ဘင်ခဏနှင့် နောက်ဘဝသစ်၏ ဥပါဒ်ခဏကြား၌ အသညသတ် ဗြဟ္မာ ကမ္ဘာငါးရာ ကာလ ခြားနေသည်ကို တွေ့နိုင်ပေသည်။ သို့သော် အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း သတ္တိသည် ကာလ (Time) ခြားသော်လည်း အကျိုးပေးနိုင်ပေသည်။

တစ်နည်းဆိုရသော် အနန္တရပစ္စည်း၊ သမနန္တရပစ္စည်းသည် ကြား၌ ရုပ်ခြားသော်လည်း ကျေးဇူးပြုနိုင်သည် ဟူသော အချက်ကို သိရ၏။

ပဉ္စမဈာန်ရ ပုဂ္ဂိုလ်ဘဝ – အသညသတ်ဗြဟ္မာဘဝကို ကျော်ပြီး၊ နောက်ဘဝသစ်ပဋိသန္ဓေစိတ်ကို ဖြစ်စေနိုင်သောကြောင့် ဒေသ (Space) ခြားသော်လည်း ကျေးဇူးပြုနိုင်ကြောင်း သိရပေသည်။

အထူးသတိပြုရန်မှာ အနန္တရ၊ သမနန္တရပစ္စည်းသည် ရုပ်ခြား၍

ကျေးဇူးပြုနိုင်သော်လည်း နာမ်ခြား၍ကား ကျေးဇူးမပြုနိုင်။ ဥပမာ ပထမစိတ် ဒုတိယစိတ် တတိယစိတ် ဟု ရှိရာတွင် ပထမစိတ်သည် ဒုတိယစိတ်ခြား၍ (ဝါ) ဒုတိယစိတ်ကို ကျော်၍ တတိယစိတ်ကို ကျေးဇူးမပြုနိုင်ပေ။

ထို့ပြင် သမာပတ်ရှစ်ပါးကိုရသော အနာဂါမ် ရဟန္တာအရှင်သူမြတ်တို့သည် နိရောဓသမာပတ် ဝင်စားတော်မူသောအခါ စတုတ္ထအရူပဈာန်စိတ် ချုပ်ပြီး ခုနစ်ရက်ပတ်လုံး စိတ်မဲ့ဘဝ နာမ်မဲ့ဘဝဖြင့် နေ၏။ ခုနစ်ရက်ပြည့်သော အခါ အနာဂါမိဖိုလ်စိတ် အရဟတ္တဖိုလ်စိတ် ပြန်ဖြစ်လာ၏။

ဤတွင် စဉ်းစားရန်မှာ စတုတ္ထအရူပစိတ်သည် ခုနစ်ရက် ကာလ (Time) ခြားပြီးမှ ဖိုလ်စိတ်ဖြစ်လာအောင် ကျေးဇူးပြုနိုင်ခြင်း ဖြစ်ပေသည်။

လေးနက်စွာ စဉ်းစားရမည့် အချက်မှာ ရုပ်ကိုစက်ဆုပ်သော ပဥ္စမဈာန်ရပုဂ္ဂိုလ်သည် တဏှာ အထူးနည်းပါးအောင် (ဝါ) နိဝရဏ ကင်းအောင်ပြုလုပ်ထား၏။ နိရောဓသမာပတ်ဝင်စားသော အနာဂါမ်သည်တဏှာကို ပယ်ပြီး အဝိဇ္ဇာကင်းလုလု ဖြစ်၏။ ရဟန္တာမှုကား တဏှာရော အဝိဇ္ဇာပါ ကင်းပြီးဖြစ်၏။

ဤကဲ့သို့ အဝိဇ္ဇာနှင့် တဏှာဝဋ်မြစ်ကို အထူးနည်းပါးအောင် ကင်းရှင်းအောင် ပြုလုပ်နိုင်သော ဈာန်ရပုဂ္ဂိုလ်တို့၏ စိတ္တနိယာမ စိတ်ဖြစ်စဉ်၌ ကာလခြားပြီး ဒေသခြားပြီး ရှေ့စိတ်သည် နောက်စိတ်ကို ကျေးဇူးပြုနိုင်ကြောင်း တွေ့ရ၏။

ကျွန်ုပ်တို့ကဲ့သို့ အဝိဇ္ဇာ၊ တဏှာ ရာနှုန်းပြည့် ရှိနေသူများ၏ စိတ္တနိယာမ စိတ်ဖြစ်စဉ်တွင်မူ ရှေ့စိတ် နောက်စိတ် မပြတ်ဆက်ကာ ဖြစ်ပျက်နေမှုသည် ကာလမခြား၊ ဒေသမခြားပေ၊ ဘဝကူးသော်မှ အတိတ်ဘဝနှင့် နောက်ဘဝ စိတ်ဖြစ်စဉ် ဆက်နေ၏။ ယခုဘဝ စုတိစိတ်ချုပ်သည်နှင့် တဆက်တည်း နောက်ဘဝ ပဋိသန္ဓေစိတ်ပေါ်၏၊ သံသရာခရီး ဆက်၏၊ သံသရာလည်၏။

မဂ္ဂဇင်းတွင် ရေးရသော ဆောင်းပါးဖြစ်နေ၍ ဤမျှဖြင့် ရပ်ပါအံ့၊ သို့သော် စာဖတ်သူသည် ဤအနန္တရပစ္စည်း၊ သမနန္တရပစ္စည်း ရှင်းလင်းချက်ကို စိတ်ပါဝင်စားစွာ အထပ်ထပ် ဖတ်သည် ဆိုပါက –

(၁) စိတ်တို့သည်တစ်ဆက်တည်းမြဲနေသည်ဆိုသော သဿတ ဒိဋ္ဌိ၊

(၂) ဖြစ်ပြီး ပျက်ပြီး ပြီးရော၊ ပြတ်ရော ဆိုသည့် ဥစ္ဆေဒဒိဋ္ဌိ

အလိုလိုကွာသွားပါလိမ့်မည်။

ထိုနှင့် တစ်ဆက်တည်းပင် ဘဝသည်မြဲ၏၊ ဝိညာဉ် (Soul) သည် မြဲ၏။ လူသေသော်လည်း ဝိညာဉ်မသေဟူသော သဿတဝါဒ၊ လူသေလျှင် ပြီးရော၊ နောင်ဘဝမရှိ ဟူသော ဥစ္ဆေဒဝါဒ (ယခုခေတ် ကွန်မြူနစ်ရုပ်ဝါဒ) တို့ကို ဖော်ပြပါ ဗုဒ္ဓအဘိဓမ္မာမှတ်ကျောက်ဖြင့် တိုက်ပြီး အတုအစစ် အမှားအမှန် ခွဲခြား သိမြင်နိုင်ပေလိမ့်မည်၊ ဤသို့ အသိမှန် အမြင်မှန် ရလာလျှင် အပြောမှန် အလုပ်မှန် ပေါ်လာလိမ့်မည်၊ ဤအကျိုးကား (ဝါ) ဤတန်ဖိုးကား အဘယ်မျှ ရှိလေသနည်း။

သို့သော် ဤဆောင်းပါးကား တစ်လလုံးဖတ်ရမည့် စဉ်းစားရမည့် နားလည်အောင် ကြိုးစားရမည့် ဆောင်းပါးပေတည်း။

## တက္ကဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်း – သဟဇာတနှင့် အပြန်အလှန် ကျေးဇူးပြုနိုင်သော အညမည

### သဟဇာတ အဓိပ္ပာယ်

သဟ+ဇာတ၊ သဟ=အတူတကွ၊ ဇာတ=ဖြစ်ခြင်း၊ အတူတကွ ဖြစ်၍ ကျေးဇူးပြုတတ်သော အကြောင်းတရားကို သဟဇာတပစ္စည်းဟု ခေါ်၏။ ဥပမာ ဆီမီးသည် အတူတကွ အလင်းကိုဖြစ်စေလျက် ကျေးဇူးပြုသကဲ့သို့ တကွ ဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်းဟူလို။

မည်သည့်အရာများသည် တကွ ဖြစ်ကြသနည်း၊ မည်သို့ ကျေးဇူးပြုကြသနည်း။

### သဟဇာတ ခြောက်မျိုး

ဤသဟဇာတပစ္စည်း၌ အချက် (၆) ချက်ပါဝင်၏။ ယင်းအချက် ခြောက်ချက်တို့ကား အောက်ပါအတိုင်း ဖြစ်၏။

(က) နာမက္ခန္ဓာလေးပါး (စိတ် ၈၉၊ စေတသိက် ၅၂)

( ခ ) မဟာဘုတ်လေးပါး

( ဂ ) ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်

(ဃ) စိတ် စေတသိက်နှင့် စိတ္တဇရုပ်

( င ) မဟာဘုတ်နှင့် ဥပါဒါရုပ်

( စ ) ရုပ်တရားများနှင့် နာမ်တရားများ

အထက်ပါတို့ကို ရှင်းလင်းစွာ သိရန်မှာ စိတ်နှင့်စေတသိက်ယှဉ်၏။

ထိုစိတ်စေတသိက်တို့သည် အတူတကွ ဖြစ်ကြ၏ (ဝါ) သဟဇာတ ပစ္စည်းဖြင့် အချင်းချင်း ကျေးဇူးပြုကြ၏။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော မဟာဘုတ်ရုပ်ကြီး လေးပါးတို့သည် အချင်းချင်း ယှဉ်တွဲ၍ အတူတကွ ဖြစ်ကြ၏။ သဟဇာတ ဖြစ်ကြ၏။

ဘဝတခုတွင် ပဋိသန္ဓေတည်ခါစ၌ ပဋိသန္ဓေစိတ် စေတသိက်နှင့် ဟဒယဝတ္ထုတို့သည် အတူတကွ ဖြစ်ကြ၏။ (ဝါ) သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြ၏။

မဟာဘုတ် ရုပ်ကြီးလေးပါးနှင့် အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ ဟူသော ဥပါဒါရုပ်၊ စက္ခုပသာဒ၊ သောတပသာဒ စသော ဥပါဒါရုပ်တို့သည် အတူတကွ သဟဇာတ ဖြစ်၏။ တစ်ခါတရံ သဟဇာတ မဖြစ်ပေ။ ပဉ္စဝေါကာရဘုံဟု ခေါ်သော ရုပ်နာမ်သဘာဝ နှစ်မျိုးလုံးရှိသော လူနတ် စသောဘဝ၌ ရုပ်နှင့်နာမ် သဟဇာတ အတူတကွ ဖြစ်၏။ စတုဝေါကာရဘုံဟု ခေါ်သော ရုပ်မရှိ နာမ် သက်သက်သာရှိသော အရူပဗြဟ္မာဘဝမျိုး၌ ရုပ်မရှိသည့်အတွက် ရုပ်နှင့်နာမ် သဟဇာတ ဖြစ်စရာမရှိပေ။

ပထဝီစသော မဟာဘုတ်ရုပ်သည် ဖြစ်သော အကြောင်း အခြေခံ အရစိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇ မဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇ မဟာဘုတ်၊ အသညသတ်ကမ္မဇ မဟာဘုတ်၊ ပဝတ္တိကမ္မဇ မဟာဘုတ် ဟူ၍ အမျိုးမျိုးရှိ၏။ မည်သို့ရှိစေ မဟာဘုတ်ရုပ်ချင်း သဟဇာတ အတူတကွ ဖြစ်ပေသည်။

ဤသဟဇာတ ပစ္စည်း၌ အကြောင်းအကျိုး (ပစ္စည်း – ပစ္စယုပ္ပန်) ဖြစ်ပုံမှာကား ဥပမာ နာမက္ခန္ဓာ လေးပါး ဆိုပါစို့။ ထို နာမ်ခန္ဓာ လေးပါးကား ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတည်း။ ထိုခန္ဓာတို့သည် အတူတကွဖြစ်ကြသည့်အတွက် တစ်ခုကိုပစ္စည်းယူလျှင် ကျန်သော ခန္ဓာက ပစ္စယုပ္ပန် ဖြစ်၏။

ပဋ္ဌာန်းအကောက်ကျမ်းများတွင် ဤကိစ္စနှင့် စပ်လျဉ်း၍ "တပ်

သော” “ထောက်အပ်သော” ဟူသော စကားကိုသုံး၏။ “တပ်သည်” ဆိုသည်ကား ကျေးဇူးပြုသည်၊ အကြောင်းပြုသည် ဆိုသည့်သဘောဖြစ်၏။ “ထောက်အပ်သော” ဆိုသည်ကား ဝေဒနာကို ထောက်လျှင် ကျန်သော သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် အကျိုးပစ္စယုပ္ပန် ဖြစ်သည်ဟု ဆိုလို၏။

ထိုနည်းတူ မဟာဘုတ် ရုပ်လေးပါးတို့တွင် ပထဝီကို ထောက်လျှင် ကျန်သော အာပေါ၊ တေဇော၊ ဝါယော သုံးမျိုးက အကျိုးပစ္စယုပ္ပန်တည်း။ ပထဝီက အကြောင်းပစ္စယ၊ ကျန်သုံးမျိုးက အကျိုးပစ္စယုပ္ပန်ဟူလို။ တဖန် အာပေါကို ထောက်၊ တေဇောကို ထောက်၊ ဝါယောကို ထောက်၍ ပစ္စည်း ပစ္စယုပ္ပန်လှည့်၍ ယူရပေသည်။

ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်လည်း တစ်ခုက ပစ္စည်း ဆိုလျှင် တစ်ခုက ပစ္စယုပ္ပန် ဖြစ်၏။ အတူတကွ ဖြစ်ကြ၏။

စိတ် စေတသိက်တရားနှင့် ရုပ်ထဲက စိတ္တဇရုပ်တို့သည် အတူတကွ သဟဇာတ ဖြစ်၏။ ကမ္မဇရုပ် (ကံကြောင့်ဖြစ်သောရုပ်)၊ ဥတုဇရုပ် (ဥတုကြောင့်ဖြစ်သောရုပ်)၊ အာဟာရဇရုပ် (အာဟာရကြောင့်ဖြစ်သောရုပ်) တို့သည် စိတ် စေတသိက်နှင့် အတူတကွ သဟဇာတ မဖြစ်ပေ၊ တခြားစီ ဖြစ်ပေ၏။

စဉ်းစားကြည့်လျှင် လူ၏ကိုယ်ခန္ဓာ၌ စိတ်နှင့် ရုပ် နှစ်မျိုးရှိရာတွင် ရုပ်တိုင်းသည် စိတ်နှင့် အတူတကွ မဖြစ်၊ စိတ်က ဖြစ်စေသော (စိတ်ကြောင့် ဖြစ်ရသော) စိတ္တဇရုပ်တို့သည်သာ စိတ်နှင့် အတူတကွ ဖြစ်ကြောင်း သိရပေသည်။

## အညမညပစ္စည်း

အညမည ဆိုရာ၌ အည+အည ဟူသော နှစ်ပုဒ်ကို ပေါင်းထား၏။ အညက တပါး၊ တခြား အနက်ထွက်၏။ ဥပမာ ဒုတ်သုံးချောင်း ဆိုပါစို့။ ပထမ ဒုတ်သည် ဒုတိယဒုတ် တတိယဒုတ်နှင့် တပါးတခြား ဖြစ်၏။ ဒုတိယဒုတ်သည် ပထမ၊ တတိယဒုတ်နှင့် တခြား၊ တတိယဒုတ်သည်လည်း ပထမ၊ ဒုတိယဒုတ်နှင့် တခြားစီပင် ဖြစ်သည်။

ဤကဲ့သို့ တခြားစီဖြစ်သော ဒုတ်သုံးချောင်းကို ထောင်ချင်ပြီဆိုလျှင် ထိပ်ချင်းဆိုင်၍ တစ်ခုနှင့်တစ်ခု အားပြုပြီး ထောင်ရ၏။ ထောင်သောအခါ ပထမဒုတ်သည် ဒုတိယ၊ တတိယဒုတ်ကို အားပြုရ၏။ တဖန် ဒုတိယ၊ တတိယ ဒုတ်၏ အားပြုခြင်းကိုလည်း ခံရ၏။ ကိုယ်ကအားလည်း ပြု၏၊ အားပြုလည်း ခံ၏။

ထိုနည်းတူ ဒုတိယဒုတ်၊ တတိယဒုတ်တို့သည်လည်း သူများကိုလည်း အားပြု၏။ သူများက အားပြုသည်ကိုလည်း ခံ၏။

ဤသဘောကို ကြည့်သော် ဒုတ်သုံးချောင်း ထောင်ထားရာ၌ သူတို့သုံးချောင်းသည် အပြန်အလှန်အားပြုနေကြသည် (ဝါ) အချင်းအချင်း အားပြုနေကြသည်ကို တွေ့ရပေသည်။ ဤသို့ အပြန်အလှန် အချင်းချင်း အားပြုသည့် သဘောကား အညမညပေတည်း။ ထို့ကြောင့် ရှေးဆရာတို့က ဤအညမညပစ္စည်းကို ဥပမာပေးရာ၌ တိဒဏ္ဍ (ဒုတ်သုံးချောင်း (ဝါ) သစ်သားသုံးခွ) ကို ဥပမာပေးကြလေသည်။

## အညမည သုံးမျိုး

အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သည့် ပစ္စည်း၊ ပစ္စယုပ္ပန်

ကို ရှာရာတွင် သဟဇာတပစ္စည်း၌ ဖော်ပြခဲ့သော အချက်ခြောက်ချက်တို့တွင် (က)(ခ)(ဂ)ရှေ့ပိုင်းသုံးချက်နှင့် သက်ဆိုင်၏။ နောက်ပိုင်းသုံးချက်နှင့် မသက်ဆိုင်ကြောင်း တွေ့ရ၏။ နာမ်ခန္ဓာ လေးပါး၊ မဟာဘုတ်လေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်ဟူသော သုံးမျိုးသည်သာ တစ်ခုနှင့်တစ်ခု အချင်းချင်း အညမည သဘောဖြင့် ကျေးဇူးပြု၏။ စိတ်စေတသိက်နှင့် စိတ္တဇရုပ်၊ မဟာဘုတ်နှင့် ဥပါဒါရုပ်၊ ရုပ်နှင့် နာမ် ဟူသော နောက်သုံးချက်ကား သဟဇာတ အတူတကွသာ ဖြစ်သည်။ အညမည အပြန်အလှန် မဖြစ်ကြပေ။

တစ်နည်း ပြောရသော် သဟဇာတ ဖြစ်တိုင်း အညမည မဖြစ်၊ အညမည ဖြစ်လျှင်မူ သဟဇာတ ဖြစ်၏။ ဤသို့ ပြောရပေ၏။

ထပ်ဆင့်ရှင်းရသော် စိတ် စေတသိက် နာမက္ခန္ဓာလေးပါးသည် အတူတကွလည်းဖြစ်၏။ အချင်းချင်း အပြန်အလှန်လည်း ကျေးဇူးပြု၏။ မဟာဘုတ် ရုပ်လေးပါးသည် အတူတကွ သဟဇာတလည်း ဖြစ်၏။ အချင်းချင်း အပြန်အလှန်လည်း ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေ စိတ် စေတသိက်နှင့် ဟဒယဝတ္ထုရုပ်သည် အတူတကွလည်းဖြစ်၏။ အချင်းချင်း အပြန်အလှန်လည်း ကျေးဇူးပြု၏။ နာမ်နှင့်ရုပ် အညမညဖြစ်သည်မှာ ဤပဋိသန္ဓေတခဏသာရှိ၏။ ပဋိသန္ဓေခဏ လွန်သွားသော်ကား သေသည်အထိ ရုပ်နှင့် နာမ် အညမည အပြန်အလှန် မမှီကြတော့ပေ။ အတူတကွ သဟဇာတသာ ဖြစ်တော့သည်။

ထိုပြင် စိတ်စေတသိက်ကြောင့် ရုပ်ဖြစ်၏။ ထိုရုပ်ကို စိတ္တဇရုပ်ဟုခေါ်၏။ ထိုစိတ် စေတသိက်နှင့် စိတ္တဇရုပ်သည် အတူတကွ သဟဇာတကား ဖြစ်၏။ သို့သော် အပြန်အလှန် အညမည မဖြစ်ပေ။ ထို့နည်းတူ မဟာဘုတ်ရုပ်နှင့် ဥပါဒါရုပ်တို့သည်လည်း အတူတကွတော့ ဖြစ်၏။ ကျေးဇူးပြု၏။ အပြန်အလှန်ကား ကျေးဇူးမပြုပေ။

ဆိုလိုသည်မှာ ပထဝီ အာပေါ တေဇော ဝါယော မဟာဘုတ်တို့ကြောင့် အဆင်း၊ အနံ့ စသည့် ဥပါဒါရုပ်များ ဖြစ်ပေါ်၏။ ထို မဟာဘုတ်နှင့် ဥပါဒါရုပ်တို့သည် အတူတကွ ဖြစ်ပါ၏။ သို့သော် အဆင်း၊ အနံ့ စသော ဥပါဒါရုပ်တို့သည် ပထဝီ စသော မဟာဘုတ်ရုပ်တို့ ဖြစ်လာအောင် ပြန်ပြီး တစ်လှည့်

ကျေးဇူးမပြုနိုင်ပေ။ ထို့ကြောင့် အညမည အပြန်အလှန် မရပေ၊ အညမညပစ္စည်း မတပ်ပေ။

အထက်ပါတို့ကို သေချာစွာ ဖတ်ရှုလေ့လာပြီး သဟဇာတသဘော နှင့် အညမည သဘောထား ကွာခြားပုံကို ရှင်းလင်းစွာ သိနိုင်ပေပြီ။

ဤအဘိဓမ္မာ သဘောကို လောကဖြစ်ရပ်နှင့် ထင်ဟပ်ကြည့်သင့်၏။ မိသားစု တစ်စုနေကြခြင်းသည် သဟဇာတပေတည်း။ အတူတကွ ဖြစ်၏။ သို့သော် အညမည ဖြစ်ကြပါ၏လော၊ မိဘက သားသမီးကို ရှာဖွေ ကျွေးမွေး၏။ သားသမီးက မိဘကိုတဖန်ပြန်ပြီး ရှာဖွေကျွေးမွေးပါ၏လော။ မိဘက သားသမီး ကို ပြုစု၏။ သားသမီးက မိဘကို ပြန်ပြီး ပြုစုပါ၏လော။ မယားက လင်ကို ကြင်နာယုယပြုစု၏။ လင်က မယားကို ပြန်ပြီး ပြုစုပါ၏လော။ မိတ်ဆွေ အပေါင်း အသင်းတွင်လည်း သူ့ကို ကိုယ်က ကူသလို၊ သူကကိုယ့်ကို ပြန်ပြီး ကူညီပါ၏ လော။

အပြန်အလှန်ရလျှင် အညမည၊ အပြန်အလှန် မရလျှင် သဟဇာတ ကည်း။ သဟဇာတ မိသားစုလော၊ အညမည မိသားစုလော။ သဟဇာတ လင် မယားလော၊ အညမည လင်မယားလော။ သဟဇာတ အပေါင်းအသင်းလော၊ အညမည အပေါင်းအသင်းလော။ ကိုယ့်မိသားစု ကိုယ့်အိမ်ထောင်ရေး၊ ကိုယ့် အပေါင်းအသင်းကို စစ်ဆေးနိုင်၏။

ဗုဒ္ဓအဘိဓမ္မာကို သုံးတတ်လျှင် နေ့စဉ်ဘဝမှစ၍ နိဗ္ဗာန်ရအောင် အသုံးချ၍ ရပေသတည်း။

## နိဿယပစ္စယော = တည်ရာမှီရာအဖြစ် ကျေးဇူးပြုသော အကြောင်းတရား

## နိဿယအဓိပ္ပာယ်

"နိဿယ" ဟူသော ပါဠိပုဒ်၏ အနက်ကို သာမန်အားဖြင့် "တည်ရာ" ဟူ၍ အသိများကြ၏။ သို့သော် ပဋ္ဌာန်းပစ္စည်းဖြစ်သော "နိဿယ" သဘောမှာ (က) တည်ရာ (ခ) မှီရာ ဟူ၍ အနက်အဓိပ္ပာယ်နှစ်မျိုးကို ဆောင်၏။ "တည်ရာ" နှင့် "မှီရာ" ကို ခွဲပြရာ၌ မြေကြီးနှင့် သစ်ပင် ဥပမာ၊ ပုဆိုးနှင့် ဆေး ဥပမာတို့ကို ကျမ်းဂန်များ၌ ဖော်ပြရှင်းလင်းထား၏။

မြေကြီးပေါ်၌ သစ်ပင်များ ပေါက်နေ၏။ ဤအချက်ကို ဘယ်လိုလဲဟု လူသာမန်တို့ မစဉ်းစားမိကြ။ အဘိဓမ္မာ သဘောကမူ မြေကြီးသည် သစ်ပင်၏ တည်ရာ၊ သစ်ပင်သည် မြေကြီးပေါ်၌ တည်သော ပစ္စည်း၊ ထို့ကြောင့် သစ်ပင်တည်နိုင်ဖို့အတွက် မြေကြီးက သစ်ပင်အား ကျေးဇူးပြုနေသည်ဟု မြင်၏။ မြေကြီးသည် သစ်ပင်အား တည်ရာအဖြစ်ဖြင့် ကျေးဇူးပြု၏။ (ဝါ) တည်နေနိုင်အောင် အကျိုးပြု၏။ "တည်ရာ" ဟူသော အနက်သည် ပါဠိလို "နိဿယ" ဖြစ်သည့်အတွက် နိဿယသတ္တိဖြင့် အကျိုးပြုသည်။ (ဝါ) နိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ပေါ်လာပေသည်။

ပုဆိုးနှင့် ပုဆိုးပေါ်တွင် စွဲထင်သော ဆေး (ဝါ) အရောင်တို့ကို စဉ်းစားရာ၏။ ပုဆိုးအဆင်ဆန်း အကွက်ဆန်းများကို ဆေးဖြင့် ဖော်ရ၏။ ဤသို့ အကွက်ဆန်းများကိုဖော်ရာတွင် ဆေးသည် ပုဆိုးသားကို အမှီပြုရ၏။ ပုဆိုးသားကို အမှီပြု၍သာ အရောင်အကွက်များ အဆင်များကို ဖော်၍ရပေ၏ ပုဆိုး မရှိဘဲ ဆေးချည်းသက်သက် အရောင်အသွေး အဆင်အကွက် ဖော်၍ မရပေ။ ထို့ကြောင့် ဆေးအားမှီရာအဖြစ်ဖြင့် ကျေးဇူးပြုပေသည်။ ဤမှီရာသဘောကိုလည်း

"နိဿယ" ဟူသော ပါဠိကဟော၏။ ထို့ကြောင့် ပုဆိုးသည် ဆေးအား နိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုကြောင်း သိရပေသည်။

အထက်ပါ ရှင်းလင်းချက်ကို လေးနက်စွာ စဉ်းစားပြီး "တည်ရာ" နှင့် "မှီရာ" သိမ်မွေ့သော ကွာခြားချက်ကို မှတ်သားနိုင်၏။ မိမိတို့ နေ့စဉ်ဘဝ ဖြစ်ရပ်များတွင်လည်း ဘယ်ဟာက တည်ရာ၊ ဘယ်အရာက မှီရာဟု ချင့်ချိန်နိုင် မည်ဖြစ်ပေသည်။

## နိဿယနှစ်မျိုး

အဘိဓမ္မာပညာရပ်သည်ကား "နိဿယ" ဖြစ်မှုကို ထပ်ဆင့် သုံး သပ်ပြန်သည်။ ဤသို့ သုံးသပ်သောအခါ (က) အတူတကွ တပြိုင်နက်ဖြစ်ပြီး တည်ရာမှီရာ ဖြစ်သည်က တစ်မျိုး၊ (ခ) ရှေး၌ ကြိုတင်ဖြစ်နှင့်ပြီး ထိုကြိုတင်ဖြစ် နှင့်သောအရာက တည်ရာမှီရာဖြစ်သည်က တစ်မျိုး၊ ဤသို့ နှစ်မျိုးတွေ့လာ၏။ "အတူတကွ ဖြစ်သည်" ကို "သဟဇာတ" ဟုခေါ်၏။ ရှေ့၌ "ကြိုတင်ဖြစ်နှင့် သည်" ကို "ပုရေဇာတ" ဟုခေါ်၏။ ဤသရုပ်ခွဲချက်အရ "နိဿယ" သည် (က) သဟဇာတနိဿယ (ခ) ပုရေဇာတနိဿယ ဟုနှစ်မျိုးရှိကြောင်း သိရပေ သည်။

အတူတကွလည်းဖြစ် တည်ရာမှီရာလည်းဖြစ်သော သဟဇာတ နိဿယအကြောင်း အရင်ပြောပါအံ့။ ဤပစ္စည်းသည် ယခင်ဖော်ပြခဲ့သော သဟဇာတပစ္စည်းနှင့် သဘောတူ၏။

အကျိုးပြုသော ပစ္စည်းပိုင်းတွင် (က) စိတ် ၈၉၊ စေတသိက် ၅၂၊
မဟာဘုတ်ရုပ် ၄ ပါး၊ ဥပါဒါရုပ် ၂၄ ပါး၊
(အထူးသဖြင့် ဟဒယဝတ္ထုရုပ်ပါ) ပါဝင်
၏။

အကျိုးပြုခံသော ပစ္စယုပ္ပန်ပိုင်းတွင် (ခ) စိတ် ၈၉၊ စေတသိက်
၅၂၊ မဟာဘုတ် ဥပါဒါရုပ် (အထူးသဖြင့်
ဟဒယဝတ္ထု) ပါဝင်၏။

ဤတွင် စိတ်နှင့် စေတသိက်တို့သည် နာမ်ဖြစ်၏။ နာမ်ခန္ဓာများဖြစ်၏။ ပဋ္ဌာန်းပညာရပ် အခေါ်အားဖြင့် "နာမက္ခန္ဓာ" ဟုခေါ်သည်။ ထိုစိတ်စေတသိက်တို့သည် အတူတကွလည်း ဖြစ်၏။ အတူတကွ ဖြစ်ကြ၍ "သဟဇာတ"၊ ဤသို့ အတူတကွ ဖြစ်ရာ၌ အချင်းချင်းလည်း အမှီပြုကြရ၏။ အမှီပြုကြရ၍ "နိဿယ" ။

အချင်းချင်း အပြန်အလှန် အမှီပြုပြီး ဖြစ်ကြသည်ကို စဉ်းစားလျှင် ကိုယ်က အမှီခံပြီး သူတပါးအား အကျိုးပြု၍ ပစ္စည်းဖြစ်၏။ ကိုယ်က သူတပါးကို ပြန်မှီရ၍ သူတပါး၏ အကျိုးပြုခြင်းကို ခံယူရသောကြောင့် ပစ္စယုပ္ပန်ဖြစ်၏။ ဤသို့အားဖြင့် စိတ် စေတသိက်တို့သည် သဟဇာတနိဿယ၏ (က) ပစ္စည်း (ခ) ပစ္စယုပ္ပန် နှစ်မျိုးလုံး ဖြစ်ကြ၏။ သစ်သားသုံးချောင်းကို ထိပ်တိုက် ထောက်ထားရာတွင် တစ်ချောင်းနှင့်တစ်ချောင်း အပြန်အလှန်အားပြုရသည့် သဘောကို စဉ်းစားလျှင် အတူတကွလည်းဖြစ်၊ မှီလည်းမှီကြ၊ အပြန်အလှန်လည်း ဖြစ်ကြပုံကို သဘောပေါက်ရပါ၏။

မဟာဘုတ်ရုပ်ကြီး လေးပါးလည်း အချင်းချင်း အတူတကွ အပြန်အလှန်လည်း ဖြစ်ကြ၏။ ထို့ကြောင့် တစ်ခုက ပစ္စည်းဆိုလျှင် ကျန်သုံးခုက ပစ္စယုပ္ပန်၊ နှစ်ခုက ပစ္စည်းဆိုလျှင် ကျန်နှစ်ခုက ပစ္စယုပ္ပန်၊ သုံးခုက ပစ္စည်းဆိုလျှင် တစ်ခုက ပစ္စယုပ္ပန် ဖြစ်၏။

အထူးမှာ ရုပ်နှင့် နာမ် နှစ်မျိုးလုံးရှိသော မိမိတို့ လူသားများကဲ့သို့ သတ္တဝါများ ပဋိသန္ဓေနေခါစ စိတ်ခဏကလေး တစ်ခု၌ ပဋိသန္ဓေစိတ်နှင့် ယှဉ်ဘက်စေတသိက် (ယင်းကိုပဋိသန္ဓေနာမက္ခန္ဓာ ဟုခေါ်၏) နှင့် ဟဒယဝတ္ထုရုပ် (ကလလရေကြည်) တို့သည် အတူတကွလည်းဖြစ်၊ အချင်းချင်း အပြန်အလှန်လည်းဖြစ်၏။

ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုရုပ်ကို မှီ၍ အတူတကွ ဖြစ်ခိုက်၌ ဟဒယဝတ္ထုရုပ်က အမှီခံအနေဖြင့် အကျိုးပြု၍ ပစ္စည်းဖြစ်၏။ ပဋိသန္ဓေနာမက္ခန္ဓာသည် ပစ္စယုပ္ပန်ဖြစ်၏။ တဖန် ဟဒယဝတ္ထုရုပ်က ပဋိသန္ဓေနာမက္ခန္ဓာကိုမှီ၍ တကွဖြစ်ရာ၌လည်း ထိုနည်းအတူ ဟဒယဝတ္ထုရုပ်သည် ပစ္စယုပ္ပန် နာမက္ခန္ဓာကပစ္စည်းဖြစ်၏။

အထူးသဖြင့်မိမိတို့၏ကိုယ်ခန္ဓာကိုဆင်ခြင်ကြည့်ပါ၊ အတွင်းစိတ်ကြောင့် အပြင်၌ ရုပ်ကလေးတွေ ဖြစ်နေ၏။ ဥပမာ ဒေါသဖြစ်လျှင် ဒေါသရုပ် (ခက်ထန်သောရုပ်) ဖြစ်၏။ ဤသို့ အတွင်းစိတ်ကြောင့် ဖြစ်လာသော ရုပ်ကို စိတ္တဇရုပ်ဟု ခေါ်၏။ စိတ္တဇရုပ် အမျိုးအမယ် (၁၅) မျိုးမျှ ရှိ၏။ ထိုစိတ်နှင့် ထိုရုပ်သည် အတူတကွလည်း ဖြစ်၏။ မှီလည်း အမှီပြုကြ၏။ (ဝါ) တစ်ခုနှင့်တစ်ခု အမှီပြုပြီး ဖြစ်ကြ၏။

ထို့ပြင် မိမိတို့ကိုယ်၌ အစားအစာစား၍ ရုပ်ဖြစ်၏။ အာဟာရဇရုပ်ဟု ခေါ်၏။ အာဟာရဇရုပ်ပေါင်း (၁၂) မျိုးမျှရှိ၏။ ပူမှု အေးမှု ရာသီဥတုကြောင့် မိမိတို့ကိုယ်၌ ရုပ်ဖြစ်၏။ ဥတုဇရုပ်ဟု ခေါ်၏။ ဥတုဇရုပ် အမျိုးအမယ်ပေါင်း (၁၃) မျိုးမျှရှိ၏။ ထို အာဟာရရုပ်၊ ဥတုရုပ်တို့၌ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ် ဟူသော မဟာဘုတ်ဓာတ်ကြီး လေးမျိုးလည်းပါ၏။ ထိုဓာတ်သားကြီး လေးမျိုးကို မှီ၍ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ စသော ရုပ်တို့လည်း ဖြစ်၏။ ထိုရုပ်များ အနက် ဓာတ်ကြီးလေးပါးသည် အတူလည်းဖြစ်၊ အချင်းချင်းလည်း မှီကြ၏။ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ စသော ရုပ် ဥပါဒါရုပ်တို့သည် သူ့ကိုက ဓာတ်သားကြီး လေးမျိုးကိုမှီလည်းမှီ၏။ အတူလည်းဖြစ်၏။ ထို့ကြောင့် သဟဇာတ နိဿယ သဘောဆောင်ပေသည်။

ဗုဒ္ဓအဘိဓမ္မာသည် လူ့အဘိဓမ္မာမျှသာမက (၃၁) ဘုံလုံး လွှမ်းခြုံသော ပညာရပ်ဖြစ်၍ နတ်၊ ဗြဟ္မာ အကြောင်းများပါ ပါဝင်၏။ အသညသတ်ဗြဟ္မာကို၏ ရုပ်ဖြစ်ပုံကိုလည်း လွှမ်းခြုံပြောပြထား၏။ သို့သော် လူ့ကိုယ်ခန္ဓာမှု ကဏ္ဍအပိုင်းကွင်ပင် နက်နဲလွန်းနေပြီဖြစ်၍ နတ်ဗြဟ္မာပိုင်းကို အကျယ်မဖော်ပြပါပြီ။

တည်တံ့သော သမာဓိစိတ်ဖြင့် လေ့လာရန် လိုပါမည်။

## နိဿယပစ္စည်း– နာမ်အား ကျေးဇူးပြုသော ရုပ်အကြောင်းတရား

နိဿယပစ္စည်းသည် (က) သဟဇာတ နိဿယပစ္စည်း (အတူလည်းဖြစ်မှီရာလည်း ဖြစ်ပြီး ကျေးဇူးပြုသည့် သဘော)၊ (ခ) ပုရေဇာတနိဿယပစ္စည်း (ရှေး၌ ဖြစ်နှင့်သော ရုပ်က နာမ်အား ကျေးဇူးပြုသည့် သဘော) ဟူ၍ နှစ်

မျိုးရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ ထိုနှစ်မျိုးတွင် ယခုဆက်လက်၍ "ပုရေဇာတ နိဿယ" အကြောင်းကို ဖော်ပြပါအံ့။

## ရှေ့ဖြစ်နိဿယသဘော

"ပုရေ" ဆိုတာ "ရှေ့၊ အရင်၊ ကြိုတင်၍" ဟူသော အနက်သဘော ရှိ၏။ "ဇာတ" သည် "ဖြစ်ခြင်း" အနက်၊ "နိဿယ" ကား "တည်ရာ၊ မှီရာ"၊ ထို့ကြောင့် ရှေ့၌ ဖြစ်နှင့်ပြီး တည်ရာမှီရာ အနေဖြင့် ကျေးဇူးပြုခြင်းသည် "ပုရေ ဇာတနိဿယ" တည်း။

ဤတွင် မိမိကိုယ်ခန္ဓာမှာ ရှိသော ရုပ်ပိုင်းကို ပြန်စဉ်းစားရမည်။ မျက်စိထဲ၌ မျက်ကြည်ရုပ် (စက္ခုဝတ္ထု)၊ နားထဲ၌ နားကြည်ရုပ် (သောတဝတ္ထု)၊ နှာခေါင်းထဲ၌ နှာကြည်ရုပ် (ဃာနဝတ္ထု)၊ လျှာအလယ်၌ လျှာကြည်ရုပ် (ဇိဝှာ ဝတ္ထု)၊ တစ်ကိုယ်လုံး၌ ကိုယ်အကြည်ရုပ် (ကာယဝတ္ထု) ဟူ၍ ဝတ္ထုရုပ် (၅) မျိုး နှင့် ရင်ချိုင့်တွင်း နှလုံးသား နှလုံးအိမ်ထဲက နှလုံးသွေးကြည်ရုပ်၌ ဖြစ်သော နှလုံးအကြည်ရုပ် (ဟဒယဝတ္ထု) တို့ကို ဤနေရာတွင် ဖော်ထုတ်ရှုမြင်ရပေမည်။

ယခင်က သိခဲ့ပြီးဖြစ်သော အဘိဓမ္မာ အသိတစ်ရပ်မှာ နာမ်နှင့် ရုပ် (ဝါ) စိတ်၊ စေတသိက်နှင့် ရုပ်သည် ဖြစ်ပျက်မှု၊ လျင်မြန်ပုံခြင်း မတူ၊ နာမ်က အဖြစ်အချုပ် မြန်၏။ ရုပ်ကနှေး၏ဟု သိခဲ့၏။ စိတ်သက် တစ်ချက်၊ တစ်ချက် ပေါင်း (၁၇) ချက်ရှိမှ ရုပ်သက်က တစ်ချက်ရှိ၏။ ရုပ်သည် ဌီခဏ၌ ကြာ၏။ (ဝါ) ဖြစ်ပြီး တော်တော်နှင့်မချုပ်၊ စိတ်က ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက် ကာလ တူ၏။ ရုပ်က ဥပါဒ်နှင့် ဘင်သာ ကာလတူ၏။ ဌီကာလမှုကား ကြာရှည်၏။ ရုပ် သက်သည် စိတ်သက်ထက် (၁၇) ဆခန့်ပို၍ ရှည်ကြာသည်ဟု သတိပြုရာ၏။

ထို့ကြောင့် စိတ်နှင့်ရုပ်အတူဖြစ်လျှင် စိတ်ချုပ်သွားသော်လည်း ရုပ်က မချုပ်သေး။ စိတ်သက်ပေါင်း (၁၇) အချိန်စေ့မှ (ဝါ) နောက်ထပ် စိတ် သက် (၁၆) ခါဖြစ်ပြီးမှ ရုပ်ကချုပ်၏။

မျက်စိထဲ၌ မျက်ကြည်ရုပ် ဖြစ်ရာတွင် ထိုမျက်ကြည်ရုပ်ကို အမှီ ပြု၍ စက္ခုဝိညာဉ် (မြင်သိစိတ်) ကလေး ဖြစ်ရကြောင်း ယခင် သင်္ဂြိုဟ် အခန်း

တုန်းက သိခဲ့ရ၏။

ပြန်စဉ်းစားကြည့်ပါ။ ပန်းတစ်ပွင့်ကို မြင်ရာ၌ စက္ခုပသာဒဆိုတဲ့ မျက်ကြည်ရုပ် ရှိရမည်။ (ပသာဒပျက်မနေရဘူး) အလင်းရောင် ရှိရမည်၊ နှလုံးသွင်းမှု (ဝါ) ပန်း ဟူသော ရူပါရုံကို သတိပြုမှု အာရုံစိုက်မှု ရှိရမည်။ ဤသို့ ရူပါရုံရယ်၊ မျက်ကြည်ရယ် (စက္ခုပသာဒ) ရယ်၊ အာလောက အလင်းရယ်၊ မနသိကာရ နှလုံးသွင်းရယ်၊ ဤအင်္ဂါလေးရပ် ပြည့်စုံမှ မြင်တယ်ဆိုတဲ့ စက္ခုဝိညာဉ် စိတ်ဖြစ်ကြောင်း သဂြိုဟ်အဘိဓမ္မာတုန်းက ရေးခဲ့ပါပြီ။

ယခု ပဋ္ဌာန်းကျတော့ ဤအဘိဓမ္မာသဘောအပေါ်မှာ အခြေခံပြီး အကြောင်းအကျိုးဖြစ်ပုံ၊ ဆက်သွယ်ပုံကို ပြောလာပါသည်။ တင်ဆင့်မြင့်လာပါသည်။ ဥပမာ အကြမ်းအားဖြင့် ပြောရလျှင် တိုက်ဆောက်ရာ၌ အခြေခံအုတ်အကြမ်းစီပြီးနောက် အချောကိုင်လာသည့် သဘောဖြစ်ပါ၏။

မျက်စိထဲ၌ စက္ခုပသာဒကို မှီပြီး စက္ခုဝိညာဉ် ဖြစ်ရာတွင် စက္ခုပသာဒသည် စက္ခုဝိညာဉ်စိတ်ကလေး၏ တည်ရာမှီရာဖြစ်၍ “ဝတ္ထု” ဟု တစ်မျိုးခေါ်လာ၏။ စက္ခုပသာဒအစား စက္ခုဝတ္ထုဟု ခေါ်လာ၏။ ယင်း စက္ခုဝတ္ထုသည် ရုပ်ဖြစ်၍ ခဏငယ် (၁၇) ချက် အသက်ရှည်၏။ ဌီကာလ (တည်နေတဲ့ကာလ) က ခဏငယ် (၁၅) ချက် ဖြစ်၏။ ထို့ကြောင့် သူ့ကို အမှီပြု၍ ဖြစ်လာတဲ့ စက္ခုဝိညာဉ်စိတ်၏ အရင်ဖြစ်နှင့်နေ၏။ ဖြစ်နှင့်နေတဲ့ စက္ခုဝတ္ထုကို မှီပြီးမှ စက္ခုဝိညာဉ်ကလေးက ဖြစ်လာရသည် မဟုတ်လော။ (ဝါ) ဖြစ်နှင့်နေသော ရုပ်ကို မှီပြီးမှ နာမ်က ဖြစ်လာ၏။ ဥပမာ ဖျာခင်းပြီးမှ လူကလာထိုင်သည့် သဘော၊ ဖျာက အရင်လဲ ခင်းထားနှင့်တယ်၊ ထိုင်တဲ့လူရဲ့ တည်ရာလည်း ဖြစ်တယ်။ ထို့ကြောင့် ပါဠိလို ပြောတော့ ဝတ္ထုပုရေဇာတနိဿယ (ရှေ့၌ ဖြစ်တဲ့မှီရာ) ဟု ခေါ်၏။

## နိဿယနှင့် ဝီထိသဘော

စိတ်ဖြစ်စဉ် (ဝီထိ) သဘောနှင့် ကြည့်ပါဦး၊ မိမိမျက်စိနှင့် ပန်းတစ်ပွင့်နှင့် ဆိုင်မိတဲ့အခါ (ဝါ) ပန်းပွင့် မိမိမျက်စိရှေ့ရောက်လာတဲ့အခါ –

– ဘဝင်စိတ်သုံးချက် ဖြစ်ချုပ်သွား၏၊

– ဘာလဲဟု ဆင်ခြင်သည့် သဘော (အာဝဇ္ဇန်းစိတ်) ဖြစ်၏၊

– နောက်မှ စက္ခုဝိညာဉ် (အမြင်သဘော) လေး ဖြစ်လာ၏၊

ဤတွင် ပထမဦးဆုံး ဘဝင်စိတ် ဖြစ်တုန်းက အတူတူ စတင်ဥပါဒ် ဖြစ်ပေါ်ခဲ့တဲ့ စက္ခုဝတ္ထုရုပ် (မျက်ကြည်ရုပ်) သည် ဘဝင် ၃ ချက်၊ အာဝဇ္ဇန်းစိတ် တစ်ချက်၊ စိတ်လေးချက် ဖြစ်ချုပ်သွားပေမဲ့ သူ (စက္ခုဝတ္ထု) ရုပ်က မချုပ်သေးဘူး။ ဌီခဏ (တည်နေတဲခဏ) ဘဲ ရှိသေးတယ်၊ အာဝဇ္ဇန်းစိတ်ချုပ်ပြီး ဆက်ဖြစ်လာတဲ့ စက္ခုဝိညာဉ်စိတ်သည် မိမိအရင်ဖြစ်နှင့်နေသော (စက္ခုဝတ္ထု) ရုပ် (မျက်ကြည်ရုပ်) ကို အမှီပြုပြီး ဖြစ်လာရသည်။

ဤဖြစ်စဉ်အရ စက္ခုဝတ္ထုရုပ်သည် စက္ခုဝိညာဉ်စိတ်၏ ရှေ့က ကြိုတင်ပြီး ဖြစ်နှင့်သည်။ ဌီကာလ၌ ရှိလည်းရှိနေသည်။ စက္ခုဝိညာဉ်စိတ်ကလေးက သူ့ကိုမှီ၍ ဖြစ်ရသည်။ တစ်နည်း စဉ်းစားလျှင် စက္ခုဝတ္ထုရုပ် (စက္ခုပသာဒရုပ်) သည် စက္ခုဝိညာဉ်စိတ်ကလေး သူ့ကိုမှီပြီး ဖြစ်လာနိုင်ဖို့အတွက် ကြိုတင်ပြီး ဖြစ်နေနှင့်ရသည်ဟု နားလည်ရာ၏။ အကယ်၍ မျက်စိကန်းနေ၍ စက္ခုပသာဒရုပ် (စက္ခုဝတ္ထုရုပ်) မရှိလျှင် စက္ခုဝိညာဉ်စိတ် ဖြစ်မလာနိုင်။ မဖြစ်နိုင်သည် မဟုတ်လော။

မျက်စိကောင်းသော သူအဘို့ မျက်စိထဲမှာ စက္ခုပသာဒရုပ် (စက္ခုဝတ္ထုရုပ်)တွေ မပြတ်ဖြစ်နေခြင်း၊ မြင်စရာအာရုံနှင့် ဆုံမိသောအခါ စက္ခုဝိညာဉ်စိတ်ကလေးဖြစ်ပေါ်လာပြီး မြင်တယ်ဆိုတာ ဖြစ်နေခြင်းတို့သည် စက်ယန္တရား တစ်ခုမှ စက်အစိတ်အပိုင်းတို့ သူ့အလုပ်သူလုပ်ပြီး လည်ပတ်နေသကဲ့သို့ ရုပ်နာမ်ယန္တရားကြီး လည်ပတ်နေခြင်းသာ ဖြစ်၏။ မြင်တယ်ဆိုရာ၌ ဒီလိုဖြစ်နေတာပါကလားဟု မြတ်စွာဘုရား အဘိဓမ္မာပဋ္ဌာန်းတရားကို မဟောခင်က မည်သူမျှ မသိခဲ့ကြချေ။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ အဘိဓမ္မာ သဘာဝများကိုစိစစ်ဖော်ထုတ် သုံးသပ်တော်မူသောအခါ ပဋ္ဌာန်းနည်းဖြင့် (ဝါ) အကြောင်းအကျိုး ဆက်သွယ်ဖြစ်ပျက်ပုံနည်းဖွင့် ကြည့်တော်မူရာတွင်မှ စက္ခု

ပဿာဒ (စက္ခုဝတ္ထု) က အရင်ဖြစ်နှင့်တယ်။ ဒီရုပ်ကိုမှီပြီး စက္ခုဝိညာဉ်စိတ်က နောက်မှ ဖြစ်လာတယ်။ ဒါကြောင့် စက္ခုဝတ္ထုဟာ ရှေ့ကဖြစ်နှင့်ပြီး တည်ရာ မှီရာ အနေအားဖြင့် စက္ခုဝိညာဉ်စိတ်ကလေး ဖြစ်လာဖို့ ကျေးဇူးပြုတယ်။ စက္ခု ဝတ္ထုရုပ်က အကြောင်းပစ္စယ၊ စက္ခုဝိညာဉ်စိတ်က အကျိုးပစ္စယုပ္ပန်ဟု တိုက်ဆိုင် စိစစ် ဖော်ထုတ် ဟောကြားတော်မူခဲ့ပေသည်။ ဤသည်ကို ပါဠိဝေါဟာရဖြင့် ပြောသောအခါ စက္ခုဝတ္ထုရုပ်က ဝိညာဉ်စိတ်အား ဝတ္ထုပုရေဇာတနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြောရပေတော့သည်။

ကျန်သော သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထုတို့ လည်း ဤနည်းတူပင် ဖြစ်သည်။ ဟဒယဝတ္ထုနှင့် မနောဝိညာဉ် အတွဲ၌လည်း ဟဒယဝတ္ထုရုပ်က ရှေ့ကဖြစ်နှင့်ခြင်း၊ အမှီခံခြင်း သဘောဖြင့် မနောဝိညာဉ် အား ကျေးဇူးပြုပေသည်။

## ဝတ္ထုရုပ်များကို အနုစိတ်ပြခြင်း

ထို့ပြင် ပဋ္ဌာန်းကျမ်းရင်း၌ ဝတ္ထုရုပ်များကို ယခုထက် အသေးစိတ် ပြီးပြသေး၏။ ဥပမာ စက္ခုဝတ္ထုရုပ် အမြောက်အများ ရှိရာတွင် အသက်အားဖြင့် နုံနုံ၊ မနုံနုံ၊ အလယ်အလတ်ဟု သုံးမျိုးခွဲပြီး အလယ်အလတ် အသက်ရှိသော (မဇ္ဈိမာယုက ဖြစ်သော) စက္ခုဝတ္ထုရုပ်ဟု တိတိကျကျ ဖော်ပြ၏။

ဟဒယဝတ္ထုရုပ် အမြောက်အများတွင်လည်း –

(၁) ပဋိသန္ဓေစိတ်စသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

(၂) ရဟန္တာနှင့် အနာဂါမ်ပုဂ္ဂိုလ်တို့ နိရောဓသမာပတ် ဝင်စားပြီး နိရောဓသမာပတ်မှ ထသောအခါ ရှေ့စိတ္တက္ခဏ တစ်ချက်ခန့်၌ ဖြစ်သော ဟဒယဝတ္ထု၊

(၃) သေခါနီးသတ္တဝါ၏ စုတိစိတ်မှ နောက်ပြန်ရေတွက်သော ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊

ဟူ၍ဟဒယဝတ္ထုကိုအမျိုးမျိုး ခွဲပြတော်မူ၏။ ထိုဟဒယဝတ္ထုအသီးသီးက သက်ဆိုင်ရာ မနောဝိညာဉ်အား ကျေးဇူးပြုကြောင်း ဟောကြားထား၏။

တစ်ဖန်ထပ်၍ အနုစိတ်ကို ဤသို့ ဟောကြားပြန်၏။ သေခါနီး၌ စုတိစိတ်(သေစိတ်)မှ နောက်ပြန်ရေတွက်(၁၇) ချက်စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်က သက်ဆိုင်ရာစိတ်တို့အား ကျေးဇူးပြုရာ၌ ထိုစိတ်တို့က ပြန်လည်အာရုံပြုသည့် သဘောလည်း ပါလာသည့်အတွက် ဝတ္ထု + အာရုံ + မိုရာ ဟူသော သဘောအရ "ဝတ္ထာရမ္မဏပုရေဇာတ နိဿယ" ဟု ရှည်လျားစွာ အမည်ပြုရပြန်သည်။

ဤ ပုရေဇာတ နိဿယ ပစ္စည်းတွင် ကျေးဇူးပြုသော ပစ္စည်းပိုင်း၌ ဆ ဝတ္ထု (ဝါ) ဝတ္ထုရုပ်ခြောက်ပါးသည် ပစ္စည်းတည်း။ ဤဝတ္ထုရုပ် ခြောက်ပါးကိုမှ စည်းကမ်းသစ်များဖြင့် အမျိုးမျိုး ခွဲခြားပြတော်မူ၏။

## အကျိုးပိုင်း၏ လေးနက်မှု

ကျေးဇူးပြုခံရသော ပစ္စယုပ္ပန်ပိုင်း အကျိုးပိုင်းတွင်မူ အတော်ကြီးကျယ်ပြန့်လေးနက်လှစွာ ခွဲခြားပြရပေသည်။ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါဟု အခါကာလကို ခွဲရသည်ကတစ်ချက်၊ စတုဝေါကာရဘုံ၊ ပဉ္စဝေါကာရဘုံဟု ဘုံကိုခွဲခြားရသည်က တစ်ချက်၊ လောကီ လောကုတ္တရာ ခွဲရသည်က တစ်ချက်၊ အထူးပင် နက်နဲလှ၏။ စတုဝေါကာရဆိုသည်မှာ ခန္ဓာလေးပါးသာ ရှိသော အရူပ ဗြဟ္မာဘုံ ဖြစ်၏။ ပဉ္စဝေါကာရ ဆိုသည်မှာ ခန္ဓာငါးပါးလုံးရှိသော တိရစ္ဆာန် လူ နတ် ဗြဟ္မာ စသည်ဖြစ်၏။ (အသညသတ် ဗြဟ္မာမှာမူ ရုပ်တစ်ခုတည်းရှိ၍ ဧကဝေါဟာရတည်း) တစ်ဖန် စိတ်ကိုလည်း ကြည့်ရပြန်၏။ တချို့စိတ်က စတုဝေါကာရဘုံ (အရူပဗြဟ္မာဘုံ) ၌သာ ဖြစ်၏။ တချို့စိတ်က စတုဝေါကာရ၊ ပဉ္စဝေါကာရ အားလုံး နှံ့စပ်ဖြစ်၏။

ထို့ကြောင့် ဆဝတ္ထု(ဝတ္ထုခြောက်ပါး) တို့က ကျေးဇူးပြုသော သတ္တဝိညာဉ်ဓာတ် (ဝိညာဏဓာတ်ခုနစ်ပါး) ကို ဖော်ပြရာတွင် အခါအားဖြင့် ပဝတ္တိအခါဖြစ်ခြင်း၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်ခြင်း ဟူသောအချက်တို့ကို သတ်မှတ်ရ၏။ ထို့ပြင် အရူပဝိပါက်စိတ်သည် အရူပဘုံ၌သာ ဖြစ်၏။ ပဉ္စဝေါကာရဘုံ

၌ မဖြစ်၍ ယင်းစိတ်လေးမျိုးကို ချန်ထားရပေသည်။

ဤသို့ ဝတ္ထုပုရေဇာတ ပစ္စည်းဆက်ပုံကို သုံးသပ်နေသောအခါ ဤအကြောင်းအကျိုးနယ်မှ လွတ်နေသောတရားတို့လည်း ရှိနေ၏။ ထို တရားတို့ကား စတုဝေါကာရဘုံ (အရူပဗြဟ္မာဘုံ) ၌ ဖြစ်နေခိုက် ကြုံသောတရားများတည်း။ ဥပမာ အရူပဗြဟ္မာကြီးများ၌ ဖြစ်နေသော လောဘစိတ်စသည်တည်း။ ယင်းသို့ ကျန်နေသော တရားတို့ကိုလည်း ကျန်နေမှန်း မြတ်စွာဘုရား သိတော်မူ၏။ ယင်းတို့ကို ပစ္ဆနိက်တရား၊ ဝတ္ထု ပုရေဇာတနိဿယမှ လွတ်သောတရားများဟု သိတော်မူသည်။

ပြန်လည် အကျဉ်းချုပ်သော်ကား နိဿယပစ္စည်း ဆိုသည်မှာ ရုပ်ပစ္စည်း၊ ရုပ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း တည်ရာမှီရာ အနေဖြင့် နာမ်အား ကျေးဇူးပြု၏။ နိဿယပစ္စည်းက ကျေးဇူးပြု၍ ဖြစ်လာသောအကျိုး ပစ္စယုပ္ပန်တရားကား နာမ်တရားများတည်း။ စိတ် စေတသိက်တရားများတည်း။

ရုပ်ဆိုသော်လည်း တခြားရုပ်မဟုတ် သက်ရှိသတ္တဝါ (ဝါ) လူ၌ ရှိနေသော မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်၊ နှလုံးအကြည်ရုပ် ဤဝတ္ထုခြောက်မျိုးပင် ဖြစ်၏။ ထို ဝတ္ထုရုပ် ခြောက်မျိုးက သက်ရှိသတ္တဝါ (ဂါ) လူ၌ဖြစ်သော စိတ် စေတသိက်တို့အား ကျေးဇူးပြုရာတွင် အကြောင်းဖြစ်သော ဝတ္ထုရုပ်အလိုက် စိတ် စေတသိက် အမျိုးမျိုး ဖြစ်ပုံကို ဖော်ပြပေသည်။

ဤတွင် ရုပ်သန္ဓဝါဒသမား၊ နာမ်သန္ဓဝါဒသမားတို့ သတိပြုရန် အချက်များ ပါဝင်၏။ ရုပ်သည် နာမ်ဖြစ်ပေါ်အောင် အကျိုးပြုနိုင်၏။ သို့သော် ဖြစ်လာသော နာမ်ကသာ ဦးဆောင်၏။ နာမ်သည် ရုပ်မရှိဘဲ (ဝါ) ရုပ်ကို မမှီရဘဲ (အရူပဘုံမှတပါး) မဖြစ်နိုင်၊ ထို့ကြောင့် ရုပ်ကိုနိမ်၍ မဖြစ်၊ ထို့ကြောင့် ရုပ်သန် နာမ်သန့် မလုပ်ဘဲ သူ့နေရာနှင့်သူ ဝေဘန်ပိုင်းခြား ယူတတ်မှ အစွန်းလွတ်ဝါဒသမား (ဝါ) ဝိဘဇ္ဇဝါဒသမား ဖြစ်သည်။

ဤဖော်ပြချက်များသည် ပဋ္ဌာန်းအကြောင်းအရာဖြစ်၍ အနက်နဲဆုံးဖြစ်၏။ နားသိပ်မလည်သော်မှ (၁) ဖတ်ဖြစ်လျှင် ကုသိုလ်ဖြစ်ပြီ (၂) ဆက်

စဉ်းစားလျှင် ဆက်ပြီး ကုသိုလ်ဖြစ်ပြီဟု သတိပြုသင့်၏။ အထူးသဖြင့် ရိပ်မိရုံ ပင်ရိပ်မိလာခဲ့သည် ရှိသော် ပဋ္ဌာန်းကို ဟောသော မြတ်စွာဘုရားကို အထူး အံ့သြလေးစား ကြည်ညိုလာမည်ဖြစ်၏။

ဤနှင့် တစ်ဆက်တည်းပင် ဗုဒ္ဓရှင်တော်ဘုရားအား လူသာမန်ဟု ပြောသော အနောက်နိုင်ငံက ဘာသာခြားတို့သည် လည်းကောင်း၊ သူတို့၏ သံ ယောင်ကို လိုက်သောပြည်တွင်းသားတို့သည် လည်းကောင်း ဤသို့သော ပဋ္ဌာန်း တရားမျိုးကို မကပ်နိုင်ကြသူမျိုးများ ဖြစ်၍ မျက်ကန်းတစ္ဆေမကြောက် ပေါက် တတ်ကရ အ မနာပ စန်းလခွေးဟောင် ပြောကြတာပါကလားဟု အသိဝင်လာ နိုင်ပေသည်။ ထို့ပြင် ပဋ္ဌာန်းကို ပို့ချသင်ယူတတ်မြောက်သော မည်သူကမျှ မြတ်စွာဘုရားအပေါ် ယုံမှားသံသယမဖြစ်ကြသည်ကိုလည်း သဘောပေါက်နား လည်ကြမည် ဖြစ်ပါသတည်း။

## လက်တွေ့ကျသော "ဥပနိဿယပစ္စည်း"

### ဥပနိဿယ အဓိပ္ပာယ်

နိဿယပစ္စည်းနောက်မှ တစ်ဆက်တည်းလာသော ပစ္စည်းကား ဥပနိဿယပစ္စည်းတည်း။ "ဥပနိဿယ" ဟူသောပုဒ်ကိုကြည့်လျှင် ဥပ+နိဿယ ဟုတွေ့ရ၏။ "နိဿယ" ကား မှီရာ၊ အမှီခံရာ၊ အမှီခံပြီး ကျေးဇူးပြုသော တရားဖြစ်ကြောင်းသိခဲ့ရပြီ။ "ဥပ" ဟူ၍ပိုလာသောပုဒ်၏အနက်ကား "အတိသယ" (အလွန်အကဲ) "ဗလဝ" (ခွန်အား) ဟူသော သဘောဆောင်၏။ သို့ဖြစ်၍ "နိဿယ" မှီရာသဘောတွင် အလွန်အကဲမှီရာ၊ အားကြီးသောမှီရာကို "ဥပနိဿယ" (ဝါ) ဥပနိဿယပစ္စည်းဟု ဆိုရသည်။

ရှေးဆရာတော်များက ဥပနိဿယပစ္စည်းကို "အားကြီးသော အကြောင်း" ဟု ဖော်ပြကြ၏။ သာမန်အကြောင်း မဟုတ်။ လွန်ကဲသော အကြောင်း၊ ခွန်အားရှိသော အကြောင်းဟု ဆိုရာသည်။

ဥပနိဿယပစ္စည်း (ဝါ) အားကြီးသော အကြောင်း ဆိုသည်ကို ရိပ်မိသိရှိစေရန် နိမိတ်ပုံပြရာ၌ "မိုးတွင်းလေးလပတ်လုံး ရွာသောမိုးကြီး" ကို ဖော်ပြ၏။ မြေပေါ်၌ ပေါက်ရောက်နေသော သစ်ပင်မျိုးစုံ၊ မြေပေါ်၌ မှီတင်းနေကြသော လူအပါအဝင် သတ္တဝါအားလုံးတို့သည် မိုးသာမရွာပါက ဒုက္ခလှလှ ကြုံးရောက်ကြမည် ဖြစ်၏။ သို့သော် မိုးတွင်းလေးလပတ်လုံး မိုးကြီးရွာချခဲ့ရာ သစ်ပင်၊ သတ္တဝါအားလုံးတို့သည် ထိုမိုးရေကို အမှီပြု၍ အသက်ရှင်ကြရ၏။ အသက်ရှည်ကြရ၏။

ထို့ပြင် "ဝဿကတော သုဘိက္ခ ဒုဗ္ဘိက္ခော" (လူ့လောက၌ဝပြောခြင်း၊ ငတ်မွတ်ခြင်းကို မိုးကပြုလုပ်၏) ဟု အဆိုရှိ၏။ မှန်ပေ၏။ မိုးခေါင်ရေရှား

လျှင် စိုက်ပင် ပျိုးပင် မဖွံ့ဖြိုး၊ အသီးအနှံ ဆွံ့ရှား၏။ မိုးများရေကြီးလျှင် ရေဘေး ဒုက္ခကြုံရ၏။ ထိုကြောင့် မိုးသည် အခရာကျ၏။

သို့ဖြစ်၍ ဥပနိဿယပစ္စည်း ဆိုသည်မှာ မိုးတွင်းလေးလပတ်လုံး ရွာသွန်းသော မိုးကြီးသည် မိုးကိုမှီ၍ သစ်ပင်၊ သတ္တဝါတို့အား အားရှိပါးရှိ ကျေးဇူးပြုဘိသကဲ့သို့ အကျိုးတရားတစ်ခုဖြစ်ထွန်းလာစေရန် အားရှိသောအကြောင်း အားကြီးသောအကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းဖြစ်ပေသည်။

ထို ဥပနိဿယပစ္စည်းသည် (၁) အာရုံပိုင်း ၊ (၂) အခြားမဲ့ ဖြစ်မှု အပိုင်း၊ (၃) ပကတိ သဘာဝပိုင်း ဟူ၍ အပိုင်းသုံးပိုင်း ရှိ၏။ အာရုံပိုင်းတွင် အားရှိသော အာရုံသည် ဥပနိဿယစွမ်းရည် ရှိ၏။ အခြားမဲ့ ဖြစ်မှုပိုင်းတွင်လည်း အားကြီးသော အကြောင်းသည် ဥပနိဿယစွမ်းရည်ရှိ၏။ ပကတိသဘာဝပိုင်းတွင်လည်း ထိုနည်းတူ အားရှိသော အကြောင်းတရားသည် ဥပနိဿယစွမ်းရည် ရှိပေသည်။ ကျမ်းဂန်ဝေါဟာရအရ ပြောမူ အားကြီးသော အကြောင်းအာရုံကို အာရမ္မဏူပနိဿယ (အာရမ္မဏ+ဥပနိဿယ) ဟုခေါ်၏။ အားရှိသော အခြားမဲ့ဖြစ်မှု အကြောင်းပိုင်းကို အနန္တရူပနိဿယ (အနန္တရ+ဥပနိဿယ) ဟုခေါ်၏။ ပကတိသဘာဝအားဖြင့် အားရှိသောအကြောင်းကိုပကတူပနိဿယ (ပကတိ+ဥပနိဿယ) ဟုခေါ်၏။

ထိုသုံးမျိုးတို့တွင် အာရမ္မဏူပနိဿယပစ္စည်းတို့သည် ဖော်ပြခဲ့ပြီးသော အာရမ္မဏ အဓိပတိပစ္စည်းနှင့် သဘာဝအားဖြင့် တူ၏။ ဥပနိဿယ သဘောနှင့် အဓိပတိသဘော ကွာခြားသော်လည်း အကျိုးတစ်ခုကို ဖြစ်စေရာ၌ စွန်းလွန်းတမာ ဖြစ်စေရာ၌ တူပေသည်။ ထိုကြောင့် အကြောင်းပစ္စည်းသရုပ် အားဖြင့် တရားတူ ဖြစ်ပေသည်။ ဆိုလိုသည်မှာ အာရမ္မဏူပနိဿယနှင့် အာရမ္မဏာဓိပတိပစ္စည်းနှစ်ခုသည် ပစ္စည်း၊ ပစ္စယုန်အားဖြင့် တရားတူဖြစ်သည် ဟု ဆိုလို၏။ ဥပမာ အာရမ္မဏ အဓိပတိ ပစ္စည်းတရားသည် အာရုံခြောက်ပါး ဖြစ်သကဲ့သို့ အာရမ္မဏဥပနိဿယပစ္စည်းတရားသည်လည်း အာရုံခြောက်ပါး ဖြစ်ပေသည်။ ပစ္စယုပ္ပန်ခေါ်သော အကျိုးတရားလည်း တူ၏။ (အာရမ္မဏာဓိပတိ ပြန်ကြည့်ရန်။)

ထို့ပြင် အနန္တရဥပနိဿယပစ္စည်းသည်လည်း ပြီးခဲ့သော အနန္တ

ရပစ္စည်းနှင့်တူ၏။ ပစ္စည်းသရုပ်၊ ပစ္စယုပ္ပန်သရုပ် တရားကိုယ်လည်း တူ၏။ ကျေးဇူးပြုပုံလည်း တူ၏။ ရှေးရှေးစိတ် စေတသိက်တို့သာ နောက်နောက် စိတ်စေတသိက်တို့ကို ကျေးဇူးပြုခြင်းဖြစ်၏။ ရှေ့ကဖြစ်၍ ချုပ်သွားသော တရားက နောက်ဖြစ်လာသည့်တရားကို ကျေးဇူးပြုသွားခြင်း ဖြစ်၏။ ဤတွင် တရားသဘော တရားကိုယ်အရတူသော်လည်း ရှေ့ချုပ်သည့်နာမ်က နောက်ဖြစ်သည့်နာမ်ကို အခြားမရှိ ကျေးဇူးပြုရာ၌ အားကြီးမှု၊ ခွန်အားရှိမှု၊ သဘောဆောင်ရာ၌ "အနန္တရ" တွင် "ဥပနိဿယ" ထပ်ပေါင်းပြီး အနန္တရ ဥပနိဿယ (အနန္တရူပနိဿယ) ဟု ခေါ်ရပေသည်။

## ဥပနိဿယ သုံးမျိုး

အချုပ်မှတ်ရန်ကား ဥပနိဿယ၏ပစ္စည်းစုသည် သုံးမျိုးရှိသည်။ အာရမ္မဏူပနိဿယပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းနှင့်တူသည်။ အနန္တရူပနိဿယပစ္စည်းသည် အနန္တရပစ္စည်းနှင့်၏။ သို့သော် ပကတူပနိဿယ ပစ္စည်းသည်ကား အခြားဘာနှင့်မျှ မတူ။ သီးခြား သဘာဝတစ်မျိုးဖြစ်သည်။ ဤသို့ မှတ်ရာ၏။

## ပကတူပ နိဿယ အကြောင်း

ယခု ဆက်လက်၍ ပကတူပနိဿယ ပစ္စည်းအကြောင်း ဆက်လက် ဖော်ပြပါအံ့။ ပကတူပနိဿယ ပစ္စည်းတရားများကား –

ဗလဝဖြစ်သော ရှေးရှေးသော

စိတ် ၈၉၊ စေတသိက် ၅၂

ရုပ် ၂၈၊ ပစ္စည်းထိုက်သော ပညတ်အချို့ပေတည်း။

ပကတူပ နိဿယ ပစ္စယုပ္ပန်တရားများကား –

နောက်နောက်သော

စိတ် ၈၉၊ စေတသိက် ၅၂ ပေတည်း။

မှတ်ချက်။ ။စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တို့သည် ဤပကတူပနိဿယပစ္စည်း၌ မပါဝင် လုံးဝလွတ်နေ၏။ ဤပစ္စည်း၌ အကြောင်းလည်း မဟုတ်၊ အကျိုးလည်း မဖြစ်ဟုလို။

အလက်ပါ ပကတူပနိဿယ၏ ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ကို သေချာစွာ လေ့လာကြည့်ရာသည်။ စိတ် စေတသိက် ရုပ်နှင့် ပညတ်အချို့သည် ပစ္စည်းဖြစ်၏။ စိတ် စေတသိက် နှစ်မျိုးတည်းသာ ပစ္စယုပ္ပန်ဖြစ်၏။ တစ်နည်းပြောလျှင် နာမ် ရုပ် ပညတ် သုံးမျိုးလုံး ပစ္စည်းဖြစ်၏။ နာမ်တစ်မျိုးတည်းသာ ပစ္စယုပ္ပန်ဖြစ်၏။

သို့သော် "ဗလဝဖြစ်သော" "ရှေးရှေးသော" ဟူသော စကားနှစ်လုံးက ချုပ်ထား၏။ ဗလဝဖြစ်မှ အားရှိမှ (ဝါ) အားရှိသော နာမ်ရုပ်ပညတ်တို့ဖြစ်မှသာ ပကတူပနိဿယပစ္စည်းဖြစ်၏။ တစ်နည်းဆိုရသော် အကျိုးတရားတစ်ခုကို ဖြစ်ပေါ်စေရေးအတွက် အားရှိပါးရှိ အကြောင်းပြုနိုင်မှသာ ပကတူပနိဿယ ဖြစ်၏။ ဗလဝ မဖြစ်ပါက (ဝါ) အားမရှိပါက သာမန်ပစ္စည်းထဲသာ ဝင်ရာသည်။

ထို့ပြင် "ရှေးရှေးသော" ဟူသော စကားအရ အကြောင်းအကျိုး မဆက်သွယ်မီ ရှေးအခါက တင်ကြို၍ ရှိနှင့်ဖြစ်နှင့်သော စိတ်၊ စေတသိက်၊ ရုပ် ပညတ်တို့သည်သာ ဤပကတူပနိဿယ၏ အကြောင်းပစ္စယ ဖြစ်လာနိုင်သည်။ ရှေးက တင်ကူး၍ ဖြစ်နှင့်သည် မဟုတ်ပါက ပကတူပနိဿယပစ္စည်း မဖြစ်နိုင်ဟု သိရသည်။

ဤပကတူပနိဿယပစ္စည်းသည် လက်ရှိလူ့လောက လူ့ဘဝဖြစ် ရပ်များနှင့် လက်တွေ့ကျကျ ထင်ဟပ်၏။ လူ၏ ကိုယ်ကျင့်စရဏ ဖြစ်ထွန်းရေးအတွက် အရေးပါ၏။ သို့ဖြစ်၍ အနည်းငယ်ဆက်၍ ဖော်ပြပါအံ့။ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ပဋ္ဌာနုဒ္ဒေသ ဒီပနီတွင် အတော်လေး ရှင်းလင်းရေးသားထား၏။ စိတ်ဝင်စားဘွယ် အထူးကောင်း၏။

ဤပကတူပနိဿယပစ္စည်းကို ပဋ္ဌာန်းပါဠိတော် ပစ္စယုဒ္ဒေသ၌

ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည် ဖြစ်၏။

(၁) ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ

(၂) ကုသိုလ်က အချို့သော အကုသိုလ်အား ကျေးဇူးပြုပုံ

(၃) ကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ

(၄) အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ

(၅) အကုသိုလ်က အချို့သော ကုသိုလ်အား ကျေးဇူးပြုပုံ

(၆) အကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ

(၇) အဗျာကတက အဗျာကတအား ကျေးဇူးပြုပုံ

(၈) အဗျာကတက ကုသိုလ်အား ကျေးဇူးပြုပုံ

(၉) အဗျာကတက အကုသိုလ်အား ကျေးဇူးပြုပုံ

(၁၀) ဥတုနှင့် ဘောဇဉ်က ကျေးဇူးပြုပုံ

(၁၁) ပုဂ္ဂိုလ်က ကျေးဇူးပြုပုံ

(၁၂) သေနာသန ခေါ် အဆောက်အဦးက ကျေးဇူးပြုပုံ

ဤတွင် "အဗျာကတ" ဆိုသည်မှာ ကုသိုလ်၊ အကုသိုလ် မဟုတ်သော ဝိပါက်တရား၊ ကြိယာတရား၊ ရုပ်တရားတို့ကို ဆိုလို၏။

အထက်ပါအချက် ဆယ့်နှစ်ချက်တို့တွင် ကုသိုလ်အကြောင်းက နောက်ထပ်ကုသိုလ်အကျိုးပေါ်လာအောင် မည်သို့ကျေးဇူးပြုသလဲ စသည်ဖြင့် တစ်ခုစီကို ပုံစံများ ထုတ်၍ လေ့လာသွားရန် ဖြစ်၏။ အကြောင်းအကျိုး ဆက်သွယ်ဖြစ်ပုံ ပဋ္ဌာန်းမြင်ကွင်းကြီး ပေါ်လာမည် ဖြစ်ပေသည်။

## ဥပနိဿယပစ္စည်း – တစ်ဆယ့်နှစ်ချက်

## ကုသိုလ်က ကုသိုလ်အား ဖြစ်စေပုံ

ပထမဦးစွာ ကုသိုလ်က ကုသိုလ်အား ဥပနိဿယပစ္စယသတ္တိဖြင့်

ကျေးဇူးပြုပုံကို ဖော်ပြပါမည်။ ကုသိုလ်သည် အကြောင်း၊ ကုသိုလ်သည်ပင် အကျိုး၊ အကြောင်းဖြစ်သော ကုသိုလ်က နောက်ထပ် ကုသိုလ်တည်း ဟူသော အကျိုးကို ဖြစ်ပေါ်လာစေခြင်း ဖြစ်၏။

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဤငါးမျိုးသည် ကုသိုလ်သဘာဝ ငါးမျိုးဖြစ်၏။ ဘုရား တရား သက်ဝင် ယုံကြည်မှု သဒ္ဓါ၊ ငါးပါး ရှစ်ပါး စသော သိက္ခာပုဒ်ကို စောင့်ထိန်းမှု သီလ၊ ရတနာသုံးပါးနှင့် စပ်လျဉ်းသည့် ကောင်းသော အကြားအမြင် သုတ၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှု စာဂ၊ ယထာဘူတကျကျ သိတတ် မြင်တတ်သော ပညာ ဤတရား ငါးမျိုးတို့သည် အပြစ်မရှိ၊ ကောင်းကျိုးပေးခြင်း လက္ခဏာရှိ၍ ကုသိုလ်တရားများ ဖြစ်၏။

ထို ကုသိုလ်တရားတို့သည် နောက်ထပ် ကုသိုလ်တရား ဖြစ်ပွား အောင် ဥပနိဿယပစ္စည်း (အားကြီးသောအကြောင်း) အဖြစ်ဖြင့် ကျေးဇူးပြု၏။

သဒ္ဓါသည် နောက်ထပ်သဒ္ဓါ ဖြစ်လာအောင်၊ သီလစောင့်ဖြစ် အောင်၊ ကောင်းသော အကြားအမြင် သုတတိုးပွားအောင်၊ စွန့်ကြဲပေးကမ်းမှု ဖြစ်လာအောင်၊ ဉာဏ်ပညာ တိုးပွားအောင် အကျိုးပြု၏။ သဒ္ဓါက အကျိုးပြုသည် ဆိုသော အရပ်စကားကို ပဋ္ဌာန်းစကား ပြောလျှင် သဒ္ဓါက အကြောင်း နောက် ထပ်ဖြစ်လာသော သဒ္ဓါ၊ သီလ စသည်က အကျိုး၊ ဤသို့ အကျိုးတရား ဖြစ်ပေါ် လာအောင် သဒ္ဓါက အားကြီးသော အကြောင်းတစ်ရပ်အနေဖြင့် ကျေးဇူးပြု၏။

ထို့နည်းတူ သီလသည် နောက်ထပ် သီလထပ်ဖြစ်လာအောင်၊ သဒ္ဓါ၊ သုတ၊ စာဂ၊ ပညာတွေ ထပ်ဖြစ်အောင် ကျေးဇူးပြု၏။ သုတသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဖြစ်ပွားအောင်၊ စာဂသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဖြစ်ပွားအောင် ကျေးဇူးပြု၏။

ထို့ပြင် သဒ္ဓါကို အမှီပြု၍ အလှူပေး၏။ သီလ ဆောက်တည်၏။ ဥပုသ်နေ့၌ ဆောက်တည်အပ်သော အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်၏။ ဈာန်ကို ဖြစ်စေ၏။ ဝိပဿနာကို ဖြစ်စေ၏။ မဂ်ကို ဖြစ်စေ၏။ အဘိညာဉ်ကို ဖြစ်စေ ၏။ သမာပတ်ကို ဖြစ်စေ၏။ လိုရင်းကား သဒ္ဓါရှိသူသည် သီလ၊ ဥပုသ်သီလ၊ ဈာန်၊ ဝိပဿနာ၊ မဂ်၊ အဘိညာဉ်၊ သမာပတ်ကို ဖြစ်စေ၏။ ဤသို့ဖြစ်စေရာ၌

သဒ္ဓါသည် အကြောင်းပစ္စည်း၊ ဒါန သီလ စသည်ကား သဒ္ဓါရှိခြင်းတည်း ဟူသော အကြောင်းကြောင့် ဖြစ်လာသော အကျိုးတရား၊ ထိုနည်းတူ သီလကို အမှီပြု၍၊ သုတကို အမှီပြု၍၊ စာဂကို အမှီပြု၍၊ ပညာကို အမှီပြု၍ အလှူပေးခြင်း စသည် ဖြစ်၏။

ဤအချက်ကို စဉ်းစားလျှင် သဒ္ဓါစသော ကုသိုလ်တရားက ဒါန သီလ စသော ကုသိုလ်တရားကို အားကြီးသော အကြောင်းအနေဖြင့် ကျေးဇူးပြု၏။ (ဝါ) ဖြစ်စေ၏ ဟူလို။

## ကုသိုလ်က အကုသိုလ်အား အကြောင်းဆက်ပုံ

ကုသိုလ်က အကုသိုလ်ဖြစ်အောင် အကျိုးပြုပုံ (ဝါ) ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ပုံ (ဝါ) ကုသိုလ်ကို အမှီပြုပြီး အကုသိုလ်ဖြစ်ရပုံကို ဆက်လက် လေ့လာသင့်၏။

ဖော်ပြခဲ့သော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဤငါးမျိုးသည် ကုသိုလ်သဘာဝပင် ဖြစ်၏။ သို့သော် သဒ္ဓါကို အမှီပြု၍ မာနကြီး၏။ အမြင်မှားသော ဒိဋ္ဌိကို ယူ၏။ ထိုနည်းတူ သီလကို မှီပြီး မာနကြီး၏။ ဒိဋ္ဌိဖြစ်၏။ သုတကို မှီ၍၊ စာဂကို မှီ၍၊ ပညာကို မှီ၍ မာနကြီး၏။ အမြင်မှား၏။

ထို့ပြင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာသည် ရာဂအား လည်းကောင်း၊ ဒေါသအား လည်းကောင်း၊ မောဟအား လည်းကောင်း၊ မာနအား လည်းကောင်း၊ ဒိဋ္ဌိအား လည်းကောင်း၊ ပတ္ထနာအား လည်းကောင်း၊ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဆိုလိုသည်မှာ မိမိသဒ္ဓါတရားကောင်းသည်ကို သာယာလျှင် ရာဂဖြစ်၏။ သဒ္ဓါရှိ၍ လှူတဲ့တန်းကဲ့အခါ ငါ့လို ဘယ်သူလှူနိုင်သလဲဟု စိတ်ကြီးဝင်၍ မာနဖြစ်၏။ ဤသို့ဖြစ်လျှင် ကုသိုလ်တည်း ဟူသော သဒ္ဓါတရားကို အကြောင်းခံ၍ မာနတည်း ဟူသော အကုသိုလ် ဖြစ်၏။

ထို့ပြင် သဒ္ဓါတရား ထက်သန်၍ အလှူပေး၏။ အလှူ၌ ပင့်သော ဘုန်းကြီးနှင့် အဆင်မပြေမှု၊ ချက်ပြုတ်ကျွေးမွေးရာ၌ အဆင်မပြေမှု၊ လှူပြီးမှ ပြန်ပြီး နှမြောမှု စသည်ကို ဖြစ်တတ်၏။ ယင်းသို့ဖြစ်လျှင် ကုသိုလ်သဒ္ဓါကို

အကြောင်းပြုပြီး စိတ်မချမ်းသာမှု ဒေါမနဿစသော အကုသိုလ်ဖြစ်၏။

အချို့မှာ ကုသိုလ်လိုချင်၍ ဘာသာရေး အသင်းအဖွဲ့ စသည်၌ ဝင်၍လုပ်၏။ လုပ်ရင်းလုပ်ရင်း အလုပ်နှင့် ပတ်သက်၍ အဆင်မပြေမှုများ ဖြစ်ပြီး အကုသိုလ် ဖြစ်ကြ၏။ ရဲကြီးကြ၏။ ဤသည်တို့ကိုလည်း ကုသိုလ်အကြောင်းပြု၍ အကုသိုလ်ဖြစ်ခြင်းဟု ဆိုရာ၏။

သီလကို မှီပြီး အကုသိုလ်ဖြစ်ရာ၌ ငါ့လို ဘယ်သူမှ ဥပုသ်မစောင့်နိုင် စသည်ဖြင့် မာနဖြစ်၏။ သုတနှင့် စာဂကို အမှီပြု၍လည်း မာနဖြစ်တတ်သည်ပင်၊ ပညာကို မှီပြီး မာန်တက်ခြင်း၊ ပညာလွန်ပြီး အယူတိမ်းခြင်းများ ဖြစ်တတ်၏။

အထူးမှာ သဒ္ဓါတရားရှိ၍ အလှူပေးရာ၌ စည်းစိမ်ချမ်းသာကို ဆုတောင်းတတ်ကြ၏။ လူ့စည်းစိမ် လူ့ချမ်းသာကို လိုချင်၍ နတ်စည်းစိမ် နတ်ချမ်းသာကို လိုချင်၍ ဆုတောင်းသည် ဆိုပါက လိုချင်တပ်မက်မှုသည် လောဘဖြစ်၏။ လောဘအဆင့်သို့ မရောက်စေဘဲ ဆန္ဒကိုသာ ဖော်ပြမြွက်ဟသည် ဆိုဘိမူ တော်သေး၏။

## ကုသိုလ်က အဗျာကတအား ဖော်ဆောင်ပုံ

ကုသိုလ်ကို အမှီပြုပြီး အဗျာကတတရားဖြစ်ပုံကို ပဋ္ဌာန်းပါဠိတော်၌ ဤသို့ ဟောကြား၏။ ကုသိုလ်ဖြစ်သော သဒ္ဓါယုံကြည်မှုကို အမှီပြုပြီး မိမိကိုယ်ကို ပူပန်စေ၏။ လှူဖို့တန်းဖို့ စသည်အတွက် ရှာရဖွေရ ဒုက္ခခံရ၏။ ကိုယ်၏ဆင်းရဲမှု စိတ်၏ ဆင်းရဲမှု ခံရ၏။

ထို့ပြင် သဒ္ဓါကို အခြေပြု၍၊ သီလကို အကြောင်းပြု၍၊ သုတကို အရင်းတည်၍၊ စာဂကို အခြေခံ၍၊ ပညာကို အားပြု၍ ကိုယ်၏ချမ်းသာမှုကိုလည်း ရရှိ၏။ ကိုယ်၏ ဆင်းရဲမှုကိုလည်း ရရှိ၏။ သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုရှု၏။ ဤသို့ စသည်ဖြင့် ကျယ်ဝန်းနက်နဲစွာ ဖော်ပြဟောကြားထား၏။ ပူပန်မှု၊ ဆင်းရဲမှု၊ ချမ်းသာမှု စသည်တို့ကား "အဗျာကတ" သို့ သက်ဝင်ပေသည်။

## အကုသိုလ်က အကုသိုလ်အား အကြောင်းပြုပုံ

အကုသိုလ်က အကုသိုလ်ကိုဖြစ်ပေါ်စေသည့် စေတသိက်အချက်ကား လူတို့၏ ဘဝရေးရာနှင့် ပို၍ဆက်စပ်နေ၏။ အကုသိုလ်အကြောင်းတရားပိုင်းတွင် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ ဟူသော အချက်ခြောက်ချက်ကို မှတည်၏။ ထို အကုသိုလ်သဘာဝဆိုးများသည် လူတို့အား နောက်ထပ် အကုသိုလ် မကောင်းမှုများ ဖြစ်ပေါ်စေ၏။ ပဋ္ဌာန်းစကား ပြောလျှင် ရာဂ စသည်တို့သည် အားကြီးသော အကြောင်းတရား အနေဖြင့် အကုသိုလ်များကို ဖြစ်ပွားစေသည်။

ရာဂကိုမှီပြီး သူ့အသက်ကို သတ်၏။ ဤအချက်ကို ချဲ့ပြီး စဉ်းစားလျှင် ဝတ္ထုတစ်ပုဒ်စာမျှ ကျယ်ဝန်းနိုင်၏။ ရာဂတည်း ဟူသော အားကြီးသော အကြောင်းတရားက သူ့အသက်သတ်ခြင်း ပါဏာတိပါတ ဒုစရိုက်ကို ကျူးလွန်ခြင်းတည်း ဟူသော အကျိုးတရား ကို ဖြစ်ပေါ်စေသည်။ ဤသို့ဖြစ်စေရာ၌ ရာဂသည် အကြောင်း၊ ပါဏာတိပါတသည် အကျိုး၊ ရာဂသည် ဥပနိဿယသတ္တိဖြင့် ပါဏာတိပါတ ကျူးလွန်အောင် ဆောင်ကြဉ်းပေသည်။

ထို့နည်းတူ ရာဂကို အကြောင်းခံပြီး ခိုး၏။ လိမ်ပြော၏။ ကုန်းတိုက်၏။ ဆဲရေး၏။ အကျိုးမဲ့စကား ပြော၏။ ရာဂကြောင့် သူတပါး အဝန်းအဝိုင်းကို ဖျက်၏။ လုယက်၏။ သူ့ဝ ပါးမယားကို မတရားကျင့်၏။ နောက်ဆုံး ရာဂရှိင်းကြောင့် မိဘကို သတ်တတ်၏။ ဘုရား ရဟန္တာကို ပြစ်မှားတတ်၏။ ရာဂကြောင့် သံဃာချင်း ကွဲပြားအောင် ပြုလုပ်၏။ ဤသို့ ပြုလုပ်လေသမျှ ရာဂ အကုသိုလ်ကြောင့် နောက်ထပ် အကုသိုလ်တွေ ဖြစ်လာ၏။

ထို့နည်းတူ ဒေါသကို အခြေခံပြီး သတ်ဖြတ်မှု စသည်ဖြစ်၏။ မောဟကို အခြေခံပြီး၊ မာနကို အခြေခံပြီး မကောင်းမှု ပြု၏။

အယူမှားမှု (မိစ္ဆာဒိဋ္ဌိအယူ) ကိုယူပြီး သတ်လျှင် အပြစ်မရှိဟု ခံယူကာ ကြက်၊ ဘဲ၊ ဆိတ်၊ နွား စသည်ကို သတ်၏။ ခိုးတာလဲ အပြစ်မရှိ၊ လိမ်ယူတာလဲ အပြစ်မရှိ၊ ရဘို့သာ ပဓါနဟု ယူကာ ခိုး၏၊ လိမ်၏။

အထူးမှာ ပတ္ထနာကို အမှီပြု၍ သူတပါးအသက်ကို သတ်၏၊ ခိုး၏၊

လိမ်၏၊ ကုန်းတိုက်၏၊ ဆဲ၏၊ အကျိုးမဲ့သော စကားကို ပြော၏။ ပတ္တနာကို အကြောင်းပြု၍ လုယက်တိုက်ခိုက် သိမ်းပိုက်၏၊ သူတပါး သားမယားကိုဖျက်ဆီး၏၊ ရွာကို ဖျက်၏၊ နိဂုံးကို ဖျက်၏၊ မိဘကိုပင် သတ်၏။

အထက်ပါ ပတ္တနာအလုပ်များကို သေချာစွာ သတိပြု၍ လေ့လာရန်လို၏။ ယဇ်ပူဇော်မှု သဘောမျိုး ရောက်သည်ကို တွေ့ရ၏။ ထို့ကြောင့် အလှူဒါနပြုပြီး ဗုဒ္ဓဘာသာတို့ ဆုတောင်းခြင်းမျိုးသည် ဤပဌာန်း၌ ဟောကြားသော ပတ္တနာမျိုး မဟုတ်သည်မှာ သေချာပေသည်။ သို့သော် မြန်မာပြန်ကို ကြောက်ဖွယ်ဖြစ်၏။ "ပတ္တနာ" ကို ဆုတောင်းခြင်းဟု မြန်မာပြန်လေရာ အဘိဓမ္မာသဘာဝကို နားမလည်၊ ဝေါဟာရမျှကိုသာ သိရှိသူ ဖြစ်က "ဆုတောင်း" ဆိုသော မြန်မာဝေါဟာရဘက် လိုက်ပြီး ဗုဒ္ဓဘာသာတို့ဆုတောင်းပတ္တနာပြုခြင်းကိုပုတ်ခတ် ရှုပ်ချမိပေရာသည်။

သို့သော် ပဌာန်းပါဠိတော်၌ ဟောကြားသော ပတ္တနာကား သတ်ဖြတ်ခြင်း၊ ခိုးဝှက် လုယက်ခြင်းကိုပင် အကြောင်းခံ၍ ဖြစ်စေသည် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာ လောက၌ အသုံးပြုသော ပတ္တနာမျိုး မဟုတ်၊ ယဇ်ပူဇော်သော လောက၌ ရှိသော ပတ္တနာမျိုးဖြစ်ကြောင်း သိရပေသည်။

ထိုပြင် အကုသိုလ်က အကုသိုလ်ကိုဖြစ်စေပုံကိုဖော်ပြသောအရာဖြစ်၍ ပတ္တနာတည်းဟူသော အကုသိုလ်က သတ်ဖြတ်ခြင်းစသော အကုသိုလ်ကို ဖြစ်ပွားစေခြင်း ဖြစ်ပေသည်။

ပဌာန်းအဘိဓမ္မာ ပညာတတ်သူဖြစ်လာပါက သတ်ဖြတ်မှု (ပါဏာတိပါတ) ကိုစွတစ်ခု ပေါ်သည်ဆိုလျှင် (၁) ရာဂကြောင့် သတ်တာလား၊ (၂) ဒေါသကြောင့် သတ်တာလား၊ (၃) မောဟကြောင့် သတ်တာလား၊ (၄) မာနကြောင့် သတ်တာလား၊ (၅) အယူမှားမှု ဒိဋ္ဌိကြောင့် သတ်တာလား၊ (၆) ပတ္တနာဆိုသည့် ဘာသာရေးဆန်ဆန် ဆုတောင်းမှု တစ်ခုခုကြောင့် သတ်တာလား စသည်ဖြင့် ချင့်ချိန်နိုင်ပေသည်။

## အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံ

အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သည်ဟု ဆိုရာတွင် အကြမ်းတွေး တွေးပါက ဆန်းဆန်းပင် ဖြစ်ရာ၏။ သို့သော် ဥပနိဿယပစ္စည်းအရာ၌ အကု သိုလ်နှင့် ကုသိုလ် ဆက်သွယ်မှုကို တွေ့ရ၏။

အချို့သူသည် တပ်မက်ခြင်း ရာဂကို အခြေခံ၍ သတ်မိဖြတ်မိ၏။ ခိုးမိ၏။ လိမ်ပြောမိ၏။ ကုန်းတိုက်ဖြိုဖျက်မိ၏။ ဆဲရေးတိုင်းထွာမိ၏။ လုယက် တိုက်ခိုက် ဖျက်ဆီးမိ၏။ ကာမေသုကို ကျူးလွန်မိ၏။ ရွာကို ဖျက်ဆီးမိ၏။ မိဘကိုပင် ပြစ်မှားမိ၏။ ထိုသူသည် တစ်ချိန်တွင် နောင်တရပြီး ထိုပြုမိခဲ့သော အကုသိုလ် စေတနာယုတ်ကို ပယ်ဖျောက်ရန် အလို့ငှာ အလှူပေး၏။ သီလ ဆောက်တည်၏။ ဥပုသ်စောင့်၏။ ကမ္မဋ္ဌာန်း အားထုတ်၏။

ထိုနည်းအတူ ဒေါသကို အခြေခံပြီး သတ်ဖြတ်ခြင်း စသည့် အကု သိုလ်အမှုကို ပြုမိ၏။ မောဟကို အခြေခံ၍လည်း သတ်ဖြတ်ခြင်း စသည်ကို ပြု မိ၏။ မာနကို အခြေခံ၍လည်း သတ်ဖြတ်ခြင်း စသည်ကို ပြုမိ၏။ အယူမှားမှု ဒိဋ္ဌိကို အခြေခံပြီး သတ်ဖြတ်ခြင်းစသည်ကို ပြုမိ၏။ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိဆိုသည်တို့မှာ အကုသိုလ်ဖြစ်၏။ အကုသိုလ်ကို အကြောင်းပြုပြီး ဒုစရိုက်မှုကို ပြုမှား၏။

ထိုသူသည် တချိန်ချိန်တွင် အသိမှန် အမြင်မှန် ရလာပြီး သူပြုခဲ့ သော အကုသိုလ် စေတနာ အကုသိုလ် အပြစ်တို့ကို ပယ်ဖျောက်ရန် အလို့ငှာ ကုသိုလ်ပြုလာ၏။ အလှူပေး၏။ သီလဆောက်တည်၏။ ဥပုသ်စောင့်၏။ တရားထိုင်၏။

ဤသို့ အကုသိုလ်ပြုမိခဲ့သည်ကို အကြောင်းပြုပြီး ကုသိုလ်ပြုလုပ် ရာ၌ အကုသိုလ်က အားကြီးသော အကြောင်းဖြင့် ကုသိုလ်မှုတွေ ပြုဖြစ်လာ အောင် ကျေးဇူးပြုပေသည်။

ဤကဲ့သို့ ပြုမိသော အကုသိုလ်မှုကို အကြောင်းပြုပြီး ကုသိုလ် ကောင်းမှု ပြုလုပ်ခြင်း ကိစ္စသည် အကုသိုလ်မှန်း၊ ကုသိုလ်မှန်း သိသော သမ္မာ ဒိဋ္ဌိအမြင်မှန် ရှိသည့် ဗုဒ္ဓဘာသာတို့၏ လောက၌ အဖြစ်များပေသည်။ နဂိုထဲက

အကုသိုလ်မှန်း ကုသိုလ်မှန်း မသိနားမလည်ရှာသော မိစ္ဆာအယူရှိသူမျိုးတို့မှာမူ အကုသိုလ်ကို ပယ်ခြင်းဟာ ကုသိုလ်ပြုသည်ဟူ၍ မရှိနိုင်ပေ။

ဗုဒ္ဓဘာသာ သမ္မာအယူရှိသူတို့၏ လောကတွင် ဤသို့ အကုသိုလ်ကို အကြောင်းပြုပြီး ကုသိုလ်ပြုလုပ်သည့် ပုဂ္ဂိုလ်များစွာ ရှိ၏။ သာသနာ့သမိုင်းတွင် ထင်ရှားသော သီရိဓမ္မာသောကမင်းကြီး၊ ဒုဋ္ဌဂါမဏိမင်းကြီးတို့မှာမူ ဤသို့ အကုသိုလ်မှုကို အကြောင်းခံပြီး ထူးခြားသော ကုသိုလ်မှုတွေကို ပြုသွားခဲ့သည်ဟု ဆက်စပ်စဉ်းစားနိုင်ပေသည်။

အသောကမင်းကြီးသည် ဘုရင်ဖြစ်အောင် ကြိုးစားအားထုတ်ရသော ငယ်စဉ်က မိမိ၏ နောင်တောင် (၉၉) ပါးနှင့် နောင်တော်တို့၏ နောက်လိုက်ငယ်သား များစွာတို့ကို သတ်ဖြတ်ခဲ့ရပေသည်။ လောကီလမ်းတို့၏ သဘာဝ ဓမ္မတာအတိုင်း နိုင်ငံတော်ကို ချုပ်ကိုင်နိုင်ရေးအတွက် ရာဇပလ္လင်၏ လမ်းခရီးရှိ အဆီးအတားတို့ကို ဖယ်ရှားရခြင်း ဖြစ်၏။ ဧကရာဇ်မင်း ဖြစ်တော်မူလာပြီးနောက် တိုင်းပြည်နိုင်ငံတော်ကို တည်ဆောက်ပြုပြင်တော်မူရာတွင်မူ သူမတူအောင် ကုသိုလ်ကောင်းမှု ထုထည်ကြီးကို ပြုတော်မူခဲ့သည်။ အသောကမင်းကြီး အနေဖြင့် စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် တည်ထောင်ပြုပြင် လှူဒါန်းတော်မူရာ၌ ထိုစေတီ၊ ထိုကျောင်း၊ ထိုရေတွင်း၊ ထိုရေကန်တို့ကို ရဟန်းရှင်လူ ပြည်သူလူထုကြီး ကစ်ရပ်လုံး မှီတင်းအသုံးပြုကြရသဖြင့် မူလကုသိုလ်ရှင် အသောကမင်းကြီး၌ ဂဏန်းချရေတွက်၍ မရနိုင်သော ကုသိုလ်ကောင်းမှု နေ့စဉ်တိုးပွားရပေသည်။

မင်းကြီး အနေဖြင့် ထီးနန်းတည်ထောင်သော အပိုင်း၌ အကုသိုလ်မှုပြုခဲ့ရသည်။ နောက်ပိုင်း တစ်သက်တာ ကာလပတ်လုံး ကုသိုလ်ကောင်းမှုဖြင့် ပျော်မွေ့သွားခဲ့သည်။ ဤသို့သော ဖြစ်ရပ်တို့ကို ပဋ္ဌာန်းဆက် အမြင်ဖြင့် ရှင်းသောအခါ ဥပနိဿယပစ္စည်း ဆက်ယူရ၏။ "အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော" ဟူ၍ ပဋ္ဌာန်းပါဠိတော်ကြီး၌ ဘုရားရှင် တိုက်ရိုက်ဟောတော်မူ၏။ အကုသိုလ်တရားသည် ကုသိုလ်တရားအား အားကြီးသောအကြောင်း အထောက်အပံ့ပေး၍ ကျေးဇူးပြုပေသည် ဟူလို။

နောက်ပိုင်း သမိုင်းဆရာတို့သည် အသောက ရာဇဝင်ကို ရေးကြသောအခါ မင်းကြီးဘဝ ရှေ့ပိုင်းကို ဦးတည်၍ စဏ္ဍာသောကမင်း (ကြမ်းကြုတ်သော အသောကဘုရင်) ဟု သုံးသပ်၏။ နောက်ပိုင်းဘဝကိုဂုဏ်ပြုပြီး သီရိဓမ္မာသောကမင်း (ကျက်သရေမင်္ဂလာရှိသော တရားမင်းအသောက) ဟု သမုတ်ခဲ့ကြလေသည်။

ထို့နည်းတူ သီဟိုဠ်နိုင်ငံ၌ ထင်ရှားသော ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း နိုင်ငံတော်ကို တည်ငြိမ်အောင် တည်ဆောက်ထိန်းသိမ်းတော်မူရာ၌ တရားမဲ့ လက်နက်ကိုင် ဆူပူသောင်းကျန်းကြသော အဓမ္မဝါဒီ ကျေးကုလားတို့ကို အမြောက်အမြား သုတ်သင်ရှင်းလင်းတော်မူရလေသည်။ မင်းကြီးသည် ဤသို့ လူသတ်မှု အကုသိုလ်တို့ကိုပြုပြီး စိတ်မချမ်းမသာ ဖြစ်တော်မူ၍ ကောင်းစွာပင် အိပ်မပျော်ခဲ့ပေ။ ဤတွင် ရဟန္တာအရှင်မြတ် ရှစ်ပါးကြွတော်မူလာပြီး အရှင်မင်းကြီး သုတ်သင်ရှင်းလင်းသော ကျေးကုလားဟို့မှာ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်၍ သားကောင် (တိရစ္ဆာန်) ကို သတ်သလောက်သာ အပြစ်ရှိ၏။ ထိုအခါက သရဏဂုံကည်သူတစ်ဦး၊ သရဏဂုံနှင့် ငါးပါးသီလမြဲသူ တစ်ဦး ပါဝင်သွားသောကြောင့် သူတို့အတွက် လူတစ်ယောက်နှင့် တစ်ခြမ်းစာသာ အပြစ်ရှိသည်ဟု မိန့်ကြားတော်မူသောအခါတွင်မှ စိတ်သက်သာရာရတော်မူပြီး နိုင်ငံတော် တည်ထောင်ရေးကို လုံးပမ်းတော်မူခဲ့သည်။

သီဟိုဠ်နိုင်ငံသမိုင်းတွင် ဒုဋ္ဌဂါမဏိ မင်းကြီး ပြုတော်မူခဲ့သော ကုသိုလ်ကောင်းမှုများအနက် မဟာစေတီတော်ကြီးသည် ယနေ့တိုင်အောင် တည်ရှိနေပေသည်။ ရဟန္တာအရှင်မြတ်များနှင့် တွဲဖက်၍ သူမတူအောင် ကောင်းမှုကုသိုလ် အမျိုးမျိုးကိုပြုတော်မူရာ၌ ဤစေတီတော်ကြီးကိုပါ တည်ထားကိုးကွယ်ခဲ့ပေသည်။

ဗုဒ္ဓအဘိဓမ္မာ ပညာကို တတ်သိသော ပညာရှင်တို့သည် လောကကို ဘက်စုံရှုမြင်ရာ၌ ဤသို့သော ဖြစ်ရပ်မျိုးကို ခြုံကြည့်ပြီး ပဋ္ဌာန်း (၂၄) ပစ္စည်းထဲသို့ သွင်းယူကာ ဤဒုဋ္ဌဂါမဏိမင်းကြီး၏ ဆောင်ရွက်မှုများကား အကုသိုလ်ကို အကြောင်းခံပြီး ကုသိုလ်ကောင်းမှုပြုသည့် "အကုသလော ကုသလဿ" သဘောမျိုးပေတကားဟု မြင်ပေသည်။

အကုသိုလ်ကို အခြေခံပြီး ကုသိုလ်ပြုခြင်းမျိုးသည် သမ္မပ္ပဓါန်တရား လေးပါး အမြင်ဖြင့် ကြည့်ပါက ဖြစ်ပြီးသော မကောင်းမှု အကုသိုလ်ကို ပယ်ခြင်းဟု လုံ့လပြုခြင်း ဆိုသည့် ဒုတိယသမ္မပ္ပဓါန် သူတော်ကောင်းတို့၏ လုပ်ရပ်မှန်များနှင့် ညီညွတ်သည်ကို တွေ့ရပေသည်။

ဤသို့ ဥပနိဿယပစ္စည်းဆက်တစ်ဆယ့်နှစ်ချက်ထဲမှ ယခုတင်ပြနေသည့် "အကုသလော ကုသလဿ" (အကုသိုလ် အကြောင်းခံ၍ ကုသိုလ်ပြုခြင်း) သဘောကို နားလည်ကြပြီး မိမိတို့၏ ဘဝကို ရဲရဲတည်ဘောက်တတ်ကြရန်လိုပေသည်။ ဆိုလိုသည်မှာ မလှသော မရောင်သော အကုသိုလ်မှု ပြုမိသော်လည်း နောင်တမရှိ အမှုမထားဘဲ ကုသိုလ်ကောင်းမှု တိုးပွားအောင် လုပ်ရန်သာ လိုကြောင်း ပဌာန်းအခြေခံ အသိမှန်ရရန် ဖြစ်ပေသည်။

## အကုသိုလ်က အဗျာကတတရားအား ဥပနိဿယပစ္စည်းဆက်ပုံ

အကုသိုလ် ဆိုရာ၌ ပရမတ္ထတရားကိုယ်မှာ အကုသိုလ်စိတ် ၁၂ ပါး၊ ၎င်း၌ ယှဉ်၍ဖြစ်သော စေတသိက် ၂၇ ပါးအားလုံး ပါဝင်၏။ အဗျာကတတရားဆိုရာ၌ ဝိပါက်စိတ် ၃၆ ပါး၊ ကြိယာစိတ် ၂၀၊ ၎င်းတို့နှင့် ယှဉ်၍ဖြစ်သော စေတသိက် ၃၈ ပါး ပါဝင်၏။ ရုပ်တရား မပါ၊ နိဗ္ဗာန် အဗျာကတမပါ၊ ထို့ကြောင့် အကုသိုလ်တရားသည် ရုပ်တရားနှင့် နိဗ္ဗာန်တရားကို အားကြီးသော ပစ္စည်းအထောက်အပံ့ မဖြစ်စေနိုင်ကြောင်း သိရပေသည်။ တစ်နည်းဆိုရသော် အကုသိုလ်တွေ ပြုလုပ်သည့်အတွက် ကိုယ်ခန္ဓာ တိုးတက်ဖွံ့ဖြိုးမှု မဖြစ်စေနိုင်၊ အကုသိုလ်တွေ များများပြုလုပ်သည့်အတွက် နိဗ္ဗာန်ရရှိရေးကို အကျိုးမပြုစေနိုင်ဟု တထစ်ချ မှတ်သားနိုင်ပေသည်။

အကုသိုလ်နှင့် အဗျာကတ တရားတို့ ဥပနိဿယပစ္စည်းဖြင့် ဆက်သွယ်ခန်း၌ အကုသိုလ်ကို ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ ဟူ၍ ခြောက်မျိုး သရုပ်ထုတ်ရ၏။ ရာဂဆိုသည်မှာ လိုချင်မှု အားများ၍ "ရာဂ" ဟု အမည်သစ်ဖြင့် ဖော်ပြ၏။ လောဘဆိုလျှင် လိုချင်မှု မှန်သမျှ၊ "ရာဂ" ဆိုလျှင် သာမန်လိုချင်ရုံမျှမက အဝတ်ကို ဆိုးသည့် အရောင်ဆိုးရေကဲ့သို့ တပ်စွန်းသည့် ငြိကပ်သည့် အားများသည့် လောဘ၊ ဤသို့ သိအပ်၏။

မာနသည် လောဘစိတ်၌ မှီတွယ်ဖြစ်သည့် စိတ်ကြီးဝင်မှု အကုသိုလ် သဘာဝဖြစ်၏။ ဒိဋ္ဌိသည်လည်း လောဘစိတ်၌ပင် မှီပြီး အမြင်မှားမှု သဘောဖြစ်၏။ ပတ္ထနာ ဆိုသည်ကား တရားကိုယ်အားဖြင့် လောဘပင်။ သို့သော် ဘဝသုခရလိုမှု ဥစ္စာ ဓန ဘောဂဗလနှင့် ပြည့်စုံမှုကို တောင့်တသည့် သဘောဖြင့် ဖြစ်သောကြောင့် ပတ္ထနာဟု ဝေါဟာရတစ်မျိုးဖြင့် ဖော်ပြ၏။

ရာဂ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ လေးမျိုးလုံးသည် ပရမတ္ထတရားကိုယ်အားဖြင့် လောဘပင်မ အခြေခံဖြစ်၏။ သို့သော် အရည်အသွေး မတူ၍ သီးခြားတစ်မျိုးစီ ဟောတော်မူသည်။ ဥပမာ ချည်လုံးချီလေးထည် ဆိုပါစို့၊ လေးထည်လုံး ချည်သားချည်း ဖြစ်၏။ တစ်ထည်က အနီ၊ တစ်ထည်က အညို၊ တစ်ထည်က အစိမ်း၊ တစ်ထည်က အပြာ ဤသို့ အရောင်ကွဲလေးထည် ဖြစ်သကဲ့သို့ မှတ်ရာ၏။ လောဘတစ်ခုတည်းပင် ဖြစ်သော်လည်း တစ်မျိုးက ရာဂလောဘ၊ တစ်မျိုးက မာနလောဘ၊ တစ်မျိုးက ဒိဋ္ဌိလောဘ၊ တစ်မျိုးက ပတ္ထနာလောဘ ဤသို့ အသွေးအရည် ကွဲကြောင်း သိရပေသည်။

ဒေါသကား လောဘနှင့် လုံးဝ ဆက်စပ်မှု မရှိ၊ သီးခြား သဘာဝတစ်ရပ်ဖြစ်၏။ ပြစ်မှားသည့် သဘောကို ဒေါသဟု ဝေါဟာရ တပ်၏။ မောဟသည်လည်း သဘာဝတစ်မျိုးပင် ဖြစ်၏။ တပ်မက်ခြင်း သဘောလည်း မဟုတ်၊ ပြစ်မှားခြင်း သဘောလည်း မဟုတ်၊ အမှန်ကို မသိကတ်သည့် တွေဝေသည့် သဘောဖြစ်၏။ စဉ်းစားကြည့်လျှင် လောဘ တပ်မက်ခြင်းသည် တွေဝေခြင်း မရှိ၊ လှတာကို တပ်မက်ရာ၌ လှမှန်းကိုသိ၍ တပ်မက်ခြင်း ဖြစ်၏။ လှသလား၊ မလှသလား မသိ တွေဝေနေလျှင် တပ်မက်မည် မဟုတ်ပေ။ ထိုနည်းတူ ဒေါသ ပြစ်မှားရာ၌ ပြစ်မှားရမှန်း သိကိုသိ၍ ပြစ်မှားခြင်းဖြစ်၏။ ပြစ်မှားရမှာလား မပြစ်မှားရမှာလား တွေဝေနေလျှင် ပြစ်မှားမည် မဟုတ်ချေ။ ဤသို့ စဉ်းစားကြည့်လျှင် မောဟဆိုတာ ကောင်းမှန်းလဲ မသိဟတ်၊ ဆိုးမှန်းလဲ မသိတတ်သည့် သဘာဝပါတကားဟု ရိပ်စားမိနိုင်ပေသည်။

အဗျာကတတရားဘက်တွင် ပရမတ္ထတရားကိုယ်မှာ အကုသိုလ်ကြောင့်ဖြစ်သော ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်ကိုယူရ၏။ ဒုက္ခသဟဂုတ်ကာယဝိညာဉ် ဆိုသည်မှာ ကိုယ်ခန္ဓာ ပင်ပန်းဆင်းရဲရာ၌ ဖြစ်သောစိတ်တည်း။

ဒုက္ခရောက်တယ်ဆိုတာ တခြားမဟုတ်၊ ဤဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ် ဖြစ်ရခြင်းပင်တည်း။

ပစ္စည်းဆက်ပုံကို တစ်ခုစီစဉ်းစားစို့၊ ပဌာန်းပါဠိတော်၌ –

ရာဂကို အားရှိပါးရှိ အမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏။

ထက်ဝန်းကျင်ကို ပူပန်စေ၏၊ ရာရဖွေရမှု အရင်းခံသော ဒုက္ခ ဆင်းရဲကို ခံစားရ၏။

ဤသို့ စသည်ဖြင့် ဟောတော်မူ၏။

ရာဂကို အားရှိပါးရှိ မှီတယ်ဆိုသည်မှာ သိပ်လိုချင် သိပ်တပ်မက် သိပ်တပ်စွန်းခြင်းကို ဆိုလိုသည်။ ဥပနိဿယသဘောကို လယ်တီဆရာတော် ဘုရား၏ ပဌာနုဒ္ဒေသဒီပနီ အင်္ဂလိပ်ဘာသာပြန်၌ more powerful sufficing condition, stronger sufficing condition ဟု ပြန်ဆိုထားသည်ကို တွေ့ရ၏။ လှတာကို သာမန်လိုချင်ရုံမက သိပ်လိုချင်သည်ဆိုအံ့။ မိမိစိတ် ပူလောင်၏။ စိတ်ပူလောင်၍ ရင်ပူလာ၏။ တဲတွေး ခဏခဏ မျိုချရ၏။ မအိပ်နိုင်၊ မစားနိုင် ဖြစ်လာ၏။ ထက်ဝန်းကျင် ပူပန်တယ်ဆိုတာ အမျိုးမျိုး ဘက်စုံ ပူပန်ခြင်းပင် ဖြစ်၏။ ပူပန်သူ၏ တကိုယ်လုံး ဆင်းရဲ၏။ ဒါကို ပဌာန်းပစ္စည်း ဆက်ယူလျှင် ရာဂသည် ကိုယ်၏ဆင်းရဲ ဖြစ်အောင် ဥပနိဿယသတ္တိဖြင့် အကြောင်းခံသည်ဟု ဆိုရသည်။ ဆက်လက်၍ ရာဂတပ်မက်သည့် သက်ရှိသက်မဲ့ကို မရရအောင် ရာရဖွေရသည့် ဒုက္ခဆက်ဖြစ်လေ၏။

အထက်ပါ ဘုရားဟော ပဌာန်းဒေသနာ ကောက်နုတ်ချက်သည် နဲနဲကလေး၊ သို့သော် နတ်ဖြစ်ကသစ်ပန်းသည် ယူဇနာများစွာကို ပြန့်နှံ့မွှေးကြိုင် သကဲ့သို့ လည်းကောင်း၊ သဒ္ဒါသုမန၏ ပိုက်ဆံအိတ်သည် ထုတ်လှူ၍ မကုန်နိုင် သကဲ့သို့ လည်းကောင်း၊ ဂေါသိသ စန္ဒကူးသည် ရောဂါလံများစွာကို အေးမြစေသ ကဲ့သို့ လည်းကောင်း လောကဖြစ်ရပ်မျိုးစုံကို လွှမ်းခြုံ၍ ပစ္စည်းဆက်ယူနိုင်ပေ သည်။

## အကုသိုလ်ကြောင့် အဗျာကတ ဒုက္ခဖြစ်ရပုံများ

ယခုခေတ် နေ့စဉ် ဖြစ်ပျက်နေသော လောကခြင်းရာများကို ထားပါဘိ၊ ဂန္ထဝင် စာတင်ထားသည့် ဖြစ်ရပ်ပေါင်းများစွာထဲမှ ရာဂကို အမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏။ ထက်ဝန်းကျင် ပူပန်စေ၏။ ရာဂဖွေရသည့် ဒုက္ခရောက်၏ ဆိုသော ပဋ္ဌာန်းနည်းဖြင့် ပစ္စည်းဆက်သော ဇာတ်များစွာ တွေ့နိုင်၏။

အဘိဓမ္မာကို နားလည်အောင် သုတ္တန်ဖြင့်ကူရမြဲ ဖြစ်သောကြောင့် စွဲသွားအောင် သရုပ်ဖော်ရသော် ဤပဋ္ဌာန်းစာသည် များစွာ ပတျာပြန့်သွားပေလိမ့်မည်။ သဘောပေါက်ရုံ အကျဉ်းမျှသာ ဆိုပါအံ့။

ရှေးအခါက ကာသိကရာဇ်မင်းကြီး ကိုးကွယ်သော ဈာန်ရ ရသေ့တစ်ပါးသည် ဆွမ်းလောင်းရန် ကဗျာကယာ အထလိုက် ကိုယ်ဝတ်လျှောကျသွားသော မုဒုလက္ခဏာဒေဝီ မိဖုရားကြီး၏ လျှို့ဝှက်သော ကိုယ်တွင်းအင်္ဂါကို မြင်လိုက်သဖြင့် တပ်မက်ခြင်း ရာဂပြင်းပြစွာဖြစ်ပြီး ဈာန်လျှောကျသွား၏။ ခုနစ်ရက်လုံး မစားနိုင် မအိပ်နိုင် ဖြစ်သွား၏။ မုဒုလက္ခဏာအတွက် ရသေ့ကိလေသာ ရာဂ ငန်းဖမ်းပုံကို မုဒုလက္ခဏာပျို့တွင် ဤသို့သရုပ်ဖော်ထား၏။

> လှစွာလှစွာ၊ ပြင်ကလျာနှင့်၊ ညိုပြာညိုပြာ၊ ခြောက်ပစ်ကွာ၍၊
> လက္ခဏာ ကြန်နှ၊ သညာပြုသည်၊ မုဒုလက္ခဏာ၊ မည်တော်ရသား၊
> ရှင်မထွတ်တင်၊ တောင်နန်းရှင်သည်၊ အလျှင်မကြာ၊ ကြွတည့်လာ၍၊
> သန္တာလက်တည့်၊ စမ်းပါလှည့်လော့၊
> နွမ်းချည်နွဲ့နှောင်း၊ ကိုယ်လုံးပျောင်းမျှ၊ ဆင့်လောင်းချမ်းပုံ၊
> အတွင်းပုံသည့်၊ ရွှေငုံနှုတ်ရှည်၊ လွှမ်းပါလှည့်လော၊
> မြော်ကြည့်လေရာ၊ နောင့်ချည့်သာလျှင်၊ ဗျာပါကြေကွဲ၊ ပူလိုက်လှဲခဲ့၊
> မိညဲရွှေလျော်၊ ထိပ်ပေါ်ပြည်ဖြည့်၊ နမ်းပါလှည့်လော၊

ရာဂရှူး ရှူးနေသော ရသေ့ဖြစ်နေပုံကို ဤသို့ ဖွဲ့ထား၏ –

ညှိခင်နတ်တူ၊ နန်းမသူကြောင့်၊ သည်းအူဆွတ်လွတ်၊ ကြွေမတတ်မှူ၊

မခတ်တမျက်၊ မိုက်သက်ပြီးပြွမ်း၊ ဆွမ်းလည်းသိုးနံ့၊

ခိုင်ခံ့ကြောမ၊ သက်မျှမသာ၊ မျက်နှာမလှည့်၊ နွမ်းချည့်ခွေလိပ်၊

နာရိပ်နာချည်၊ ရုပ်ရည်မလွင်။

ဤတွင် မုဒုလက္ခဏာကို ချစ်လွန်းတပ်မက်လွန်းသည့် ရသေ့မှာ သည်းအူတွေပြတ်မျှ ဖြစ်နေ၏။ အကြောအချဉ်တွေ တင်းနေ၏၊ နွမ်းခွေနေ၏၊ မကျန်းမမာသလို ဖြစ်နေ၏၊ ဤသည်တို့ကို ပဋ္ဌာန်းပစ္စည်း ဆက်ကြည့်ပါက မုဒုလက္ခဏာကို တပ်မက်သည့် ရာဂကို မှီပြီး ကိုယ်ပူပန်ခြင်း၊ ထက်ဝန်းကျင် ပူပန်ခြင်းတွေ ဖြစ်နေကြောင်း တွေ့နိုင်၏။

နာမည်ကျော် ဥမ္မာဒန္တီအလှပဂေးကို တရေးရေးတသပြီး သိဝိဘုရင် အရူးအမူး ဖြစ်နေပုံကို ဥမ္မာဒန္တီပျို့ ဆရာ မဟာမင်းလှမင်းခေါင်ဦးရွှန်းက–

"ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်၏" ဟု

အဘိဓမ္မာဆန်ဆန် စပ်ဆိုထား၏။ ထိုပြင် ပပဝတ်ကို မရရအောင် ကြိုးစားသော မင်းကုသ ဆင်းရဲဒုက္ခအမျိုးမျိုး ခံရပုံစသည်တို့မှာလည်း ဤပဋ္ဌာန်းဆက်ပင် ဖြစ်၏။ (ဝတ္ထုသက်သေများလှစွာ၏။)

တိရစ္ဆာန်လောက၌လည်း တောဆင်ကြီးတချို့ မုန်ယိုပြီး သစ်ပင်ကြီးတွေကို အစွယ်ဖြင့် တအားပြေးထိုးရာ သစ်ပင်၌ ဆင်စွယ်ကျိုးပြီး ကျန်ရစ်တတ်၏။ ယင်းကို ဆင်မာန်စွယ်ဟုခေါ်၏။ အစွယ်ကျိုးသော ဆင်မှာ အဘယ်မျှ ကာယိက ဒုက္ခဝေဒနာ ဖြစ်လိမ့်မည်နည်း။ စင်စစ် ရာဂက ဒုက္ခဖြစ်စေခြင်းတည်း။ တောင်သူလယ်သမားများသည် မိုးဦးကျ နွားမြိုင်လိုက်သည်ကို တွေ့မြင်ကြရ၏။ ရှေ့က အလွတ်ပြေးသော နွားမနောက်သို့ နွားသိုးတွေဝိုင်းအုံလိုက်ကြ၏။ တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်ငှေယမ်းဗရမ်းဗတာ၊ အမောတကောကြီးပင်။ ဒါဟာဘာလဲ၊ ရာဂ၊ ရာဂကို မှီပြီး ဖြစ်ကြသည့် ဒုက္ခများပေတည်း။

ယခုခေတ် ဇာတ်သဘင် ရုပ်ရှင်များတွင်လည်း မိန်းကလေးတစ်ဦးကို ချစ်လို့ကြိုက်လို့ ယောကျာ်းလေးများ ဝိုင်းလုကြပုံ၊ ထို မိန်းကလေးအတွက်

ဒုက္ခ အမျိုးမျိုး ခံကြပုံကို ဇာတ်လမ်းလုပ်ကြ၏။ ပဋ္ဌာန်းအမြင်ရှိသူက အော် ရာဂကြောင့် ဒုက္ခဖြစ်ကြတာကိုးဟု တိုတိုကလေး သိပေသည်။

ဤတွင် ကောက်ချက်ကား တခြားမဟုတ်၊ အကုသိုလ်ကြောင့် ဒုက္ခ ဖြစ်ကြခြင်းကို နားလည်ရခြင်း ဖြစ်၏။ တနည်းဆိုသော် ရာဂတည်း ဟူသော အကုသိုလ်သည် လူကို ကောင်းကျိုးမပေး၊ ဆင်းရဲဒုက္ခကို ပေးကြောင်း ပဋ္ဌာန်း နည်းအရ မှတ်သားနိုင်သော အချက်ဖြစ်ပေသည်။

ဒေါသကို မှီပြီး ကိုယ်ကို ပူပန်စေခြင်း စသည်တွင်လည်း သုတ္တန် ဖြစ်ရပ်သာဓကများစွာ ရှိ၏။ နေ့စဉ်ဘဝတွင်လည်း ဖြစ်နေကြ၏။ ဒေါသဖြစ် လိုက်သည်ဆိုလျှင် မိမိစိတ်ဆင်းရဲ၏။ ရင်ထဲနှလုံးထဲ ပူလောင်၏။ ကိုယ်မငြိမ်း မချမ်း ကြမ်းတမ်းလေသည်။ ဤသည်ကား ပဋ္ဌာန်းဆက်တည်း။

ထောင်သားများစွာအနက် အချို့မှာ ဒေါသကို မထိန်းနိုင်ကြ၍ ရိုက်မိ ခုတ်မိ သတ်မိကြ ည့်အတွက် ထောင်ထဲမှာ ကိုယ်၏ ဆင်းရဲမှုမျိုးစုံ ခံနေ ကြရသည်။ ထိုသူမျိုးကို မြင်လျှင် အော် သူ၏ ဒေါသသည် သူ့အား ဥပနိဿယ ပဋ္ဌာန်းဆက်ဖြင့် ဆင်းရဲဒုက္ခ ဖြစ်စေလျှက် ရှိပေသည်တကားဟု ပဋ္ဌာန်းမြင် မြင်တတ်ရပေသည်။ အပြင်လောက၌လည်း ဒေါသကြောင့် ဒုက္ခရောက်နေကြ သူတို့ကို အလွယ်တကူ တွေ့မြင်နိုင်ကြလေသည်။

နိပါတ်တော်ထဲမှ ထင်ရှားရာကို ပြောရသော် ကလာဗုမင်းသည် သူ၏ မိဖုရားများက အရိုအသေသွားပြုသော ခန္တီဝါဒီရှင်ရသေ့အပေါ် ဒေါသ ထွက်သည့်အတွက် နားဖြတ် နှာခေါင်းဖြတ် လက်ဖြတ် ခြေဖြတ် နောက်ဆုံး သတ်ပစ်လိုက်၏။ ထိုအခါ ချက်ခြင်း ထိုမင်းမြေမျိုခံရသည်။ မြေမျိုသည် ဆို သည်ကား မြေကွဲ၍ မြေထဲမှ မီးအလျှံ တက်လာပြီး ထိုလူယုတ်မာကို မြေထဲဆွဲ ချသွားခြင်း ဖြစ်၏။ ထိုသို့ မြေမျိုခံရသောအခါ ထိုမင်းအနေဖြင့် အဘယ်မျှ ဒုက္ခရောက်လိမ့်မည်ကို တွေးကြည့်နိုင်၏။ ဤသို့ သူဒုက္ခဖြစ်ရသည်မှာ တခြား ကြောင့် မဟုတ်၊ သူ၏ ဒေါသပင် ဖြစ်၏။ ပဋ္ဌာန်းစကားပြောလျှင် သူ၏ ဒေါသ ကိုမှီပြီး သူဒုက္ခရောက်ရခြင်း ဖြစ်ပေသည်။

မောဟကို မှီပြီး (ဝါ) မောဟကြောင့် ဒုက္ခရောက်ရပုံများစွာ ရှိပါ

၏။ နိပါတ်တော်ထဲတွင် လှည်းကုန်သည် ငါးရာတို့ ရေမရှိသော ခရီးခဲကို လှည်းငါးရာဖြင့် ဖြတ်သွားကြရာ ကြာစွယ်ကြာရိုးတို့ကို ပန်ဆင်သည်ပိုးလာကြသော လူတို့က ရှေ့မှာရေကန်ကြီး ရှိသည်ဟု ပြောသည်ကို မဆင်မခြင်ယုံပြီး ပါရင်းရေတွေကို သွန်ပစ်ကြ၏။ တကယ်တော့ ထိုပြောသူတို့သည် လူအစစ်မဟုတ်၊ လူယောင်ဆောင် ဘီလူးတို့ပေတည်း။ သို့သော် လှည်းမှူးက ဒါကိုမသိ၊ မရိပ်မိ၊ ရေအနေအထား မိုးရိပ်မိုးခြည်ကိုလည်း မဆင်ခြင်၊ နောက်ဆုံး ရေငတ်၍ အင်အားချည့်နဲ့နေကြသော သူတို့ကို ဘီလူးတို့ လာစားပစ်ကြသည်။ ဤသည်မှာ အမှန်ကို မသိသည့် မောဟကြောင့် ဒုက္ခရောက်ကြရခြင်း ဖြစ်ပေသည်။

## မောဟဆိုတာ ဒါပဲ

နေ့စဉ် ဘဝဖြစ်ရပ်ထဲက မှတ်မိသည့် ကိစ္စတစ်ခုကို လက်တွေ့ပြောလို၏။ ၁၉၉၁ ခုနှစ်ထဲတွင် မိမိ ညွှန်ချုပ်တာဝန်ဖြင့် အင်းလေးကန်သို့ မိတ်ဆွေများနှင့်အတူ ဘုရားဖူးသွားခဲ့၏။ မိမိမိတ်ဆွေကြီး တစ်ဦးက ကျုပ်လောဘနဲ့ ဒေါသကို နားလည်ပါတယ်။ မောဟကို သဘောမပေါက်ဘူး၊ ပြောစမ်းပါ ဆိုလာ၍ စာသဘောကို ပြောရ၏။ သူသဘောပေါက်ဟန် မရှိချေ။ အင်းလေးဖောင်တော်ဦး ဘုရားဖူးပြီး ပြန်ကြသောအခါ ထိုမောဟကို မေးသော မိတ်ဆွေသည် ပဲ့ချိတ်လှေပေါ်ကို ဆင်းလိုက်ရာတွင် သူများလိုတဲ့တဲ့မဆင်းမိဘဲ တဖက်လွန်ပြီး ရေထဲကျသွားရှာ၏။ လုပ်ကြပါဦးဆိုပြီး မိမိတို့က လှေပေါ်မှနေ၍ သူ့ကို ဆွဲတင်ရ၏။ ထိုအခါ အခြားညွှန်ချုပ် တစ်ဦးက သူ့ကို လှမ်းပြောလိုက်၏။ ဆရာ မောဟ ဆိုတာ အဲဒါပဲတဲ့။ မိမိတို့ ဝိုင်း၍ ရယ်ကြရ၏။

မောဟစိတ်မှာ သတိမယှဉ်ပါ။ မောဟ ဖြစ်သူမှာ သတိမရှိပါ။ ဒါ အဘိဓမ္မာ အမှန်တရားတည်း။ ထို ပုဂ္ဂိုလ်ကြီးသည် တွေဝေခိုက်ဖြစ်၍ သတိလွတ်ပြီး လှေကလေးပေါ်တဲ့အောင် မဆင်းမိ။ တစ်ဖက်လှေနံကို ကျော်နင်းမိပြီး ရေထဲ ဝုန်းကနဲ ကျသွားခြင်း ဖြစ်ပေသည်။

ဤဖြစ်ရပ်ကို ပဌာန်းဆက်ယူတော့ မောဟကိုမှီပြီး ကိုယ်ဆင်းရဲခြင်း ဖြစ်ရသည်ဟု နားလည်ရပေသည်။

## ပဉ္စာတပ အကျင့်

ဒိဋ္ဌိသည်လည်း ကိုယ်ဆင်းရဲခြင်း၊ ပူလောင်ခြင်း စသည်ကို ဖြစ်စေ၏။ (ဝါ) ဒိဋ္ဌိကိုမှီ၍ ဆင်းရဲဒုက္ခ ဖြစ်ကြရ၏။ ယနေ့ ကမ္ဘာ့လူသားတို့သည် အမြင်းမှား၊ အယူမှားမှု ဒိဋ္ဌိကြောင့် မိမိကိုယ်ကို ပူပန်စေခြင်း၊ ထက်ဝန်းကျင် ပူပန်စေခြင်း (ဝါ) အမျိုးမျိုး ပူပန်စေခြင်းတို့ကို ဖြစ်စေလျှက် ရှိနေ၏။ အထူးသဖြင့် ဤဒိဋ္ဌိသည် ဘာသာရေးဘက်တွင် မင်းမူ၏။ အတ္တကိလမထ ခေါ်သော ကိုယ်ပင်ပန်းစေသည့် အစွန်းရောက်အကျင့်ကို ဆင်းရဲခံပြီး ကျင့်ကြသူများ ရှိခဲ့၏။ ယခုခေတ်၌ ဘာသာရေး အယူမှား၍ ဆင်းရဲခံကြပုံကို ဉာဏ်မှီသမျှမျှော်လေ့ရှုရေးပညာရှိဆရာတော်ကြီးများ၏ စကားဖြင့်သာ မှာလိုပါ၏။ လက်ညှိုးညွှန်၍ မဖြစ်ပါချေ။

လွတ်လွတ်ကင်းကင်း မြင်ကွင်းတစ်ခုကို ပြရသော် "ပဉ္စာတပ အကျင့်" ဆိုသည်ကို ကြည့်ပါလော၊ ပဉ္စ=ငါးမျိုး၊ အာတပ=ပူလောင်ခြင်း၊ ပူလောင်ခြင်း ငါးမျိုးရှိသော အကျင့်ဟူလိုသည်။ နွေရာသီ နေပူကျဲကျဲထဲမှာ ထောင့်လေးထောင့်၌ စတုဂံပုံကျကျ မီးပုံလေးပုံဖိုပြီး လူက အလယ်ကောင်မှာပင် ထိုင်လျက် ကျင့်သောအကျင့်ဖြစ်၏။ မီးပူကလေးမျိုး၊ နေပူက တစ်မျိုးပေါင်း အပူငါးမျိုးကို ပဉ္စာတပဟု ခေါ်၏။ တစ်နည်းအားဖြင့် နွေအခါ နေ့တွင် နေပူလှမ်း၊ ညကွင် အိုက်စပ်တဲ့တောအုပ်ထဲမှာနေ၊ ဆောင်းအခါနေ့တွင် တောထဲမှာနေ၊ ညလွင်တီးခေါင်မှာနေ၊ ဆူးပေါ်အိပ်၊ ဤသို့လည်း ရှေးက ကျင့်ကြသတတ်။

ဤလုပ်ရပ်များကို ကြည့်လျှင် ဒိဋ္ဌိကို အလွန်အမင်းမှီပြီး ကိုယ်၏ပူပန်ဆင်းရဲမှုကို ခံကြခြင်းဖြစ်ကြောင်း တွေ့ရ၏။ ပဉ္စာန်းဆက်ကား ဒိဋ္ဌိ အကုသိုလ်သည်ကိုယ်ပူပန်ဆင်းရဲမှု ဖြစ်စေရန် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းဖြစ်ပေသည်။

## မီးလုပ်ကျွေးသည့် ဗြဟ္မဏဝါဒ ပတ္ထနာကြောင့်

ပတ္ထနာနှင့် ပတ်သက်၍လည်း ယနေ့ ကမ္ဘာ့လူသားလောကတွင် ကွင်းကွင်းကွက်ကွက် မြင်နိုင်၏။ ဆုတောင်းခြင်း ပတ္ထနာကို အဓိကထား၍လုပ်

ကြ၏။ ဆုတောင်းပွဲတွေ လုပ်ကြ၏။ နေ့စဉ် အပါတ်စဉ် ဆုတောင်းကြ၏။ ထို သို့ဆုတောင်းရာ ကိုယ်ပူပန်ခြင်းထက် ထက်ဝန်းကျင် ပူပန်ခြင်း ဖြစ်ကြရပေသည်။ အချိန်ကုန် လူပန်း ဆိုသောစကားကဲ့သို့ ပင်ပန်းကြရသည်၊ ညောင်းညာခြင်း စသည့် ကာယိကဒုက္ခ ဖြစ်ကြရသည်။ ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ် ဖြစ်ကြရသည်။

ရှေးအခါက ဗြဟ္မာဖြစ်ချင်သူများသည် မီးလုပ်ကျွေးပြီး ဗြဟ္မာဖြစ်ရန် ပတ္ထနာပြုကြ၏။ "မီးလုပ်ကျွေး" ဆိုသည်မှာ အမိဝမ်းမှ ဖွားမြင်သောအခါ မိဘများက မီးကို ယူထား၏၊ ထွန်းညှိထား၏၊ ထိုမီးကို မည်သည်နည်းနှင့်မျှ ငြိမ်းမသွားအောင် ထားကြရ၏။ ဥပမာ – ဆီမီးဆိုပါက ဆီမကုန်စေရ၊ မီးစာမကုန်စေရ၊လေပြင်းမတိုက်စေရ၊ပိုးမွေးသလိုတယုတယ မွေးထားကြရသည်။

မွေးသောသား လူလားမြောက်လာသောအခါ အိမ်ထောင်ပြုမလား၊ တောထွက်ပြီး ဗြဟ္မာဖြစ်အောင် ကျင့်မလား ကြိုက်ရာလမ်းကို ရွေးခိုင်း၏။ တောထွက်မည်ဆိုလျှင် ထိုသားအား မီးကို အပ်လိုက်၏။ ထိုသူသည် မီးကို ယူပြီး တောသို့နေကာ မီးလုပ်ကျွေး၏။ သာမန်ဆီသာမက ဆီဦးထောပတ် စသည့် မွန်မြတ်သော ပစ္စည်းများကိုပါ မီးထဲထည့်၏၊ (ဝါ) မီးအား ပူဇော်၏။ ဤသို့ မီးပူဇော်ကာ ဗြဟ္မာဖြစ်ရန် ဆုတောင်းပတ္ထနာပြုလေသည်။

ထိုမီးလုပ်ကျွေးသူကို ပဋ္ဌာန်းအမြင်ဖြင့် ကြည့်လျှင် ဘာမျှမဟုတ်၊ ပတ္ထနာကိုမှီပြီး ကိုယ်ပင်ပန်းမှု ခံနေပါကလားဟု မြင်၏။ သူ၏ ပတ္ထနာသည် သူ့အား ကိုယ်ပူပန်မှု စသည်ဖြစ်စေရန် ဥပနိဿယသတ္တိစွမ်းအားဖြင့် တွန်းအားပေးနေပေသည်။

## အကုသိုလ်အဆိုးချည်း မဟုတ်

ထို့ပြင် ထို ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာတို့သည် ဖော်ပြခဲ့သည့်အတိုင်း အဆိုးသက်သက်ကိုသာ ဖြစ်စေသည်မဟုတ်၊ တခါတရံ "ကာယိကသုခ" ဟုခေါ်သော သုခသဟဂုတ်ကာယဝိညာဉ်စိတ်ကိုလည်း ဖြစ်စေပေသေးသည်။ ကိုယ်ခန္ဓာ၌ ချမ်းသာမှုတည်း၊ အတွေ့အထိ အပျော့အပျောင်း အကောင်းကြုံရခြင်းသည် ကာယိကသုခ ဖြစ်ခြင်းပေတည်း။ ထိုသို့ ကိုယ်ချမ်း

သာမှု ဖြစ်သောအခါ ရာဂသည် ထိုသို့ ကိုယ်ချမ်းသာမှု ဖြစ်စေရန် ဥပနိဿယ စွမ်းအားဖြင့် ကျေးဇူးပြုသည်ဟု ဆိုရာသည်။ ဤတွင် ကာမဂုဏ်ဖောဋ္ဌဗ္ဗ အတွေ့ မျိုးအထိ စဉ်းစားကြည့်ပါလေ။

လင်မယားရန်ဖြစ်ပြီးနောက်ပြန်လည်သင့်မြတ်၍ အသစ်တစ်ဖန် ကြည်နူးကြရပြန်ခြင်းသည် ဒေါသတရားက ထိုသုခမျိုး ဖြစ်ပေါ်အောင် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးခြင်း ဖြစ်သည်ဟု ဆိုရာ၏။

မောဟကိစ္စ၌လည်း တချို့အရာတွင် မသိ၍ ကောင်းသည်လည်း ရှိတတ်၏။ ယက္ခိနီဇာတ်တွင် ဘီလူးမမှန်း မသိသူသည် အလှနတ်ကညာ ထင်မှတ် ပေါင်းသင်းရာ၌ အစတွင် သုခသဟဂုတ်ကာယဝိညာဉ် ဖြစ်ပြီး ကာယိက သုခ ဖောဋ္ဌဗ္ဗအတွေ့ကို ခံစားရပေလိမ့်မည်။ နောက်မှ ဘီလူးစားခံရခြင်း ဖြစ်၏။ ဤတွင် ပဋ္ဌာန်းဆက်ကြည့်ပါက သူ၏ မသိမှု မောဟသည် သူ့အား ကာယိကသုခ ဖြစ်စေရန် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု မြင်နိုင်ပါသည်။

မာနကြီး စိတ်ကြီးဝင်နေ၍ အောက်ကျနောက်ကျ အလုပ်မလုပ်ရာတွင် အလုပ်လုပ်၍ ဖြစ်ရမည့် ကိုယ်၏ ပင်ပန်းမှု မဖြစ်ဘဲ ကိုယ်၏ငြိမ်းချမ်းမှု သုခဖြစ်၏၊ မာနက ကိုယ်ခန္ဓာသက်သာမှုကို ပဋ္ဌာန်းဆက်ပေးလေသည်။

ဒိဋ္ဌိသည်လည်း မိမိကိုယ်ကို တစ်ခါတရံ သုခဖြစ်စေသည်၊ ကာမေသုမိစ္ဆာစာရ အပြစ်မရှိဟု အယူမှားသူသည် တွေ့မရှောင် အိုင်တွေ့လျှောင် ခြေဆေးရာ၌ သူ၏ ဒိဋ္ဌိသည် သူ၏ ကာယသုခဖြစ်စေဖို့ အကြောင်းခံ ဖြစ်ပေသည်။

ပဋ္ဌာနာပိုင်းတွင်လည်း ဘိုးသူတော် မျက်စိလည်လေ ဆွမ်းဆန်ရလေဆိုသကဲ့သို့ ဆုတောင်းမှားတောင်းပြီး မကောင်းသော ဆုတောင်းပြည့်ရာ၌ ဒုက္ခမရောက်ခင် သုခတွေ့နိုင်ပေသည်။

ဤဥပနိဿယ သတ္တိစွမ်းပကားသည် အလွန်တရာ ကျယ်ပြီး မလွတ်တမ်း အကြောင်းပစ္စည်းပြုနိုင်သောကြောင့် ရာဂ၊ ဒေါသ စသည့် အကုသိုလ် မဂ်ဉာဏ်ဖြင့် ပယ်သတ်ပြီးသည့်နောက်ပိုင်းအထိ အကျိုးပေးလိုက်တတ်၏။ အရိယာဖြစ်၍ မိမိ ရသော ဖိုလ်စိတ်ကို ဝင်စားကာ ကာယိကသုခ ရယူရာ၌ ဟိုအရင်က အကြောင်းမကင်းခဲ့သည့် အကုသိုလ်က ထိုဖိုလ်ဝင်စားမှုကို လှမ်း

ပြီး ပဋ္ဌာန်းဆက်နိုင်၏။ ဥပမာ – ရာဂဖြစ်သည့်အတွက် ထိုရာဂကို အပြစ်မြင်ပြီး တရားရသွားသူအား ရာဂသည် ဥပနိဿယသတ္တိဖြင့် အကြောင်းခံဖြစ်စေပေသည်။

ထိုပြင် ရာဂ ဒေါသ မောဟ စသည်ကို အခြေခံ၍ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်းစသော ဒုစရိုက်ကံတို့ကိုပြု၏။ ထိုအကုသိုလ်ကံသည်ပြီးပြီးပျောက်ပျောက် ဖြစ်မသွားခြင်းကားကမ္မသတ္တိနှင့်ဤဥပနိဿယသတ္တိကြောင့်ဖြစ်၏။ ဥပမာ နွားသတ်၏၊ ထိုနွားသတ်မှု အကုသိုလ်ကံကြောင့် တစ်နေ့တွင် ထို နွားသတ်သမား လျှာပြတ်၍သေ၏။

## ကာလနှင့် ဒေသခြားပြီး ဘယ်လို အကျိုးပေးသလဲ

နွားသတ်ခြင်းသည် အကုသိုလ်ကံ၊ လျှာပြတ်ခြင်း သေခြင်းသည် ထို အကုသိုလ်ကံ၏ အကျိုး၊ နွားသတ်ခြင်းနှင့် လျှာပြတ်သေခြင်းသည် အချိန်ကာလနှင့် နေရာဒေသ (Time and space) တခြားစီ ဖြစ်၏။ သို့ပါလျှက် ထိုဖြစ်ရပ်နှစ်ခုကို ဘယ်လိုဆက်စပ်ယူသလဲ၊ ဘာဆိုင်သလဲ၊ ဘယ်လိုဆိုင်သလဲ ဟု တွေးဆနိုင်ပေသည်။

ဤငုတ်ကွက်ကို မြတ်စွာဘုရားက သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဖော်ပြခဲ့၏။ ဖော်ပြပုံမှာ ပဋ္ဌာန်းနည်းဖြင့် ပစ္စည်းဆက်ပြခြင်း ဖြစ်ပေသည်။

"အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ ပစ္စယေန ပစ္စယော" ဟု ညွှန်ပြ၏။ (ပဋ္ဌာန်းပါဠိတော် – ပဉှာဝါရ) အကုသိုလ်ကံသည် အကျိုးတရားအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည် ဟူလို။ ထို့ကြောင့် နွားသတ်သော အကုသိုလ်ကံသည် လျှာပြတ်သေခြင်း အကျိုးကို အားကြီးသော ဥပနိဿယသတ္တိဖြင့် ဖြစ်ပေါ်စေသည်ဟု သိအပ်ပေသည်။

သို့သော် ဤတွင်သတိပြုရမည်မှာ အကုသိုလ်ကံတိုင်းတော့ အကျိုးမဖြစ်စေနိုင်၊ ဗလဝဖြစ်သော (ဝါ) အားကြီးသော အကုသိုလ် စေတနာကသာ အကျိုးကိုဖြစ်စေနိုင်ခြင်းဖြစ်၏။ သာမန်အကုသိုလ် စေတနာဖြစ်ဘိမူ အကျိုးဖြစ်လာအောင် ဥပနိဿယသတ္တိဖြင့် ကျေးဇူးမပြုပေ။ ဆိုပါစို့ ရာဂဖြစ်၏၊ သို့

သော် သာမန်ကလေးမျှ ဖြစ်၏။ မရမနေ စွန်းစွန်းငြိငြိ ခွန်နှင့်အားနှင့် တအား ရာဂမဖြစ်၊ ဤလို သာမန်ရာဂမူကား ခွန်အားမရှိ၍ အကျိုးကို ဖော်ဆောင်နိုင်ခြင်း မရှိချေ။ ဤသည်မှာ ဓမ္မနိယာမ သဘောကို ဆင်ခြင်လျှင် ဘောင်ဝင်၏။ လောကနိယာမကိုကြည့်ကလည်း သိနိုင်၏။ ဘာမဆို ထိထိရောက်ရောက်(ဝါ) ထိထိမိမိရှိမှသာ အရာထင်မြဲ ဖြစ်၏။ ဥပနိဿယပစ္စည်းအရာ၌ "အားကြီးသော" ဗလဝ ဖြစ်သော (more powerful and stronger) ဟူသော အချက်ကို မျက်ခြည်မပြတ် သတိချပ်အပ်ပေသည်။

အကုသိုလ်ကံက မည်သည့် အကုသိုလ်အကျိုးကို ဖြစ်စေသလဲဟု သိချင်လျှင် ပဋ္ဌာန်းအရကောက်ဆရာတော် အရှင်နန္ဒမေဓါက –

"အကုသလံ ကမ္မံ" ၏ အရကို ဗလဝဖြစ်သော

အကုသိုလ် ဒွါဒသ စေတနာကို ယူ၍ (ယူရန်)

"ဝိပါကဿ" အရကို အကုသလဝိပါက် ခုနစ်ခု

ယူ၍ (ယူရန်) ဟု

ပရမတ္ထတရားကိုယ် ကောက်ပြတော်မူထား၏။

အကုသလဝိပါက် ခုနစ်ခု ဆိုသည်မှာ အကုသိုလ်ကြောင့် ဖြစ်ရသော –

– ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်

– ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်

– ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်

– ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဉ်စိတ်

– ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်

– ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်

– ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်

အထက်ပါ အဘိဓမ္မာ အချက်သည် လက်ရှိလူ့လောက လူသားတို့၏ မိသားစုဘဝ နေ့စဉ်လုပ်ငန်းခွင်တို့၌ အလွန် အသုံးဝင်လှသောကြောင့် သဘောပေါက် နားလည်သည်အထိ လေ့လာသင့်၏။

အထက်တွင် "ဥပေက္ခာသဟဂုတ်" ဆိုသော အဘိဓမ္မာပေါ်ဟာရကို တွေ့ခဲ့၏။ ဥပေက္ခာဆိုသည်မှာ ပျော်ပျော်ပါးပါး မဟုတ်၊ အရပ်စကားဖြင့် ဆိုပါက 'စိတ်မပါလက်မပါ ခပ်အင်အင် စိတ်နေစိတ်ထားပေတည်း။ မှန်၏၊ အကုသိုလ်ကြောင့် ဖြစ်လာသော မကောင်းသည့် အမြင်၊ မကောင်းသည့် အကြား၊ မကောင်းသည့် အနံ့၊ မကောင်းသည့် အရသာ၊ မကောင်းသည့် အတွေ့အထိကို ကြုံရာ၌ အဘယ်မှာ စိတ်ပျော်လက်ပျော် ရှိပါမည်နည်း၊ မတတ်သာလို့သာ မြင်ရ၊ မတတ်သာလို့သာ ကြားရ၊ မတတ်သာလို့သာ အနံ့ခံရ၊ မတတ်သာလို့သာ စားရ၊ မတတ်သာလို့သာ ထိရတွေ့ရ၊ ရှောင်မရလို့ ကြုံရသည့် ကိစ္စမျိုးပေတည်း။ ဒုက္ခသဟဂုတ် ဆိုသည်ကား ကိုယ်ခန္ဓာမှာ ကိုယ်ဆင်းရဲဒုက္ခတွေ့ရခြင်းဖြစ်၏။

မကောင်းတာကိုမြင်ရတာ ဘာကြောင့်လဲ၊ အကုသိုလ်ကံကြောင့်၊ အကုသိုလ်ကံက ဥပနိဿယသတ္တိဖြင့် ပစ္စည်းဆက်လိုက်သောကြောင့် မကောင်းတာ မြင်ရခြင်း ဖြစ်၏ (ဝါ) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ် ဖြစ်ရခြင်း ဖြစ်၏။ အကုသိုလ်ကံက ဘယ်သူလုပ်ခဲ့တဲ့ အကုသိုလ်ကံလဲ၊ သူတပါးလုပ်တဲ့ အကုသိုလ်ကံမဟုတ်၊ နေ့စဉ် ဝက်သတ်နေပဲ့ ဝက်သတ်သမားလုပ်ကဲ့ အကုသိုလ်ကံက မိမိအား လာပြီး အကျိုးပေးတာ မဟုတ်၊ နေ့စဉ် နွားသတ်နေသော နွားသတ်သမား၏ အကုသိုလ်ကံက မိမိအား လာပြီး အကျိုးပေးခြင်း မဟုတ်၊ အခြားသူတစ်ဦးဦး ပြုလုပ်သော အကုသိုလ်ကံက မိမိအား အကျိုးပေးတာ မဟုတ်၊ တချိန်တစ်ခါက မိမိကိုယ်တိုင် ပြုခဲ့မိသော အကုသိုလ်ကံက မိမိအား အကျိုးပေးခြင်း ဖြစ်၏။ ဘုရားရှင် ဟောတော်မူသော ပဋ္ဌာန်း ... တော်ကြီးအရ ဤအချက်ကို အခိုင်အမာ ဆုပ်ကိုင်ထားမိရန် လို၏။

မိမိမကောင်းတာ ကြားရတာလဲ မိမိပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်၊ မိမိ မကောင်းတာ နံ့ရတာလဲ မိမိပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်၊ မိမိ မကောင်းတာ စားရတာလဲ မိမိပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်၊ မိမိ မကောင်းတာ တွေ့ယ

ရတာလဲ မိမိပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်၊ ဒါကို သဘောကျနေလျှင် မိသားစု ဘဝနေ့စဉ် လုပ်ငန်းခွင်၌ ပြဿနာ တဝက်မကမဖြစ်တော့ပေ။ အဘယ့်ကြောင့် နည်း၊ စဉ်းစားတတ်လာသောကြောင့်ဖြစ်၏။ ပါဠိစကား ဆိုရပါမူ "ယောနိသော မနသိကာရ" အသင့်အတင့် နှလုံးသွင်းတတ်လာ၍ ဖြစ်၏။

## မစိုးရိမ်ဆရာတော်၊ ဆရာဦးလှမောင် ဟင်းမကောင်းခြင်း

မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီး၏ ဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယ (မစိုးရိမ်ဆရာတော်) က ဆရာဦးလှမောင် (M.A. M.S. B.L) အား ဤသို့မေးတော်မူ၏။ "ကိုလှမောင် အိမ်မှာ ထမင်း စားတဲ့အခါ အပေါ့ အငန် အစပ်မတဲ့၊ ဟင်းကမကောင်း၊ စားလို့က မဖြစ်ဘူးဆို ရင် ဘယ်သူ့ကို စိတ်ဆိုးရမလဲ"

ထိုသို့ အမေးခံရသောအခါ ဆရာဦးလှမောင်က ဗုဒ္ဓအဘိဓမ္မာကို ကောင်းစွာ မသင်ရသေး၍ အမှတ်ရအောင် မဖြေနိုင် ဖြစ်ခဲ့ပါသတဲ့။ အစီအမံ ညံ့တဲ့မိန်းမ (ဇနီး) ကို စိတ်ဆိုးရမည်၊ ချက်တဲ့ထမင်းချက်ကို ဒေါသထွက်ရမည် ဘာဘာညာညာ တွေးမိပါသတဲ့။

ဆရာတော်ကြီးက ကိုလှမောင် သူများကို စိတ်မဆိုးရဘူး၊ ကိုယ် ပြုခဲ့တဲ့ အကုသိုလ်ကံ အကျိုးပေါ်လို့ ဒီလို မကောင်းတဲ့ အရသာ မကောင်းတဲ့ ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဉ်စိတ် ဖြစ်ရတာ မဟုတ်လား။ ကိုယ့်အကုသိုလ် ကြောင့်ဖြစ်တာ၊ ဘာ အိမ်သူကို စိတ်ဆိုးဘို့ရှိသလဲဟုမိန့်တော်မူပါသတဲ့။ ဆရာ က မိမိ အား ပြောပြဘူး၏။

ဤသို့ စဉ်းစားတတ်လျှင်ပင် ထမင်းဟင်း မကောင်း၍ လင်မယား ရန်ဖြစ်ရန် မလိုတော့ပြီ၊ မိမိသည်လည်း ငါ့ကံပဲ၊ ငါ့အကုသိုလ်ပဲ၊ ကောင်းကောင်း စားချင်လျှင် ငါ ကုသိုလ်များများ လုပ်ရုံပဲဟု မိမိကိုယ်မိမိ စိတ်ဓါတ်အား မြှင့်နိုင် ပေသည်။ ဤလို စဉ်းစားပြီး စိတ်မဆိုးဘဲ အကုသိုလ်ကံ၏ အကျိုးကို ငုတ်တုတ် ပေခံနေရမည် မဟုတ်။ စိတ်ဆိုးပြီး လုပ်မည့်အစား စိတ်မဆိုးဘဲ လုပ်သင့်တာ သာ ဆက်လုပ်၊ ပြင်သင့်တာ ဆက်ပြင်သွားရန် ရှိပေသည်။

မိမိဘဝ အတွေ့အကြုံ အရလည်း မိမိအား မကောင်းကြံစည် မကောင်းပြောဆို မကောင်းပြုလုပ်မှုမျိုးကို တွေ့မြင်ရသောအခါ ထို အနိဋ္ဌာရုံကိုမြင်ရတွေ့ရခြင်းသည် ငါအရင်က ပြုခဲ့ဘူးသော အကုသိုလ်ကံရဲ့ အကျိုးပေးပေါ်လာတာပဲဟု အဘိဓမ္မာသတိဆောင်ပြီး ထိုသူမျိုးအပေါ် မဆင်မခြင် မုန်းတီးခြင်း မဖြစ်ရန် စိတ်ကို ပြုပြင်နိုင်၏။ ဆက်လက်၍ ထို အကုသိုလ်အကျိုး မြန်မြန်ငြိမ်းအောင် ဘယ်လိုလုပ်ရမလဲ၊ ထိုသူမျိုးကို မတွေ့ရ မမြင်ရအောင် ဘယ်လိုရှောင်ရမလဲ၊ မိမိအပေါ် မကောင်းကြံမှုကို ဘယ်လိုခုခံရမလဲဟု ဥဖက်က ဉာဏသမ္ပယုတ်စိတ်ဖြင့် ကြံစည်ရင်း တဖက်ကလည်း ကုသိုလ်ကို ဖိဖိစီးစီး ပြုလုပ်ရလေသည်။ ဤသည်မှာ အဘိဓမ္မာတတ်သူတိုင်း ပြုလုပ်သင့်သည့် နည်းပရိယာယ်ပေတည်း။

ယခုဆွေးနွေးတင်ပြလာသည်မှာ ဥပနိဿယပစ္စည်းခန်း၌ "အကုသလော အဗျာကတဿ" "အကုသိုလ်က အဗျာကတအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်" ဟူသော အချက်ပေါ် မူတည်ပြီး အဘိဓမ္မာပညာဖြင့် လက်တွေ့ဘဝ ဖြစ်ရပ်များကို ထင်ဟပ်ပြချက်များ ဖြစ်ပေသည်။

## အဗျာကတတရားက အဗျာကတတရားအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပုံ

## သို့မဟုတ်

## ချမ်းသာနှင့် ဆင်းရဲတို့၏ ဆက်သွယ်ဖြစ်ပေါ်မှုများ

ဤဆက်သွယ်မှု၌ ပစ္စယုပ္ပန်ပစ္စည်းပိုင်း (ဝါ) အကြောင်းပိုင်းတွင် ဝိပါက်ကြိယာစိတ် စေတသိက် ရုပ် အားလုံး ပါဝင်၏။ ပစ္စယုပ္ပန်ပိုင်း (ဝါ) ဖြစ်ပေါ်စေသော အကျိုးပိုင်း၌လည်း ဝိပါက်ကြိယာစိတ် စေတသိက် ရုပ် အားလုံးပင် ဖြစ်ပေသည်။

ထို အဗျာကတ–ဟု အဘိဓမ္မာက ခေါ်သော အရာတို့မှာ အောက်ပါတို့ ဖြစ်ကြောင်း မြတ်စွာဘုရား ညွှန်ပြတော်မူ၏–

– ကာယိကသုခ (ကိုယ်ချမ်းသာမှု)

- ကာယိကဒုက္ခ (ကိုယ်ဆင်းရဲမှု)
- ဥတု (အချမ်း အပူ)
- ဘောဇဉ် (အစားအစာ)
- သေနာသန (ကျောင်း၊ အိမ်၊ အိပ်ရာ၊ နေရာ စသည်)

မှတ်ချက်။ ရဟန္တာပုဂ္ဂိုလ်အတွက် ဖလသမာပတ်ကိုပါ ထည့်သွင်း၏။ ထို သုခ၊ ဒုက္ခ၊ ဥတု၊ အစားအစာ၊ နေစရာတို့ အချင်းချင်း အကျိုးပြုကြပုံကို ဤ၌ဆက်သွယ်ဖော်ပြ၏။

"ကာယိကသုခ" ဆိုသည်မှာ ကိုယ်၌ဖြစ်သော ချမ်းသာမှုတည်း၊ အဘိဓမ္မာတရားကိုယ်ကား သုခသဟဂုတ်ကာယဝိညာဉ်စိတ္တုပ္ပါဒ် (စိတ်နှင့် စေတသိက်) ဖြစ်၏။

"ကာယိကဒုက္ခ"ဟူ ည်ကိုယ်၌ဖြစ်သော ဆင်းရဲမှုတည်း။ အဘိဓမ္မာတရားကိုယ်ကား ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ္တုပ္ပါဒ် (စိတ်နှင့်စေတသိက်) ဖြစ်၏။

"ဥတု" ဟူသည် အချမ်းအပူ (ဝါ) အအေးအပူ (တေဇောဓါတ်) ပင်ဖြစ်၏။ လျောက်ပတ်သော ဥတု (ဝါ) ကောင်းသောဥတု၊ မလျောက်ပတ်သော ဥတု (ဝါ) ဆိုးဝါးသော ရာသီဥတု နှစ်မျိုးဖြစ်၏။

"ဘောဇဉ်" ဟူသည် အစားအစာတည်း။ သတ္တဝါတို့ ကိုယ်ခန္ဓာတည်တံ့ရေးအတွက် စားကြရသောက်ကြရသော အစာရေစာ အားလုံးကို ဘောဇဉ်ဟုဆိုရသည်။ ယင်းဘောဇဉ်သည်လည်း လျောက်ပတ်သော ဘောဇဉ် (ဝါ)တဲ့သော အစားအစာ၊ မလျောက်ပတ်သော ဘောဇဉ် (ဝါ) မတဲ့သော အစားအစာ ဟူ၍ ခွဲခြားရ၏။

"**သေနာသန**" ဟူသည် မှီခိုနေထိုင်ဘွယ်ရာ အားလုံးဖြစ်၏။ ကြီးကြီး သေးသေး၊ စုတ်စုတ် ထယ်ထယ် ယုတ်စွအဆုံး သစ်ပင်ရင်းကို မှီနေလျှင် ထိုသစ်ပင်ရင်းသည်ပင် ပါဝင်၏။ ထို သေနာသနသည်လည်း လျောက်ပတ်သော နေစရာ (ဝါ) ကောင်းသော အထက်တန်းကျသော နေစရာ၊ မလျောက်ပတ်သော နေစရာ (ဝါ) မကောင်းသော ညံ့သော နေစရာ မျိုးစုံပါဝင်၏။

ဤသို့ အခြေခံကိုကိုင်ပြီးနောက် အကြောင်းအကျိုး ဆက်သွယ်မှုကို ဤသို့ လေ့လာရာ၏–

(၁) ကာယိကသုခသည် မိမိကိုယ်၌ နောက်ထပ် ကာယိကသုခ အဆင့်ဆင့်ဖြစ်အောင်လည်း အကျိုးပြု၏၊ ချမ်းသာတိုးပွား၏။ ကာယိကဒုက္ခ ကိုယ်ဆင်းရဲမှု ဖြစ်အောင်လည်း အကျိုးပြု၏။ ဤတွင် "သုခဿ နန္တရံ ဒုက္ခံ" ဟူသော စကားရှိ၏။ သုခ၏အခြားမဲ့၌ ဒုက္ခလာတတ်သည်ဟူလို။

(၂) ကာယိကဒုက္ခဖြစ်ခြင်းသည် မိမိကိုယ်၌ ကာယိကသုခ ဖြစ်ပေါ်လာစေတတ်၏။ ဥပမာ အနာကြီးပေါက်၍ ဒုက္ခ ရောက်ရာတွင် ထိုအနာ ပျောက်သွားသောအခါ ကိုယ်၌ ဆင်းရဲကင်း၍ ချမ်းသာခြင်း ဖြစ်လာ၏။ ထိုသို့မဟုတ်ဘဲ ကာယိကဒုက္ခဆက်၍လည်း ဖြစ်စေတတ်ပေသည်။

(၃) ပူမှုအေးမှု (ဝါ) အချမ်းအပူ ဟူသော ဥတုသည်လည်း ကောင်းလျှင် ကိုယ်၌ သုခဖြစ်၏။ ဆိုးလျှင် ကိုယ်၌ ဒုက္ခ ဖြစ်၏။ ဤအချက်သည် ကျန်းမာရေးအတွက် အရေးကြီး၏။ နေပူမိုးရွာ ရေချိုးမိုးချိုး စသော အချမ်းအပူကို မျှတအောင် ခံယူကျင့်သုံးတတ်လျှင် ကိုယ်ကျန်းမာ၏။ နေပူမိုးရွာ မဆင်ခြင် ရေချိုးမိုးချိုး မဆင်ခြင်လျှင် ကျန်းမာရေးပျက်၏။ ဤသည်မှာ ပဋ္ဌာန်းဆက်ပင် ဖြစ်၏။

(၄) ထိုနည်းတူ ဘောဇဉ်ဟူသော အစားအစာသည်လည်း ကိုယ်ခန္ဓာ ချမ်းသာ ဆင်းရဲ ဖြစ်စေတတ်၏။ အစားအသောက် ဆေးဝါးဓါတ်စာကို မျှတအောင် ပေးတတ်လျှင် ကာယိကသုခ ဖြစ်၏။ (ဝါ) ကိုယ်ကျန်းမာ၏၊ မတဲ့သော အစားအစာ မသင့်မြတ်သော ဆေးဝါး ဓါတ်စာကို မှီဝဲစားသုံးမိပါက ကာယိကဒုက္ခဖြစ်၏။ (ဝါ) ကျန်းမာရေးပျက်၏။ ရောဂါဝေဒနာ ရ၏၊ ချူချာ၏။

(၅) သေနာသန ဟူသော နေစရာသည်လည်း မိမိအတွက် ချမ်းသာဆင်းရဲ ဖြစ်စေတတ်၏။ အချမ်းအပူကို ပယ်ဖျောက်တတ်သော (ဝါ) လုံခြုံသော အိမ်၊ ကျောင်းသည် သုခကိုဖြစ်စေ၏။ အချမ်းအပူ အယှအသိမ်း မမျှတသော နေရာသည်ကာယိကဒုက္ခကိုဖြစ်စေ၏။(ဝါ)ရောဂါရစေ၏။ ကြားဘူးသည်မှာ ကျေးရွာရှင် လယ်တီဆရာတော်ဘုရားကြီးသည် အသက်ကြီးပိုင်း၌ စက္ခုနှစ်ကွင်း အလင်းမရဖြစ်သွားရာ၏။ ဆရာတော်ကြီးသည်နွေရာသီပူလွန်းသော အခါ၌ ရေပြည့်အိုးများ ဝန်းရံပြီး ထိုအအေးထဲ၌ နေ၏ဟူ၏။ ယခုခေတ်လည်း ပန်ကာဖွင့်ပြီး လေခံလွန်းခြင်း၊ အဲယားကွန်းနှင့် အချိန်များစွာ နေခြင်း စသည်ကြောင့် ရောဂါရနေသူများ ရှိ၏။ ဤသည်မှာ ပဌာန်းဆက်ပင် ဖြစ်၏။

(၆) ရဟန္တာအရှင်သူမြတ်များသည်ကိုယ်ချမ်းသာမှု ကာယိကသုခ ရတော်မူသောအခါ မဖြစ်သေးသော သမာပတ်များကိုပင် ဖြစ်ပေါ်ရရှိစေလေသည်။ ဤသည်မှာ ကာယိကသုခသည် ပစ္စည်းပြုသောကြောင့် သမာပတ်တည်းဟူသော အကျိုးကို ရခြင်းဖြစ်၏။ ယခု မိမိတို့သည်လည်း ကျန်းမာရေးမျှတ၍ ကိုယ်ကျန်းမာသောအခါ တရားအားထုတ်လျှင် ပိုပြီး တရားရလွယ်ကြောင်း မှတ်သားရပေသည်။

## အဇ္ဈာကတတရားက ကုသိုလ်ဖြစ်အောင် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပုံ

ဤ၌တွင် အဗျာကတတရားအရ အရဟတ္တဖိုလ်စိတ်မှတပါး ဝိပါက်ကြိယာ ရုပ်အားလုံး ပါဝင်၏။ အကျိုးဖြစ်ပေါ်သော ကုသိုလ်ဘက်တွင် ကုသိုလ်

စိတ်စေတသိက် အားလုံး ပါဝင်ပေသည်။ ဤကား တရားကိုယ်ကို မှတ်သားရန် ဖြစ်၏။

## သုခဒုက္ခစသည်တို့က ဒါနသီလ ဖြစ်စေပုံများ

အဗျာကတအကြောင်းတရားဘက်၌ ကာယိကသုခ (ကိုယ်ချမ်းသာမှု) ကာယိကဒုက္ခ (ကိုယ်ဆင်းရဲမှု) ဥတု၊ ဘောဇဉ်၊ သေနာသန ဟူသော အချက်ငါးချက် ဖြစ်၏။ ဖြစ်သော ကုသိုလ်အကျိုးပိုင်းတွင် ဒါန၊ သီလ၊ ဥပုသ်၊ ဈာန်၊ ဝိပဿနာ၊ မဂ်၊ အဘိညာဉ်၊ သမာပတ် အထိပါဝင်ပေသည်။

ပစ္စည်းဆက်ပုံမှာ ကိုယ်ချမ်းသာမှုကို အကြောင်းပြု၍ ဒါနပြု၏။ သီလဆောက်တည်၏၊ ဥပုသ်စောင့်၏၊ ဈာန်ရအောင် အားထုတ်၏၊ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်၏၊ မဂ်ရ၏၊ အဘိညာဉ် သမာပတ် ရ၏။

သဘောက စည်းစိမ်ချမ်းသာ ရှိသည်ဖြစ်၍ ကာယိကသုခနှင့် ပြည့်စုံသောသူ (ဝါ) ချမ်းချမ်းသာသာ နေရသောသူသည် ဤသို့ စဉ်းစား၏။ ငါသည်ကုသိုလ်ရှိ၍သာ ယခုလို ချမ်းသာခြင်း ဖြစ်၏။ ကုသိုလ်မရှိလျှင် ယခုလို ချမ်းသာမည် မဟုတ်၊ သို့ဖြစ်၍ ငါသည် ယခုစည်းစိမ်မှ မယုတ်လျော့စေရန် နောက်ထပ်စည်းစိမ်ချမ်းသာ တိုးပွားစေရန် ကုသိုလ်ပြုမှ ဖြစ်မည်၊ ဤသို့စဉ်းစား. ပြီး အလှူပေး၏၊ သီလကျင့်၏၊ ဥပုသ်စောင့်၏၊ ဤသို့ ပြုလုပ်ရာတွင် ကာယိကသုခ (ကိုယ်ချမ်းသာခြင်း) သည် အကြောင်း၊ အလှူပေးခြင်း၊ ဥပုသ်စောင့်ခြင်း စသည်သည် အကျိုးဖြစ်၏။ ဤသို့ ကိုယ်ချမ်းသာမှုသည် ဒါန၊ သီလ စသော ကောင်းမှုပြုဖြစ်အောင် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပေသည်။

ထိုနည်းတူ ကာယိကဒုက္ခ ခံစားနေရသူသည် ယောနိသောမနသိကာရ နှလုံးသွင်း လိမ္မာပါက ငါသည် ကုသိုလ်မရှိ၍ ယခုလို ဆင်းရဲရခြင်း ဖြစ်၏။ ငါ ခံစားနေရသော ဒုက္ခမှ လွတ်အောင် ကုသိုလ်ကောင်းမှုပြုမှ ဖြစ်မည်၊ ဤသို့စဉ်းစားပြီး တတ်အားသမျှ လှူ၏၊ ကိုယ်ကျင့်သီလ ထိန်း၏၊ ဥပုသ်စောင့်၏။ ဤသို့ ပြုလုပ်သောအခါ ပဋ္ဌာန်းဆက် အမြင်ဖြင့် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုကြောင်း သိရပေသည်။

ဥတုနှင့် ပတ်သက်၍လည်း စဉ်းစားရန် ဖြစ်၏။ အပူအအေး ဥတုရာသီမျှတမှုရသောအခါ လှူနိုင်၏။ ဥပုသ်စောင့်နိုင်၏။ ကမ္မဋ္ဌာန်း ထိုင်နိုင်၏။ ကမ္ဘာ့ဒေသ အသီးသီးကို ကြည့်ပါက ရေခဲဖုံးလွှမ်းနေသော ဒေသ၊ ခြစ်ခြစ်တောက်ပူပြင်းသော ဒေသတို့၌ အလှူအတန်းလုပ်ဖို့ ကမ္မဋ္ဌာန်းဘာဝနာ ပွားများဖို့ မလွယ်ပါချေ။ ဤကိစ္စသည် ပေါ့သေးသေး မဟုတ်ပေ။ မြတ်စွာဘုရားသည် ဆိုက်ဘေးရီးယားဒေသ အာဖရိကဒေသတို့၌ ပွင့်တော်မမူဘဲ အိန္ဒိယ မဇ္ဈိမဒေသ၌သာ အဘယ့်ကြောင့် ပွင့်တော်မူသလဲ ဆိုသောအချက်အထိ စိတ်ကူးဉာဏ်ကျယ်သလောက် စဉ်းစားနိုင်ပေသည်။ ပဋ္ဌာန်းကို ပထဝီနှင့် တွဲပြီး ဗုဒ္ဓဝင်ကို ဆင်ခြင်နိုင်ပေသည်။

ဘောဇဉ်နှင့် ပတ်သက်၍လည်း အစားအစာ ဝဝလင်လင် မျှမျှတတ စားသုံးနေရသူသည် စိတ်စေတနာ ကြည်လင်စွာဖြင့် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း စသော ကောင်းမှုကုသိုလ်ကို ပြုဖြစ်ပေသည်။ မစားရ၍ အငတ်ဘေးကြုံနေကြရသူများမှာ အဘယ်သို့လျှင် ဒါန၊ သီလ၊ ဘာဝနာ အားထုတ်နိုင်ရာမည်နည်း။ ထို့ကြောင့် အစားအစာ ဘောဇဉ်သည် ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်တရားများ ဖြစ်ပေါ်အောင် အားကြီးသော အကြောင်း (ဥပနိဿယသတ္တိ) ဖြင့် ကျေးဇူးပြုကြောင်း ပဋ္ဌာန်းဆက်ကို သိအပ်ပေသည်။

သေနာသန ဆိုသော နေစရာ အိမ်၊ ကျောင်း စသည်လည်း နည်းတူပင်၊ ကောင်းကောင်းလေး နေရလျှင် စိတ်ချမ်းသာပြီး လှူချင်တန်းချင်၊ ဥပုသ်စောင့်ချင် စသည့်ကုသိုလ်ဘက် စိတ်ရောက်တတ်၏။ ယခု လက်တွေ့ကြည့်ပါ။ ပင်းနှင့်ခြံနှင့် ချမ်းချမ်းသာသာ နေရသူတို့အနက် နှလုံးသွင်းလိမ္မာသူတို့သည် ဥပုသ်စောင့်ဖို့ နံနက် ည ကမ္မဋ္ဌာန်းထိုင်ဖို့ စိတ်ညွတ်ကြ၏။ တချို့လည်း ထိုင်နေကြ၏။ ရပ်ကွက်ထဲ ပုံကျဖြစ်သလို နေရသူမျိုးမှာ အိမ်ကောင်း ဝန်းကျင်မကောင်း၍ စိတ်၏ ချမ်းသာမှု မရရှာကြဘဲ ကမ္မဋ္ဌာန်းထိုင်ဖို့ နေနေသာသာ အချင်းချင်း ရန်မဖြစ်အောင် အတော်ကြီး သည်းခံနေကြရပေသည်။ ဤသို့စဉ်းစားပြီး အိမ်ဂေဟာ နေရာကောင်းကောင်းသည် ကုသိုလ်တရားဖြစ်ပွားရေးအတွက် ကြီးမားသောအကြောင်း အထောက်အကူ ဖြစ်သည်ဟူသော ပဋ္ဌာန်းဆက်ကို သဘောပေါက်အပ်ပေသည်။

ကိုယ်ချမ်းသာမှု၊ ကိုယ်ဆင်းရဲမှု၊ ဥတု၊ ဘောဇဉ်၊ သေနာသန ဟူသော အကြောင်းတရားတို့သည် ဒါန သီလ ဘာဝနာ စသော ကုသိုလ်အကျိုးကို ဖြစ်ပေါ်လာစေရုံမျှမက လူကောင်းတစ်ယောက်အတွက် လိုအပ်သော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟူသော ကောင်းသော အရည်အချင်းတို့ကိုပါ ဖြစ်ပေါ်စေနိုင်ပေသည်။

ကိုယ်ချမ်းသာမှု (ကာယိကသုခ) နှင့်ပြည့်စုံသူသည် ရတနာသုံးပါး၊ ကံ ကံ၏ အကျိုး၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရား ဖြစ်စေတတ်၏။ အကြား အမြင် ဗဟုသုတ ရှာမှီးမှု၊ စွန့်ကြဲစွန့်လွှတ်မှု၊ ပညာဉာဏ်ကြိုးစားမှုများကိုလည်း ဖြစ်စေတတ်၏။ ထိုသို့ ဖြစ်စေရာတွင် ကိုယ်ချမ်းသာမှုသည် အကြောင်း၊ သဒ္ဓါ စသည် ဖြစ်ပေါ်ခြင်းသည် အကျိုး ထိုနှစ်မျိုးကို အားကြီးသော ဥပနိဿယစွမ်းအားဖြင့် ဆက်သွယ်ဖြစ်ပေါ်စေသည်။

လူ့သဘာဝ လောကသဘာဝနယ်သည် ကျယ်လှ၏။ လူသည် ဆင်းရဲလေလေ သံဝေရ ဟူသော စကားကဲ့သို့ ပင်ပန်းဆင်းရဲလှစွာ လုပ်ကိုင်စားသောက်ရသောအခါ ထိုဆင်းရဲမှ လွတ်မြောက်ရန် ရည်သန်လာလေသည်။ ဆင်းရဲမှုဒဏ်မှ လွတ်စေရန် သဒ္ဓါတရား ထက်သန်စွာဖြင့် ရတနာသုံးပါး ဆည်းကပ်၏။ တချို့ ပုတီးမြဲသော ဆိုက်ကားဆရာကို တွေ့ဘူး၏။ ဝန်ဇင်းရွာမှ လယ်သမား (နောက်ဘိုးရာဇာ) သည် ပင်ပန်းဆင်းရဲစွာ လယ်ယာလုပ်ရင်း ဗဟုသုတစုဆောင်း၏။ တနေ့ ငါ၏ ဗဟုသုတသည် ငါ့ကို ဆင်းရဲတွင်းမှ ဆွဲထုတ်လိမ့်မည်ဟု မျှော်လင့်ပြီး သုတရှာလေသည်။ ယခုခေတ် ဆင်းရဲသားကလေး အချို့သည် ပညာတတ်အောင် အထူးကြိုးစားကြ၏။ ပညာတတ်မှ ငါဒီဆင်းရဲတွင်းမှ လွတ်မည်ဟု သဘောထားကာ နင်းကန်ကြိုးစားကြသည်။ တချို့ ဓါတ်တိုင်မီးဖြင့် စာဖတ်ပြီး ဆယ်တန်းအောင်သူ ဘွဲ့ရသူများ ရှိ၏။ ဤသို့ ဖြစ်သောအခါ သူ၏ ဆင်းရဲမှုသည် သူ့အား သဒ္ဓါတရားရှိဖို့၊ သုတကြွယ်ဝဖို့၊ စာမေးပွဲအောင်ဖို့ (ဝါ) ပညာတတ်ဖို့ အကြောင်းခံ ဖြစ်ပေသည်။ ဆင်းရဲ၍ ထိပ်တန်းရောက်သူ အချို့တွင် မဆင်းရဲပါက ယခုလို ကြိုးစားချင်မှ ကြိုးစားဖြစ်ပေမည်။ ပိုက်ဆံချမ်းသာသော မိဘ၏ သားသမီးအချို့ ရာထူးကြီးသူတို့၏ သားသမီး အချို့သည် မဆင်းရဲကြသဖြင့် ဆင်းရဲကို နားမလည်ကြဘဲ ပေါ့ပေါ့နေ ပေါ့ပေါ့စား ပေါ့ပေါ့သွားနေ

ကြ၍ တချို့ ဆယ်တန်းမျှ မအောင်သူများစွာ ရှိကြသည်။ မိဘ အရိပ်အာဝါသ ခိုလှုံပြီး လှုလုပ်နေကြကုန်၏။

ဤ ဥပနိဿယပစ္စည်းသည် အလွန်ကျယ်ဝန်း၏။ သူနှင့် လွတ်သည့် ဖြစ်ရပ်နည်း၏။ မစဉ်းစားတတ်သူအဖို့ အကျိုးအကြောင်း မမြင်တတ်သော်လည်း စဉ်းစားဉာဏ် ရှိသူတို့သည် အကြောင်းတရားကြောင့် ဖြစ်နေကြသော အကျိုးတရား နယ်ကြီးတွင် အားကြီးသော အကြောင်းရင်းတို့ကို ရှာ၍ ကြည့်တတ်ကြပြီး ထိုသို့ တတ်သိနားလည်စေရန် ဗုဒ္ဓရှင်တော်ဘုရားက ဤ ပဋ္ဌာန်းနည်းကို ဟောတော်မူခဲ့ခြင်း ဖြစ်ပေသည်။

## အဗျာကတတရားက အကုသိုလ်ဖြစ်အောင် ဥပနိဿယ စွမ်းအားဖြင့် အကျိုးပြုပုံ

ဤ၌ အဗျာကတတရားအရ လောကုတ္တရာ ဝိပါက်မပါ၊ လောကီ ဝိပါက်စိတ်၊ ကြိယာစိတ်နှင့် စေတသိက်များ ရုပ်တရား အားလုံးပါဝင်သည်၊ အကျိုးပိုင်းတွင် အကုသိုလ်စိတ် စေတသိက်အားလုံး ပါဝင်၏။ ဤကား တရားကိုယ် (တရား၏ကိုယ်) ဖြစ်၏။

အထက်ပစ္စည်းတွင် ကာယိကသုခ စသော အဗျာကတတရားက ကုသိုလ်ဖြစ်အောင် အကျိုးပြုပုံကို ဖော်ပြခဲ့၏။ ယခုပစ္စည်းတွင် ကိုယ်ချမ်းသာမှု စသော အဗျာကတတရားကြောင့် အကုသိုလ်တွေလုပ်ကြပုံကို ဖော်ပြပေသည်။ မှန်ပေသည်။ လူအမျိုးမျိုး စိတ်ဓါတ်အဖုံဖုံ ရှိရာ လူဗာလ လူမိုက်တို့သည် အခွင့်ရတိုင်း မကောင်းမှု လုပ်ဖို့ကိုသာ စိတ်ရောက်ပေသည်။ ပဋ္ဌာန်းဆက်ကား ကောင်းလဲဆက်၊ မကောင်းလဲဆက် ဖြစ်၏။ တစ်နည်း ကောင်းပုံကိုလည်း ဆက်ပြ၏၊ မကောင်းပုံကိုလည်း ဆက်ပြ၏။ အကြောင်းအကျိုးကို ဖော်ထုတ်ပြီး ဆက်သွယ်ပြခြင်းသည် ပဋ္ဌာန်း၏ တာဝန်ပေတည်း။

တချို့သူတို့သည် ကိုယ်ချမ်းချမ်းသာသာ နေရသည်ကို အကြောင်းပြုပြီး ဤသို့ ချမ်းချမ်းသာသာ နေရအောင် သူ့ဘပါး အသက်ကို သတ်၏။ သူတပါးပစ္စည်းကို ခိုးယူ၏၊ လိမ်ပြော၏၊ ကုန်းတိုက်၏၊ ဆဲရေးတိုင်းထွာ၏၊ အလကား အချည်းနှီး စကားပြော၏။ ခြစားရိုး လု၏၊ လူမသိအောင် ပစ္စည်းယူ၏၊

တအိမ်တည်း ပြု၏။ လမ်းဆုံလမ်းခွ၌ လှု၏၊ သူတပါး သားမယား၌ ကာမေသု မိစ္ဆာ အမှုပြု၏။ ရွာ နိဂုံး စသည်ကို ဖျက်ဆီး၏။ မိမိ ချမ်းသာမှု တည်မြဲစေလို၍ ဆိုခဲ့ပါမတရားမှုများကိုပြုလုပ်ခြင်းဖြစ်၏။ ထိုသို့ပြုလုပ်သူအား သူ၏ကာယိက သုခ (ကိုယ်ချမ်းသာမှု) သည် အားကြီးသော အကြောင်းတစ်ရပ် အနေဖြင့် ထို မတရားမှုများပြုဖြစ်အောင် အကျိုးပြုလေသည်။ ထို့ကြောင့် ကာယိကသုခသည် ပစ္စည်းမတရားမှုများပြုခြင်း (ဝါ) ပြုသည့် အကုသိုလ်သည်ဖြစ်ပေါ်သော အကျိုး တည်း။ ဤတွင် သာမန်မဟုတ်၊ အားကြီးသော အကြောင်းဖြစ်ပုံကို သိအပ်ပေ သည်။

ထိုနည်းတူ ကာယိကဒုက္ခရောက်နေသူ အချို့မှာ စိတ်ကောင်း မဝင် နိုင်ဘဲ ထိုဆင်းရဲဒုက္ခမှ လွတ်လိုလွတ်ငြား ထင်မှား၍ သတ်ဖြတ်လုယက် ခိုးဆိုး တိုက်ခိုက်ခြင်း စသည်ကို ဇွတ်တိုးလုပ်လေသည်။ ဆင်းရဲလို့ ခိုးသူ ဓါးပြတိုက်သူ တို့၌ ဤပဋ္ဌာန်းပစ္စည်းနှင့် တိုက်ရိုက်သက်ဆိုင်၏။ ဆင်းရဲခြင်းသည် အကြောင်း ခိုးဆိုးလုယက်ခြင်းသည် ဆင်းရဲကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော အကျိုးပေ တည်း။ ယခုခေတ် ထောင်ထဲ၌ ဆင်းရဲ၍ ကြံမိကြံရာ လုပ်မိလုပ်ရာ လုပ်သည့် အတွက် ရာဇဝတ်ဘေး သင့်နေသူများသည် ဤပဋ္ဌာန်းဆက်နှင့် သက်ဆိုင်လေ သည်။

ဥတုကောင်းကိုဖြစ်စေ၊ ဥတုဆိုးကိုဖြစ်စေ ကြုံရသောအခါ လူမိုက် သည် အကုသိုလ်လုပ်ဖို့သာ စိတ်ညွတ်ပြီး လုပ်၏။ အစားအစာ ဘောဇဉ်ကောင်း ကောင်း စားရခြင်း၊ အစားအစာ ငတ်ပြတ်ဆင်းရဲခြင်း တခုခု ကြုံရာ၌လည်း ထို နည်းတူ လူမိုက်တွေး တွေးပြီး ဒုစရိုက်အကုသိုလ်ကိုသာ လုပ်၏။ အိမ်ကောင်း ကောင်း ကျောင်းကောင်းကောင်း နေရပြန်လျှင်လည်း တစ်မျိုး၊ ဆင်းဆင်းရဲရဲ နေရပြန်လျှင်လည်း တစ်ဖုံ၊ အပြစ်မကင်းသော အကုသိုလ်မှုကိုသာ ပြုလေ သည်။ ဥပမာ အိမ်ကြီးပေါ်မှာ အစားကောင်းကောင်း စားနေရသောအခါ ကိ လေသာစိတ်တွေ ထကြွသောင်းကျန်းပြီး ကာမလိုက်စားသူမျိုး ဤလောကတွင် မရှားပေ။

ထိုသို့ ဥတု၊ ဘောဇဉ်၊ သေနာသန (အိမ်နေရာ) တို့ကို အမှီပြု၍ သတ်ဖြတ်ခိုးဝှက် ကာမကျူးလွန် စသည်ကို ပြုလုပ်ကြရာ၌ ဥတု၊ ဘောဇဉ်

အိမ်နေရာတိုက အကြောင်းပစ္စည်း၊ သူပြုသော အကုသိုလ်မှုက အကျိုးပစ္စယုပ္ပန်၊ ထို အကြောင်းကြောင့် ထိုအကျိုးဖြစ်ပေါ်လာစေသည့် ကြားက စွမ်းရည်သည် ပကတူပဥပနိဿယသတ္တိ(ဝါ)ပင်ကိုယ်ပကတိအားဖြင့်ပင် အားကြီးသော မှီရာစွမ်းအားဖြစ်ပေသည်။

ဆိုခဲ့ပါကာယိကသုခ၊ကာယိကဒုက္ခ၊ဥတု၊ဘောဇဉ်၊သေနာသန ဟူသော အဇ္ဈာကတ အချက်ငါးရပ်သည် အချုပ်အားဖြင့် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ ဟူသော အကုသိုလ်အချက် ခြောက်ချက်ဖြစ်ပေါ်လာအောင် ဥပနိဿယသတ္တိဖြင့် အကျိုးပြုကြောင်း မှတ်သားအပ်၏။ တစ်ခုစီ ရှင်းရသော် အလွန်စကားကျယ်ရာ၏။ ထို့ကြောင့် –

- ကာယိကသုခကြောင့်ရာဂ စသော ခြောက်မျိုးဖြစ်ပုံ တစ်မျိုးစီ စဉ်းစားရန်
- ကာယိက ဒုက္ခကြောင့် (နည်းတူ)
- ဥတုကြောင့် (နည်းတူ)
- ဘောဇဉ်ကြောင့် (နည်းတူ)
- သေနာသနကြောင့် ရာဂစသော ခြောက်မျိုးဖြစ်ပုံ တစ်မျိုးစီ စဉ်းစားရန်

## ပညာကြီးသူတို့၏ ဘာသာရပ်

အဘိဓမ္မာ ဘာသာရပ်သည် ပညာကြီးသူ ပညာတော်သူတို့သာ လေ့လာဝင်စားနိုင်သော ဘာသာရပ် ဖြစ်၏။ ထို့ကြောင့် မိမိအနေဖြင့် ပညာကို စေစားပြီး စိန္တေယျကြစည်ရာ၏။ ပိစာရေယျ ဆင်ခြင်ရာ၏ ဟူသည်အတိုင်း ဆက်လက်စဉ်းစားပါ၊စာသဘောကိုနားလည်အောင် အရင်လေ့လာပါ၊လေ့လာ၍ ပညာသဘောကို သိပြီ တတ်ပြီဆိုလျှင် ဤတွင် ရပ်မနေပါနှင့်၊ နေ့စဉ်ဖြစ်ရပ်များကိုပဋ္ဌာန်းအမြင်ဖြင့် ကြည့်ပြီး ပစ္စည်းဆက်ကြည့်ပါ၊ လူ့သဘောတွေကို ပဋ္ဌာန်းဖြင့် လေ့လာပါ၊ ဤသို့ လေ့လာတတ်ပြီဆိုလျှင် လောကကြီးအပေါ် အရှ

အမြင် ပြောင်းသွားပါလိမ့်မည်။ ပဋ္ဌာန်းမတတ်ခင်က မြင်ခဲ့တဲ့ ထင်ခဲ့တဲ့ဟာတွေနဲ့ တခြားစီ ဖြစ်လာပါလိမ့်မည်၊ မိမိသည်လည်း စိတ်နေစိတ်ထား သိမ်မွေ့လာပြီး ပိုပြီး ယဥ်ကျေးလာပါလိမ့်မည်။ မိမိကိုယ်ထဲမှ မကောင်းတာတွေ ထုတ်ကတ်လာပြီး ကောင်းတာတွေ မိမိကိုယ်ထဲ များများဖြစ်ပွားအောင် ထည့်တတ်လာပါလိမ့်မည်။ ဥပမာ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္တနာတွေ လျော့ပါးစေပြီး သဒ္ဓါ၊ ီလ၊ သုတ၊ စာဂ၊ ပညာတွေ တိုးပွားလာအောင် အကြောင်းပစ္စည်းကို တည်ဆောက်၊ ချိုးနှိမ်ရမည့်အကြောင်းပစ္စည်းကို ချိုးနှိမ်သွားနိုင်ကြမည် ဖြစ်ပါသတည်း။

## ပုရေဇာတပစ္စည်း = ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော အကြောင်းတရား

### ပုရေဇာတ အဓိပ္ပာယ်

အကြောင်းနှင့်အကျိုး နှစ်မျိုးရှိရာတွင် အကျိုးထက် အရင်ကြိုတင်ဖြစ်နှင့်ပြီး ကျေးဇူးပြုသည့် အကြောင်းတရားကို ပုရေ+ဇာတ+ပစ္စယ ဟူသော သဒ္ဒါနည်းအရ ပုရေဇာတပစ္စည်းဟု ခေါ်ပါသည်။ (ပုရေ=ရှေး၊ ရှေ့၊ တင်ကြို၍၊ ဇတ=ဖြစ်ခြင်း) ကျမ်းဂန်များ၌ နေနှင့်လကို ပမာပြကြ၏။ မိမိတို့အား နေလတို့က အလင်းရောင်ပေး၍ အကျိုးပြုနေ၏၊ သို့သော် ထိုနေလတို့သည် မိဘကို မမွေးခင်ထဲက ပေါ်နှင့်နေ၏၊ မိမိတို့ထက် ရှေးကျ၏ (ဝါ) ရှေ့ကျ၏၊ ဤသို့ ရှေးဦးဖြစ်နှင့်ပြီး ကျေးဇူးပြုသည် ဟူလို။

ဤပုရေဇာတပစ္စည်းသည် ရုပ်ပစ္စည်းတည်း၊ ရုပ်သည် နာမ်ထက် အသက်ရှည်ကြာ၏၊ စိတ်ခဏဖြင့် ပြောလျှင် စိတ်တစ်ခု ဥပါဒ် ဌီ ဘင် (ဖြစ်၊ တည်၊ ပျက်) တစ်ခုဖြစ်၏၊ ရုပ်သည် ထိုစိတ်ဖြစ်တည်ပျက် ဆယ့်ခုနစ်ခုတာရှိ၏၊ စိတ်ဆယ့်ခုနစ်ခါဖြစ်ချုပ်ပြီးမှ ရုပ်တခါဖြစ်ချုပ်၏၊ စိတ်ဖြစ်ထာနှင့် ရုပ်ဖြစ်ထာ၊ စိက်ချုပ်ထာနှင့် ရုပ်ချုပ်ထာ (ဥပါဒ်၊ တစ်) တူ၏၊ သို့သော် စိတ်၏ ဌီကာလ ဟစ်ခုသည် ဥပါဒ်၊ ဘင်နှင့်ကာလတူ၏၊ ရုပ်၏ ဌီကာလသည် စိတ်ကာလထက် ဆယ့်ငါးဆမျှကြာ၏။

### စိတ်သက်တမ်းနှင့်ရုပ်သက်တမ်း

တနည်းဆိုရသော် စိတ်နှင့်ရုပ် အတူတူ ဥပါဒ်ကြသည်၊ ဖြစ်ကြသည်ဆိုအံ့၊ ဥပါဒ်ပြီးသည်နှင့် စိတ်က ဌီဆိုပြီး ချုပ်၏၊ ရုပ်က ဌီကာလကြာ၏၊ စိတ်ချုပ်ပေမဲ့ ဌီကာလကြာ၍ ရုပ်ကမချုပ်သေး၊ စိတ်ဆယ့်ငါးခါ ဖြစ်ချုပ်ပြီးမှ ရုပ်ကချုပ်၏၊ အောက်ပါပုံကို ကြည့်ပါ၊

စိတ် = ဥပါဒ် – ဌီ – ဘင်

ရုပ် = ဥပါဒ် – ဌီ ---------------- ဘင်

လူမှာရှိသော စက္ခုပသာဒရုပ် (မျက်စိထဲက မျက်ကြည်ရုပ်)

သောတပသာဒရုပ် (နားထဲက နားကြည်ရုပ်)

ဃာနပသာဒရုပ် (နှာခေါင်းထဲက နှာကြည်ရုပ်)

ဇိဝှာပသာဒရုပ် (လျှာလယ်ခေါင်က လျှာကြည်ရုပ်)

ကာယပသာဒရုပ် (တကိုယ်လုံးရှိ ကိုယ်ကြည်ရုပ်)

ဟဒယဝတ္ထုရုပ် (နှလုံးသွေးကို မှီ၍ဖြစ်သော နှလုံးကြည်ရုပ်)

ဤရုပ်တို့သည် စိတ်ထက်အသက်ရှည်၏၊ စိတ်ဆယ့်ခုနစ်ခါဖြစ်ချုပ်မှ သူကို့က တစ်ခါသာ ဖြစ်ချုပ်၏၊ ဌီကာလကြာ၏၊ တည်နေသောကာလကြာ၏၊ ဌီကာလ ဆိုသော်လည်း ပရမတ္ထကာလ ဖြစ်၏၊ ဘုရားဉာဏ်ဖြင့်သာ သိမြင်နိုင်သော ကာလဖြစ်၏။ ယခု မိမိတို့ လူသားများ အနေဖြင့် စိတ်နှင့်ရုပ် ဤလို အသက်တို ရှည်ကြပုံကို မသိမမြင်နိုင်ပေ၊ ဘုရားဟောထားခဲ့၍သာ ယခုလို ရေးနေပြောနေ ရခြင်းဖြစ်၏၊ သို့သော် ပရမတ္ထ အမှန်တရားပေတည်း၊

ထိုနည်းတူ

ရူပါရုံ (အဆင်းရုပ်)

သဒ္ဒါရုံ (အသံရုပ်)

ဂန္ဓာရုံ (ရနံ့ရုပ်)

ရသာရုံ (အရသာရုပ်)

ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိရုပ်)

ဤရုပ်တို့လည်း စိတ်ထက်အသက်ဆယ့်ခုနစ်ဆ ပို၍ရှည်၏၊ ပို၍ကြာရှည်ကုန် ၏။

**ပန်းတစ်ပွင့် မျက်စိဖြင့် မြင်ပုံကို စဉ်းစားပါ**

ဆိုခဲ့ပါ စိတ်သက်ရုပ်သက် ပရမတ္ထသဘောကိုကိုင်ပြီး အောက်ပါကို စဉ်းစားပါ။

မျက်စိကို မှိတ်ထားပါ။ (မှုတည်ချက်)

မျက်စိကို ဇတ်ကနဲ ဖွင့်ကြည့်ရာ၌ မျက်စိရှေ့ရှိပန်းတစ်ပွင့်ကိုမြင်၏။

ဤတွင် မျက်စိထဲရှိ စက္ခုပသာဒ (မျက်ကြည်ရုပ်)

ပန်းပွင့်ဟူသော အဆင်းရူပါရုံ

သူတို့နှစ်ခု တိုက်ဆိုင်ပေါင်းဆုံပါ၏၊ ထိုသို့ ရုပ် ရုပ်ချင်း တိုက်ဆိုင်ပေါင်းဆုံမိ၍ ဘာမျှ မဖြစ်သေး မမြင်သေး၊ သို့သော် ဤသို့ ရုပ်ချင်း တိုက်ဆိုင်ရာ၌ စက္ခုဝိညာဉ်စိတ် ဖြစ်သော နာမ်စိတ်ကလေး ဖြစ်လာမှ "မြင်တယ်" ဆိုတာ ဖြစ်လာ၏။

ဤဖြစ်ရပ်တွင် မျက်စိထဲက မျက်ကြည်ရုပ်ရော၊ အပြင်က ပန်းပွင့်မှာရှိတဲ့ ရူပါရုံရော၊ ထိုရုပ်နှစ်မျိုးလုံးသည် စက္ခုဝိညာဉ်စိတ် ခေါ်တဲ့ အမြင်စိတ်ကလေး မဖြစ်ခင်ထဲက ကြိုတင်ဖြစ်နှင့်နေကြောင်း သိအပ်ပေသည်၊ ထိုသို့ ကြိုတင်ဖြစ်နှင့် နေတဲ့ ရုပ်တို့သည် မြင်တဲ့အခါ ဖြစ်လာတဲ့ စက္ခုဝိညာဉ်စိတ်နှင့် စာလျှင် ပုရေ=ရှေး၊ ရှေ့၊ ဇာတ=ဖြစ်နှင့်သည်၊ ထိုရုပ်နှစ်မျိုး မဖြစ်နှင့်ဘဲနှင့် သူတို့ချင်းလည်း မတွေ့ဆုံ မတိုက်ဆိုင်ပါဘဲနှင့် စက္ခုဝိညာဉ် စိတ်ကလေးလည်း ဖြစ်မလာနိုင်၊ ဤသို့ စဉ်းစားပြီး ထိုမျက်ကြည်ရုပ်နှင့် အဆင်းရူပါရုံရုပ်တို့သည် စက္ခုဝိညာဉ်စိတ်ကလေး ပေါ်လာအောင် ပုရေဇာတရှေ့က ဖြစ်နှင့်သော အကြောင်းတရား အနေဖြင့် ကျေးဇူးပြုသည်ဟု ဆိုရခြင်း ဖြစ်ပါသည်၊ ကြွင်းသော အသံကြားခြင်း၊ ရနံ့ရခြင်း စသည်တို့ကိုလည်း ဆက်လက်၍ စဉ်းစားရန် ဖြစ်ပါသည်။

ပဋ္ဌာန်းအရကောက်တွင် ပဝတ္တိအခါ၌ ဖြစ်သော စက္ခုပသာဒ စသော ဝတ္ထုရုပ်ခြောက်မျိုး၊ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ စသော အာရုံရုပ်များနှင့် ဘဏ္ဍ (နိပ္ဖန္နရုပ် ၁၈ ပါး) သည် ပုရေဇာတပစ္စည်းတရား ဖြစ်ကြောင်း၊ ရုပ်မရှိ

သော အရူပဗြဟ္မာဘုံ၊ နတ်ဘုံ၊ အပါယ်ဘုံတို့၌ ဖြစ်သော ကာမစိတ် စေတသိက် စသည်ကို ပုရေဇာတပစ္စည်း၏ အကျိုးပစ္စယုပ္ပန်ဖြစ်ကြောင်း ဖော်ပြထားပေသည်။

## ရုပ်ဝါဒ နာမ်ဝါဒ နှစ်ခွန်းမထွက်

ဤပစ္စည်းသည် ပြီးခဲ့သော နိဿယပစ္စည်းကဲ့သို့ ရုပ်ကိုမှီ၍ (ဝါ) ရုပ်ကို အကြောင်းပြု၍ နာမ်တရားများ ဖြစ်ပေါ်ပုံကို ညွှန်ပြပေသည်။ ၃၁ ဘုံတွင် အရူပနာမ် ဗြဟ္မာဘုံ၊ အသညသတ်ရုပ် ဗြဟ္မာဘုံမှ တပါး ကျန် သမျှ ၂၆ ဘုံ တိုင်း၌ ရုပ်ချည်းပဲလည်း ဘာမျှ မဖြစ်နိုင်၊ နာမ်ချည်းပဲလည်း ရုပ်ကိုအမှီမရဘဲ ဘာမျှမဖြစ်နိုင်၊ ရုပ်နှင့် နာမ်တွဲဖက် ဖြစ်ကြမှသာ သဘာဝဖြစ်ရပ်များ အသက် ဝင်ပုံကို သိရ၏။

ဤတွင် မျက်စိထဲက ရုပ်နှင့် ပြင်ပပန်းမှာရှိတဲ့ရုပ်၊ ရုပ်နှစ်ခု တိုက် ဆိုင်မှ နာမ်စိတ် ဖြစ်လာရသည့် အတွက် နာမ်သည် သီးခြားမရှိ၊ ရုပ်က ဖြစ်လာ တဲ့ပစ္စည်းဖြစ်၏ဟုကောက်ချက်ချလျှင် မှားပေသည်၊ အဘယ်ကြောင့် ဆိုသော် မျက်စိဖွင့်ပြီး အိပ်ပျော်နေခိုက်၌ မျက်စိထဲမှာ ရူပါရုံရုပ်တွေ ထင်နေပေမည်၊ စက္ခုဝိညာဉ်စိတ်က မဖြစ်ပေ၊ ထိုပြင် လူသေ၏ မျက်စိနှင့် ပြင်ပအဆင်းနှင့် တိုက်ဆိုင်မိသော်လည်း စက္ခုဝိညာဉ်စိတ်မဖြစ်ပေ၊ မျက်စိနှင့်အသင့် တိုက်ဆိုင် မိပါသော်လည်း နှလုံးသွင်း ဆင်ခြင်မှု မရှိပြန်လျှင်လည်း အမြင်စိတ် မဖြစ်ပြန်။

မျက်ကြည်ရုပ်+အဆင်းရုပ် တိုက်ဆိုင်မိရာ၌ အရေးကြီးသော အချက်ကစ်ရပ်မှာ လူ၏ဘဝင်စိတ်ဖြစ်၏၊ တသွင်သွင် ဖြစ်နေသော ဘဝင်စိတ်ရှိ နေ၍သာ ရုပ်နှင့်နာမ် တိုက်ဆိုင်ရာ၌ အမြင်စိတ်၊ အကြားစိတ် စသော ဝိထိစိတ် များ ဖြစ်လာနိုင်ခြင်း ဖြစ်၏။ ပင်မဖြစ်သော ဘဝင်စိတ်ကြီး ရှိမနေပါက ရုပ်ချင်း အဘယ်မျှ တိုက်ဆိုင်သော်လည်း အမြင်စိတ် စသည် မဖြစ်နိုင်ပေ။

ဤသို့ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဟောကြားသော အချက် ကို လေ့လာပြီးပါက ရုပ်ကြောင့် စိတ်ဖြစ်သည်၊ စိတ်သည် ရုပ်၏ ဂုဏ်ရည်တစ် မျိုးဟု ကောက်ချက်ချဖြစ်မည် မဟုတ်ပေ၊ အတွင်းရေး အကြောင်းအချက်များ လေ့လာရန်ကျန်နေ၍သာ ဖြတ်လမ်းကကောက်ချက်မှားချမိခြင်းဖြစ်ပေသည်၊

ကြည့်သို့သောအများ မကျူးလွန်မိဖို့ အရေးကား ဗုဒ္ဓအဘိဓမ္မာ၊ ပဋ္ဌာန်းကသာ တတ်နိုင်၏၊ ဗုဒ္ဓအဘိဓမ္မာ၊ ပဋ္ဌာန်းပညာကိုမသင်ယူမလေ့လာဘူးလျှင် ကောက်ချက်များကို ချမိသည်သာ ဖြစ်ပေသည်။

## ပစ္ဆာဇာတပစ္စည်း = ပစ္စည်းက နောင်မှဖြစ်ပြီး ကျေးဇူးပြုသော အကြောင်းတရား

### ပစ္ဆာဇာတ အဓိပ္ပာယ်

ပစ္ဆာ=နောက်၊ နောက်မှ၊ ဇာတ=ဖြစ်ခြင်း၊ အကျိုးနှင့်အကြောင်း နှစ်မျိုးအနက် အကျိုးက အရင်ဖြစ်နှင့်နေပြီး အကြောင်းက နောင်မှ ဖြစ်ကာ ကျေးဇူးပြုသော ပစ္စည်းဖြစ်၏။ သို့သော် ဖြစ်ပေါ်အောင် ကျေးဇူးပြုသည့် ဇနက သဘောမျိုးမဟုတ်၊ အထောက်အပံ့ပြုသည့် ဥပတ္ထမ္ဘက သဘောမျိုးဖြစ်၏။

ဤပစ္စည်းနှင့် ပတ်သက်၍ လင်းတငှက်ငယ်များ အသက်ရှင်ပုံကို နိမိတ်ပုံအဖြစ် ရှင်းလင်း၍ပြ၏၊ ရှေးပညာရှင်တို့၏ သုတေသနပြုထားချက်အရ လင်းတဟူသော ငှက်သည်ကား သားသမီးများ ဥကပေါက်လာပြီး မိမိအကောင် ဖြင့် ပွဲသန်း၍ အစာရှာမစားနိုင်မီ လင်းတကလေးဘဝ၌ မိဘ လင်းတနစ်ဦးက ဘာအစာရေစာမျှ မကျွေးဟု ဆိုသည်၊ အခြားသော တိရစ္ဆာန်တို့သည် နို့တိုက် ခြင်း အစာချီလာပြီး ကျွေးခြင်း စသည်ဖြင့် မိမိတို့၏ကလေးများကြီးလာအောင် မွေးကြသည်။ လင်းတမျိုးမှာမူ ဥပေါက်လင်းတငယ်များအား ဘာတစ်ခုမျှ မကျွေး ဟုဆို၏။

သတ္တဝါသဘာဝအားဖြင့် အစာရေစာ မစားမသောက်ရလျှင် သေကြရ၏၊ သို့သော် လင်းတကလေးများမှာ အစာရေစာ မစားရဘဲ မသေကြ၊ အစားမစားရဘဲကြီးပြင်းလာကြ၏။ အကြောင်းကိုရှာရာတွင် "လင်းတငယ်တို့၏ အစာအဟာရ၌ ချင်ခြင်းစေတနာ" ကို တွေ့ရ၏၊ ထိုချင်ခြင်း စေတနာကြောင့် မသေဟု သိရ၏။

## မျှော်လင့်ချက် စွမ်းအား

ဤတွင် ပဋ္ဌာန်းဆက်ကို ရှာရာတွင် အစာအာဟာရ၌ တက်မက်သော ချင်ခြင်းစေတနာသည် လင်းတကလေးများ ကိုယ်ခန္ဓာ၌ အာဟာရရုပ်ကို ဖြစ်စေ၏၊ တစ်နေ့စားရမည်၊ တစ်နေ့စားရမည်ဟု မျှော်လင့်ရင်း ကြီးလာသည် ဟုလို။

ခန္ဓာကိုယ်၌ ရုပ်ကိုဖြစ်စေသည့် အချက်လေးရပ်တွင် သူတို့၏ ကံ၊ သူတို့၏ စိတ်နှင့် ရာသီဥတုသည်လည်း ထိုလင်းတကလေးများကိုယ်၌ ရုပ်ကို ဖြစ်စေနိုင်၏၊ စားလိုသော စေတနာကလည်း သူတို့ကိုယ်၌ ရုပ်ကို ဖြစ်စေပြန်သည့်အတွက် မစားရသော်လည်း မသေဘဲ ကြီးလာကြခြင်း ဖြစ်သည်။

ဤတွင် ပဋ္ဌာန်းဆက်ယူသော် အရင်ဖြစ်နှင့်နေသော လင်းတကလေးများ၏ ကိုယ်ခန္ဓာ နောင်မှ ဖြစ်လာသော အစာ စားလိုသည့် စေတနာ ဤတစ်စုံကို တွေ့ရ၏၊ ဤတစ်စုံတွင် နောင်မှ ဖြစ်လာသော စေတနာသည် ရှေ့ကဖြစ်နှင့်ရှိနှင့်နေသော လင်းတငယ်တို့၏ကိုယ်ခန္ဓာတည်တံ့အောင် ကျေးဇူးပြု၏၊ စေတနာကအကြောင်း၊ ကိုယ်ခန္ဓာက အကျိုးတည်း။

ဤနည်းတူ ပရမတ္ထသဘောတရားများတွင်လည်း နောက်မှဖြစ်သော တရားက မိမိ၏ ရှေ့မှတင်ကူးဖြစ်နှင့်သော တရားများကို ကျေးဇူးပြုမှုမျိုး ရှိ၏။ ဤဆက်သွယ်မှုကို မြတ်စွာဘုရားက ပစ္ဆာဇာတပစ္စည်းဟု သတ်မှတ်တော်မူလေသည်၊ ပရမတ္ထတရားကိုယ်မှာ နောင်မှဖြစ်သော စိတ် စေတသိက်တို့က ပစ္စည်း၊ ရှေ့ကဖြစ်နှင့်သော ကာယလေးမျိုးက ပစ္စယုပ္ပန်ဖြစ်၏။

ကာယလေးမျိုးဆိုသည်မှာ – အကြောင်းတစ်မျိုးကြောင့်ဖြစ်သော ဧကဇကာယ

အကြောင်းနှစ်မျိုးကြောင့် ဖြစ်သော ဒွိဇကာယ

အကြောင်းသုံးမျိုးကြောင့် ဖြစ်သော တိဇကာယ

အကြောင်းလေးမျိုးကြောင့် ဖြစ်သော စတုဇ ကာယ ပေတည်း။

ဤ ပစ္စည်း၏ အကျိုးပစ္စယုပ္ပန် တရားမှာ ရုပ်တရား ဖြစ်သော

ကြောင့် ရုပ်မရှိသော အရူပဘုံနှင့် မသက်ဆိုင်၊ ရုပ်သေဖြစ်သော အသညသတ်ဘုံနှင့်လည်း မသက်ဆိုင်ပေ။

သာမန်အားဖြင့် အကြောင်းနှင့်အကျိုး ဤနှစ်မျိုးတွင် အကြောင်းကအရင်ဖြစ်မြဲ၊ အကြောင်းကမှ အကျိုးကို ဖြစ်ပေါ်စေ၏၊ သို့သော် ဤ ပစ္ဆာဇာတပစ္စည်းမှာမူ ထိုသဘာဝ၏ ချွင်းချက်ဖြစ်၏၊ အကျိုးက အရင်ဖြစ်နှင့်ပြီး အကြောင်းက နောက်မှ ဖြစ်ပေသည်။ သို့သော် ဇနက ပစ္စည်းကားမဟုတ်၊ အထောက်အပံ့ပြုသည့် သဘော ဥပတ္ထမ္ဘကပစ္စည်းသာ ဖြစ်သည်ကို နာယူမှတ်သားရပေသည်၊ ထို့ပြင် ရုပ်၏ ဌီခဏ၌သာ ကျေးဇူးပြုကြောင်းလည်း ထပ်လောင်းမှတ်သားရန် ဖြစ်ပေသည်။

## အာသေဝနပစ္စည်း= အဖန်တလဲလဲ မှီဝဲထုံစိမ်သော အနေဖြင့် အကျိုးကို ဖြစ်ပေါ်စေသော အကြောင်းပစ္စည်း

### အာသေဝန အဓိပ္ပာယ်

အာ=အဖန်တလဲလဲ၊ သေဝန=မှီဝဲခြင်း၊ ထို့ကြောင့် တစ်ခါမဟုတ်၊ တစ်ကြိမ်မဟုတ်၊ ထပ်တလဲလဲ ဖြစ်ရာ၌ နောက်ဖြစ်သော သဘာဝတရားအား ရှေးကဖြစ်နှင့်သော သဘာဝတရားက အကျိုးပြုသော အရာ၌ ဤပစ္စည်း ဆက်ရ၏။

အဋ္ဌကထာများ၌ ဥပမာပြရာတွင် (၁) နံ့သာလိမ်းခြင်း ဥပမာ၊

(၂) စာသင်ခြင်း ဥပမာ

ဤဥပမာနှစ်ရပ်ကို ပြပေ၏။

သနပ်ခါး၊ နံ့သာဖြူ၊ နံ့သာနီ စသော မည်သည့် နံ့သာကိုမျှ လုံးဝ မလိမ်းဘူးသော လူ၏ ကိုယ်ကို မှတ်ည်ပါ၊ ထိုသူသည် နေ့တိုင်း နံ့သာလိမ်းသွားသည် ဆိုအံ့၊ ပထမစလိမ်းစက အခံမရှိ၍ နံ့သာမစွဲပေ၊ နေ့စဉ်လိမ်းပါများလာသောအခါ နံ့သာစွဲလာ၏။ ဤသည်ကိုထုံသည်ဟုခေါ်သည်၊ အထုံရသောအခါ ထပ်လိမ်းလိုက်သည်နှင့် ရနံ့ ပေါ်လွင်၏။ ဤတွင် အရင်လိမ်းထားသော နံ့သာ အခံက နောက်ထပ်လိမ်းသော နံ့သာအား အနံ့ခွန်အားကောင်းအောင် ကျေးဇူး ပြုရာရောက်၏။

နောက် စာကျက်သည့် ဥပမာ၊ တစ်ခါမျှ စာမကျက်ဘူး သူသည် စတင် စာကျက်သောအခါ တော်တော်နှင့် မရတတ်ပေ၊ လနှင့်နှစ်နှင့်ချီ၍ စာကျက်ဖန်များသောအခါ (ဝါ) အထုံရလာသောအခါ အလွန်ရလာ၏၊ ဤသို့ စာကျက်၍ ရလွယ်လာခြင်းသည် အခြားကြောင့် မဟုတ်၊ အရင် ကျက်လာသည့်

အထုံကြောင့် (ဝါ) အခံကြောင့် ရလွယ်လာခြင်း ဖြစ်၏။

## ဇောထဲမှာမှ အာသေဝနရ

ပရမတ္ထသဘာဝနယ်တွင် စိတ်ဖြစ်စဉ်ကြီး၌ စိတ်တစ်မျိုးတည်းက တစ်ကြိမ်စီမက၊ နှစ်ကြိမ်မှ ခုနစ်ကြိမ်အထိ အထပ်ထပ်ဖြစ်သော စိတ်မျိုးရှိ၏၊ ထိုသို့ဆက်၍ဆက်၍ ဖြစ်သော စိတ်သည် ခြေလှမ်းများများလှမ်း၍ ပြေးသောသူကဲ့သို့ အရှိန်အဟုန် ရှိလာ၏၊ အရှိန်အဟုန်ကို ပါဠိလို ဇဝန (ဇော) ဟု ခေါ်၏၊ ထို့ကြောင့် တစ်ကြိမ်မက ထပ်၍ထပ်၍ ဖြစ်သော စိတ်မျိုးကိုဇောစိတ်ဟုခေါ်၏၊ ဇောစိတ် အထပ်ထပ်ဖြစ်ခြင်းသည် နံ့သာထပ်၍ထပ်၍ လိမ်းသလို၊ နေ့တိုင်း စာကျက်သလို ဖြစ်၍ အထုံရ၏။ စိတ်လောကတွင် ဇောစိတ်သည် အခရာဖြစ်၏၊ အကျိုးပေးသော စိတ်သည် ဇောစိတ်ဖြစ်၏၊ ကုသိုလ်ဇောစိတ်၊ အကုသိုလ်ဇောစိတ်၊ ကြိယာဇောစိတ် ဟူ၍ အမျိုးမျိုးရှိပေသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | စိတ် | စိတ် | စိတ် | စိတ် | စိတ် | စိတ် | စိတ် | |
| ပုံ - | ... | ... | ... | ... | ... | ... | ... | (ဇော) |
| (ရှေ့) | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | (နောက်) |

လောဘစိတ်တစ်မျိုးထဲ ခုနစ်ခါထပ်၍ ဖြစ်ပါက လောဘဇောဖြစ်လာ၏၊ ဥပမာ ပန်းတပွင့်ကို ကြည့်ပြီး လိုချင်တပ်မက်ရာ၌ ထိုလိုချင်သည့် လောဘစိတ်သည် ခုနစ်ခါ၊ ခုနစ်ခါထပ်တလဲလဲ ဖြစ်၏၊ ထပ်တလဲလဲ ဖြစ်သည့်အတွက် အရှိန်အဟုန် ရှိလာပြီး ဇောဖြစ်သွား၏၊ ဒေါသဇော၊ မောဟဇော၊ အကုသိုလ်ဇော စသည်နည်းတူပင်။ ဟိုစိတ်ဖြစ်လိုက်၊ ဤစိတ်ဖြစ်လိုက် ဤလိုမျိုးမတူသောစိတ်မျိုး တစ်ခုပြီးတစ်ခု ဖြစ်ခြင်းသည် ဇောမဖြစ်၊ စိတ်တစ်မျိုးထဲက ခုနစ်ခါ ခုနစ်ခါ ဆက်တိုက်ဆက်တိုက် ဖြစ်ခြင်းသည်သာ ဇောဖြစ်ပေသည်။

ဇောဖြစ်၍ အထုံရသောကြောင့် အာသေဝန (အာ=အဖန်တလဲလဲ၊ သေဝနာ=မှီဝဲ) ဟူသောအနက်အရ အာသေဝန ဖြစ်၏။

ပစ္စည်းဆက်ပုံမှာ ရှေးစိတ်သည် အကြောင်း၊ နောက်စိတ်သည် အကျိုး၊ အထက်ပါပုံတွင် တစ်မှတ်စိတ်သည် အကြောင်း၊ နှစ်မှတ်စိတ်သည်

အကျိုး၊ ဤသို့ကြောင်းကျိုးဆက်၏၊ ထို့ကြောင့် တစ်မှတ်စိတ်သည် အာသေဝန အကြောင်းသာ ဖြစ်၏၊ နှစ်မှတ်စိတ်သည် အာသေဝန အကျိုးလည်း ဖြစ်၏၊ သုံးမှတ်စိတ်အတွက် အကြောင်းလည်းဖြစ်၏၊ ခုနစ်မှတ်စိတ်သည် အာသေဝန အကျိုးသာ ဖြစ်နိုင်၏၊ သူ့နောက်ဇောစိတ်မဖြစ်သောကြောင့် အကြောင်းမဖြစ်တော့ပေ၊ ဥပါဒ် ဌီ ဘင် စနစ်ဖြင့် ရှေ့စိတ်ချုပ်ပြီးမှ နောက်စိတ်ပေါ်နိုင်၏၊ ထို့ကြောင့် ရှေ့စိတ်ချုပ်ပေးခြင်းနှင့် ထိုရှေ့စိတ်၏ စွမ်းအားသည် နောက်စိတ်ဖြစ်ပေါ်စေရန် အကျိုးပြုသွားလေသည်။

ဤ အာသေဝနပစ္စည်းသည် ဘဝကိစ္စများအတွက် လက်တွေ့ကျပေ၏၊ ဒုစရိုက်၊ သုစရိုက် ပြုလုပ်ခြင်းနှင့် အကျိုးပေးခြင်းသည် ဤပစ္စည်း၏ အရာဖြစ်၏။

ဥပမာ – သတ်သောအခါ ဒေါသစိတ်တွေဆက်တိုက်ဖြစ်၏၊ ထိုသို့ ဒေါသစိတ်တွေ ဆက်တိုက်ဖြစ်ခြင်းသည် အဘိဓမ္မာ ပညာအရ ဒေါသဇောတွေ ဖြစ်သည် ဟုခေါ်သည်။ ထိုဒေါသဇောတို့က ဒေါသဖြစ်သူအား မကောင်းကျိုးပေး၏၊ စိတ်ခက်ထန်ခြင်း၊ နှလုံးထဲ၌ ပူခြင်း၊ ကိုယ်ခန္ဓာ ခက်တရော်ရှိခြင်း စသည်ကို ဒေါသက ချက်ခြင်း အကျိုးပေး၏၊ ထိုဒေါသစိတ်တွေ ချုပ်ပျက်ပြီးသွားသော်လည်း ဒေါသနှင့် လုပ်လိုက်သည့် သတ်မှုစသောကံမြောက်သွားပါက ထိုကံ၏ အကျိုးပေးနိုင်၏၊ (ရှေ့ကမ္မပစ္စည်း၌ ထင်ရှားလတ္တံ့) လောဘ၊ မောဟ စသည်ဖြစ်ရာ၌လည်း ဒေါသကို နည်းမှီ၍ ဆက်စဉ်းစားရန် ဖြစ်သည်။ ဒုစရိုက် (၁၀) ပါးပြုသမျှ အကုသိုလ်ဇောတွေ ဖြစ်ကြောင်း သတိပြု၍ အကုသိုလ်မှုကို ဆင်ခြင်သင့်ပေ၏။

ကုသိုလ်ဇောစိတ်များ၊ ဥပမာ – လှူဒါန်းပေးကမ်းရာ၌ ပစ္စည်းကို မတွယ်တာ**သည့်** သဘော၊ ပေးလိုက်သူအပေါ် အကျိုးလိုသည့် သဘော (မေတ္တာ) **တို့ဖြစ်**ရာ၌ အလောဘခေါ် ကုသိုလ်ဇောများ အဆက်မပြတ် ဖြစ်၏၊ စေတနာ **ထက်သန်**စွာ လှူဒါန်းနေသူ၌ စိတ်နှလုံး အေးချမ်း၏၊ မျက်နှာကြည်လင်၏၊ ကိုယ်လက်ပေါ့ပါး၏၊ ဤသို့ ဘဝကောင်းကျိုးချမ်းသာ ချက်ခြင်းပေး၏၊ လှူပြီးနောက် ကုသိုလ်ဇောများ ချုပ်သွားသော်လည်း ကျန်ရစ်သော ကမ္မသတ္တိကြောင့် အတိုင်းမသိသော ကောင်းမျိုးများ ရပေဦးမည်။

ထိုနည်းတူ ဘုရားရှိခိုးခြင်း၊ ဘုရားရှင်အား ဆွမ်း၊ ပန်း ရေချမ်း ဆီမီး ကပ်လှူခြင်း၊ ရွှေသင်္ကန်းလှူခြင်း၊ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ပိဋကတ်ကျမ်းစာများ လှူခြင်း၊ တရားနာခြင်း၊ တရားဟောခြင်း၊ ဗုဒ္ဓဘာသာ သင်ခန်းစာများပြသခြင်း၊ တက်ရောက် သင်ကြားခြင်း၊ စာချခြင်း၊ စာသင်ခြင်း၊ မိဘ ဆရာသမားများအား ရိုသေဂါဝရပြုခြင်း၊ အများအကျိုးဆောင်ရွက်ခြင်း၊ လမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း စသည့် ကောင်းမှုများစွာ ပြုလုပ်တိုင်း ကုသိုလ်ဇောများ မိမိသန္တာန်၌ ဖြစ်၏၊ ဤသို့ဖြစ်ကြောင်း သတိပြု၍ နှလုံးသွင်းဆင်ခြင်အပ်၏၊ ငါ့မှာ ကုသိုလ်တွေ ဖြစ်နေပါကလားဟု သိအပ်၏။

## လုပ်စရှိလျှင် လုပ်ချင်ချင်

ဤ အာသေဝနပစ္စည်း၌ လက်တွေ့ကျသော သဘာဝတစ်ရပ်မှာ ကုသိုလ်လုပ်လျှင် ကုသိုလ်ကိုပဲ ထပ်တလဲလဲ လုပ်ချင်၏၊ ကုသိုလ်အလေ့အထ ဖြစ်လာ၏၊ ကုသိုလ်ထုံလာ၏၊ ဥပမာ ပေးကမ်းလှူဒါန်းမှု မပြုဘဲ နှမြောဝန်တိုနေသူသည် အဆင်သင့်၍ လှူဖြစ်ဒါန်းဖြစ်သွားလျှင် လှူရတာကို ကျေနပ်ပြီး နောက်ထပ် လှူချင်စိတ် ဖြစ်လာတတ်၏၊ ဥပုသ်မစောင့်ဘဲ နေရာ၌ အဆင်သင့်၍ စောင့်ဖြစ်သွားလျှင် နောင် ဆက်စောင့်ဖြစ်၏၊ ကမ္မဋ္ဌာန်း မထိုင်ဘူးသူသည် အဆင်သင့်၍ ထိုင်မိသွားပါက နောက်ထပ် ထိုင်ဖြစ်သွား၏၊ "အစရှိ အနောင်နောင်" ဆိုသော သဘောဖြစ်၏၊ ဤသို့ ထပ်ကာထပ်ကာ ကောင်းမှုပြုလုပ်လာလျှင် အလေ့အထဖြစ်လာ၏၊ ထုံလာ၏၊ ရှေ့ကပြုသော ကုသိုလ်သည် နောက်ကုသိုလ်တွေ ထပ်၍ဖြစ်လာအောင် အကြောင်းပြု၏၊ အရင်ကလိမ်းသော နံ့သာသည် နောက်လိမ်းသည့် နံ့သာ ပိုမွှေးစေသကဲ့သို့ ဖြစ်၏၊ အရင်က ကျက်သော စာသည် နောက်ကျက်သောစာ ရလွယ်အောင် ကျေးဇူးပြုသကဲ့သို့ ဖြစ်၏။

အကုသိုလ် ပြုရာ၌လည်း ထိုနည်းတူ ဖြစ်၏၊ ဥပမာ - အရက်မသောက်ဘူးသူသည် အဆင်မသင့်၍ အရက်သောက်မိသွားလျှင် ထိုရသာရုံကို တပ်မက်၍ ဆက်သောက်ဖြစ်လာ၏၊ ကာမေသုမိစ္ဆာစာရ ပြုရာ၌လည်း တစ်ခါပြုမိလျှင် နောင် ထပ်ပြုဖြစ်တတ်၏၊ ပြုမိသော ရှေ့ဖြစ် မကောင်းမှုသည် နောက်ထပ် မကောင်းမှု ဖြစ်လာအောင် အကြောင်းပြု၏၊ တစ်ချို့ ခါးပိုက်နှိုက်တို့သည်

မကောင်းမှုန်း သိလျှက်နှင့် ဆက်လုပ်နေ၏၊ အကြောင်းရှာသော် ရှေးက နိုက်ဘူး ရဘူးသည်ဖြစ်၍ လောဘဇောပေါ်သောကြောင့် ဆက်လုပ်ဖြစ်သွား၏။

ဤသည်မှာ မျက်မှောက်ခေတ် လူတို့အတွက် ရည်၍ ရေးခြင်းဖြစ်၏၊ ပဋ္ဌာန်းကျမ်းရင်းတွင်ကား ဘုရားရှင်မှာ ဖြစ်သော ဟသိတုပ္ပါဒ်စိတ်၊ ဈာန်သမာပတ်စိတ် စသည်ဖြင့် လူလွန် (ဥတ္တရိမနုဿ) ဆိုင်ရာကိုပါ ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ဝန်းဝန်း ရေးထားပေသည်။

လူ့ဘဝကို အကျိုးတရားဖြင့် စခဲ့၏၊ လူသေသောအခါ အကြောင်းတရားဖြင့် သေရမြဲဖြစ်၏၊ အဓိပ္ပာယ်ကား လူ့ဘဝကို စခဲ့သည့် ပဋိသန္ဓေစိတ်သည် အတိတ်ဘဝက အကြောင်းပြုလိုက်သော အကျိုးစိတ်ဖြစ်၏၊ လူသေသောအခါ မရဏာသန္နဇောကျ၍ သေ၏၊ မရဏာသန္နဇော စေတနာသည် နောင်ဘဝပဋိသန္ဓေကို ဖြစ်စေသည့် အကြောင်းစိတ်ဖြစ်၏။

ဤသို့ ဘဝကို နက်နက်ရှိုင်းရှိုင်း နားလည်ပြီး နောင်ဘဝ ကောင်းရဖို့ အကြောင်းကောင်းကောင်းပြုကြရမည် ဖြစ်၏။ အကြောင်းဆိုးများကို ရှောင်ကြရမည်ဖြစ်၏။ အကြောင်းကောင်းကား ဒါန သီလ စသည်တို့ကို ပြုရာ၌ ဖြစ်သော အလောဘ အဒေါသ အမောဟဇောတို့ပေတည်း၊ အကြောင်းဆိုးကား သတ်ဖြတ်ညှင်းဆဲ စသည့် ဒုစရိုက်မျိုးစုံပြုရာ၌ ဖြစ်သော လောဘ ဒေါသ မောဟဇောတို့ပေတည်း၊ တစ်နည်းဆိုရသော် ကိုယ့်ကိုယ်ကို ချမ်းသာချင်ရင် ချမ်းသာအောင် အကြောင်းကောင်းကောင်းလုပ်၊ ဆင်းရဲချင်ရင်တော့ ဒုစရိုက် အပြစ်ဆိုးများကို လုပ်၊ ကိုယ်ပြုကိုယ်စံ၊ ကိုယ်ပြုကိုယ်ခံ၊ ဤသည်သာ သဘာဝအမှန်ပေတည်း။

## ကမ္မပစ္စည်း = ကံအကြောင်းခံ ကျေးဇူးပြုမှုများ

## ကမ္မ အဓိပ္ပာယ်

ကမ္မပစ္စယော = ကမ္မ+ပစ္စယ

"ကမ္မ" ဟူသော ပါဠိဝေါဟာရသည် သဒ္ဒါပုဒ်နေပုဒ်ထားအရ "ကရ" ဓါတ်၊ "ရမ္မ" ပစ္စည်းဖြစ်၏၊ "ကရ" ဓါတ်သည် "ပြုလုပ်မှု" ဟူသော အနက်ကိုကိုယ်စားပြု၏၊ အလွယ်ဆုံး "အလုပ်" ဟု မြန်မာပြန်နိုင်၏၊ လူတို့ပြုလုပ်သော အလုပ်ပင် ဖြစ်၏။

သို့သော် ဗုဒ္ဓ၏ အဘိဓမ္မာပညာဖြင့် ရှုမြင်သုံးသပ်သောအခါ အလုပ်သည် ကိုယ်ဖြင့်ပြုလုပ်သော ကိုယ်အလုပ် (ကာယကမ္မ)၊ နှုတ်ဖြင့် ပြုလုပ်သော နှုတ်အလုပ် (ဝစီကမ္မ)၊ စိတ်ဖြင့် ပြုလုပ်သော မနောအလုပ် (မနောကမ္မ) ဟူ၍ သုံးမျိုးတွေ့ရ၏၊ ဤထက်ပို၍ နိုက်ထုတ်သောအခါ ထိုအလုပ်သည် သူ့ဟာသူ ဖြစ်ပေါ်လာသည် မဟုတ်၊ လုပ်ချင်သည့်စိတ်၊ သို့မဟုတ် အလုပ်လုပ်သည့်အခါပါဝင်သည့် စိတ်ကိုတွေ့ရ၏၊ မှန်၏၊ လူသေလောင်းသည် မည်သည့် အလုပ်မျှမလုပ်၊ အဘယ်ကြောင့်နည်း၊ စိတ်မရှိတော့၍ ဖြစ်၏၊ ထို့ကြောင့် အသက်ရှိသောလူ အလုပ်လုပ်သောအခါ စိတ်ပါဝင်ကြောင်း သိအပ်ပေ၏။

စိတ်သည် အသိစိတ်သဘောနယ်တွင် ခေါင်းဆောင်ဖြစ်၏၊ သူ့ကိုမှီ၍ဖြစ်သော စေတသိက်ခေါ် အခြားနာမ်သဘာဝများလည်း စိတ်နှင့် အတူပါရှိ၏၊ ထို နာမ်သဘာဝများတွင် အလုပ်ဖြစ်အောင် စေ့ဆော်သည့် သဘောပါ၏၊ ထိုစေ့ဆော်သည့် သဘောကို ပါဠိဘာသာဖြင့် "စေတနာ" ဟုခေါ်၏၊ စေတနာသဘာဝသည် နာမ်သဘာဝများကို စေ့ဆော်တိုက်တွန်းပေး၏၊ နိမိတ်ပုံကိုပြပါအံ့၊ ပိုင်ရှင်က ဘီဒိုကြီးတစ်လုံးကိုနေရာရွှေ့ရန် မိမိ၏ကပြည့်ရင်းအား ပြော၏၊ တပည့်ရင်းသည် ဖျက်လတ်တက်ကြွ သွက်လက်သူ ဖြစ်၏၊ သူက

အခြားလူလေးငါးယောက်ကိုခေါ်ပြီး "လာဟေ့ , မကြွဟေ့" ဆိုကာ ဝိုင်းမကြ၏၊ ပိုင်ရှင်ပါ ဝိုင်းမရွှေ့၏၊ ဘီဒိုရွှေ့သော ဤလူအုပ်စုတွင် ပိုင်ရှင်သည် စိတ်နှင့်တူ၏၊ ဆော်ဩသူတပည့်ကြီးသည် စေတနာနှင့်တူ၏၊ ကျန်ဝိုင်းမသူများသည် အခြားစေတသိက်များနှင့် တူ၏။ ထို့ကြောင့် အဘိဓမ္မာပညာဖြင့် "ကမ္မ" ၏ အရ စေတနာကို ကောက်ယူ၏ (ဝါ) စေတနာကို ကမ္မ (ကံ) ဟု သတ်မှတ်ပေသည်။

ထိုစေတနာနှင့် စိတ်သဘာဝ အတွဲတစ်တွဲစီ ဖြစ်ပြီး လူ၏ ရုပ်ခန္ဓာကို လှုပ်ရှားအလုပ်ဖြစ်အောင် ဦးဆောင်၏၊ စိတ်စေတနာ ဖြစ်ပေါ်ဥပါဒ်သည့်အခါ ရုပ်သဘာဝကို ဖြစ်ပေါ်ဥပါဒ်စေ၏၊ ဥပမာ – လက်ဖြင့် အလုပ်လုပ်ရာ၌ လက်လှုပ်ရာတွင် –

(၁) လှုပ်ရန် စေ့ဆော်သည့် စေတနာ

(၂) ထိုစေတနာနှင့် အတူဖြစ်သော စိတ်နှင့် အခြားစေတသိက် သဘာဝများ

(၃) ထို စိတ်စေတနာနှင့်အတူ လက်၌ဖြစ်သောရုပ်

ဤသို့ ရုပ်နာမ်သဘာဝများ ဖြစ်ပေါ်ပုံကို အဘိဓမ္မာက သင်ပြထား၏။

စေတနာ အရင်းခံ၍ အလုပ်လုပ်ရာတွင် ကောင်းသောအလုပ် (ကုသိုလ်)၊ မကောင်းသောအလုပ် (အကုသိုလ်) ဟူ၍ နှစ်မျိုးဖြစ်လာ၏၊ ကောင်းသော အလုပ်အတွက် ကုသိုလ်စိတ် စေတသိက်များ ဖြစ်ပြီး မကောင်းသော အလုပ်အတွက် အကုသိုလ်စိတ် စေတသိက်များ ဖြစ်၏။

ဤတွင် စိတ် စေတသိက် အုပ်စု (အဘိဓမ္မာအခေါ် စိတ္တုပ္ပါဒ်) တစ်ခုအတွင်း၌ "စေတနာ" ပါ၏၊ ထိုစေတနာသည် –

(၁) အခြားစိတ် စေတသိက်များနှင့်အတူ ဖြစ်၏၊

(၂) ထိုစေတနာသည် ချုပ်သွားပြီးနောက် သူ၏ စွမ်းရည်သတ္တိ ကျန်ရှိစေ၏။

ပဋ္ဌာန်းပစ္စည်းဆက်ပုံကို ရိပ်မိရန် အထက်ပါ အချက်နှစ်ချက်ကို သဘောပေါက်

ရန် လို၏၊ စေတနာသည် တခြားသော စိတ် စေတသိက်တို့နှင့် အတူဖြစ်ခြင်း၊ ဖြစ်ချုပ်ပြီးနောက် သူ၏စွမ်းရည်သတ္တိကိုထင်ဟပ်စေခဲ့ခြင်းတို့ဖြစ်၏၊ စေတနာ ချုပ်ပြီး ကျန်ရှိသည့် စွမ်းရည်သတ္တိသည် နောင်တွင် အကျိုးကို ဖြစ်ပေါ်စေမည် ဖြစ်၏။

## အတူဖြစ် စေတနာ အတူအကျိုးပြု

ပဋ္ဌာန်းပညာအရအတူဖြစ်ခြင်းကို "သဟဇာတ"၊ အတူဖြစ်သည့် စေတနာကို "သဟဇာတ စေတနာ" ဟုခေါ်သည်၊ အတူဖြစ်သည့် စေတနာ သည် မိမိနှင့်အတူတကွ ဖြစ်သော စိတ်စေတသိက်တို့ကို စေ့ဆော်ခြင်းအားဖြင့် ကျေးဇူးပြု၏၊ ထို့ကြောင့် သဟဇာတ စေတနာသည် ပစ္စည်း၊ သူနှင့်အတူ ဖြစ် သော စိတ် စေတသိက်တို့သည် ပစ္စယုပ္ပန် (အကျိုး) တရား ဖြစ်ပေသည်။

ဥပမာ – ဘုရားရှိခိုးခြင်း၊ ဘုရားရှိခိုးသည့်အလုပ်လုပ်ခြင်း၊ ဘုရား ရှိခိုးရာ၌ ကုသိုလ် စိတ် စေတသိက် (ကုသိုလ်စိတ္တုပ္ပါဒ်) ဖြစ်၏၊ ထိုကုသိုလ် စိတ္တုပ္ပါဒ်၌ ပါရှိသော စေတနာသည် မိမိနှင့်အတူ ဖြစ်သော အခြားသော စိတ် စေတသိက်တို့ကို ကျေးဇူးပြု၏၊ သူက ဘုရားရှိခိုးခြင်းဖြစ်အောင် စေ့ဆော်၏၊ ထို့ကြောင့် ဘုရားကြည်ညိုမှု (သဒ္ဓါ) စသော အခြားသော သဘာဝများလည်း သူနှင့်အတူ ဖြစ်ကြ၏။

အကုသိုလ်ဘက်၌လည်း ဥပမာ – သတ်ဖြတ်မှု တစ်ခု၊ သတ်ရာ၌ ဒေါသမူစိတ္တုပ္ပါဒ် အုပ်စုဖြစ်၏၊ ထိုစေတသိက်များတွင် စေတနာက သတ်ဖြစ် အောင် စေ့ဆော်၏၊ စိတ်နှင့်တကွ ဒေါသ မောဟ စသော အခြားသော စေတ သိက်တို့သည် စေတနာနှင့်အတူ ဖြစ်ကြ၏၊ ဤတွင် အကုသိုလ် စေတနာသည် အကြောင်းပစ္စည်း၊ သူနှင့်အတူ ဖြစ်သော စိတ် စေတသိက်တို့သည် အကျိုးပစ္စ ယုပ္ပန် ဖြစ်ပေသည်။

## မျိုးစေ့စေတနာ နောင်အခါ အကျိုးပြု

ဘုရားရှိခိုးသော ကုသိုလ်အလုပ်ကို ဖြစ်အောင် စေ့ဆော်သော စေတနာသည် ချုပ်ပြီးနောက် သူ၏ ကောင်းသောသတ္တိ (မျိုးစေ့) ကို ကုသိုလ်

ပြုသူ၌ ချထားခဲ့၏၊ နောင်တစ်ချိန်တွင် ကောင်းကျိုးပေးရန် ဖြစ်၏၊ သတ်ဖြတ်မှု အကုသိုလ်အလုပ်ကို ဖြစ်အောင် စေ့ဆော်သော စေတနာသည်လည်း ချုပ်ပြီး နောက် သူ၏ မကောင်းသောသတ္တိ (မျိုးစေ့) ကို အကုသိုလ်ပြုသူ၌ ချထားခဲ့၏၊ တစ်ချိန်တွင် မကောင်းကျိုးပေးရန် ဖြစ်၏။

နောင်တစ်ချိန်ချိန် ဟူသော အနက်ကို ပါဠိလို နာနာခဏိက (ခဏ ကာလအမျိုးမျိုး) ဟုခေါ်၏၊ ထို့ကြောင့် နောင်တစ်ချိန်ချိန်မှာ အကျိုးကို ဖြစ်ပေါ်လာစေမည့်စေတနာကို နာနာခဏိက စေတနာ (နာနာက္ခဏိက စေတနာ) ဟုခေါ်၏၊ ထို နာနာခဏိက စေတနာသည် အကြောင်းတရား၊ သူ့ကြောင့် နောက်မှဖြစ်ပေါ်လာသည့် အကျိုးသည် ပစ္စယုပ္ပန် ဖြစ်၏။

ဆိုခဲ့ပါ ရှင်းလင်းချက်အရ အတူတကွဖြစ်သော စိတ် စေတသိက် တို့ကို အကျိုးပြုသည့် စေတနာကို "သဟဇာတကမ္မ" ဟုခေါ်၏၊ (ကမ္မအရ စေတနာကိုကောက်ယူကြောင်း ဖော်ပြခဲ့ပြီး) နောင်တစ်ချိန်ချိန်ကျမှ အကျိုးကို ဖြစ်ပေါ်စေသည့်စေတနာကို "နာနာက္ခဏိကကမ္မ" ဟုခေါ်၏၊ ထို့ကြောင့် ကမ္မ ပစ္စည်းနှစ်မျိုးကွဲပြားကြောင်း သိအပ်ပေသည်။

ပဋ္ဌာန်းအရကောက်အရဆိုသော် သဟဇာတကမ္မပစ္စည်း၌ စေတ နာသည် ပစ္စည်း၊ ထိုစေတနာနှင့်အတူတကွ ဖြစ်သော စိတ် ၈၉ ခု၊ စေတသိက် ၅၁ ခု (စေတနာမှတစ်ပါး) ထိုစိတ် စေတသိက်တို့ကြောင့် ဖြစ်ကြရသည့် စိတ္တဇ ရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့သည် အကျိုးပစ္စယုပ္ပန် ဖြစ်၏။

နာနာက္ခဏိကကမ္မပစ္စည်း၌ ကုသိုလ် စေတနာ၊ အကုသိုလ် စေတ နာသည် ပစ္စည်း၊ စေတနာကြောင့် ဖြစ်ရသည့် အကျိုးတရား ဖြစ်သော ဝိပါက် စိတ် ၃၆ ပါး၊ စေတသိက် ၃၈ ပါး၊ ထိုစေတနာကံကြောင့် ဖြစ်ရသော ကမ္မဇရုပ် များ (ကံကြောင့် ဖြစ်ရသော ရုပ်များ) သည် အကျိုးပစ္စယုပ္ပန် ဖြစ်၏။

ကမ္မဇရုပ်သည် သုံးမျိုးရှိသည်၊ ဘဝသစ်တစ်ခု ဖြစ်ပေါ်လာစေ သော ပဋိသန္ဓေ၌ပါသည့်ရုပ် (ပဋိသန္ဓေကမ္မဇရုပ်)၊ ပဋိသန္ဓေနှင့် သေခါနီး စုတိ ကြားကာလဘဝတာ တစ်လျှောက်လုံး၌ ဖြစ်သောရုပ် (ပဝတ္တိကမ္မဇရုပ်)၊ ပဋ္ဌမ ဈာန်ရသော ပုဂ္ဂိုလ်တို့တွင် နာမ်မရှိ၊ ရုပ်သက်သက်ရှိသော အသညသတ်ဘုံဘဝ

၌ဖြစ်လိုသူတို့သေသောအခါ အသညသတ်ဘဝ၌ ဖြစ်သောရုပ် (အသညသတ် ကမ္မဇရုပ်) တို့ဖြစ်၏၊ ထိုရုပ်တို့ကို မိမိပြုခဲ့သော စေတနာက ဖြစ်စေလေသည်။

ဤတွင် အကုသိုလ်စေတနာ (အကုသိုလ်နာနာက္ခဏိကစေတနာ) က အကုသိုလ်အကျိုးကိုဖြစ်စေ၏၊ အကုသိုလ်ဝိပါက်စိတ်၊ အကုသိုလ်ပဋိသန္ဓေ၊ အကုသိုလ်ပဝတ္တိအကျိုးပေးတို့ကို ဖြစ်စေ၏၊ အကုသိုလ်ပဋိသန္ဓေဟူသည် ငရဲသန္ဓေ၊ တိရစ္ဆာန်သန္ဓေ၊ ပြိတ္တာသန္ဓေ၊ အသူရကာယ်သန္ဓေတို့တည်း၊ တစ်နည်းဆိုရသော် မိမိပြုသော အကုသိုလ်စေတနာတို့ကြောင့် ငရဲကျရသည်၊ ခွေး၊ နွားစသော တိရစ္ဆာန် ဖြစ်ရသည်၊ တစ္ဆေသရဲ (ဝိညာဉ်ကောင်) ဖြစ်ရသည်၊ အသူရကာယ်ခေါ် ပြိတ္တာတစ်မျိုး ဖြစ်ရသည်ဟု သိရ၏၊ မည်သူက ပစ်ချ၍မျှ ငရဲကျခြင်းမဟုတ်၊ မိမိစေတနာကပင် မိမိကို ငရဲချခြင်း ဖြစ်ကြောင်း သမ္မာဒိဋ္ဌိအမြင်မှန် အခြေခံကျကျရ၏။

ထိုနည်းတူ ကုသိုလ်စေတနာ (ကုသိုလ်နာနာက္ခဏိကစေတနာ) က ကုသိုလ်အကျိုးကို ဖြစ်စေ၏၊ ကုသလဝိပါက်၊ ကုသိုလ်ပဋိသန္ဓေ၊ ကုသိုလ်ပဝတ္တိအကျိုးပေးတို့ကို ဖြစ်စေ၏၊ ကုသိုလ်ပဋိသန္ဓေဟူရာ၌ လူ့ဘဝ လူ့သန္ဓေ၊ နတ်ဘဝ နတ်သန္ဓေ၊ ဗြဟ္မာဘဝ ဗြဟ္မာသန္ဓေ တို့တည်း၊ တစ်နည်းဆိုရသော် မိမိ ကုသိုလ် စေတနာကောင်းကြောင့် လူဖြစ်ရသည်၊ နတ်ဖြစ်ရသည်၊ ဗြဟ္မာဖြစ်ရသည်၊ မည်သူကဖန်ဆင်း၍ လူလာဖြစ်ခြင်းမဟုတ်၊ မိမိ၏ကောင်းသော စေတနာကပင် မိမိကို လူဖြစ်စေသည်ဟု သမ္မာဒိဋ္ဌိအမြင်မှန် အခြေခံကျကျရ၏။

## ကုသိုလ် အကုသိုလ် လုပ်ပြီး အဘယ်ကြောင့် ချက်ခြင်း အကျိုးမပေးသနည်း

ဤနာနာက္ခဏိကကမ္မပစ္စည်း (နာနာခဏိကစေတနာ) (ဝါ) တစ်ချိန်ချိန်မှာ တစ်ခုခုကိုပြုလုပ်ရာ၌ပါသော စေတနာအကျိုးပေးပုံနှင့် ပတ်သက်၍ ပဌာန်းအဋ္ဌကထာကြီး၌ အရေးတကြီး ဖော်ပြထားသော အောက်ပါတို့ကို ဖတ်ရှုမှတ်သားအပ်ပေသည်။

ဤနာနာက္ခဏိကကမ္မပစ္စည်း (ဝါ) လုပ်ငန်းများ၌ ပါဝင်ပြီး ချုပ်သွားသောအခါ မိမိ၏ သတ္တိကို ထားခဲ့သော စေတနာသည်–

(၁) ကမ္ဘာကုဋေပေါင်းမရေမတွက်နိုင်များစွာသော ကာလက ဖြစ်ခဲ့သော စေတနာသည်ပင်လျှင် အကျိုးကို ပေးစွမ်းနိုင်သည်။

(၂) ထိုစေတနာသည် အကျိုးကို ချက်ခြင်းမပေးပေ၊ အခြားသော အကြောင်းအထောက်အပံ့များ ပြည့်စုံညီညွတ်သောအခါမှသာ အကျိုးပေး ဖြစ်ထွန်းစေသည်။

ဆိုလိုသည်မှာ လူတစ်ယောက်သည် နတ်ဖြစ်ချင်၍ ကုသိုလ်ပြု၏၊ ထိုကုသိုလ်က ချက်ခြင်းအကျိုးပေးစတမ်း ဆိုလျှင် ထိုလူသည် ကုသိုလ်ပြုဆဲပြုတုန်း တခဏမှာပင် အရှင်လတ်လတ် နတ်ဖြစ်သွားရာ၏၊ ဤသို့ဖြစ်ရိုး မရှိချေ၊ ထို့ကြောင့် ထိုနာနာခဏိကစေတနာသည် အကျိုးကို ချက်ခြင်းမပေးဟု သိအပ်၏။

(၃) စေတနာ (ကံ) ကို ပြုလုပ်သော ကာလကတခြား၊ အကျိုးပေးသော ကာလက တစ်ခြား၊ ဤသို့ နားလည်အပ်၏၊ အကျိုးပေးသောအခါ ထိုစေတနာ (ကံ) မရှိတော့သော်လည်း သူ၏သတ္တိစွမ်းပကားကြောင့် သူ၏ အကျိုးဖြစ်ထွန်းရမြဲဖြစ်၏။

ယခုဘဝတွင် အမြန်ဆုံး ခုနစ်ရက် သို့မဟုတ် မသေခင် တစ်ချိန်ချိန် သို့မဟုတ် နောင်ဘဝ သို့မဟုတ် နိဗ္ဗာန်မရခင် (ဝါ) ဘဝဇာတ်မသိမ်းမီ တဘဝဝ တချိန်ချိန်၌ အကျိုးကို ဖြစ်စေနိုင်ပေသည်။

ဥပမာအားဖြင့် အတတ်ပညာသင်ရာ၌ ယနေ့သင်သော အတတ်ပညာသည်နက်ဖြန်၌ မရှိတော့သော်လည်း (ဝါ) နက်ဖြန်၌ ယနေ့လိုမသင်တော့သော်လည်း၊ နက်ဖြန်ခါ၌ သင်သော အတတ်ကို ယနေ့သင်သော အတတ်က နေ့ခြားကာလခြားပေမဲ့ အကျိုးပြုသကဲ့သို့ (မနေ့ကသင်သော အတတ်က ယနေ့သင်သောအတတ်ကို အကြောင်းပြုသကဲ့သို့) ယခင့်ယခင်က ပြုခဲ့ဖြစ်ခဲ့သော စေတနာက ယခုရော နောက်ပါ အချိန်မရွေး အကျိုးကိုဖြစ်စေနိုင်ကြောင်း မှတ်အပ်ပေ၏၊ ထို့ကြောင့်ပင် နာနာက္ခဏိကစေတနာ (ဝါ) နာနာက္ခဏိကကမ္မပစ္စည်းဟု ဆိုရခြင်း ဖြစ်၏။

## ကာလခြား နေရာခြားပြီးမှ အကျိုးပေး

သိပ္ပံနည်းမှီ၍ဆိုသော် "Time and Space" ဟူသော အချက်ကိုပြောရာ၏၊ အချိန်နှင့်နေရာခြားနားသော်လည်း အကြောင်းနှင့်အကျိုး ဆက်သွယ်၍ရ၏၊ ဤနာနာက္ခဏိကကမ္မပစ္စည်းသည် အချိန် (Time) ၊ နေရာ (Space) ကွဲပြားခြားနားရာ၌ အကျိုးကို ဖြစ်စေနိုင်သော သဘာဝပေတည်း။

ဆရာတော်ကြီးများက ဤနာနာက္ခဏိကကမ္မပစ္စည်း၏ အဓိပ္ပါယ်ပြောရာတွင် နိမိတ်ပုံကို ကုက္ကိုပင် ကုက္ကိုပွင့်ကို လက်ညှိုးထိုးပြ၏၊ ကုက္ကိုပင်တစ်ပင်ကို ကြည့်လျှင် သရက်ပင်လို အဖူးအပွင့်မှ အသီး ဤသို့ဆက်ကာဆက်ကာ သီးလာသည်မဟုတ်၊ အသီးသတ်သတ်၊ အပွင့်သတ်သတ် ဖြစ်၏၊ တပေါင်းတကူး အချိန်ကျလျှင် ကုက္ကိုသီးတွေ သီးလာ၏၊ အဖူးအပွင့်က သီးလာတာ မဟုတ်ပေ၊ အသီးသပ်သပ် သီးလာခြင်း ဖြစ်၏၊ နှောင်အပွင့်တွေ ပွင့်လာ၏၊ ပွင့်ပြီးအပွင့်တွေ ကြွေကုန်၏။

ဤတွင် မြုပ်ကွက်ကား အပွင့်တိုင်းသည် ပွင့်ပြီးကြွေသောအခါ နောက်နှစ်၌ အသီးသီးဖို့ မျိုးစေ့ထားရစ်ခဲ့၏၊ နှောင်နှစ်တွင် အရင်နှစ်က အပွင့်ပွင့်သွားသော နေရာကထပြီး သီးကြခြင်း ဖြစ်၏၊ ဤမျိုးစေ့နှင့် အသီးနှင့် တစ်နှစ်တာလောက် ကွာခြား၏။ ဤနိမိတ်ပုံကဲ့သို့ပင် နာနာက္ခဏိကစေတနာ (နာနာက္ခဏိကကမ္မပစ္စည်း) အကျိုးပေးပုံတူ၏၊ ကာလခြားပြီးမှ အကျိုးပေးလေသည်။

## အကာလိကောနှင့် ကမ္မပစ္စည်းခွဲခြား

ဤတွင် "အကာလိကော" ဟူသော တရားဂုဏ်တော်ပါ သတ်မှတ်ချက်နှင့် မတူကြောင်း ထည့်သွင်းမှတ်သားရပေမည်၊ "အကာလိကော" ဆိုသည်ကား လောကုတ္တရာမဂ်ကုသိုလ် တစ်ခုတည်းအတွက်သာ ဖြစ်၏၊ မဂ်စိတ်ဖြစ်ပြီးလျှင် ဖိုလ်စိတ်တစ်ဆက်တည်း ဖြစ်၏၊ မဂ်သည်အကြောင်း ဖိုလ်သည်အကျိုး၊ ထို့ကြောင့် လောကုတ္တရာမဂ် ကုသိုလ်သည်သာ ချက်ခြင်း ကာလမခြားဘဲ အကျိုးပေးသည်။

လောကုတ္တရာ မင်္ဂကုသိုလ်မှတပါး လောကီကုသိုလ် စေတနာ၊ အကုသိုလ်စေတနာတို့မှာကား အကာလိက အကျိုးမပေးနိုင်၊ အကြောင်းညီညွတ်မှ ကာလခြားပြီး အကျိုးပေးကြောင်း ဤပဋ္ဌာန်းကမ္မပစ္စည်းက တိတိပပဆိုထားသည်။

တရားဂုဏ်တော်လောကသာ သိဘူး၍ တရားဂုဏ်တော်ကို အမွန်းတင်ရေးသူအချို့တို့က ဗုဒ္ဓတရားဟာ ချက်ခြင်းအကျိုးပေးသည်ဟု မြှောက်စားရေးသားချက်များကိုသာ တွေ့ဘူးကြပြီး အတွင်းပိုင်းကျကျ နက်နဲသော ပဋ္ဌာန်းအဘိဓမ္မာကို အသိနည်းကြသဖြင့် အကာလိကောကို ဆုပ်ကိုင်ထားသူတို့ ရှုပ်ကုန်မည်စိုး၍ ရှင်းလင်းရေးလိုက်ပါ၏။

ဗုဒ္ဓဓမ္မကို ဘက်စုံအထာပေါက်အောင် သိဖို့အရေးကြီးပါဘိသည်။

## အကျိုးပေးကို ဓမ္မပဒနှင့်ကြည့်

ဤသို့ ပဋ္ဌာန်းကမ္မပစ္စည်းကို သဘောပေါက် နားလည်ပါမှလည်း အကုသိုလ်အလုပ်ဖြင့်ကြီးပွားနေသူများ၊ ကုသိုလ်လုပ်ပါလျှက် ဆင်းရဲနေသူများဆိုင်ရာ ဘဝအဓိပ္ပာယ်ကို နားလည်ကြမည် ဖြစ်၏။ သို့မဟုတ်က ဟိုလူက နေ့တိုင်း အကုသိုလ်လုပ်နေတာဘဲ၊ ဒါပေမယ့် သူကြီးပွားနေ၏၊ ဒီလူကတော့ သူ့ခမျာ လုပ်လိုက်ရတဲ့ ကုသိုလ်တွေ၊ သူဆင်းရဲနေတာဘဲ၊ ဘယ်မှာလဲ အကုသိုလ်အပြစ်၊ ဘယ်မှာလဲကုသိုလ်အကျိုးဟု တစ်မျိုးမြင်လာတတ်၏၊ ထိုတွင်မှမက အလကားပါကွာ အကုသိုလ်လုပ်လဲ အပြစ်မဖြစ်ပါဘူး၊ ကုသိုလ်လုပ်လဲ အကျိုးမပေးပါဘူးဟု မိစ္ဆာဒိဋ္ဌိပင် ဖြစ်သွားနိုင်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားက သုတ္တန်ဒေသနာ (ဓမ္မပဒ) ၌ ဤသို့ တိတိပပ ပီပီပြင်ပြင် ဟောကြားတော်မူထားရပါ၏။

ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ၊
ယဒါစ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

မြန်မာပြန်

မကောင်းမှုပြုသူလည်း သူပြုသော မကောင်းမှု မရင့်ကျက်ခင်

ကောင်းတာကို မြင်နေရပေ၏၊ မကောင်းမှု ရင့်ကျက်လာသော အခါ၌မှ မကောင်းမှုပြုသူသည် မကောင်းကျိုးကိုသာ မြင်ရပေသည်။

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံနပစ္စတိ၊

ယဒါစ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိပဿတိ၊

ကောင်းမှုပြုသူ၌လည်း သူပြုသောကောင်းမှု မရင့်ကျက်သေးမီ မကောင်းကျိုးကို မြင်ရ၏၊ ကောင်းမှု ရင့်ကျက်လာသောအခါ၌မှ ကောင်းမှု ပြုသူသည် ကောင်းကျိုးကို မြင်ရပေသည်။

လူတိုင်းလူတိုင်းအနေကဇာဘဝသံသရာတွင် ကျင်လည်ရပြီးဖြစ်၍ ထိုထိုဘဝများစွာက အကုသိုလ်တွေလည်း ပြုခဲ့ဘူး၏၊ အကုသိုလ် စေတနာတို့သည် နွားနောက်က လိုက်သော လှည်းဘီးပမာ လိုက်နေ၏၊ ကုသိုလ်တွေလည်း များစွာ ပြုခဲ့ဘူး၏၊ ထို ကုသိုလ်စေတနာတို့သည် အရိပ်ပမာ နောက်က လိုက်နေ၏။

ယခုဘဝ မျက်မြင်လောက၌ အကုသိုလ်လုပ်ပြီး ကြီးပွားနေသူတို့သည် သူအတိတ်ဘဝများစွာကပြုခဲ့သော ကုသိုလ်စေတနာ အခွင့်သာ၍ အကျိုးပေးနေခိုက် ကြုံနေ၍သာ ဖြစ်၏၊ သူပြုသော အကုသိုလ်ကြောင့် ကြီးပွားနေသည်ကား မဟုတ်၊ သူ ယခုဘဝပြုသော အကုသိုလ်စေတနာတို့ကား သူ့အား နောင်တွင် မကောင်းကျိုးပြု၏၊ မကောင်းမှုဘဏ်စာရင်း ဝင်ပေပြီ။

ယခု အမှန်တကယ် ကောင်းတာလုပ်ပြီး ဆင်းရဲနေသူတို့သည် သူ အတိတ်ဘဝများစွာက ပြုခဲ့သော မကောင်းမှု အကုသိုလ်စေတနာ အခွင့်သာ အကျိုးပေး၍သာ ဆင်းရဲနေခြင်းဖြစ်၏၊ ကုသိုလ်လုပ်လို့ ဆင်းရဲခြင်းမဟုတ်၊ သို့သော် ယခုဘဝ သူပြုသော ကုသိုလ်စေတနာတို့သည်ကား နောက်မှာ သူ့အား ကောင်းကျိုးပေးဘို့ သူ၏ ကုသိုလ်ဘဏ်တိုက်၌ စာရင်းဝင်ပေပြီ။

ဤကမ္မပစ္စည်းသည် အထက်တန်းကျသော ဗုဒ္ဓဘာသာတို့၏ နေနည်း၊ ထိုင်နည်း၊ တွေးခေါ် ရှုမြင်တတ်အောင် များစွာ ကျေးဇူးကြီးလှသော တရားမြတ် ရတနာဖြစ်ပါသတည်း။

## ဝိပါကပစ္စည်း ဟူသည်ကား

### ဝိပါက အဓိပ္ပာယ်

ဝိပါကပစ္စယော – ဟူသော ပါဠိအရ ဝိပါကပစ္စည်း ဟူသည်မှာ အကျိုးတရား အချင်းချင်း ကျေးဇူးပြုကြပုံကို ဖော်ပြသော ပစ္စည်းဖြစ်၏၊ ကံကြောင့် ကောင်းကျိုးဆိုးကျိုး ဖြစ်၏၊ ထိုကောင်းကျိုး ဆိုးကျိုးကိုဝိပါက (ဝိပါက်) ဟုခေါ်သည်။

စိတ် ၈၉ ပါးတို့တွင် ကုသိုလ်၊ အကုသိုလ်ကံကြောင့် ဖြစ်သော အကျိုးဝိပါက်စိတ် ၃၆ မျိုး၊ ယင်းနှင့်ယှဉ်၍ ဖြစ်သော စေတသိက် ၃၈ မျိုးတို့ ပါရှိ၏၊ ထိုဝိပါက်စိတ် စေတသိက်တို့သည် အချင်းချင်း ကျေးဇူးပြုကြသည်၊ ထူးသည်မှာ ကျေးဇူးပြုခံသောဘက်တွင် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်လည်း ပါသည်။

### အချင်းချင်း အကြောင်းအကျိုးဖြစ်

သဘောကဝိပါက်ခန္ဓာတစ်မျိုးက အကြောင်းဖြစ်လျှင် ကျန် ဝိပါက်ခန္ဓာက အကျိုးဖြစ်၏၊ ဤသို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြသည်၊ ဥပမာ – မြင်သိစိတ် စက္ခုဝိညာဉ် ဖြစ်ရာ၌ ယှဉ်ဘက် စေတသိက် ခုနစ်ပါးနှင့် တကွ ရှစ်ပါးဖြစ်၏၊ ထိုရှစ်ပါးစုကို နာမ်ခန္ဓာ တစ်စုဖွဲ့၍ ရ၏၊ ထို ခန္ဓာစုတွင် စက္ခုဝိညာဉ်စိတ်က ဝိညာဏက္ခန္ဓာ၊ ဝေဒနာ စေတသိက်ကဝေဒနက္ခန္ဓာ၊ သညာစေတသိက်က သညက္ခန္ဓာ၊ ကျန်တဲ့ စေတသိက်များသည် သင်္ခါရက္ခန္ဓာ၊ ဤသို့ နာမ်ခန္ဓာ လေးပါးဖွဲ့၍ရ၏။ ထို နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးက ပစ္စည်းဖြစ်လျှင် ကျန်သုံးပါးက ပစ္စယုပ္ပန် ဖြစ်၏၊ သုံးပါးက ပစ္စည်းဖြစ်လျှင် ကျန်တစ်ပါးက

ပစ္စယုပ္ပန် ဖြစ်၏၊ နှစ်ပါးက ပစ္စည်းဖြစ်လျှင် ကျန်နှစ်ပါးက ပစ္စယုပ္ပန် ဖြစ်၏၊ ဤသို့ ဝိပါက်စိတ္တုပ္ပါဒ် အချင်းချင်း အကြောင်းအကျိုး ကျေးဇူးပြုပေသည်။

အကျိုးအကျိုးချင်း ကျေးဇူးပြု၍ ဘာထူးသလဲဟု ထင်ရန်ရှိ၏။ ထို့ကြောင့် ဤပစ္စည်း၏ ဥပမာကို သစ်ပင်ရိပ်၌ အေးချမ်းစွာ ထိုင်နေသူအား ချမ်းမြေ့သော လေက တိုက်ခတ်ပြီး ချမ်းငြိမ်းစေခြင်းဟာ ကျေးဇူးပြုသကဲ့သို့ ဖြစ်ကြောင်း သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးက ပမာဆောင်ပြခဲ့လေသည်။

လယ်တီ ဆရာတော် ဘုရားကြီးက ဤဝိပါကပစ္စည်းတွင် အခိုက်အတံ့ (အဝတ္ထု) လေးမျိုးပြတော်မူသည်၊ စေတနာအဝတ္ထု၊ ကမ္မအဝတ္ထု၊ နိမိတ္တအဝတ္ထုဟု ပြ၏၊ သို့သော် ကျယ်လွန်းမည် ဖြစ်၍ လက်တွေ့ အဘိဓမ္မာအတွက် အသုံးမဝင်လွန်းပေ၊ ပညာရပ်အနေဖြင့် လေ့လာလိုပါက နောက်တဆင့် လေ့လာကြရန် ဖြစ်ပေသည်။

# အာဟာရလေးမျိုးနှင့် အာဟာရ ကျေးဇူးပြုပုံများ

## အာဟာရ အဓိပ္ပာယ်

အာဟာရပစ္စယော၊ ဤပစ္စည်းကို မှန်အောင်ဖတ်ဘို့ လို၏၊ "အဟာရ" ဟု မဆိုရ၊ အာ–ဟု သေသေချာချာ ဆိုရသည်၊ "ရ"ကိုလည်း လျှာလိပ်ရသည်၊ ဆိုကြည့်ပါ။

အာ+ဟာရ=အာဟာရ၊ အာ=အလွန် (ဝါ) ရှေ့ရှု၍၊ ဟာရ=ဆောင်ခြင်း၊ ရှေ့ရှုဆောင်ခြင်း၊ ဤကားသဒ္ဒါနက်၊ သို့သော် ပဋ္ဌာန်းအရကောက်ကျမ်းက အာဟာရပစ္စည်းကို "ထောက်ပံ့ခိုင်စေသည် ဖြစ်၍ ကျေးဇူးပြုတတ်သောတရား" ဟုဆို၏၊ ထို့ကြောင့် "အာဟာရ" ဟူသည် ထောက်ပံ့ခိုင်စေတတ်သည့် သဘာဝတရားဟု သိအပ်၏။

ထောက်ပံ့ခိုင်စေပုံကို နိမိတ်ပုံပြရာ၌ အိမ်ဟောင်းတစ်ဆောင်ကို ထောက်သော တိုင်သစ်ကို ပြ၏၊ ကျားကန်သည့် သဘောဖြစ်၏၊ တိုင်သစ်ဖြင့် ကောက်ပေးသည့်အတွက် မူလအိမ်ဟောင်းသည် ပိုမိုခိုင်ခံ့သွားသည်၊ တစ်နှစ်ခံမှာ ဆယ်နှစ်ခံသွားသည်။ ဤသဘောကို အပိုင်မှတ်ရပေမည်။

## ရုပ်လဲ အာဟာရ၊ နာမ်လဲ အာဟာရ

ထောက်ပံ့ခိုင်စေသည် ဆိုရာ၌ ဘာကို ထောက်ပံ့သလဲ၊ ဘာကို ခိုင်စေလဲ၊ ဤသို့ သိရန် လို၏၊

အာဟာရသည် (၁) ရုပ်အာဟာရ

(၂) နာမ်အာဟာရ

ဟု နှစ်မျိုးရှိ၏၊ ရုပ်အာဟာရက လူ၏ကိုယ်ခန္ဓာရှိ ရုပ်ကို ထောက်ပံ့ခိုင်စေ၏၊ နာမ်အာဟာရက လူမှာရှိသော နာမ်ပိုင်းဆိုင်ရာကို ထောက်ပံ့ခိုင်စေ၏၊ ဤသို့ အကြမ်းဖျဉ်း မှတ်အပ်၏။

## ဩဇာနှင့် အား

ရုပ်အာဟာရ ဆိုသည်ကား လူတို့နေ့စဉ် စားသုံးနေကြသော အစားအစာများ၌ ပါရှိသည့် "ဩဇာ" ဓါတ်ကို ဆို၏၊ ထမင်း၊ ဟင်း၊ ပေါင်မုန့်၊ အဖျော်ယမကာ စသည်တို့၌ "ဩဇာ" ဓါတ်ပါမြဲ ဖြစ်၏၊ လူက ထမင်း ဟင်း စသည်ကို စားမျိုချလိုက်သောအခါထိုအစာမှာပါသော ဩဇာဓါတ်က လူ၏ ကိုယ်ခန္ဓာတွင် အာဟာရရုပ်ကို ဖြစ်စေသည်၊ ထိုဩဇာဓါတ်က လူကို "အား" ဖြစ်စေသည်။

ဤဖြစ်ရပ်ကို ပဋ္ဌာန်းပညာဖြင့် ကြည့်သောအခါ အစားအစာမှာ ပါသော ဩဇာဓါတ်သည် အကြောင်းပစ္စည်း၊ လူ၏ ကိုယ်၌ ဖြစ်သော အာဟာရဇရုပ် (အာဟာရကြောင့်ဖြစ်သောရုပ်) က အကျိုးပစ္စယုပ္ပန်၊ ဤသို့ အကြောင်း အကျိုး ဆက်သွယ်မှု ရှ၏၊ ဩဇာနှင့် အာဟာရဇရုပ်တို့ ဆက်သွယ်မှုတွင် ကြားထဲက ထောက်ပံ့ခိုင်စေသည့် သတ္တိစွမ်းရည်ကလေးပါ၏၊ ဤအဆက်ကြား၌ ရှိသောသတ္တိသည် ပဋ္ဌာန်းသတ္တိ ဖြစ်ပေသည်၊ ဆိုလိုသည်မှာ ဩဇာဓါတ်ကလည်း ဩဇာဓါတ်ဟူသောမူ၊ အာဟာရဇရုပ်ကလည်း အာဟာရဇရုပ် သူ့ဟာသူ၊ ဘာမျှမဆိုင်သလို မဖြစ်စေဘဲ ထောက်ပံ့မှုပြုလိုက်သည့် သတ္တိကလေးက ဆက်သွယ်မှုပြုပေးသည်၊ ဤသည်ကို အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုပေသည်၊ သိမ်မွေ့၏။

မိမိတို့သည် ဤရုပ်အာဟာရ သဘောတရားကို ပိုင်ထားလျှင် မိမိတို့ကိုယ်မှာ အာဟာရဇရုပ် ကောင်းကောင်းဖြစ်ဖို့အတွက် ဩဇာဓါတ်ရှိသော အစားအစာကို စားပေးရမည်ဟု နားလည်ပေပြီ၊ ဩဇာညံ့သော အစားအစာကို စားလျှင် အာဟာရဇရုပ် အဖြစ်နဲ၏၊ ထိုကြောင့် အားမဖြစ်၊ လူကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းဖို့ တောင့်ခိုင်ထွားကျိုင်းဖို့အတွက်ဩဇာရှိသော အစားအစာများကို ကျွေးပေးရမည်ဟုလည်း သိနိုင်သည်။

အစားအစာသည် နည်းသည် များသည်၊ ခဏခဏ စားသည်၊ ကြာ

မှစားသည်မှာ အဓိက မဟုတ်၊ အစာများတိုင်း ဩဇာများသည်ဟု မယူအပ်၊ ဩဇာရှိသော အစာသည် နည်းသော်လည်း ဩဇာရှိသည်သာ။ ဥပမာ "ငှက်သိုက်" သည် ဩဇာဓါတ် အလွန်ကောင်းသောကြောင့် လူကို အင်အား အထူးဖြစ်စေသည်မဟုတ်လော၊ အားဆေးဆိုသည်မှာလည်း ဩဇာဓါတ်ရှိလွန်းသော အစားအစာပင် ဖြစ်ပေသည်။

အမျိုးသား ကျန်းမာရေး အတွက် ဤအာဟာရပစ္စည်းကို ကိုင်ပြီး စီစဉ်နိုင်၏၊ သဘာဝကို နားလည်လျှင် အကာတွေကို ထုတ်ပစ်ပြီး အနှစ်ကို ယူအပ်ပေသည်၊ ဩဇာမရှိသော အစာတွေကို တအားစားလျှင် လူမှာ အားရှိ ကြံ့ခိုင်မလာဘဲ ဗိုက်ရွဲလာမည် ဖြစ်သည်၊ ဩဇာရှိသော အစာကိုရွေးပြီး နည်းနည်းစားလျှင် အားရှိပြီး ကျန်းမာရေး ရသည်၊ လူလည်း ပုံပျက်ပန်းပျက် ဝလာရန် မရှိချေ။

ထမင်းချက်သည့်အခါ ထမင်းရေတွေ သွန်မပစ်ပါနှင့် ရေခန်းချက်စားကြပါဟု နှိုးဆော်ခြင်းကို ပဗ္ဗာန်းနားလည်သူက ပိုနားလည်၏၊ သို့မဟုတ် ပဗ္ဗာန်းသမားအတွက် အဆန်းစကား မဟုတ်၊ ဩဇာဓါတ်ရအောင် လုပ်နိုင်ခြင်းပင်ဖြစ်ကြောင်း သိပေသည်၊ ဤတွင် တေဇောဓါတ် (မီး) ကို သုံးတတ်ဖို့လို၏၊ မီးလွန်လျှင် ဩဇာဓါတ်ပျက်၏၊ မီးပေးမီးယူ အလွန်အရေးကြီး၏၊ တစ်ချို့ဟင်းရွက်ပြုတ်တာ မီးများ၍ ပြဲရဲကုန်၏၊ ငါးကြော်တာ မီးများတော့ ပဲလှော်ဖြစ်သွား၏၊ တူးမှခြစ်မှ မဟုတ်၊ မတူးမခြစ်သော်လည်း မီးအလောတော်ဖြစ်မှ ဩဇာဓါတ်မပျက်ပေ၊ မိသားစု ကျန်းမာရေးသည် မီးဖိုချောင်၌ တည်၏။

မီးပေးမီးယူ ကိစ္စကို ပေါ့ပေါ့ဆဆ မမှတ်အပ်၊ အဂ္ဂိရတ်ပညာ ဆိုသည်မှာ မီးအချိန်အဆ မှန်ကန်မှုပေါ် တည်၏၊ ယခုခေတ် ဂြိုဟ်တု ဒုံးပျံလွှတ်နေကြခြင်းသည်လည်း မီးကို နိုင်နေကြခြင်းပင် ဖြစ်၏၊ အနီးကပ် စဉ်းစားလျှင် မိမိတို့ စီးသွားသော မော်တော်ယာဉ်ကို စဉ်းစား၊ မီးက အဓိက ဖြစ်၏။

ထို့ကြောင့် အစာအာဟာရ၌ ဩဇာဓါတ် မပျက်အောင် မိမိတို့အသုံးပြုသော မီးဖိုချောင်မီးကို ကောင်းစွာချိန်ဆ၍ မီးပေးမီးယူ မှန်မှန်ကန်ကန် ဖြစ်စေရန် လိုအပ်ပေသည်။

## စားတိုင်း အားမဖြစ်သော ငုပ်ကွက်

ဤတွင် ပဋ္ဌာန်းသမား အဘိဓမ္မာသမား မဟုတ်သူတို့ နားမလည်သော အချက်(ဝါ)ငုပ်ကွက်ရှိ၏၊ဤကား တစ်ခြားမဟုတ်၊သြဇာရှိသော အစားအစာ (ဝါ) အကောင်းတွေ အဘိုးတန်ပစ္စည်းတွေ စားနေပါလျက် အားမဖြစ်ဘူးဆိုသည့် ကိစ္စနှင့် သက်ဆိုင်၏၊ သာမန်သိပ္ပံ သဘောဆိုပါက အားရှိသော အစာစားပါက အား.ရှိရမှာပေါ့၊ ဘာကြောင့် အားမရှိရမှာလဲဟုပင် ထင်ဘွယ်ဖြစ်၏။

ဤငုပ်ကွက်ကား အခြားမဟုတ်၊လူ၏ကိုယ်ခန္ဓာထဲမှာလည်း မွေးရာပါ "သြဇာ" ရှိသေးသည် ဆိုသော အချက်ဖြစ်၏၊ လူ၏ ကိုယ်ထဲမှာ ရှိသောသြဇာသည် လူ၏ကံ၊ လူ၏စိတ်၊ ရာသီဥတုနှင့် ပြင်ပ အာဟာရတို့ကြောင့် မပြတ်ဖြစ်နေ၏၊ ကိုယ်တွင်းမှာ ရှိနှင့်သော ဤသြဇာ (ဝါ) အဇ္ဈတ္တသြဇာနှင့်၊ ပြင်ပက စားမျိုချလိုက်သော အစားအစာမှာ ပါသော ပြင်ပ သြဇာ (ဝါ) ဗဟိဒ္ဓသြဇာ သူတို့နှစ်ခုပေါင်းမိမှ လူ၏ကိုယ်မှာ "အာဟာရဇရုပ်" ကောင်းကောင်းဖြစ်ပေသည်၊ ဤကား ငုပ်ကွက်တည်း၊ ကိုယ်တွင်းအဇ္ဈတ္တသြဇာက ညံ့နေပြန်လျှင်လည်း ပြင်ပက အစားအစာကောင်းကောင်း ဘယ်လောက်စားစား၊ အားဖြစ်သင့်သလောက် မဖြစ်ပေ။

ကံညံ့၍ သြဇာဝါတ်ညံ့နေတတ်၏၊ မိမိကို မသိသာ၊ စိတ်ပူပြီး ဗျာပါရများနေလျှင် အစာမကျေ ဖြစ်တတ်သည်ကိုမူ သတိရှိသူတို့ သိနိုင်၏၊ ဤကား စိတ်ကြောင့် ဝမ်း မီး ပါစကကို စိတ္တဇဝါယောဓါတ်လေတိုက်ပြီး အဇ္ဈတ္တသြဇာပျက်နေ၍ ဖြစ်၏၊ ရာသီဥတုကိစ္စ၊ ပူလွန်းအိုက်လွန်းပြီး ဥတုမမျှတလျှင် အစာမကျေဖြစ်တတ်ပုံကို သတိရှိသူတို့ သိနိုင်၏။ ပြင်ပက စားနေကျ အစာကိုပင် စားပါလျှက် မကျေညက်သဖြင့် ကိုယ်တွင်းသြဇာ ညံ့ရခြင်းဖြစ်သည်။

ပြင်ပက အစားအစာ သြဇာကောင်းအောင် လုပ်ဖို့ကို သိလွယ်ပါ၏၊ကိုယ်တွင်း အဇ္ဈတ္တသြဇာကောင်းဖို့ကိုလည်း လုပ်ရသည်ဟု အဘိဓမ္မာပဋ္ဌာန်းသမား မဟုတ်က မသိနိုင်ပေ၊ ကိုယ်တွင်းအဇ္ဈတ္တသြဇာကောင်းဖို့က ကံကောင်းအောင် လုပ်ရသည် (ဝါ) ကောင်းသော အမှုအလုပ်များ ပြုလုပ်ပေးရသည်၊ စိတ်ကိုချမ်းသာအောင် ထားရသည်၊ ရာသီဥတု အပူခံခြင်း အအေးခံခြင်းကို မျှတ

အောင် ခံယူတတ်ရသည်၊ ဤကား အဇ္ဈတ္တသြဇာကောင်းအောင် လုပ်နည်းပေတည်း။

ယခုခေတ်တွင် အသက်ရာကျော် ရှည်သူများကိုလေ့လာရာ၌ စိတ်အေးအေးထားတတ်သူများ၊ စိုးရိမ်သောက (Worry) နည်းသူများသာ အသက်ရှည်တတ်သည်ကို လေ့လာသိရှိကြ၏၊ သို့သော် စိတ်အေးအေး ထားတာနှင့် အသက်ရှည်တာနဲ့ ဘယ်လိုဆိုင်သလဲ ဆိုတာကိုတော့ ပဌာန်းသမားကသာ နားလည်ပေသည်၊ စိတ်အေးတော့ ကံအေးသည်၊ စိတ်အေးတော့ ကိုယ်တွင်းသြဇာကောင်းသည်၊ ကိုယ်တွင်းသြဇာကောင်း၍ အသက်ကြီးသော်လည်း အစားအစာစားသောအခါ အားဖြစ်ပြီး ကျန်းမာခြင်း၊ အသက်ရှည်ခြင်း ဖြစ်ပေသည်။

အချုပ်ကား ကိုယ်တွင်းသြဇာ (အဇ္ဈတ္တသြဇာ) နှင့် ပြင်ပသြဇာ (ဗဟိဒ္ဓသြဇာ) ပေါင်းပြီး လူ၏ကိုယ်မှာ အာဟာရဇရုပ်ကို ဖြစ်စေသည်၊ "အား" ကိုဖြစ်စေသည်၊ ထို့ကြောင့် ကျန်းမာရေး အသက်ရှည်ရေးအတွက် ကိုယ်တွင်းသြဇာလည်းကောင်းအောင် လုပ်ရမည်၊ ပြင်ပသြဇာ အစားအစာလည်း သြဇာရှိတာကို စားရမည်ဟု မှတ်သားစေချင်ပါ၏။

## သြဇာရှိသော အာဟာရဖြစ်ဖို့လို

ကိုယ်တွင်းသြဇာကောင်းဖို့ မိမိ၏ကံ၊ စိတ်၊ ဥတုကိုပြုပြင်ရမည်ဟု သိရပြီ၊ ပြင်ပအစားအစာမှာပါသော သြဇာကောင်းအောင်ကော မည်သို့ပြုလုပ်ရမည်နည်း။ သဘောသီး ပြည်တောင်းလောက်ကြီးအောင် ဓါတ်မြေသြဇာနဲ့ စိုက်လျှင် သြဇာကောင်းရောလား၊ ကြီးတာနှင့် သြဇာအနှစ်ရှိတာ တစ်ခြားစီပင်။

ပြင်ပ သီးပင်စားပင်များ သြဇာဓါတ်ရှိအောင် လုပ်ရန်ကား အလွန်ခက်၏၊ အောက်ပါ စာပိုဒ်ကို ဖတ်ပါ။

ကတိသစ္စာ၊ တည်သောခါဝယ်၊
သြဇာလေးနက်၊ ပေါ်ဆီတက်၍၊
နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏၊

(မယဒေဝ)

လူသားတွေကတိတည်ကြမှ သစ္စာရှိကြမှ ပြင်ပက သီးပင်စားပင်များ သြဇာရှိမည်ဟု ပုံသေနည်း ရှိ၏၊ သို့သော် လူတွေကတိသစ္စာ တည်ဖို့လည်း မလွယ်၊ ဤသဘောတရားကိုယုံဖို့လည်း မလွယ်ပေ၊ ယခုခေတ်တွင် လူ့လောကကြီး၌ ကတိသစ္စာမဲ့သူတွေ များနေသော်လည်း၊ ကတိသစ္စာ ရှိသောလူတွေလည်း ရှိကြသေး၏၊ ထို့ကြောင့် အသီးအနှံတို့ အထိုက်အလျောက် သြဇာဝါတ်ရှိနေခြင်း ဖြစ်ပေသည်။

ယခုရေးပြသည့်အတိုင်း ဗုဒ္ဓအဘိဓမ္မာပဋ္ဌာန်းကို နားလည်သူသည် မိမိရော သူတစ်ပါးပါ ကျန်းမာအသက်ရှည်ရေးအတွက် –

(၁) ကိုယ်တွင်း အဇ္ဈတ္တသြဇာကောင်းအောင် လုပ်ရမည်။

(၂) ကိုယ်ပ ဗဟိဒ္ဓသြဇာကောင်းအောင် ရွေးချယ်စားသုံးရမည်။

ဤအချက်နှစ်ရပ်ကို လက်ကိုင်ပြုသွားနိုင်လောက်ပေပြီ။

## နာမ်အာဟာရ ကျေးဇူးပြုပုံ

နောက်တစ်ချက်က – နာမ်အာဟာရကိစ္စ၊

နာမ်အာဟာရ – ဆိုသည်မှာ နာမ်ပိုင်း (စိတ်စေတသိက်) ကို အထောက်အပံ့ပြုသော တရားဖြစ်၏၊ စိတ် ၈၉၊ စေတသိက် ၅၂ တို့တွင် ဖဿ၊ စေတနာ၊ ဝိညာဉ် (စိတ်) ဤသုံးမျိုးသည် ကျန်သော စိတ်စေတသိက် နာမ်တရားတို့ကို အထောက်အပံ့ပြုသည့်အတွက် နာမ်အာဟာရတို့ ဖြစ်ကုန်၏။

ထို့ကြောင့် ဖဿ၊ စေတနာ၊ ဝိညာဉ်တို့က ပစ္စည်းဖြစ်၏၊ စိတ် ၈၉၊ စေတသိက် ၅၂၊ ထိုစိတ်စေတသိက်တို့နှင့် အတူတကွ ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့သည် နာမ်အာဟာရပစ္စယုပ္ပန်တို့ဖြစ်ကြသည်။

**အမှာ** – သိပ္ပံအဘိဓမ္မာ (ဒုတိယတွဲ) ၌ ဤအာဟာရအကြောင်း ပါရှိသည်၊ ဆက်စပ်ကြည့်ရှုနိုင်ပါသည်။

## ဣန္ဒြိယပစ္စည်း ဆက်သွယ်မှုကိစ္စ

## ဣန္ဒြိယ အဓိပ္ပာယ်

"ဣန္ဒြိယပစ္စယော" ကို အစိုးရသည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဟု အကျဉ်းချုပ် သိအပ်၏၊ ထို့ကြောင့် "ဣန္ဒြိယ" ဟူသော ပါဠိသည် "အစိုးရမှု" ဟူသောအနက်ကို ဟောကြောင်းသိရပေသည်။

အစိုးရခြင်းကို ဤသို့ဖွင့်ပြ၏၊ တိုင်းပြည်တစ်ပြည်တွင် မိမိဌာနနှင့် မိမိ၊ မိမိဒေသနှင့်မိမိ၊ အုပ်ချုပ်စိုးပိုင်ခွင့်ရှိသော မင်း (မင်းငယ်) တို့သည် သူတစ်ပါး အစိုးရသော ဌာနနယ်ပယ်ကို မလွှမ်းမိုးနိုင်၊ မိမိဆိုင်ရာကိုသာ အစိုးရကြ၏။ ထိုနည်းတူ "ဣန္ဒြိယ" သဘောသည်လည်း မိမိနှင့်အတူဖြစ်သည့် တရားအုပ်စုအပေါ်မှာသာ အစိုးတရရှိ၏ (ဝါ) ပြဋ္ဌာန်း၏ ဟူလို။

### အစိုးရမှုသုံးမျိုး

အစိုးရမှုသည် (၁) အတူဖြစ်၍ အစိုးရမှု၊
(၂) ရှေးဦးကြိုတင်ဖြစ်၍ အစိုးရမှု၊
(၃) ရုပ်ဇီဝိတ၏ အစိုးရမှု၊

ဟူ၍ သုံးမျိုးရှိ၏။

အတူဖြစ်၍ အစိုးရမှုကို "သဟဇာတိန္ဒြိယ" ဟုခေါ်၏၊ ထို သဟဇာတိန္ဒြိယပစ္စည်းဆိုက်သော တရားတို့မှာ "ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ" ဟူသော ရှစ်မျိုးဖြစ်၏၊ ထိုရှစ်မျိုးအနက် စိတ်မှတစ်ပါး ကျန်သော ခုနစ်မျိုးတို့သည် စေတသိက်များ ဖြစ်၏၊ ထိုစိတ်စေတသိက်တို့သည် အာရုံအလိုက် ဖြစ်ကြသောအခါ ထို ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊

ပညာကပစ္စည်း၊ကျန်သော စိတ်စေတသိက်တို့က ပစ္စယုပ္ပန် ဖြစ်၏၊ ဆိုလိုသည်မှာ ထိုဒိဝိတစသည်တို့သည် အတူဖြစ်ဖော်ဖြစ်ဖက် နာမ်တရားတို့အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူလို။

ရှေးဖြစ် အစိုးရမှုကို "ဝတ္ထုပုရေဇာတိန္ဒြိယ" ဟု ခေါ်၏၊ ပစ္စည်းတရားမှာ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု ဟူသော ဝတ္ထုရုပ်ငါးမျိုးဖြစ်၏၊ ပစ္စယုပ္ပန်တရားမှာ ဒွေပဉ္စဝိညာဉ် တစ်ဆယ်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ခုတို့ ဖြစ်၏။

အကြောင်းအကျိုး ပစ္စည်းဆက်ပုံမှာ အဆင်းအာရုံတစ်ခုကို မြင်သောအခါ စက္ခုဝိညာဉ်စိတ်နှင့် စေတသိက်များ ဖြစ်ကြ၏၊ ထို စက္ခုဝိညာဉ်စိတ်သည် မျက်နက်ဝန်းအလယ်၌ စက္ခုပသာဒရုပ်ခေါ် စက္ခုဝတ္ထုကို မှီ၍ဖြစ်၏၊ ထို့ကြောင့် အမှီခံ စက္ခုဝတ္ထုသည် သူ့ကိုမှီ၍ဖြစ်သော စက္ခုဝိညာဉ်စိတ်နှင့် စေတသိက်များအား ဣန္ဒြိယသတ္တိ (အစိုးရမှုစွမ်းရည်) ဖြင့် ကျေးဇူးပြု၏။

စက္ခုဝတ္ထုက စက္ခုဝိညာဉ်စိတ်ကို အစိုးရသည် ဆိုသည်မှာ မျက်စိထဲ၌ စက္ခုပသာဒခေါ် စက္ခုဝတ္ထုမရှိပါက မြင်သိစိတ် စက္ခုဝိညာဉ်စိတ် မဖြစ်နိုင်ပေ၊ စက္ခုဝတ္ထုကိုမှီရမှသာ စက္ခုဝိညာဉ် ဖြစ်နိုင်၏၊ ဤသို့ သူမရှိလျှင် မဖြစ်သည့် သဘောကိုပင် ဣန္ဒြိယ (အစိုးရ) ဟုဆိုပေသည်။ အခြားသော သောတဝတ္ထုစသည်လည်း ဤသဘောအတိုင်းပင်။

ရုပ်ဇီဝိတိန္ဒြိယ ဆိုသည်မှာ ကမ္မဇကလာပ်ကိုးစည်း၌ ပါရှိသော ဇီဝိတရုပ်အတွက် ဖြစ်၏၊ ရုပ်နှစ်ဆယ့်ရှစ်ပါးတွင် ဇီဝိတရုပ်ပါရှိ၏၊ ထိုဇီဝိတရုပ်သည် ရုပ်ကလာပ်ဖွဲ့သောအခါ ကမ္မဇကလာပ်တွင် ပါဝင်၏၊ ထိုကလာပ်စည်းတစ်ခုတွင် ပါဝင်သော ရုပ်ဇီဝိတ (ဇီဝိတရုပ်) သည် မိမိနှင့် ကလာပ်စည်း အတူဖြစ်သော ကျန်သောရုပ်များအား အစိုးတရဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပေသည်၊ ရုပ်ဇီဝိတသည် ရုပ်သက်ဖြစ်၏၊ သူ့ပြဋ္ဌာန်း၏၊ ထိုသို့ သူပြဋ္ဌာန်းသည်ကိုပင် အစိုးရသည်ဟု ဆိုခြင်း ဖြစ်ပေသည်။

ပြန်ချုပ်သော် ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဟူသော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး၊ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာန

ဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု ဟူသော ဝတ္ထုရုပ်ငါးပါး၊ ရုပ်ဇီဝိတက တစ်ပါး၊ ဤတရားတို့သည် ဣန္ဒြိယပစ္စည်းဖြစ်ကြသည်၊ (ဝါ) မိမိတို့နှင့်အတူဖြစ်သော တရားများအပေါ် အစိုးတရ ကျေးဇူးပြုကြသည်ဟု သိအပ်၏။

## ဣန္ဒြေဖြစ်လျက် ပစ္စည်းမဖြစ်

ဤတွင် ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ ဟူသော ဣန္ဒြေနှစ်မျိုးသည် ဣန္ဒြေဖြစ်သော်လည်း ဣန္ဒြိယပစ္စည်း မဖြစ်ပေ၊ အကြောင်းမှာ မိန်းမပုံသဏ္ဌာန်ဖြစ်ပေါ်လာစေသော၊ ဣတ္ထိဘာဝရုပ် (ဣတ္ထိန္ဒြေ)၊ ယောကျ်ားပုံသဏ္ဌာန် ဖြစ်ပေါ်လာစေသော ပုရိသဘာဝရုပ် (ပုရိသန္ဒြေ) တို့သည်၊ ပဋိသန္ဓေအခါကာလ၌ သဘာဝအားဖြင့် ရှိခဲ့သော်လည်း ပဋိသန္ဓေ တည်နေခါစ၌ မိန်းမအသွင်၊ ယောကျ်ားအသွင် မပေါ်သေးပေ၊ ဣန္ဒြိယပစ္စည်းဆိုသည်မှာ ထင်ရှားရှိဆဲခဏ၌သာ ကျေးဇူးပြုမြဲ ဖြစ်၏၊ ထို့ကြောင့် နောင်မှ ထင်ရှားလာသော ဣတ္ထိန္ဒြေ ပုရိန္ဒြေတို့က ဣန္ဒြိယပစ္စည်း မထိုက်ခြင်း ဖြစ်သည်ဟု အဋ္ဌကထာဆရာက ရှင်းပြတော်မူတား၏။

## အကြောင်းဖြစ်ရန် လိုအပ်သော အချက်သုံးရပ်

အထက်ပါ အဋ္ဌကထာစကားရပ်သည် အနှစ်ချုပ်ဖြစ်၍ ခက်ခဲ၏၊ သဘောကား ဤသို့ကည်း။

အကြောင်းတစ်ခု၊ ပစ္စည်းတစ်ခုဟု သတ်မှတ်နိုင်ရန် လိုအပ်သော အရည်အသွေး သုံးရပ်ရှိရသည်။ ယင်းတို့ကား–

(၁) ဖြစ်စေခြင်း၊

(၂) ထောက်ပံ့ခြင်း၊

(၃) ထိန်းသိမ်းခြင်း တို့ဖြစ်၏။

ဥပမာ (၁) "က" ကြောင့် "ခ" ဖြစ်သည် ဆိုရာ၌ "က" မဖြစ်လျှင် "ခ" မဖြစ်ဘူး ဆိုသော် "က" သည် "ခ" ၏ ပစ္စည်း (ဝါ) အကြောင်းသေချာပေပြီ။

ဥပမာ (၂) "က" ကြောင့် "ခ" ဖြစ်သည် ဆိုရာ၌ "က" မဖြစ်လျှင် "ခ" သည် ရပ်တည်မှု၊ တိုးတက်မှု၊ ပြန့်ပွားမှု မဖြစ်ဘူး ဆိုလျှင် "က" သည် "ခ" ၏ အကြောင်း (ပစ္စည်း) ဖြစ်သည်မှာ သေချာပြီ။

ဥပမာ (၃) "က" ကြောင့် "ခ" ဖြစ်သည် ဆိုရာ၌ "က" မဖြစ်လျှင် "ခ" ၏ ရေရှည်တည်တံ့မှု မဖြစ်နိုင်ဘူး ဆိုလျှင် "က" သည် "ခ" ၏ အကြောင်း (ပစ္စည်း) ဟု ဆိုနိုင်ပေပြီ။

အထက်ပါ မှုသုံးချက်ကို ကိုင်ထားပြီး ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေတို့ ဣန္ဒြိယပစ္စည်း မဖြစ်ပုံကို စိစစ်အပ်၏၊ ဣတ္ထိဘာဝရုပ် (ဣတ္ထိဘော) ပုရိသဘာဝရုပ် (ပုမ္ဘော) ဟူသော ရုပ်သဘာဝ နှစ်မျိုးသည် မိမိနှင့် ကလာပ်တူ ဖြစ်ဖော်ဖြစ်ဘက် ရုပ်တစ်စုံတရာကိုမျှ အစိုးမရချေ၊ သူတို့သည် သာမန်ပါဝင်ခြင်းသာဖြစ်၏၊ ဥပမာ – ရုပ်ဇီဝိတမပါလျှင် ရုပ်သက်မရှိ၍ အခြားရုပ်များ သဘာဝ အသက်မရှိနိုင်ချေ၊ ထင်ရှားသော ဥပမာမှာ စက္ခုဝတ္ထုရုပ်မရှိလျှင်၊ စက္ခုဝိညာဉ် စိတ်စသည် မဖြစ်ပေါ်နိုင်ပေ၊ သို့သော် ဣတ္ထိဘော၊ ပုမ္ဘောကား ဤသို့ မပြဋ္ဌာန်းပေ၊ ထို့ကြောင့် သူတို့သည် ပစ္စည်းဆိုင်ရာ လက္ခဏာသုံးရပ်မရှိ၊ ဣန္ဒြိယပစ္စည်း သည်လည်း ပစ္စပ္ပန်ဖြစ်ဆဲခဏ၌သာ ကျေးဇူးပြု၏၊ ထို့ကြောင့် ထိုဘာဝရုပ်နှစ်ခု သည် ပစ္စည်းမဖြစ် (ဝါ) ဣန္ဒြိယပစ္စည်း မဖြစ်ဟူလို။

ဤတွင် စဉ်းစားရန် တစ်ချက်ကား ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်တို့ သည် ဣန္ဒြိယပစ္စည်း မဖြစ်ခဲ့သော် ဣန္ဒြေရော ဖြစ်နိုင်ပါဦးမည်လော၊ ဤသို့ စဉ်းစားရန် ရှိ၏၊ အဖြေကား "ဣန္ဒြေ" ဖြစ်နိုင်ကြသည်၊ ဖြစ်နိုင်ပုံကား ဤသို့ တည်း။

## ဣန္ဒြိယပစ္စည်း မဖြစ်လျှင် ဣန္ဒြေ ဖြစ်နိုင်မည်လော

လူ့ဘဝတွင် သန္ဓေတည်စက ဘာဝရုပ်ဟူသော ရုပ်သဘာဝ ပါလာ၏၊ ထိုဘာဝရုပ်သည် ကလလရေကြည်၊ အမြှုပ်၊ သားတစ်၊ အခဲ စသော သန္ဓေကာလ၌ အစွမ်းမပြနိုင်ကြကုန်၊ ခက်မငါးဖြာ ဖြစ်လာသောအခါတွင်မှ ဣတ္ထိဘာဝရုပ်ပါသူက မိန်းမပုံ၊ ပုမ္ဘာဝရုပ်ပါသူက ယောကျ်ားပုံ ဖြစ်လာတော့သည်၊

ဤကာ၊ ဘာဝရုပ် အစွမ်းပြလာခြင်းဖြစ်၏။

လူကောင် ပီပီသသ မွေးဖွားလာပြီး နောက်ပိုင်း၌လည်း အသွင်အပြင် (လိင်) ပုံပန်းသဏ္ဌာန် (နိမိတ္တ)၊ အပြုအမူ (ကုတ္တ)၊ ဟန်ပန် (အာကပ္ပ) တို့ကို ထုဘာဝရုပ်တို့က ဖော်ဆောင်ပေးလာပေသည်၊ မိန်းမဖြစ်မှု လက်ခြေသေးငယ်မှု၊ နုနယ်သော ပြုံးရယ်မှု၊ ဘန်းငယ်စကောငယ် စသည်ဖြင့် ကစားမှု၊ ညင်သာနွဲ့ပျောင်း လှည့်ပြောင်းသွားလာမှုတို့သည် ဣတ္ထိဘာဝရုပ် (မ မျိုးစေ့ရုပ်) ကြောင့် ဖြစ်လာပေသည်။

ထိုနည်းတူ ပုမ္ဘာဝရုပ်(ကျား မျိုးစေ့ရုပ်)ကြောင့်လည်း ယောကျ်ား ပီသသော သွင်ပြင်စသည် ဖြစ်ပေါ်လာပေသည်။

ဤအချက်များကိုကြည့်၍ ထိုဘာဝရုပ်နှစ်မျိုးသည် လူ၏ကိုယ်၌ သွင်ပြင်သဏ္ဌာန်၊ အပြုအမူ၊ ဟန်မူရာ ဟူသော လူ၏သဘာဝတို့ကို ဖြစ်ပေါ်စေ၍ ထိုအရာတို့ကို အစိုးရသည် (ဝါ) ဣန္ဒြေ ဖြစ်သည်ဟု ဆိုရပေသည်။ သို့သော် ထိုသွင်ပြင်သဏ္ဌာန် စသည်တို့သည် ရုပ်နာမ် ပရမတ္ထတရား မဟုတ်သည့်အပြင် ပစ္စုပ္ပန် တခဏဖြစ်ပေါ်မှုလည်း မဟုတ်၍၊ ဣန္ဒြိယပစ္စည်းအဖြစ် ထည့်သွင်း သတ်မှတ်ချင်း မပြုရပေ။

## ဈာနပစ္စည်း ဟူသည်

### ဈာန အဓိပ္ပာယ်

ဈာနပစ္စယော – ကို ကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဟု အနက်ပေး၏၊ ထို့ကြောင့် "ဈာန" ဆိုသည်မှာ ကပ်၍ ရှုတတ်သည့် သဘောဖြစ်ကြောင်း သိရ၏။ ဥပမာကို ပြရာ၌ တောင်ထိပ်ပေါ် တက်ကြည့်သူ၊ သစ်ပင်ထိပ်ဖျားပေါ် တက်ကြည့်သူကိုပြ၏၊ တောင်ဖျား သစ်ပင်ဖျားသို့ တက်ကြည့်သူသည် အဝေးအနီး အရပ်တို့ကို မြင်ရ၏၊ ထိုသို့ မြင်ခြင်းသည် မြင်လိုသူအား ကျေးဇူးပြု၏၊ မြင်ခြင်းနှင့် မြင်လိုသူ ဤနည်းတူ မိမိမြင်လိုသော အရာ၊ ရှုလိုသောအရာကို မခွာဘဲ ကပ်၍ ရှုကြည့်တတ်သည့်သဘောကို ဈာန (ဈာန်) ဟုဆိုပေသည်။

ထိုသို့ကပ်၍ ရှုတတ်သော သဘာဝသည် "ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာ" ဟူ၍ ငါးမျိုးရှိ၏၊ ဝေဒနာ ဆိုရာတွင် သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ ဟူသော ဝေဒနာသုံးမျိုးလုံးကိုပင် ဆိုသည်။

"ဝိတက်" သည် ကြံစည်ခြင်းအားဖြင့် အာရုံတစ်ခုကို ကပ်ထားသည်၊ အာရုံတစ်ခုကို ကြံစည်ကြံစည်နေခြင်းသည်ပင် ကပ်ထားသည့် သဘောဖြစ်၏၊ "ဝိစာရ" သည် အထပ်ထပ် သုံးသပ်ခြင်းအားဖြင့် ကပ်ထားသည်၊ အာရုံတစ်ခုကို မလွှတ်ဘဲ အဖန်ဖန် သုံးသပ်နေခြင်းသည်ပင် ကပ်ထားရာ ရောက်သည်၊ "ပီတိ" သည် နှစ်သက်သည့် သဘောဖြင့် ကပ်ထားသည်၊ အာရုံကိုနှစ်သက်လျက်ရှိခြင်းသည်ပင် ကပ်ထားသည့် သဘောဖြစ်၏၊ "ဧကဂ္ဂတာ" သည် စူးစိုက်တည်နေခြင်းအားဖြင့် ကပ်ထားသည်၊ အာရုံတစ်ခုတည်း၌ စွဲစိုက်နေခြင်းသည်ပင် ထိုအာရုံကို ကပ်ထားရာ ရောက်၏၊ "ဝေဒနာ" သည် ခံစားသည့်

သဘောအားဖြင့်ကပ်ထားသည်၊ အာရုံတစ်ခုကိုခံစားနေခြင်းသည်ကပ်ထားရာ ရောက်၏၊ ဤကဲ့သို့အာရုံကိုကပ်၍ရှုတတ်သည့်သဘောကား "ဈာန်" သဘော ပေတည်း။

## ဈာန်စိတ်နှင့် ဈာန်အင်္ဂါစေတသိက်

သို့သော် ဆိုခဲ့ပါဝိတက်၊ ဝိစာရ၊ ပီတိ၊ ကေဂ္ဂတာ၊ ဝေဒနာတို့သည် စိတ်ကိုမှီပြီး ဖြစ်ကြရသော စေတသိက်များဖြစ်၏၊ သူတို့သည် စိတ်ကို အမှီမရဘဲ မဖြစ်နိုင်ပေ၊ ထို့ကြောင့် သူတို့မှီတွယ်ဖြစ်ရသော မဏ္ဍိုင်စိတ်ကို ဈာန်စိတ်၊ သူတို့ငါးမျိုးကို ဈာန်၏ အစိတ်အပိုင်းအင်္ဂါ (ဈာနင်) ဟု ဆိုရသည်၊ တနည်းဆိုသော် ပထမဈာန်စိတ်ဟု ခေါ်သော စိတ်ကို သရုပ်ခွဲကြည့်ပါက ထိုစိတ်တွင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ ကေဂ္ဂတာ၊ ဝေဒနာ ဟူသောအင်္ဂါငါးပါး ပါရှိကြောင်း တွေ့ရ၏၊ ထို့ကြောင့် ထိုအင်္ဂါငါးပါးကို ဈာနင်္ဂ (ဈာန+အင်္ဂ) ဟူသော ပါဠိအရ ဈာနင် (ဈာန်အင်္ဂါ) ဟု ဆိုရပေသည်။

စိတ် ၈၉ ပါးတို့တွင် စက္ခုဝိညာဉ် (မြင်သိစိတ်) စသော အဟိတ်စိတ်ဆယ်မျိုးသည် ထိုကဲ့သို့ ကပ်၍ ရှုသည့်သဘောမရှိပေ၊ ထို့ကြောင့် သူတို့သည် ဤဈာနပစ္စည်းခန်းမှာ မပါဝင်နိုင်ပေ။

ဤသဘောအရ ပဋ္ဌာန်းပစ္စည်း ဆက်သောအခါ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ကေဂ္ဂတာ၊ ဝေဒနာ ဟူသော ဈာနင်တရားကိုယ်ငါးပါးသည် ဈာနပစ္စည်း၊ စက္ခုဝိညာဉ်စသော စိတ်ဆယ်ပါးမှကျန်သော စိတ် ၇၉၊ စေတသိက် ၅၂၊ ထိုစိတ် စေတသိက်တို့နှင့်အတူ ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့သည် ဈာနပစ္စယုပ္ပန်ဖြစ်၏။

သမထယောဂီတစ်ဦးသည် ပထဝီကသိုဏ်းဝန်း (မြေကသိုဏ်း) ရှုရာ၌ သူသည် ပထဝီ ပထဝီ၊ (မြေ မြေ) ဟု အကြိမ်ကြိမ်ရှု၏ (ဝိတက်)၊ သုံးသပ်၏ (ဝိစာရ)၊ နှစ်သက်၏ (ပီတိ)၊ ထိုမြေကသိုဏ်းအာရုံ တစ်ခုထဲ၌ စိတ်တည်နေ၏ (ကေဂ္ဂတာ)၊ ပျော်ရွှင်ချမ်းမြေ့၏ (သောမနဿ)၊ ဤသို့ ဝိတက်၊

ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာတို့ ဖြစ်၏၊ သူတို့နှင့် ကကွ ကုသိုလ်စိတ် စေတသိက် ကုသိုလ်စိတ္တဇရုပ်တို့လည်း ထိုအချိန်၌ ဖြစ်နေ၏။

ယင်းကို ပဋ္ဌာန်းပစ္စည်း ဆက်ယူသောအခါ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာ ဟူသော ဈာနင်္ဂတို့သည် သူတို့နှင့်အတူ ဖြစ်သော ကုသိုလ်စိတ်၊ စေတသိက်၊ ရုပ်တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆက်သွယ်ယူရပေသည်။

## ဈာန်ဆိုတိုင်း အကောင်းချည်းလော

ထို့အပြင် ဈာန်ဆိုတိုင်း အကောင်းချည်းဟု တစ်ထစ်ချ မမှတ်အပ်၊ အကုသိုလ်ဈာန်လည်း ရှိ၏၊ ဥပမာ – သတ်ဖို့ကိစ္စ တစ်ခုကို အထပ်ထပ်ကြံစည်ရာ၌ ဝိတက်၊ ဝိစာရဖြစ်၏၊ ပီတိဖြစ်၏၊ ဧကဂ္ဂတာဖြစ်၏၊ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ ဖြစ်၏၊ ထိုကိစ္စမျိုးတွင်မူ အကုသိုလ်ဈာန်ဝင်စားသည်ဟု ဆိုရသည်၊ ထိုကိစ္စမျိုးကို ပဋ္ဌာန်းဆက်ပါက ဝိတက် စသည် ဈာနပစ္စည်း (အကြောင်း)၊ သူတို့နှင့်အတူဖြစ်သော၊ အကုသိုလ်စေတသိက် စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန် (အကျိုး) ဟု ဆက်သွယ်ရပေသည်။

ထို့ကြောင့် တကယ့် ပထမဈာန်၊ ဒုတိယဈာန် စသော မဟဂ္ဂုတ်တရားမရောက်မီ နေ့စဉ် ဘဝထဲ၌ ဈာန်ဝင်ပုံ အမျိုးမျိုး ရှိနေသည်ကို သိရာ၏၊ ကုသိုလ်ဈာန်ဝင်နေသလား၊ အကုသိုလ်ဈာန် ဝင်နေသလား၊ ပိုင်းခြားလေ့လာရာ၏။

ဘုရားရှိခိုး၊ ပုတီးစိတ် ကိစ္စမျိုး၌ စူးစိုက်နေသူကား ကုသိုလ်ဈာန် ဝင်နေသူတည်း၊ ငါးမျှားတံ၌ စူးစိုက်နေသူကား ငါးမျှားတံ ဈာန်ဝင်နေသူကည်း၊ ထမင်းမေ့ဟင်းမေ့ ချဲထိုးတွက်နေသူကား ချဲဈာန်ဝင်နေသူတည်း။

မိမိတို့ မြန်မာစကားတွင် အလုပ်လုပ်ရတာ ဈာန်ဝင်မှ ကောင်းတယ်ဟု ပြောကြ၏၊ စာရေးဆရာများနှင့် ပိုသက်ဆိုင်၏၊ အချုပ်မှာ ဈာန်သဘောပါမှ ကုသိုလ်ကိုလည်း အောင်မြင်စွာ လုပ်ဖြစ်၏၊ ဈာန်သဘောပါမှ

အကုသိုလ်မှုကိုလည်း ထမြောက်အောင် လုပ်ဖြစ်၏၊ သာမန်အားနည်းသော စိတ်ဖြင့် ကုသိုလ်မှု အကုသိုလ်မှုကို ဖြစ်အောင် မလုပ်နိုင်ဟု မှတ်အပ်ပေသည်။

ယခု ဈာနပစ္စည်း ရှင်းလင်းချက်ကို ဖတ်ရှုပြီးသူသည် မြန်မာစကားကို တိတိကျကျ ပို၍ နားလည်ခြင်း အကျိုးထူး တစ်ရပ်ကိုလည်း ရပေပြီ။

မြန်မာတို့၏ အမျိုး ဘာသာ သာသနာ အခြေခံသည်ကား ဗုဒ္ဓစာပေဖြစ်ပေတည်း။

## မဂ္ဂပစ္စယော ရှင်းလင်းချက်

### မဂ္ဂ အဓိပ္ပာယ်

ဤ မဂ္ဂပစ္စည်းသည် လူတို့ ဘဝကူးသည့် ကိစ္စအတွက် အလွန်အရေးကြီးသော သဘောတရားကိုဖော်ပြ၏၊ ထို့ကြောင့် အထူးဂရုပြု၍ လေ့လာရန် လိုအပ်ပေသည်။

မဂ္ဂပစ္စယောကို ရှေးဆရာတော်ကြီးများက အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား၊ ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား ဟုပြန်၏၊ ဥပမာကို ပြရာတွင် တစ်ဖက်နှင့်တစ်ဖက် ကူးရာ၌ ဤဘက်မှ ဟိုဘက် ကူးသူသည် ဤဘက်မှ ထွက်မြောက်သွား၏၊ ဟိုဘက်မှ ဤဘက်သို့ ကူးလာရာတွင်လည်း၊ ဟိုဘက်မှ ထွက်မြောက်သွား၏၊ ဤသို့ ကူးပြောင်းထွက်မြောက်သွားသည့် အနေဖြင့် ကျေးဇူးပြုတတ်သည့် သဘောကို မဂ္ဂပစ္စည်းဟု ဆိုရပေသည်။

မဂ္ဂပစ္စယော ၌ "မဂ္ဂ" ၏ မူရင်းအနက်မှာ "လမ်း" ဖြစ်၏၊ မည်သည့်လမ်းနည်း၊ လူသားတို့ သုဂတိဘဝသို့ သွားရာလမ်း၊ ဒုဂ္ဂတိဘဝသို့ သွားရာလမ်းဖြစ်၏၊ တနည်းဆိုရသော် မိမိတို့သွားရမည့်လမ်းတည်း၊ မိမိတို့ သေပြီးသော အခါ ဘာဖြစ်မည်နည်း၊ ဗုဒ္ဓတရားတော် အရ မိမိတို့သည် မိမိပြုသော ကံအတိုင်းသာဖြစ်ရသည်၊ မည်သည့်ဖန်ဆင်းရှင် တန်ခိုးရှင်မျှ မရှိချေ၊ မလိုချေ၊ ထို့ကြောင့် ကိုယ်သွားရမည့်လမ်းကို ကိုယ့်ဟာကိုယ် ရွေးရမည်ဖြစ်၏။

သွားရမည့်လမ်းတွင် သုဂတိလမ်းကား လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝသို့ သွားသောလမ်းတည်း၊ ဒုဂ္ဂတိလမ်းကား ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော အပါယ်လေးပါးသို့ သွားသောလမ်းတည်း၊ မိမိတို့သည် တစ်နေ့မှချ သေကြရမည်၊ သေသောအခါ သုဂတိလမ်း၊ ဒုဂ္ဂတိလမ်း၊ တစ်လမ်းလမ်းသို့

သွားကြရမည် မုချ။

ဆိုလိုသည်မှာ မိမိတို့သေသောအခါ သုဂတိလမ်းကို လျှောက်လှမ်းမိလျှင် လူပြန်ဖြစ်နိုင်သည်၊ နတ်ဖြစ်နိုင်သည်၊ (ဈာန်ရလျှင် ဗြဟ္မာဖြစ်နိုင်သည်)၊ ဒုဂ္ဂတိလမ်းကို လျှောက်လှမ်းမိလျှင် ငရဲဘုံသို့ကျသွားနိုင်သည်၊ ခွေး၊ နွား စသော တိရစ္ဆာန် ဖြစ်နိုင်သည်၊ ယခုခေတ် ဝိညာဉ်ခေါ်သော ပြိတ္တာ (တစ္ဆေ၊ သရဲ) ဖြစ်နိုင်သည်၊ အသူရကာယ်ခေါ်သော ပြိတ္တာထူးတစ်မျိုးလည်း ဖြစ်နိုင်သည်။

ထို့ကြောင့် မိမိတို့လျှောက်လှမ်းလိုသောလမ်း ရွေးတတ်ဖို့လိုသည်၊ မည်သည့်လမ်းမျှ ရွေးမနေဘဲ လုပ်ချင်ရာလုပ်၊ ဖြစ်ချင်ရာဖြစ်ဟု မိမိကိုယ်ကို ပစ်ထားသူမျိုး မဖြစ်သင့်ပေ၊ အဘယ်ကြောင့်နည်း၊ ဗုဒ္ဓဘာသာ ဖြစ်ရသူတို့အဖို့ ထိုသို့ သဘောထားလျှင် နစ်နာလှ၏၊ မြတ်စွာဘုရားက လမ်းကောင်းလမ်းမှန်ကို ညွှန်ပြနေ၏၊ မြတ်စွာဘုရားညွှန်ပြသော လမ်းကိုလျှောက်လှမ်းသွားလျှင်ပင် မိမိတို့ လမ်းကောင်းသွားရဖို့ သေချာ နေသည်၊ ထို့ကြောင့် မိမိကိုယ်တိုင် လမ်းမှန်ကို မရွေးတတ်သော်မှ ဘုရားရွေးပေးသောလမ်းသို့ လိုက်ကြရန် ရှိပေသည်။

## ရွေးရန် လမ်းနှစ်သွယ်

မဂ္ဂပစ္စယောအရ သုဂတိလမ်းတွင်

သမ္မာဒိဋ္ဌိ = အမှန်မြင်သော ပညာ

သမ္မာသင်္ကပ္ပ = အမှန်ကြံစည်သော ဝိတက်

သမ္မာဝါစာ = ကောင်းစွာပြောသော စကား

သမ္မာကမ္မန္တ = ကောင်းစွာပြုသော အလုပ်

သမ္မာအာဇီဝ = ကောင်းစွာမွေးသော အသက်မွေးမှု

သမ္မာဝါယာမ = ကောင်းစွာ အားထုတ်သော လုံ့လ

သမ္မာသတိ = ကုသိုလ်ကောင်းမှုကိုအမှတ်ရသောသတိ

သမ္မာသမာဓိ = ကောင်းသောအာရုံ၌ စူးစိုက်တည်သော ဧကဂ္ဂတာ

ဤရှစ်မျိုး ပါဝင်၏၊ ဤရှစ်မျိုးသည် ကောင်းသောလမ်းမည်၏၊ ကောင်းသော သုဂတိသို့ ရောက်စေနိုင်သော လမ်းမည်၏။

ဒုဂ္ဂတိလမ်းတွင်–

မိစ္ဆာဒိဋ္ဌိ = မှားသောအသိအမြင်/ဒိဋ္ဌိ

မိစ္ဆာသင်္ကပ္ပ = မှားသော အကြံအစည်/ဝိတက်

မိစ္ဆာဝါယာမ = မှားသောကြိုးစားအားထုတ်မှု/ဝီရိယ

မိစ္ဆာသမာဓိ = မှားသောအာရုံ၌စူးစိုက်တည်မှု/ ဧကဂ္ဂတာ

ဤလေးမျိုး ပါဝင်၏၊ ဤလေးမျိုးသည် မကောင်းသောလမ်းမည်၏၊ မကောင်းသော ဒုဂ္ဂတိသို့ ရောက်စေသော လမ်းမည်၏။

## "သမ္မာ" နှင့် "မိစ္ဆာ"

သတ္တဝါတို့ကို မိမိတို့ပြုသော ကံကသာ ဝေဖန်သည်၊ စီရင်သည်ဟု မြင်သော အမြင်သည် အမြင်မှန် သမ္မာဒိဋ္ဌိ၊ ကံကိုပယ်ပြီး တန်ခိုးရှင်က ဖန်ဆင်းသည်ဟု ဖြစ်စေ၊ ကံ၏ အကျိုးအပြစ်မရှိ ဟူ၍ ဖြစ်စေ၊ မြင်သော အမြင်သည် မိစ္ဆာဒိဋ္ဌိ၊ ကုသိုလ်ကောင်းမှုကို ကြံစည်သော အကြံအစည်သည် သမ္မာသင်္ကပ္ပ၊ အကုသိုလ်ပြုမှုကြံစည်ခြင်းသည် မိစ္ဆာသင်္ကပ္ပ၊ ကောင်းတာလုပ်ဖို့ အားထုတ်ခြင်းသည် သမ္မာဝါယာမ၊ မကောင်းတာလုပ်ဖို့ အားထုတ်ခြင်းသည် မိစ္ဆာဝါယာမ၊ ကောင်းသောကုသိုလ်ဖြစ်သော အာရုံ၌ စူးစိုက်တည်တံ့ခြင်းသည် သမ္မာသမာဓိ၊ အပြစ်ရှိသော မကောင်းသော အာရုံ၌ စူးစိုက်တည်ခြင်းသည် မိစ္ဆာသမာဓိ၊ ဥပမာ – ဘုရားရှိခိုးရာ၌ စူးစိုက်တည်နေခြင်းသည် သမ္မာသမာဓိ၊ ငါးမျှားတံ၌ စိတ်စိုက်တည်နေခြင်းသည် မိစ္ဆာသမာဓိ ဤသို့စသည်ဖြင့် ချင့်ချိန်ဝေဘန် စဉ်းစားရာ၏။

"ဝါစာ" စကားနှင့် ပတ်သက်၍ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ရန့်ရင်းကြမ်းတမ်း ဆဲရေးတိုင်းထွာပြောခြင်း၊ တန်ဖိုးမဲ့ အချည်းအနှီး စကားတို့

ကို ပြောခြင်းတို့သည် မိစ္ဆာဝါစာ မှားသောစကားပြောခြင်းဖြစ်၏၊ ထိုလေးမျိုးကို ရှောင်ပြီး မှန်စွာ ပြောခြင်း၊ ညီညွတ်အောင် ပြောခြင်း၊ သိမ်မွေ့ချိုသာစွာ ပြောခြင်း၊ အကျိုးရှိသော စကားကို ပြောခြင်းသည် သမ္မာဝါစာ။

"ကမ္မန္တ" အလုပ်နှင့် ပတ်သက်၍ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်း၊ လုယက်တိုက်ခိုက်ခြင်း၊ မှားယွင်းသော ကာမမှုပြုခြင်းသည် မိစ္ဆာကမ္မန္တ၊ အသက် အန္တရာယ်မပြုခြင်း၊ မခိုးမဝှက် ရိုးသားစွာ ပြုခြင်း၊ တရားဝင် ကာမမှုပြုခြင်းသည် သမ္မာကမ္မန္တ။

"အာဇီဝ" အသက်မွေးမှုနှင့် ပတ်သက်၍ လိမ်ပြောပြီး အသက်မွေးခြင်း၊ ကုန်းတိုက်ပြီး အသက်မွေးခြင်း၊ ရုန့်ရင်းကြမ်းတမ်း ပြောဆို အသက်မွေးခြင်း၊ တန်ဖိုးမဲ့စကားပြောပြီး အသက်မွေးခြင်း၊ သတ်ဖြတ်၍ အသက်မွေးခြင်း၊ ခိုးဝှက်လုယက်၍ အသက်မွေးခြင်း၊ မတရားကာမမှုပြု၍ အသက်မွေးခြင်းသည် မိစ္ဆာအာဇီဝ၊ ထိုဒုစရိုက်များကို ရှောင်ကြဉ်၍ ထိုခုနစ်မျိုးမှ လွတ်သော အလုပ်အကိုင်တို့ဖြင့် လုပ်ကိုင် အသက်မွေးခြင်းသည် သမ္မာအာဇီဝ၊ "အသက်မွေး" ဟူသော စကားသည် အလွန်တာသွား၏၊ ငွေရအောင် လုပ်ခြင်း၊ ရာထူးရအောင် လုပ်ခြင်း၊ အခွင့်အရေးရအောင်လုပ်ခြင်း စသည်တို့သည် "အသက်မွေးမှု" ဟူသော ဘောင်အတွင်းတွင် ပါဝင်ပေသည်။

ပဋ္ဌာန်းစကားပြောသော် ထိုသမ္မာရှစ်မျိုး၊ မိစ္ဆာလေးမျိုး၊ ပေါင်း တစ်ဆယ့်နှစ်မျိုးသည် လမ်း၏ အင်္ဂါ အစိတ်အပိုင်း၊ မဂ္ဂ+အင်္ဂ=မဂ္ဂင်္ဂ=မဂ္ဂင်ဟု ခေါ်၏၊ ထိုတစ်ဆယ့်နှစ်မျိုးသည် စေတသိက်တရားချည်း ဖြစ်၍ မဏ္ဍိုင်ဖြစ်သော စိတ်ကိုမှီ၍ဖြစ်ကြရကုန်၏၊ ထို့ကြောင့် စိတ်နှင့် စေတသိက် တစ်ဆယ့်နှစ်မျိုးကို မဂ္ဂပစ္စည်းဟု ဆိုပေသည်။

## မိမိသွားရမည့် လမ်းရွေးရန်

မဂ္ဂပစ္စည်းဟု ဆိုသည့်အတွက် သမ္မာရှစ်ချက်သည် သုဂတိလမ်း၊ မိမိတို့ကို ကောင်းရာသို့ ပို့မည့်လမ်းဖြစ်၏၊ နိဗ္ဗာန်သို့အထိ ရောက်နိုင်၏၊ မိစ္ဆာလေးချက်သည် ဒုဂ္ဂတိလမ်း၊ မိမိတို့ကို မကောင်းရာသို့ပို့မည်လမ်းဖြစ်၏၊ ပဋ္ဌာန်း

ပစ္စည်းဟူသည် သေချာသော အကြောင်းကိုသာ ဖော်ပြ၏၊ ထို့ကြောင့် ထိုလမ်းတို့ကား မိမိတို့ သွားရမည့်လမ်း မှချဖြစ်၏၊ မိမိတို့ကြိုက်ရာ ရွေးရန် သာ ရှိ၏။ သေပြီးနောက် သုဂတိဘဝသို့ ရောက်လိုသော် သမ္မာရှစ်မျိုးကို ကျင့်သုံးရန် ဖြစ်၏၊ ဒုဂ္ဂတိကို မကြောက်ပါက မိစ္ဆာလေးမျိုးကို ရွေးရန်ပင် ဖြစ်ပေသည်။

ပဋ္ဌာန်းနည်းဖြင့် ပစ္စည်း၊ ပစ္စယုပ္ပန် ဆက်သွယ်ရာတွင် သဟိတ်စိတ် (၇၁) မျိုး၌ ယှဉ်သော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟူသော စေတသိက် (၉) ပါး (မဂ္ဂင်တရားကိုယ် – ၉ ပါး) သည် မဂ္ဂပစ္စည်းတပ်သော တရားတို့ ဖြစ်ကြ၏၊ သဟိတ်စိတ် (၇၁) ပါး၊ စေတသိက် (၅၂) ပါး သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန် (အကျိုးတရား) တို့ဖြစ်ကြသည်။

ကုသိုလ် အကုသိုလ်ခွဲလျှင် ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ – ဤရှစ်မျိုးသည် ကုသိုလ်မဂ္ဂပစ္စည်းဖြစ်၏၊ ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ – ဤလေးပါးသည် အကုသိုလ်မဂ္ဂပစ္စည်းဖြစ်၏၊ ဤတွင် ဒိဋ္ဌိကား အကုသိုလ်စင်စစ်တစ်ဘက်၊ ရသာ၊ ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ၊ ဤသုံးမျိုးသည် ကုသိုလ်ဘက်လည်း ပါ၏၊ ကုသိုလ်လည်း ဖြစ်၏၊ အကုသိုလ်ဘက်လည်း ပါ၏၊ အကုသိုလ်ဘက်လည်း ဖြစ်၏၊ နှစ်ဖက်ရကည်း။

## ဘုံအထူးသို့ ရောက်စေမှု

ဤမဂ္ဂပစ္စည်းသည် သံသရာစခန်း ခရီးလမ်း၌ စေတနာကံကို ဖြောင့်မတ်စွာ ပြု၏၊ ခိုင်မြဲအောင် ပြု၏၊ ကမ္မပထ (ကံလမ်းကြောင်း) သို့ ရောက်စေ၏၊ ကြီးပွားစည်ပင် ပြန့်ပြောစေ၏၊ သံသရာထွက်ခန်း နိဗ္ဗာန်လမ်း၌မူ ဘာဝနာကံကို ဖြောင့်မတ်စွာပြု၏၊ ခိုင်မြဲအောင် ပြု၏၊ ကမ္မပထသို့ ရောက်စေ၏၊ ကြီးပွားစည်ပင် ပြန့်ပွားစေ၏၊ "စေတနာကံ" ဆိုသည်မှာ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသည်ကို ပြုလုပ်ရာ၌ ပါရှိသော စေတနာကို ဆို၏၊ "ဘာဝနာကံ" ဆိုသည်မှာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာကိုပြုလုပ်ရာ၌ ပါသောကံကို ဆိုသည်။

## ကမ္မပထပတ္တနှင့် ဘူမန္တရပတ္တ

ဤတွင် သဘောတရားပိုင်း၌ ကမ္မပထ၊ ကမ္မပထပတ္တ ဟူသော အချက်သည် အရေးကြီးသကဲ့သို့ ဘူမန္တရ၊ ဘူမန္တရပတ္တ ဟူသော အချက်တို့သည် ဘဝပိုင်း၌ အလွန်ပင် အရေးကြီးလှ၏၊ ဤအချက်နှစ်ချက်ကို ကွဲပြားခြားနားစွာသိမှ ဘဝရေးရာ၌ ပဋိသန္ဓေဆက်သွယ်ပုံကို သဘောပေါက်မည် ဖြစ်သည်။

ကမ္မ=ကံ၊ ပထ=လမ်း၊ ပတ္တ=ရောက်ခြင်း၊ ကံ၏ လမ်းကြောင်းထဲ ရောက်သွားခြင်းကို ကမ္မပထပတ္တ ဟုခေါ်သည်။

အဓိပ္ပာယ်ကား ဘုရားရှိခိုးခြင်းအမှုကို ကုသိုလ်ကံဟု ခေါ်၏၊ ထို ဘုရားရှိခိုးသည့် ကုသိုလ်ကံသည် အကြောင်းညီညွတ်၍ ကောင်းသောဘဝ ပဋိသန္ဓေကျိုးကို ပေးနိုင်လောက်အောင် ထက်သန်ကောင်းမွန်လျှင် ကမ္မပထ (ကံလမ်း) ဖြစ်သွား၏၊ ထို ကမ္မပထ (ကံလမ်း) ထဲသို့ ကျရောက်သွားခြင်းကို "ကမ္မပထပတ္တ" ဟုခေါ်၏။

ထိုနည်းတူ သူ့အသက်သတ်ခြင်းကို အကုသိုလ်ကံဟု ခေါ်၏၊ ထို ပါဏာတိပါတ အကုသိုလ်ကံသည် အင်္ဂါညီညွတ်၍ မကောင်းသော ဒုဂ္ဂတိဘဝ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည့် အခြေအနေရှိလျှင် ကမ္မပထ (ကံလမ်း) ဖြစ်သွား၏၊ ထိုကံလမ်းထဲသို့ ကျရောက်သည်ကို ကမ္မပထပတ္တ ဟုဆို၏။

ဆိုလိုသည်မှာ ကံတစ်ခုသည် ဘဝသစ်တစ်ဘဝကို ဖြစ်စေနိုင်သည့်ပဋိသန္ဓေအကျိုးကိုပေးနိုင်ပြီဆိုလျှင် "ကမ္မပထပတ္တ" အဆင့် ရောက်သွားပြီဟုလို၊ ဤစကားအရ ကံတိုင်းလည်း ဘဝသစ် ပဋိသန္ဓေ အကျိုးကို မပေး၊ မပေးလျှင် ကမ္မပထပတ္တ မဟုတ်ပေ။

ဤကမ္မပထပတ္တပိုင်းသည် ကမ္မပစ္စည်းပိုင်းဖြစ်၏၊ ကမ္မပစ္စည်းနှင့်ဆိုင်၏၊ ကမ္မပစ္စည်းပိုင်းတွင် ကံတစ်ခုသည် ဘဝသစ်ပဋိသန္ဓေ အကျိုးပေးဖို့ အဆင်သင့် ဖြစ်နေရုံသာရှိ၏၊ ဘဝသစ်ထဲသို့ တစ်ခါထဲ ဖြစ်သွားစေသည် မဟုတ်၊ တနည်းဆိုရသော် ကမ္မပစ္စည်းကြောင့် ဘဝသစ်၌ သွားဖြစ်ခြင်း မဟုတ်ဟု သိအပ်၏၊ ကမ္မပစ္စည်းသည် ဘဝသစ်ပဋိသန္ဓေ ဖြစ်ဖို့ အဆင်သင့် အနေအထား၌ပင် ရှိပေသည်။

သို့ဆိုလျှင် ဘဝသစ် ပဋိသန္ဓေကို ဖြစ်စေတာက မည်သည့် အကြောင်းနည်း၊ မည်သည့်ပစ္စည်းနည်း၊ ဤကား အရေးကြီးသော မေးခွန်း တည်း၊ ဤတွင် "ဘူမန္တရပတ္တ" ကိစ္စ သက်ဆိုင်လာ၏။

ဘူမိ=ဘုံဘဝ၊ အန္တရ=အထူး၊ တစ်ခြားတစ်ဘဝ၊ ပတ္တ=ရောက် ခြင်း၊ ဘုံဘဝအထူးသို့ (ဝါ) တခြားသော ဘဝသို့ ရောက်ခြင်းသည် "ဘူမန္တရ ပတ္တ" ဖြစ်၏၊ ဘာဝနာ အစဉ်အားဖြင့် ကာမဘုံမှစ၍နိဗ္ဗာန်တိုင်အောင် ရောက် စေသော ဘာဝနာကံသည် ဘူမန္တရပတ္တ ဖြစ်၏၊ ကာမဘုံဆိုရာ၌ အပါယ်လေး ဘုံသည် ကာမဒုဂ္ဂတိဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်သည် ကာမသုဂတိဘုံ။

ထိုသို့ တစ်ဘုံမှ တစ်ဘုံ (ဝါ) တစ်ဘဝမှ တစ်ဘဝသို့ ရောက်စေ သည်ကား ဤမဂ္ဂပစ္စည်း၏ အပိုင်းတည်း၊ ကုသိုလ်လမ်းထဲ ကျရောက်သွားမှ ကောင်းသော လူ့ဘုံ လူ့ဘဝ နတ်ဘုံ နတ်ဘဝသို့ရောက်နိုင်၏၊ အကုသိုလ်လမ်း ထဲကျရောက်သွားမှ မကောင်းသော အပါယ်ဘဝသို့ ရောက်နိုင်၏။

လူ့ဘဝမှ နတ်ဖြစ်သွားသူသည် လူ့ဘဝမှ ထွက်မြောက်သွား၏၊ နတ်ဘဝမှ လူလာဖြစ်လျှင်လည်း နည်းတူပင်၊ နတ်ဘဝမှ ထွက်မြောက်၏၊ ထို့ ကြောင့် ရှေးဆရာတော်တို့ ပေးခဲ့သော အနက်ကို တစိမ့်စိမ့်တွေး၍ သဘော တရားကို ဆင်ခြင်ရာသည်။

## ဈာန၊ ကမ္မ၊ မဂ္ဂ

ဈာနပစ္စည်းပိုင်းတွင် စူးစိုက်ပြုလုပ်မှုဖြစ်၍ကုသိုလ်ကံ၊ အကုသိုလ် ကံဖြစ်မြောက်၏၊ ကမ္မပစ္စည်းပိုင်းတွင် ပြုလုပ်သော ကံ၏ အင်္ဂါပြည့်စုံမှုအရ ကံသတ္တိ အဆက်ဆက် အကြောင်းဆက်ကား နောင်ဘဝသစ်ဖြစ်စေဖို့ အဆင် သင့်ဖြစ်နေစေ၏၊ မဂ္ဂပစ္စည်းပိုင်းတွင် ထိုသို့ပြုသော စေတနာကံ၊ ဘာဝနာကံ တို့သည် သုဂတိလမ်း၊ နိဗ္ဗာန်လမ်း၊ ဒုဂ္ဂတိလမ်းသို့ ကျရောက်စေ၏။

တစ်နည်းဆိုရသော် အလှူဒါန ပြုလုပ်ရာ၌ ဈာနသတ္တိကြောင့် ဒါန ကုသိုလ်ကံ အောင်၏၊ ကမ္မသတ္တိကြောင့် နတ်ပြည်မှာ ဖြစ်နိုင်လောက်သည့် ကံသတ္တိစွမ်းရည်ရှိ၏၊ မဂ္ဂသတ္တိကြောင့် လက်ရှိ လူ့ဘဝမှ နတ်ဘဝသို့ ရောက်

စေ၏၊ ဤသို့ သဘာဝနယ်ကို သုံးပိုင်းပိုင်း၍ နားလည်အပ်ပေသည်၊ အထူးမှာ ကမ္မသတ္တိ (ကမ္မပစ္စည်းကြောင့်) လူ့ဘဝမှ နတ်ဘဝသို့ ရောက်သွားသည်ဟု မမှတ်အပ်ပေ။

ထိုနည်းတူ သူ့အသက်သတ်ခြင်း ပါဏာတိပါတ အမှုပြုရာ၌ ဗျာန သတ္တိကြောင့် ပါဏာတိပါတကံ ထမြောက်သွား၏၊ ကမ္မသတ္တိကြောင့် အပါယ်ဘုံ မှာ ခွေး၊ နွား စသည်ဖြစ်ဖို့ သန္ဓေမျိုးစေ့ အဆင်သင့် ဖြစ်စေ၏၊ မဂ္ဂသတ္တိ (မဂ္ဂ ပစ္စည်း) ကြောင့် လူ့ဘဝမှ အပါယ်ဘဝ (နွား ခွေး) သို့ ရောက်သွားစေ၏၊ သို့ သော် မဂ္ဂပစ္စည်းက အပါယ်ပဋိသန္ဓေကို ဖြစ်စေသည်မဟုတ်၊ ကမ္မသတ္တိဖြင့် အပါယ်ပဋိသန္ဓေ ဖြစ်၏၊ ဥပမာ လမ်းမရှိလျှင် ခရီးသွား၍ မရ၊ ရောက်လိုသော ခရီးသို့ ရောက်သည်ကား လမ်းမဟုတ်၊ သွားသောသူသာ ရောက်ခြင်းဖြစ်၏၊ ဤအချက်ကို သဘောပေါက်အပ်ပေသည်။

လူ့ဘဝမှ နတ်ဘဝသို့ ကူးပြောင်းသွားစေသည်ကား မဂ္ဂပစ္စည်း ကြောင့်၊ နတ်ဘဝ၌ ပဋိသန္ဓေ စွဲနေသည်ကား ကမ္မပစ္စည်းကြောင့်၊ လူ့ဘဝမှ အပါယ်ဘဝ (ခွေးစသည်) သို့ ကူးသွားခြင်းကား မဂ္ဂပစ္စည်းကြောင့်၊ ခွေးဘဝ၌ ခွေးဖြစ်ဖို့ ပဋိသန္ဓေ နေရသည်ကား ကမ္မပစ္စည်းကြောင့်၊ ဤသို့ ပဋ္ဌာန်းဆက် လမ်းကြောင်းကို သိအပ်ပေသည်။

ဓမ္မစကြာတရားတော်၌ လာသော မဂ္ဂင်ရှစ်ပါးသည်လည်း “လမ်း” ပင်ဖြစ်၏၊ နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏၊ ထိုမဂ္ဂင်ရှစ်ပါးကို ပွားများလျှင် နိဗ္ဗာန် လမ်းပေါ်ရောက်ပြီး နောက်ဆုံး နိဗ္ဗာန်သို့ ဝင်စံရမည် ဖြစ်ပေသည်၊ ဤတွင် မဂ္ဂင်ရှစ်ပါးသည် အကြောင်းပစ္စည်း၊ မဂ်ဖိုလ်(နိဗ္ဗာန်) သည် မဂ္ဂပစ္စည်း၏ အကျိုး ပစ္စယုပ္ပန်ဟု ဆက်သွယ်နိုင်ပေသည်။

လောကီဖီလိုဆိုဖီပညာတတ်သူတို့သည် ဤဗုဒ္ဓအဘိဓမ္မာ ပဋ္ဌာန်း ပညာကို ဆက်လက်လေ့လာဝင်စားကြည့်ပါက ဗုဒ္ဓအဘိဓမ္မာ၏ နက်နဲမှု (ဂမ္ဘီရ) သဘောကို ကိုယ်တိုင်သိနိုင်ကြမည်ဖြစ်ပေသည်၊ ဗုဒ္ဓအဘိဓမ္မာ ပညာရပ်သည် အဆင့်အတန်း အလွန်မြင့်သော ပညာရပ်ဖြစ်ကြောင်းလည်း ဝန်ခံနိုင်လိမ့်မည် ဖြစ်ပေသည်။

## သမ္ပယုတ္တပစ္စည်း စသည်

ပဋ္ဌာန်း ၂၄ ပစ္စည်းတွင် -- သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊
ဝိဂတပစ္စယော၊ အဝိဂတပစ္စယော၊

ဟူ၍ နောက်ဆုံး သုံးစုံပါရှိ၏၊ ထို ပစ္စည်းသုံးစုံသည် သဘာဝအားဖြင့် အထူး မဟုတ်ပေ၊ ရှေ့တွင် ဖော်ပြပြီးသော ပစ္စည်းတစ်ဆယ့်ရှစ်ပစ္စည်းတို့၏ သဘာဝ ကိုပင် ထပ်မံဖော်ပြခြင်း ဖြစ်၏။

ဆိုလိုသည်မှာ ရှေ့တွင် ဖော်ပြပြီးသော ပစ္စည်းကိုအနက် အချို့ ပစ္စည်း (အကြောင်းတရား) တို့သည် မိမိတို့၏ အကျိုးပစ္စယုပ္ပန်တရားတို့နှင့် ယှဉ်ပြီး ကျေးဇူးပြုကုန်၏၊ အချို့ကား မယှဉ်ဘဲ ကျေးဇူးပြုကုန်၏၊ အချို့ပစ္စည်း တို့သည် ထင်ရှားရှိလျက် ကျေးဇူးပြုကုန်၏၊ အချို့ကား ထင်ရှားမရှိဘဲ ကျေးဇူး ပြုကုန်၏၊ အချို့ပစ္စည်းတို့သည် ကင်းလျက် ကျေးဇူးပြုကုန်၏၊ အချို့ပစ္စည်းတို့ သည် မကင်းသည်ဖြစ်လျက် ကျေးဇူးပြုကုန်၏၊ ဤသဘောကို ထင်ရှားပြလို၍ ဤသမ္ပယုတ္တစသော ပစ္စည်းခြောက်ပစ္စည်း (အစုံသုံးစုံ) ကိုမြတ်စွာဘုရားဖြည့် စွက်ဟောတော်မူခြင်း ဖြစ်ပေသည်။

## သမ္ပယုတ်ဖြစ်ရန် လက္ခဏာ

"သမ္ပယုတ္တ" ဖြစ်ရန်မှာ - အတူတကွ ဖြစ်ခြင်း
အတူတကွ ချုပ်ခြင်း
မှီရာဝတ္ထုတူခြင်း
ပြုသော အာရုံတူခြင်း၊

ဤအင်္ဂါလေးရပ်နှင့် ပြည့်စုံလျှင် ထိုတရားတို့သည် သမ္ပယုတ္တ ဖြစ်သည်ဟု သတ်မှတ်ရ၏၊ ထိုသို့ သမ္ပယုတ္တ ဖြစ်လျှင် တပေါင်းတစ်စည်းတည်း ဖြစ်သွား၏၊ ဥပမာ စက္ခုဝိညာဉ်စိတ်နှင့် ယှဉ်ဘက်ဖြစ်သော ဖဿစသော စေတသိက် ခုနစ်မျိုး၊ ပေါင်း သဘာဝ ရှစ်မျိုးသည် သမ္ပယုတ္တအင်္ဂါလေးပါးနှင့် ပြည့်စုံသောကြောင့် တစ်စုတစ်ပေါင်းတည်း တစ်လုံးတစ်စည်းတည်း ဖြစ်သွား၏၊ သူတို့ကို မြင်တတ်သော နာမ်တရား(ဒဿန)ဟုသာ ဆိုရသည်၊ ဘုရားမှတစ်ပါး ထိုသဘာဝ ရှစ်မျိုးကို ခွဲခြမ်းစိတ်ဖြာ၍ မသိနိုင်ပေ၊ ဤတွင် ရှေးဆရာတော်တို့က စတုမဓုကို နှိမိတ်ပုံပြ၏၊ နို့ရည်၊ ထောပတ်၊ ပျား၊ သကာ လေးမျိုးရောသော စတုမဓုအရသာနှင့် သမ္ပယုတ္တ တူကြောင်း မိန့်တော်မူကြသည်။

ပစ္စည်းပစ္စယုပ္ပန် ဆက်သွယ်ရာတွင် စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးသည် သမ္ပယုတ္တပစ္စည်းလည်း ဖြစ်၏၊ သမ္ပယုတ္တပစ္စယုပ္ပန်လည်း ဖြစ်၏၊ သူတို့ အချင်းချင်း လှည့်ပြီး ပစ္စည်းတပ်ကြသည်၊ ပဋ္ဌာန်းပညာအရ ပစ္စည်းပိုင်းတွင် "အချင်းချင်းအားတပ်သော" ဟုဆို၏၊ ပစ္စယုပ္ပန်ပိုင်းတွင် "အချင်းချင်းမှ ထောက်အပ်သော" ဟုဆိုသည်။

ဆိုလိုသည်မှာ ကုသိုလ်ပြုရာ၌ ကုသိုလ်စိတ်တစ်ခုနှင့် စေတသိက် သုံးဆယ့်ငါးပါး ဖြစ်သည်ဆိုအံ့၊ ထိုစိတ် စေတသိက် (စိတ္တုပ္ပါဒ်) တခုထဲ၌ တချို့ကပစ္စည်း၊ တချို့က ပစ္စယုပ္ပန် ဖြစ်ကြသည်ဟူလို၊ အတူတကွ သမ္ပယုတ္တ ဖြစ်နေကြ၍ပေတည်း။

## ဝိပ္ပယုတ္တပစ္စည်း

"ဝိပ္ပယုတ္တ" သည် ဆိုခဲ့ပါ "သမ္ပယုတ္တ" ၏ ဆန့်ကျင်ဘက် (ဝါ) ပြောင်းပြန်ဖြစ်၏၊ အတူမဥပါဒ်၊ အတူမချုပ်၊ မှီရာမတူ၊ အာရုံမတူ မတူလေးရပ်နှင့် ပြည့်စုံပေသည်၊ "သမ္ပယုတ္တ" ကိုယှဉ်သည်ဟု မြန်မာပြန်၍ "ဝိပ္ပယုတ္တ" ကို မယှဉ်ဟု မြန်မာပြန်ပေသည်။

"သမ္ပယုတ္တ" က ယှဉ်လျှက် ကျေးဇူးပြု၏၊ "ဝိပ္ပယုတ္တ" က မယှဉ်ဘဲ ကျေးဇူးပြု၏၊ မယှဉ်ကြဘဲ ကျေးဇူးပြုပုံကို ဥပမာပုံဆောင်ရာ၌ ချို၊ ချဉ်၊ စပ်၊ ငံ၊ ဖန်၊ ခါး ဟူသော အရသာခြောက်ပါးသည် ဟင်းတစ်ခွက်၌ အချင်းချင်း၊ မနီးနှောသော်လည်း တစ်ခုသော ဟင်းအနေဖြင့် ကျေးဇူးပြုပေသည်။

## မယှဉ်ပုံ သုံးမျိုး

မယှဉ်ဘဲ ကျေးဇူးပြုသည့် ဝိပ္ပယုတ္တ သဘောကို ပရမတ္ထနယ်ကွင်း ရှာရာ၌ သုံးမျိုးတွေ့ရပေသည်။

၁။ သဟဇာတဝိပ္ပယုတ္တ = အတူဖြစ်သော်လည်း မယှဉ်

၂။ ပုရေဇာတဝိပ္ပယုတ္တ = ကြိုတင်ဖြစ်သော်လည်း မယှဉ်

၃။ ပစ္ဆာဇာတဝိပ္ပယုတ္တ = နောက်မှဖြစ်ပြီး မယှဉ်

မယှဉ်ပုံ အဓိကအားဖြင့် သုံးမျိုးတွေ့ရ၏။

သဘောရရုံမျှ ဖော်ပြရသော် စိတ်ဖြစ်သောအခါ စိတ္တဇရုပ် ဖြစ်၏၊ ထိုသော် စိတ်ချုပ်သော်လည်း ရုပ်က မချုပ်သေး၊ ဤသို့ သမ္ပယုတ္တ လက္ခဏာမေ၍ ထိုကြောင့် အတူဖြစ်ကာမျှ ဖြစ်၏၊ ယှဉ်ကားမယှဉ် (ဝါ) ဝိပ္ပယုတ္တသာ ဖြစ်လေသည်၊ ဤကား သဟဇာတဝိပ္ပယုတ္တ သဘောတည်း။

ပုရေဇာတ+ဝိပ္ပယုတ္တ–၌ "ပုရေဇာတ"က "ရှေ့ဖြစ်" ၊ "ဝိပ္ပယုတ္တ"က "မယှဉ်" ရှေ့ကဖြစ်နှင့်သော စက္ခုဝတ္ထုရုပ် (စက္ခုပသာဒ) ၊ ဟဒယဝတ္ထုရုပ်ကို စက္ခုဝိညာဉ် စသည်က မှီ၍ ဖြစ်ရသော်လည်း မယှဉ်ပေ။

ပစ္ဆာဇာတ= နောက်မှ ဖြစ်၍ ကျေးဇူးပြုရာ၌လည်း မယှဉ်ဘဲ ကျေးဇူးပြု၏၊ အချုပ်မှတ်ရန်မှာ နာမ်နာမ်ချင်းသာ သမ္ပယုတ္တ ဖြစ်၏၊ နာမ်နှင့်ရုပ်သည် အမြဲတမ်း ဝိပ္ပယုတ္တဖြစ်၏၊ ရုပ်ရုပ်ချင်းကား သမ္ပယုတ္တလည်း မဟုတ်၊ ဝိပ္ပယုတ္တလည်း မဟုတ်ပေ၊ ဤသဘောကို မှတ်အပ်၏။

နာမ်နာမ်ချင်းကျေးဇူးပြုသည်ကား သမ္ပယုတ္တပစ္စည်း ဖြစ်၏၊ နာမ်နှင့် ရုပ်၊ ရုပ်နှင့်နာမ် မယှဉ်သော်လည်း ကျေးဇူးကားပြု၏၊ ဤသို့ မယှဉ်ဘဲ ကျေးဇူးပြုခြင်းကားဝိပ္ပယုတ္တပစ္စည်းတည်း၊ ရုပ်တွင် ဘူတရုပ်ချင်း အပြန်အလှန် ကျေးဇူးပြုလျှင် အညမည၊ ဘူတရုပ်က ဥပါဒါရုပ်အား ကျေးဇူးပြုလျှင် နိဿယ စသည်ဖြစ်ပေသည်။

## အတ္ထိပစ္စည်း

"အတ္ထိ" "ရှိ" ဟူရာ၌ ဝေါဟာရသဘောအရ သာမန်ရှိနှင့် ပရမတ္ထရှိဟု နှစ်မျိုးဖြစ်၏၊ "အို – ကစ္စာန၊ ရှိတယ် (အတ္ထိ) ဆိုတာလဲ အစွန်းတစ်ပါး၊ မရှိဘူး (နတ္ထိ) ဆိုတာလဲ အစွန်းတစ်ပါး" – ဤသို့ ဟောရာ၌ အတ္ထိ (ရှိ) ဟူသည် သဿတဒိဋ္ဌိ (အမြဲရှိ) သဘောကို ဟော၏၊ နတ္ထိ (မရှိ) ဟူသည် ဥစ္ဆေဒဒိဋ္ဌိ (ကင်းပြတ်သည့်မရှိ) သဘောကို ဟော၏။

သို့သော် ဤသို့သောရှိမရှိသဘောကိုမဆိုလိုဘဲ တစ်မျိုးအဓိပ္ပာယ်အားဖြင့် ဤပဋ္ဌာန်း၌ အတ္ထိပစ္စည်းကို ဟောတော်မူသည်။

### ပဋ္ဌာန်းအရ "ရှိ" ပုံ

ဤပဋ္ဌာန်း၌ အတ္ထိ (ရှိ) ဟူသည်ကား ဥပါဒ်၊ ဌီ၊ ဘင် [illegible]) အားဖြင့် ရှိတာကို အတ္ထိ (ရှိ) ဟုဆိုလိုသည်၊ ဥပါဒ်၊ ဌီ၊ ဘင်ခဏ အားဖြင့် ဖြစ်ရှိတာမျိုးကိုမှ ပဋ္ဌာန်း၏ အတ္ထိပစ္စယောနှင့် သက်ဆိုင်ပေသည်၊ [illegible] ဆရာတော်က ရှိပြီး ကျေးဇူးပြုသည့် သဘောကို ဟိမဝန္တာတောင်နှင့် ပမာပြ၏၊ ဟိမဝန္တာတောင်သည် မိမိကိုမှီ၍ ပေါက်သော သစ်ပင်မြက်ပင်တို့အား ပြန့်ပွားစည်ပင်အောင် ကျေးဇူးပြုသကဲ့သို့ ဖြစ်ကြောင်း ပြ၏၊ ဤကား သိလွယ်ပါစေရန်ပြသော ဒြပ်ဥပမာပေတည်း။

ပရမတ္ထနယ်၌ ရှိပုံရှိနည်းကို ရှာသောအခါ အကျဉ်းအားဖြင့်–

သဟဇာတအတ္ထိ
ပုရေဇာတအတ္ထိ
ပစ္ဆာဇာတအတ္ထိ

အာဟာရအတ္ထိ

ဣန္ဒြိယအတ္ထိ

ဟူ၍ ငါးမျိုးတွေ့ရ၏၊ ပုရေဇာတကို (က) ဝတ္ထုပုရေဇာတ

(ခ) အာရမ္မဏပုရေဇာတ

(ဂ) ဝတ္ထာရမ္မဏပုရေဇာတ

ဟု သုံးမျိုးခွဲခြားနိုင်သေး၏။

## "အတ္ထိ" ရှစ်မျိုး

အကျဉ်းအားဖြင့် အတူဖြစ်ရှိ = သဟဇာတ အတ္ထိ

ရှေ့ဖြစ်ရှိ = ပုရေဇာတ အတ္ထိ

နောက်ဖြစ်ရှိ = ပစ္ဆာဇာတ အတ္ထိ

ထောက်ပံ့ရှိ = အာဟာရ အတ္ထိ

စိုးရရှိ = ဣန္ဒြိယ အတ္ထိ

မှီရာရှေ့ဖြစ်ရှိ = ဝတ္ထုပုရေဇာတအတ္ထိ

အာရုံရှေ့ဖြစ်ရှိ = အာရမ္မဏပုရေဇာတအတ္ထိ

မှီရာအာရုံရှေ့ဖြစ်ရှိ= ဝတ္ထာရမ္မဏပုရေဇာတ အတ္ထိ

ဤသို့ သိအပ်၏။

ဤ အတ္ထိပစ္စည်း၌ ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရားတို့သည်ကား ရှေ့၌ **ဖော်ပြခဲ့ပြီး**သော သဟဇာတပစ္စည်း ပုရေဇာတပစ္စည်း ပစ္ဆာဇာတပစ္စည်း အာဟာရပစ္စည်း ဣန္ဒြိယပစ္စည်းတို့၌ ဖော်ပြခဲ့သည့် အတိုင်းပင် ဖြစ်သည်၊ ရှိပုံကို ယနသေချာစွာ ဖော်ပြလို၍ ဤအတ္ထိပစ္စည်းကို ထည့်သွင်းဟောကြားတော်မူသည်ဟု သာမန်ခန့်မှန်း နားလည်အပ်ပေသည်။

## နတ္ထိပစ္စည်း

### နတ္ထိအဝိပ္ပာယ်

နတ္ထိ (မရှိ) ဟူသည်ကား အတ္ထိ (ရှိ) ၏ ပြောင်းပြန်ဖြစ်၏၊ ဥပါဒ်၊ ဌီ၊ ဘင် (ခဏိကပစ္စုပ္ပန်) အားဖြင့် မရှိတာကို နတ္ထိ (မရှိ) ဟု သိရပေသည်၊ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် မရှိသည်ကို ရှာလျှင် စိတ်တစ်ခုဖြစ်ပြီး ချုပ်သွားခြင်းကား ထိုစိတ်၏ နတ္ထိပင် ဖြစ်ပေသည်၊ သာမန်အားဖြင့် ညဉ့်ကင်းလျှင် ညဉ့်မရှိလျှင် နေ့ဖြစ်၏၊ ဆိမ်းငြိမ်းလျှင် အမိုက်မှောင်ဖြစ်၏၊ ဤသို့ညဉ့်ကင်းမှု ဆိမ်းငြိမ်းမှုကို နတ္ထိသဘောအဖြစ်လည်း အဓိပ္ပါယ် ပြောကြ၏။

ရှေ့တွင် ဖော်ပြခဲ့ပြီးသော ပစ္စည်းတို့၌ ဤနတ္ထိသဘောကိုရှာသော် အနန္တရစသော ပစ္စည်းတို့၌ တွေ့ရ၏၊ အနန္တရပစ္စည်း ကျေးဇူးပြုခန်း၌ ရှေးရှေးဖြစ်၍ ချုပ်သွားသော စိတ်က နောက်နောက်စိတ်အား ကျေးဇူးပြု၏၊ သဘောကို စဉ်းစားလျှင် ဤအနန္တရသဘော၌ နတ္ထိသဘောပါပြီးဖြစ်၏၊ သို့သော် ပို၍ထင်ရှားစေရန် နတ္ထိပစ္စည်းကို ထပ်မံဟောကြားတော်မူခြင်းဖြစ်၏။

သို့ဖြစ်၍ ဤနတ္ထိပစ္စည်း နတ္ထိပစ္စယုပ္ပန်တို့သည် လည်းကောင်း၊ ပစ္စည်းဆက်ပုံတို့သည် လည်းကောင်း အနန္တရစသည်နှင့် ထပ်တူပင်ဖြစ်၏။

သို့သော် အတ္ထိ (ရှိ) ၊ နတ္ထိ (မရှိ) ဟူသော သတ်မှတ်ချက်ကို သိရသည်ကား အဘိုးတန်ဉာဏ်ပညာကို ရအပ်ပေသည်။

## ဝိဂတပစ္စည်း

### ဝိဂတ အဓိပ္ပာယ်

ဝိဂတ – ကင်းသည်ကို နေရောင်ကင်းလျှင် (ဝါ) နေဝင်လျှင် လရောင် ကြယ်ရောင် မြင်ခွင့်ရ၏၊ နေရောင်ကင်းသည်ကို ဝိဂတသဘောဖြင့် တင်စား၍လည်း ပြောကြ၏။

ဝိဂတ – ကင်းခြင်းဟူသည် နတ္ထိမရှိခြင်းနှင့် လိုရင်းအဓိပ္ပာယ် သဘာဝ တူ၏၊ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အထင်အရှားမရှိ၊ ဝါ၊ ရှိပြီးချုပ်သွား၏၊ ဤသည်ကို မရှိဟု ဆိုရသလို ကင်း၏ဟုလည်း ဆိုရပေသည်။ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် ဝေါဟာရအရာတွင် အနက်တူ အနှစ်သာရတူသော်လည်း ဝေါဟာရကွလျှင် နားမလည်ကြပေ၊ တစ်ချို့အရာ၌မူ ပရိယာယ်တူ လှည့်ပြောမှ နားလည်သည်၊ ယခု မိမိတို့သည်ပင် မိန်းမ မရှိ၊ မိန်းမနှင့် ကင်းကင်းရှင်းရှင်းနေသည်ဟု သုံးနှုန်းကြ၏၊ မရှိတာနှင့် ကင်းရှင်းတာနှင့် ထိုသူတစ်ဦးအဖို့ အတူတူပင်။

ဤသို့ အနက်တူ သဒ္ဒါကွဲဖြစ်၍ ဝိဂတပစ္စည်း ပစ္စယုပ္ပန်သည် နတ္ထိနှင့်တူ၏၊ အနန္တရမျိုးနွယ်ထဲသို့ သက်၏ဟူလို။

## အဝိဂတပစ္စည်း

## အဝိဂတ အဓိပ္ပာယ်

အဝိဂတပစ္စည်းကို ရှေးဆရာတော်ကြီးများက တခမ်းတနား ဥပမာပြ၍ အနက်ဖေါ်၏၊ မဟာသမုဒ္ဒရာသည် မိမိကိုမှီ၍ နေကုန်သော ငါးမကာရ်းစသော ရေနေသတ္တဝါတို့၏ ပီတိသောမနဿ နှစ်သက်ဝမ်းမြောက်မှု ဖြစ်စေခြင်းငှာ မိမိ၏ မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုသည်ဟု ဆိုသည်၊ သမုဒ္ဒာနှင့် ငါး မကာရ်း မကင်းကြဟူလို၊

သို့သော် ပရမတ္ထသဘောအရ မကင်းသည့် သဘောကိုရှာလျှင် အတ္ထိကဲ့သို့ ဥပါဒ်၊ ဌီ၊ ဘင်(ခဏိကပစ္စုပ္ပန်) ဖြင့် ရှိမှသာ မကင်းသည့် သဘောကိုရ၏၊ ထို့ကြောင့် "ရှိတာ" နှင့် "မကင်းတာ" လိုရင်းတူ၏၊ အတ္ထိရသည့် နေရာတိုင်း အဝိဂတရလေသည်။

ထို့ကြောင့် ပစ္စည်းပစ္စယုပ္ပန် ဆင်ခြင်ရာ၌ အတ္ထိအတိုင်းပင် ဖြစ်ပေသည်။

## အခန်း (၃)

## ပစ္စည်းတရားတို့၏ စုပေါင်းသတ္တိ စုပေါင်းစွမ်းအား

အထက်တွင် ပဋ္ဌာန်းကျမ်းမဟာ၌ ဟောကြားတော်မူသော ပဋ္ဌာန်း ပစ္စည်းတစ်ခုစီ၏ ပါဠိအမည်၊ ယင်း ပါဠိပစ္စည်း၏ အဓိပ္ပာယ်၊ ထိုပစ္စည်းတို့၏ တရားကိုယ်၊ ထိုပစ္စည်းတို့က ကျေးဇူးပြုသည့် (ဝါ) ဖြစ်ပေါ်စေသည့် အကျိုးပစ္စယုပ္ပန်တရား စသည်တို့ကို အကျဉ်းချုပ် ရေးသားဖော်ပြခဲ့ပြီး ဖြစ်၏။

ဥပမာ – အစဆုံး၌ "ဟေတုပစ္စယော" ဟူသော ပစ္စည်း၏ ပါဠိ အမည်၊ ယင်းပါ ဟေတု၏ အနက်အဓိပ္ပာယ်၊ ဟေတုပစ္စည်းထိုက်သော လောဘ ဒေါသစသည့် ဟိတ်ခြောက်ပါ၊ ထိုဟိတ်တရားတို့က ကျေးဇူးပြုသည့် သဟိတ် စိတ်ကေသတ္တာတိစသော စိတ်စေတသိက်နှင့် စိတ္တဇရုပ် အကျိုးတရားများ၊ ထို ဟိတ်အကြောင်းတရားတို့က သူတို့၏ အကျိုးတရားကို "ဟေတုသတ္တိ" ဖြင့် ကျေးဇူးပြုပုံ၊ ဤသို့ ၂၄ ပစ္စည်းလုံး ပြည့်စုံစွာ ရေးသားခဲ့ပြီး ဖြစ်ပေသည်။

ယခု ဆက်လက်၍ အကျိုးတရားတစ်ခုဖြစ်ပေါ်ရေးအတွက် ကျေးဇူးပြုသည့် အကြောင်းပစ္စည်းများကို ဖော်ပြပါမည်။ အထက်တွင် အကျိုးတစ်ခု အကြောင်းတစ်ခု သဘောဖြင့် ရေးခဲ့၏၊ သိလွယ်မှတ်လွယ်စေရန် အကျဉ်းဖော် ပြခြင်းပင် ဖြစ်၏၊ ဥပမာ – အဆင်းရူပါရုံကို မြင်၍ စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ် လာစေရာ၌ ရူပါရုံသည် စက္ခုဝိညာဉ်စိတ်အား "အာရမ္မဏသတ္တိ" ဖြင့် ကျေးဇူး ပြုသည်ဟုပစ္စည်းတစ်မျိုးတည်းကိုသာ ဖော်ပြခဲ့၏၊ အခြားပစ္စည်းများတွင်လည်း ဤနည်းတူပင် တစ်ပစ္စည်းစီကိုသာ ပြခဲ့သည်။

ထိုသို့ တစ်ပစ္စည်းစီကို ပြရာ၌ အဓိကပဓါန ဖြစ်သော အခြေခံ ပစ္စည်း (ဝါ) ပင်ရင်းပစ္စည်းကို ပြခဲ့၏၊ ဥပမာ – အထက်အဆင်းမြင် ဥပမာတွင်

အာရမ္မဏသတ္တိ ဟုပြခြင်းသည် ယင်းအာရမ္မဏသတ္တိသည် အဓိကပဓါနဖြစ်၍ ပေတည်း။

သို့သော် အကျိုးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရာ၌ အကြောင်းပစ္စည်းသည် တစ်မျိုးတည်းမဟုတ်၊ တစ်မျိုးမက ရှိတတ်ပေသည်၊ အကြောင်းများက စုပေါင်းကျေးဇူးပြုမှ အကျိုးပေါ်လာခြင်း ဖြစ်၏၊ လောကဥပမာကို ပြရသော် ဖယောင်းတိုင်မီးသည် ဖယောင်းနှင့် မီးဇာကြောင့် မီးလောင်နေသည်ကို သိရ၏၊ သို့ရာတွင် ဖယောင်းနှင့် မီးဇာအကြောင်းနှစ်ရပ်တည်းဖြင့် မီးမလင်းနိုင်သေးပေ၊ လေရှိနေခြင်း (အသက်ရှူ၍ ရသော လေမျိုးကို ဆိုလိုသည်)၊ ထွန်းညှိပေးသည့်လူ၏ လုံ့လပယောဂရှိခြင်းဟူသော ရှိရမည့်အကြောင်းများပါဝင်၏၊ ထိုပြင် လေပြင်းမတိုက်ခိုက်ခြင်း စသည့် မရှိရမည့် အကြောင်းများလည်း မရှိဖို့လို၏။

ဤသို့အကျိုးတစ်ခု ဖြစ်ထွန်းရန်အတွက် အကြောင်းတရား တစ်ခုမက ရှိတတ်၏၊ ဤပဋ္ဌာန်းပစ္စည်းခန်းတွင်လည်း အထက်ပါ ဥပမာကဲ့သို့ပင် ပစ္စည်းတစ်ပစ္စည်းထဲက အကျိုးကို ဖြစ်ပေါ်စေသည်ကား အလွန်နည်း၏၊ အကြောင်းပစ္စည်းတစ်ခုမကတို့က ကျေးဇူးပြုသည့်အတွက်အကျိုးတစ်ရပ် ဖြစ်ပေါ်ရပေသည်။

## မျိုးတူစုပစ္စည်းများ

ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းတို့တွင် သဘောတူရာ ပေါင်းတွဲ၍ အကြောင်းဖြစ်တတ်သော ပစ္စည်းများကို ရှေးဆရာတော်များက အမျိုးခွဲ၍ ပစ္စည်းချင်း ခွဲပြခဲ့ကြ၏၊ သဘောတူရာ ပေါင်းတွဲနိုင်သည်ကို (မျိုး) ဟုခေါ်၏။ မျိုးတူသော ပစ္စည်းများသည် ပူးပေါင်း၍ အကျိုးကို ဖြစ်စေပေသည်။

ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းတို့ကို မျိုးခွဲရာတွင်-

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | ၁၅ ပစ္စည်း | (အတူတကွဖြစ်သောမျိုး) |
| ၂။ အာရမ္မဏမျိုး | ၈ ပစ္စည်း | (အာရုံပြုမှုဆိုင်ရာမျိုး) |
| ၃။ အနန္တရမျိုး | ၇ ပစ္စည်း | (အခြားမရှိ ဆက်ဖြစ်သော မျိုး) |

၄။ ပုရေဇာတမျိုး ၆ ပစ္စည်း (ရှေ့၌ တင်ကြို ဖြစ်သော မျိုး)

၅။ ပစ္ဆာဇာတမျိုး ၄ ပစ္စည်း (နောက်မှဖြစ်သောမျိုး)

၆။ ရုပ်အာဟာရမျိုး ၃ ပစ္စည်း (ရုပ်ကထောက်ပံ့မျိုး)

၇။ ရုပ်ဣန္ဒြေမျိုး ၃ ပစ္စည်း (ရုပ်ကစိုးရမျိုး)

၈။ နာနက္ခဏိကကမ္မမျိုး ၁ ပစ္စည်း (ခဏအမျိုးမျိုး၌ ဖြစ်သော ကံမျိုး)

စုစုပေါင်း ရှစ်မျိုး ဖြစ်၏၊ ပစ္စည်းရေ (၄၇) ပစ္စည်းဖြစ်၏။

၁။ သဟဇာတမျိုး (၁၅) ပစ္စည်း

(က) သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊

(ခ) အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊

(ဂ) ဟေတု၊ အဓိပတိ (သဟဇာတာဓိပတိ)

ကမ္မ (သဟဇာတကမ္မ)

အာဟာရ (သဟဇာတာဟာရ)

ဣန္ဒြိယ (သဟဇာတိန္ဒြိယ)

ဈာန၊ မဂ္ဂ

၂။ အာရမ္မဏမျိုး (၈) ပစ္စည်း

အာရမ္မဏ

အဓိပတိ (အာရမ္မဏာဓိပတိ)

နိဿယ (ဝတ္ထာရမ္မဏပုရေဇာတနိဿယ)

ဥပနိဿယ (အာရမ္မဏူပနိဿယ)

ပုရေဇာတ (အာရမ္မဏပုရေဇာတ)

ဝိပ္ပယုတ္တ (ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ)

အတ္ထိ (ဝတ္ထာရမ္မဏပုရေဇာတတ္ထိ)

| | | |
|---|---|---|
| | အဝိဂတ | (ဝတ္ထာရမ္မဏပုရေဇာတတ္ထိ) |
| | အဝိဂတ | (ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ) |
| ၃။ အနန္တရမျိုး (၇) | ပစ္စည်း | |
| | အနန္တရ | |
| | သမနန္တရ | |
| | ဥပနိဿယ | (အနန္တရူပနိဿယ) |
| | အာသေဝန | |
| | ကမ္မ | |
| | နတ္ထိ | |
| | ဝိဂတ | |
| ၄။ ပုရေဇာတမျိုး (၆) | ပစ္စည်း | |
| | ပုရေဇာတ | (ဝတ္ထုပုရေဇာတ) |
| | နိဿယ | (ဝတ္ထုပုရေဇာတနိဿယ) |
| | ဣန္ဒြိယ | (ပုရေဇာတိန္ဒြိယ) |
| | ဝိပ္ပယုတ္တ | (ပုရေဇာတဝိပ္ပယုတ္တ) |
| | အတ္ထိ | (ဝတ္ထုပုရေဇာတတ္ထိ) |
| | အဝိဂတ | (ဝတ္ထုပုရေဇာတအဝိဂတ) |
| ၅။ ပစ္ဆာဇာတမျိုး (၄) | ပစ္စည်း | |
| | ပစ္ဆာဇာတ | |
| | ဝိပ္ပယုတ္တ | (ပစ္ဆာဇာတဝိပ္ပယုတ္တ) |
| | အတ္ထိ | (ပစ္ဆာဇာတတ္ထိ) |
| | အဝိဂတ | (ပစ္ဆာဇာတအဝိဂတ) |
| ၆။ ရုပ်အာဟာရမျိုး (၃) | ပစ္စည်း | |
| | အာဟာရ | (ရုပ်အာဟာရပစ္စည်း) |

အတ္ထိ (အာဟာရအတ္ထိ)

အဝိဂတ (အာဟာရအဝိဂတ)

၇။ ရုပ်ဣန္ဒြေမျိုး (၃) ပစ္စည်း

ဣန္ဒြိယ (ရုပ်ဣန္ဒြိယ) (ရူပဇီဝိတိန္ဒြိယ)

အတ္ထိ (ရုပ်အတ္ထိ) (ရူပဇီဝိတိန္ဒြိယတ္ထိ)

အဝိဂတ (ရုပ်အဝိဂတ) (ရူပဇီဝိတိန္ဒြိယ အဝိဂတ)

၈။ နာနက္ခဏိကကမ္မမျိုး (၁) ပစ္စည်း

ကမ္မ (နာနက္ခဏိကကမ္မပစ္စည်း)

မူရင်း ၂၄ ပစ္စည်းမှ မျိုးရှစ်မျိုး ခွဲရာတွင် ၄၇ ပစ္စည်းဖြစ်သွားခြင်းမှာ သဟဇာတ ပစ္စည်း၊ အာရမ္မဏပစ္စည်း၊ နိဿယပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ပုရေဇာတ ပစ္စည်း၊ ကမ္မပစ္စည်း၊ အာဟာရပစ္စည်း၊ ဣန္ဒြိယပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတ ပစ္စည်းတို့က တစ်မျိုးမက မျိုးကွဲများ ဖြစ်ပေါ်လာသောကြောင့် ဖြစ်၏။

ဤကိစ္စသည် ပဋ္ဌာန်းပညာပိုင်း ဝင်လာသောကြောင့် ကျယ်ပြန့် နက်နဲလာသည်၊ ထို့ကြောင့် လက်တွေ့အသုံးချ ပဋ္ဌာန်းဖြစ်အောင် ရည်ရွယ်ရေး သားနေသော ဤစာအုပ်၌ ဤကိစ္စကို အကျယ်မပြသင့်တော့ပြီ။

ယခု ဆက်လက်၍ အကျိုးတစ်ခု ဖြစ်ပေါ်ရေးတွင် အကြောင်း တစ်ခုမက အကြောင်းများစွာတို့က သဘောတူရာ ပေါင်းတွဲကျေးဇူးပြုပုံကို သဘောပေါက်ရုံမျှ ဖော်ပြပါအံ့။

## ဟေတုပစ္စည်းဆက်ပုံ

**သဟဇာတ**မျိုး (၁၅) ပစ္စည်းထဲက "ဟေတု" ကို ပုံစံထုတ်အပ်၏၊

လူတစ်ဦးသည် ဒေါသစိတ်ဖြင့် နွားတစ်ကောင်ကို သတ်၏၊

ဤပုံစံတွင် နွားသတ်သောသူ၌ – ဒေါသစိတ်၊

အကုသိုလ်စေတသိက် (၁၀)၊ ပတိဏ်းစေတသိက် (၁၃) ပေါင်း စေတသိက် ၂၃ ပါး

စိတ္တဇရုပ် (ဒေါသစိတ်ကြောင့် ဖြစ်သောရုပ်) တို့ဖြစ်ပေသည်။

ဤဖြစ်ရပ်ကို ပဋ္ဌာန်းပစ္စည်း ဆက်ယူသောအခါ ဤသို့တွေ့ရ၏၊

ပစ္စည်းတရား – နွားသတ်သမား သန္တာန်၌ ဖြစ်သော ဒေါသဟိတ် (+မောဟဟိတ်)သည်အကြောင်းပစ္စည်းတရား၊

ပစ္စယုပ္ပန်တရား – ထိုဒေါသဟိတ်နှင့် အတူယှဉ်တွဲဖြစ်သော စိတ်၊ စေတသိက်ရုပ်တို့သည် အကျိုးပစ္စယုပ္ပန်တရား၊

ပစ္စယသတ္တိ – ဟေတု၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ စုစုပေါင်း ငါးပစ္စည်းတို့က ကျေးဇူးပြု၏၊ ဤတွင် ဟေတုသတ္တိသည် အဓိကဖြစ်၏။

နွားသတ်သမား သဏ္ဍာန်၌ ဖြစ်သော ဒေါသစိတ် စေတသိက် ရုပ် တို့ကို ကြည့်လျှင် သူတို့အတူတကွ သဟဇာတဖြစ်ကြပုံ၊ နိဿယ မှီ၍ ဖြစ်ကြပုံ၊ ဥပါဒ် ဌီ ဘင်အားဖြင့် အတ္ထိရှိကြပုံ၊ မကင်းကြပုံကို တွေ့ရပေသည်။

သို့ဖြစ်၍ နွားသတ်ရာ၌ ဖြစ်သော ဒေါသစိတ်၊ ဒေါသစိတ်ဖြစ်သော အခါ ဟေတုတစ်ပစ္စည်းတည်းသာမက အနည်းဆုံး ငါးပစ္စည်းဖြင့် ကျေးဇူးပြုကြ ကြောင်း သိရပေသည်၊ သို့သော် ဟေတုပစ္စည်းက ပြဋ္ဌာန်းပေသည်၊ နွားသတ်မှု ဖြစ်စေရန်အတွက် ဟေတုအကြောင်း(ဒေါသ) သည်ဝိသေသအကြောင်း၊ ကျန် သော သဟဇာတအကြောင်း၊ နိဿယအကြောင်း၊ အတ္ထိအကြောင်း၊ အဝိဂတ အကြောင်းကိုသည် သာမည အကြောင်း၊ ဤသို့ ခွဲခြားနားလည်နိုင်ပေသည်။

## အဓိပတိပစ္စည်းဆက်ပုံ

အာရမ္မဏ (၈) မျိုးထဲမှ "အဓိပတိ" ကို ပုံစံထုတ်အပ်၏၊

လူငယ်တစ်ယောက်သည် အလွန်လှသော ယမင်းရုပ်ကလေးကို ခုံခုံမင်မင် လိုချင်၏၊

ဤပုံစံတွင် လူငယ်သန္တာန်၌ လောဘစိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ဖြစ်၏၊

ပဋ္ဌာန်းဆက်သောအခါ –

ပစ္စည်းတရား  အလွန်လှသော ယမင်းရုပ်ကလေးသည်

အာရုံအကြောင်း ပစ္စည်းတရား (အတိဣဋ္ဌအဓိပတိအာရုံ)

ပစ္စယုပ္ပန်တရား  ခုံမင်တပ်မက်သော လောဘစိတ်၊ စေတသိက် တို့သည် အကျိုး ပစ္စယုပ္ပန်တရား၊

ပစ္စယသတ္တိ  အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤအကြောင်းပစ္စည်းရှစ်မျိုးပါဝင်၍ ကျေးဇူးပြုကြ၏၊ သို့သော် ခုံခုံမင်မင် လိုချင်သောကြောင့် အဓိပတိ သတ္တိက ပြဋ္ဌာန်းလေသည်။

## အာသေဝနပစ္စည်း ဆက်ပုံ

အနန္တရမျိုး (၇) ပစ္စည်းထဲမှ အာသေဝနပစ္စည်းကို ပုံစံထုတ်အပ်၏၊

သူသည် အာရုံသက်ဝင်၍ ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်နေ၏။

ဤပုံစံတွင် – ပဋ္ဌာန်း ရွတ်ဖတ်နေသူ၏ သန္တာန်၌ မဟာကုသိုလ်စိတ် စေတသိက် စိတ္တဇရုပ်တို့ ဖြစ်၏၊ ရွတ်ဖတ်နေစဉ် ကုသိုလ်ပီတိဇောများ တစ်ခုပြီးတစ်ခု ဖြစ်နေ၏၊

ဇောပီတိစိတ် ဖြစ်ပုံမှာ –

| ဇော | ဇော | ဇော | ဇော | ဇော | ဇော | ဇော |
|---|---|---|---|---|---|---|
| ပထမ | ဒု | တ | စ | ပ | ဆ | သ |

အထက်ပါ ဇောဖြစ်ပုံတွင် ပထမဇောစိတ် ဥပါဒ် ဌီဘင် ဖြစ်ချုပ်သွားသည်နှင့် ဒုတိယဇောစိတ် ဆက်ဖြစ်လာ၏၊ ဤအတိုင်း သတ္တမဇောအထိသွား၏၊ ဤဇောခုနစ်ကြိမ် တစ်အုပ်စုပြီးလျှင် တဒါရုံ၊ ဘွင်ခြားပြီး ဇောစိတ်များ ထပ်ဖြစ်လာ၏၊ ပဋ္ဌာန်းရှုတ်၍ မပြီးမချင်း ကုဋေပေါင်းများစွာသော ကုသိုလ်ဇောစိတ်တို့ ဖြစ်ချုပ်သွားကြလေသည်။

ဤတွင် ပဋ္ဌာန်းဆက်ပုံကား – ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ – ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ – ဆိုသည့်အတိုင်း ရှေ့ရှေ့သော ကုသိုလ်စိတ်က နောက်နောက်သော ကုသိုလ်စိတ်အား ကျေးဇူးပြု၏။

ထို့ကြောင့်

ပစ္စည်း – ပထမဇောမှ ဆဋ္ဌမဇောအထိ

ပစ္စယုပ္ပန် – ဒုတိယဇောမှ သတ္တမဇောအထိ

သတ္တမဇောသည် သူ့နောက်ဇောစိတ်မရှိတော့၍ (ကြားတွင် တဒါရုံဝင်သည်) သူတစ်ပါးကို အကြောင်းပြုမည့် ပစ္စည်းစိတ် မဖြစ်နိုင်၊ ပထမဇောသည် သူ၏ရှေ့၌ ဇောစိတ်မရှိ၍ သူသည် အကျိုးပစ္စယုပ္ပန်မဖြစ်ပေ။

ပစ္စယသတ္တိ – ဤသို့ ရှေ့ရှေ့ဇောစိတ်က နောက်နောက်ဇောစိတ်အား ကျေးဇူးပြုရာတွင် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ –

ဟူသော ခြောက်ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ဇောကို အဓိကထား၍ အာသေဝနပစ္စည်းသည် ပဓါနကျပေသည်။

ကမ္မပစ္စည်းကို ပုံစံထုတ်အပ်၏၊ ကမ္မသည် (က) သဟဇာတကမ္မ
(ခ) နာနက္ခဏိကကမ္မ

ဟူ၍ နှစ်မျိုးရှိ၏။

## သဟဇာတကမ္မပစ္စည်းဆက်ပုံ

<u>သဟဇာတကမ္မ – ပုံစံ</u>

ဒေါ်စန်းရွှေသည် ဘုန်းကြီးဆွမ်းကပ်ရန် စီမံချက်ပြုတ်နေ၏၊ ဤပုံစံတွင် ဆွမ်းချက်နေသော ဒေါ်စန်းရွှေ၏ သန္တာန်၌ မဟာကုသိုလ်စိတ်၊ စေတသိက်၊ စိတ္တဇရုပ် ဖြစ်၏၊ စေတသိက်ထဲတွင် "စေတနာ" စေတသိက်ပါ၏၊ ထို "စေတနာ" က အလုပ်ကို စေ့ဆော်၏၊ သူနှင့်အတူတကွ ယှဉ်၍ ဖြစ်သော စိတ် စေတသိက်တို့ကို စေ့ဆော်၏၊ ထိုအခိုက်တွင် စေတနာပါသော ကုသိုလ်တရားကြောင့် ဒေါ်စန်းရွှေ၏ သန္တာန်၌ ကုသိုလ်စိတ္တဇရုပ်တွေ ဖြစ်နေ၏။ ထိုသို့ စေတနာ၏ စေ့ဆော်မှုကြောင့် ဆွမ်းချက်သည့်အလုပ်ဖြစ်နေ၏။

အထက်ပါ ဖြစ်ရပ်ကို ပဋ္ဌာန်းနည်းဖြင့် ဝေဖန်သော် ဤသို့ဖြစ်၏၊

ပစ္စည်း – စေတနာ စေတသိက်သည် အကြောင်းပစ္စည်းတရား၊

ပစ္စယုပ္ပန် – အတူဖြစ်သောမဟာကုသိုလ်စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့သည် အကျိုးပစ္စယုပ္ပန်တရား၊

ပစ္စယသတ္တိ – ကမ္မ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စည်းတို့၏ သတ္တိစွမ်းပကားတို့က အကျိုးပစ္စယုပ္ပန်ကို ဖြစ်ပေါ်စေသည်။

ဤတွင် ကမ္မပစ္စည်း ကမ္မသတ္တိက အလုပ်ဖြစ်အောင် စေ့ဆော်၏၊ အတူတကွ ဖြစ်၍ ဤကမ္မကို သဟဇာတကမ္မဟု ခေါ်၏၊ ထို့ပြင် ထိုစိတ် စေတသိက် စိတ္တဇရုပ်တို့သည် အတူတကွ ဖြစ်ကြ၍ သဟဇာတသတ္တိလည်း ပါ၏၊ မှီ၍ ဖြစ်သော နိဿယသတ္တိလည်း ပါ၏၊ ထောက်ပံ့သည့် သဘော အာဟာရသတ္တိလည်း ပါ၏၊ စေတနာကစေ့ဆော်ရာတွင် ဥပါဒ် ဌီ ဘင် အတ္ထိသဘော ထင်ရှားရှိခိုက်၌သာ ဖြစ်၏၊ မကင်းသည့် အဝိဂတသဘောလည်း ပါ၏။

ထို့ကြောင့် ဆွမ်းချက်သည့် ကုသိုလ်အလုပ်တစ်ခု ဖြစ်ပေါ်ရေး

အတွက် အကြောင်းပစ္စည်းခြောက်မျိုးက ကျေးဇူးပြု၏၊ ထိုတွင် သဟဇာတကမ္မ ပစ္စည်းအကြောင်းတရားက ပြဌာန်းသည်။

## နာနက္ခဏိကကမ္မပစ္စည်းဆက်ပုံ

<u>နာနက္ခဏိတကမ္မပစ္စည်းပြရာ၌ ပုံစံ</u>

ဆရာကျော်သည် ယခင်ဘ၀က ကုသိုလ်စေတနာ (ကံ) ကြောင့် ယခုဘ၀ မိခင်လောင်း၏ဝမ်း၌ မဟာဝိပါက်ပထမစိတ်နှင့် ကလလရေကြည်ခေါ် ပဋိသန္ဓေ ကမ္မဇရုပ် (ပဋိသန္ဓေ) ဖြစ်လာ၏။

ဤပုံစံကို ပဌာန်းပစ္စည်း ဤသို့ဆက်ရ၏၊

ပစ္စည်း – ယခင်ဘ၀ ကုသိုလ် စေတနာ (ကံ) သည် အကြောင်းပစ္စည်းတရား၊

ပစ္စယုပ္ပန် – ယခုဘ၀ ပဋိသန္ဓေသည် အကျိုးပစ္စယုပ္ပန် တရား၊

ပစ္စယသတ္တိ – ကမ္မနှင့် ဥပနိဿယ

ယခင်ဘ၀က ပြုခဲ့သော ကုသိုလ်စေတနာ (ကံ) သည် ယခုဘ၀၌ ပဋိသန္ဓေ ဖြစ်စေရာ၌ (မျိုးစေ့သည် အညွန့်ကိုဖြစ်စေသကဲ့သို့) ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏၊ ထို့ပြင် ထိုစေတနာ (ကံ) သည် အားကြီးသော (ဗလဝ) စေတနာ ဖြစ်မှသာ အကျိုးပေးနိုင်သောကြောင့် ဥပနိဿယ သတ္တိ စွမ်းအားလည်း ပါရသည်၊ ထို့ကြောင့် ဥပနိဿယပစ္စည်းကပါ ကျေးဇူးပြုခြင်း ဖြစ်ပေသည်။

အခြားသော အကြောင်းအရာ ဖြစ်ရပ်အမျိုးမျိုးတို့၌ အထက်ပါ ပုံစံများကို နည်းယူ၍ ပစ္စည်းဆက်နိုင်ကြ၏။

ပဋ္ဌာန်းသဘောသည် အလွန်ကျယ်ဝန်း၏၊ ပညာဉာဏ်၏ ကျက်စားရာလည်း ဖြစ်၏၊ သဘာဝတရားကို စိတ်ဝင်စားသူတို့ အနေဖြင့် (သင်္ချာဝါသနာပါသူတို့ သင်္ချာပုစ္ဆာများကို တကုတ်ကုတ် တွက်သကဲ့သို့) တွေ့မြင်သိရှိသော အဖြစ်အပျက်တို့ကို ဆစ်ပိုင်း၍ ပဋ္ဌာန်းဈာန်ဝင်စားနိုင်ကြပေသည်။



| | | | | |
|---|---|---|---|---|
| ၂၁။ | ဂုဏ်ထူးပန်နည်းပြ | | | |
| | အဖြေ(ကြီး) | ၁၉၈၇ | – | ၁၅၀၀ |
| ၂၂။ | သင်္ဂြိုဟ်မြန်မာပြန် | ၁၉၈၆ | – | ၃၀၀၀ |
| ၂၃။ | သိပ္ပံအဘိဓမ္မာ (ပထမတွဲ) | ၁၉၈၇ | – | ၁၀၀၀ |
| ၂၄။ | သိပ္ပံအဘိဓမ္မာ(ဒုတိယတွဲ) | ၁၉၉၁ | – | ၂၀၀၀ |
| ၂၅။ | တေမိယဇာတ်တော် | ၁၉၉၁ | – | ၁၀၀၀ |
| ၂၆။ | ဗုဒ္ဓဘာသာကောင်းတစ်ယောက် | ၁၉၉၂ | ပ–ကြိမ် | ၅၀၀၀ |
| | ။ | ၁၉၉၂ | ဒု–ကြိမ် | ၃၀၀၀၀ |
| | (သထပ ရန်ပုံငွေအဖွဲ့မှ ထုတ်ဝေသည်) | | | |
| ၂၇။ | မြတ်သောဝန္ဒနာ | ၁၉၉၃ | – | ၂၀၀၀ |
| ၂၈။ | သိပ္ပံအဘိဓမ္မာ(တတိယတွဲ) | ၁၉၉၄ | – | ၂၀၀၀ |

# နိဂုံး

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ဒီပနီကျမ်းပေါင်းများစွာ ရေးသားပြုစုတော်မူပြီး ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ အလင်းကို ဆောင်တော်မူခဲ့ရာတွင် "ပဋ္ဌာနုဒ္ဒေသဒီပနီ" အမည်ရှိသော ဒီပနီကျမ်းကိုပါ ထည့်သွင်းပြုစုတော်မူခဲ့၏။

ထိုကျမ်း၏ အနက်မှာ ပဋ္ဌာန + ဥဒ္ဒေသ + ဒီပနီ ဟူသော အခြေခံ ခွဲခြားချက်အရ ပဋ္ဌာန်းတရားတော် အကျဉ်းကို ထွန်းလင်းဖော်ပြသောကျမ်း ဟူ၍ဖြစ်၏၊ ပဋ္ဌာန်းကျမ်းတော်ကြီးတွင် ဥဒ္ဒေသ (အကျဉ်း)၊ နိဒ္ဒေသ (အကျယ်)၊ ပဋိနိဒ္ဒေသ (ထပ်ဆင့်အကျယ်) ဟု သုံးပိုင်းပါရှိ၏၊ ပါဠိအားဖြင့် ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ၊ ပစ္စယပဋိနိဒ္ဒေသ ပင်ဖြစ်၏။

ပဋ္ဌာနုဒ္ဒေသ (ဝါ) ပစ္စယုဒ္ဒေသ (ပဋ္ဌာန်းအကျဉ်း (ဝါ) ပစ္စည်းအကျဉ်း) ဆိုသည်မှာ ဟေတုပစ္စယော အစရှိသော နှစ်ဆယ့်လေးပစ္စည်းပင် ဖြစ်၏၊ ပဋ္ဌာန်းပါဠိတော် စာအုပ်ကြီးတွင် ဟေတုပစ္စယော (လ) အဝိဂတပစ္စယော ဟုဟောတော်မူပြီးသည်နှင့် ပစ္စယုဒ္ဒေသောနိဋ္ဌိတော ပစ္စည်းအကျဉ်းသည် ပြီး၏ ဟုသံဂါယနာတင်ဆရာတို့က စကားချပ်ထားသည်ကို တွေ့ရ၏။

ထို့ကြောင့် ဟေတုပစ္စယော စသော နှစ်ဆယ့်လေးပစ္စည်းတို့၏ အနက်အဓိပ္ပါယ်ကို ရှင်းလင်း ဖော်ပြသော ကျမ်းဖြစ်၍ ပဋ္ဌာနုဒ္ဒေသဒီပနီ ဟု အမည်ရခြင်း ဖြစ်ကြောင်း သို့မဟုတ် ပဋ္ဌာနုဒ္ဒေသဒီပနီသည် နှစ်ဆယ့်လေး ပစ္စည်းအနက် အဓိပ္ပာယ်ကို ထွန်းပြသောကျမ်း ဖြစ်ကြောင်း သိရပေသည်၊

ဤကား ပဋ္ဌာနုဒ္ဒေသ + ဒီပနီ ဟူ၍ အနက်ယူပြီး ဖော်ပြချက် ဖြစ်၏။

တစ်နည်းအားဖြင့် ပဋ္ဌာန + ဥဒ္ဒေသဒီပနီ ဟူ၍ ပုဒ်ခွဲလျက် ပဋ္ဌာန်းကရားတော်ကို အကျဉ်းချုပ် ရှင်းလင်းဖော်ပြသောကျမ်း ဟူ၍လည်း ယူနိုင်၏၊ ဤသို့ယူလျှင် နှစ်ဆယ့်လေးပစ္စည်း ဥဒ္ဒေသ သာမက ပဋ္ဌာန်းတစ်ကျမ်းလုံး၏ အနက်အဓိပ္ပာယ်ကိုပင် ထင်ဟပ်၍ အကျဉ်းချုပ် ရှင်းပြသည်ဟု နားလည်ရပေသည်။

သို့ရာတွင် "ပဋ္ဌာနုဒ္ဒေသဒီပနီ" ကိုနှစ်ဆယ့်လေးပစ္စည်း၏ အနက်အဓိပ္ပာယ်ကို အလင်းပြသောကျမ်း ဟူ၍ ဆိုသင့်ပေပြီ။

လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီသည် မူရင်းအားဖြင့် ပါဠိဘာသာဖြင့် ရေးထားသောပါဠိဘာသာကျမ်း ဖြစ်၏၊ ယင်းကို နိဿယနက် မြန်မာပြန်ထားသော နိဿယကျမ်းရှိ၏၊ ထိုပြင် ယခင် မစိုးရိမ်တိုက်အုပ်ဆရာတော် ဦးဉာဏက PATTHĀNUDDESADIPANI အမည်ဖြင့်ပင် အင်္ဂလိပ်ဘာသာပြန်ဆိုတော်မူခဲ့၏၊ ယင်းကို The manuals of Buddhism စာအုပ်တွင် ထည့်သွင်းထားသည်ကို တွေ့ရ၏၊ ထို့ကြောင့် ဤကျမ်းမြတ်သည် အထက်တန်း သုတေသီတို့အား ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုလျက်ရှိသော ကျမ်းတစ်စောင် ဖြစ်ကြောင်း တွေ့ရပေသည်။

ယခုမိမိ (နှစ်ဖက်လှ-ဦးကျော်လွင်) ရေးသားသော သိပ္ပံအဘိဓမ္မာ (ဒုတိယတွဲ) ပဋ္ဌာန်းအကြောင်း စာအုပ်သည်လည်း ဆိုခဲ့ပါ လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီကဲ့သို့ပင် ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းကို အဓိကထားပြီး ရေးသားတင်ပြထားသော ကျမ်းဖြစ်သည်ကိုဖတ်ရှုလေ့လာပြီးပါက သိရှိနိုင်ပြီဖြစ်ပေသည်။

လယ်တီဆရာတော်ဘုရားကြီး၏ကျမ်းနှင့် မိမိကျမ်းလည်း ပဋ္ဌာန်းပစ္စည်း၊ ပစ္စယုပ္ပန်၊ အရကောက်၊ သဘောအဓိပ္ပာယ် အတူတူပင် ဖြစ်၏၊ ထူးခြားသည်မှာကား တင်ပြပုံခြင်း ထူးခြား၏၊ စကားထူးခြား၏။

တင်ပြပုံ ထူးခြားသည်မှာ ဆရာတော်ဘုရား၏ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းသည် ဆရာတော်၏ ခေတ်အတွက် လေးလေးနက်နက် ဖော်ပြထား၏၊ တည်ငြိမ်လေးနက် ရင့်ကျက်ပါပေ၏၊ ယခုခေတ် လူတို့အတွက်မူ ခက်၏။

သိပ္ပံ အဘိဓမ္မာ (တတိယတွဲ) အဖြစ် ယခု ထုတ်ဝေသော ပဋ္ဌာန်းအကြောင်းမှာမူ နဂိုက သိပ္ပံမဂ္ဂဇင်း ဆောင်းပါးအဖြစ် ရေးသားခဲ့ရသည် ဖြစ်၍ အဆင့်အတန်း အမျိုးမျိုးရှိသော မဂ္ဂဇင်းစာဖတ် ပ ိ တ်ကိုငဲ့ပြီး အခက်အခဲများကိုချန်၍ လက်လှမ်းမီနိုင်သမျှ မီအောင် အလွယ်ဆုံးဖြစ်အောင် ဦးတည်ရေးရ၏၊ လူသာမာန်တို့ နေ့စဉ်ဘဝအတွက် အသုံးဝင်အောင် ရည်စူးရေးသားရ၏၊ ခက်လွန်း ကောင်းလွန်းပါက မလိုက်နိုင်ကြ၍ မဖတ်ကြမလေ့လာကြလျှင် ကျမ်း၏ အကျိုးမပြီး၊ ပရဟိတအတွက် အချည်းအနှီး ဖြစ်တတ်ပေသည်။

သို့ဖြစ်၍ ဤကျမ်းပေါ်သော ယခုခေတ်မှ လူများစုအတွက် ရည်စူးလျက် ရေးသားခဲ့ခြင်း ဖြစ်ပေ၏။

နိဂုံးစကား ဖြစ်သည့်အားလျော်စွာ အထက်တွင် တင်ပြခဲ့ပြီးသည်များကို ပြန်လည်ရုံးစု ဖော်ပြရသော် ဤကျမ်းကို ဖတ်ရှုသူသည် အဘိဓမ္မာ သင်္ဂြိုဟ် အသိဉာဏ် အခြေခံ လုံးဝမရှိသူ ဖြစ်ပါက "အော် အဘိဓမ္မာဆိုတာ ဒီလိုပါလား၊ ပဋ္ဌာန်းဆိုတာ သဘောတရားကျမ်း တစ်မျိုးပါလား" ဟု အကြမ်းဖျင်း အသိဉာဏ် ရနိုင်ပေသည်။ တောသားတစ်ယောက် မြို့ကြီးသို့ အစဦးဆုံး တစ်ခေါက်ရောက်သကဲ့သို့ ကြို့ကြားကြို့ကြား ဝိုးတဝါးဖြင့် တောပြန်သွားသည့်အလားဖြစ်ရာ၏။

ဟေတုဆိုလား၊ အရင်ကကြားဘူးတဲ့ "အညမည" ဆိုတာ လက်စသတ်တော့ ဒီကကို၊ ကံ၊ ကံနဲ့ ဟောနေကြတာ အခုမှ "ကမ္မပစ္စယော" ကိုဒီမှာတွေ့ရတယ်၊ အသံမစဲ ပဋ္ဌာန်းပွဲတွေ အရင်က ကြားနေရတုန်းက ဘာမှ နားမလည်ဘူး၊ အခု ဒီစာအုပ် ဖတ်ထားတော့ ပဋ္ဌာန်းဆိုတာ ဒီလိုပါကလားဟု ရိပ်မိလာပြီ၊ နားထောင်တတ်ပြီ၊ အရင်က ဘေးအန္တရာယ်ကင်းတယ်၊ ဘုန်းကြီးတယ်၊ ကုသိုလ်ရတယ်ဆိုလို့ ပဋ္ဌာန်း ၂၄ ပစ္စည်းကို ရွတ်သာလာခဲ့တယ်၊ ဘာမှ အနက်အဓိပ္ပာယ်မသိခဲ့ဘူး၊ အခု ဒီစာအုပ်ဖတ်ပြီးတော့ ၂၄ ပစ္စည်း ရွတ်ဖတ်ပူဇော်ရတာ ပိုပြီးအဓိပ္ပာယ်ရှိလာပြီ၊ ဤသို့စသည်ဖြင့် ထူးခြားသော အကျိုးများ တိုးပွားမည် ဖြစ်ပေသည်။

သင်္ဂြိုဟ် အဘိဓမ္မာ အခြေခံရှိသူဖြစ်ပါက ဤကျမ်းကိုဖတ်ရှုသော အခါ အဘိဓမ္မာအသိနယ် ပိုပြီး တိုးပွားလာမည် ဖြစ်သည့်အပြင် စာအုပ်ထဲမှ

အဘိဓမ္မာကို ထုတ်သုံးတတ်သွားမည် ဖြစ်ပေသည်၊ ဆိုလိုသည်မှာ မိမိဘဝကို အဘိဓမ္မာနည်းဖြင့် ကြီးပွားအောင်၊ ဘေးအန္တရာယ်ကင်းအောင် ပြုလုပ်တတ်မည်ဖြစ်၍၊ အကြောင်းအကျိုးတွေ ဆက်သွယ်ဖြစ်ပေါ်နေပုံကို သဘောပေါက်နေသည့်အတွက် အကြောင်းကောင်းကောင်းတွေ ပြုလုပ်ပြီး အကျိုးကောင်းကောင်းတွေ ရယူတတ်လာမည် ဖြစ်သည်။

ယခုဘဝအတွက်သာမက ရှေ့သို့ ခရီးဆက်ရဦးမည့် သံသရာခရီးအတွက်ပါ ခရီးလမ်းသာအောင် ကြိုတင်၍ ပဋ္ဌာန်းလမ်းခင်းနိုင်ပေသည်။ ပဋ္ဌာန်းဖြင့် ဘဝသစ် ဘဝကောင်းကို ထူထောင်ယူနိုင်ပေသည်။

သို့သော် ဘဝကောင်းစားရေးသည် ဗုဒ္ဓသာသနာတော်၏ အနှစ်အသားမဟုတ်၊ ဘဝဒုက္ခအားလုံး ချုပ်ငြိမ်းသွားရေးသည်သာ လိုရင်းဖြစ်သောကြောင့် ဗုဒ္ဓသာသနာတော်၏ ဦးတည်ချက်ပန်းတိုင်ဖြစ်သော နိဗ္ဗူတခါတ်ကြီးကို ခိုမှီးရယူနိုင်ရေးအတွက် ပဋ္ဌာန်း ဉာဏ်တော်ကြီးကို အသုံးပြုသွားနိုင်ပေသည်။

မိမိကိုယ်ကို ဒုက္ခသစ္စာမှန်း ထိုးထွင်းသိဖို့ အရေးတွင် နာမ်နှင့် ရုပ်ကို သရုပ်ကွဲသည့်အဆင့်က စတက်ရမည်ဖြစ်၍ စိတ်စေတသိက် ရုပ်တို့ကို အနုစိတ်ခြယ်မှုန်းပြထားသော ပဋ္ဌာန်းပညာမှ တစ်ပါး အခြားသော လောကီ ဝိဇ္ဇာ သိပ္ပံပညာတို့က မကူညီနိုင်ပေ။ ဝိပဿနာဆိုသည်မှာ ရုပ် နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ ပေါ်အောင် ရှုရသော လုပ်နည်းဖြစ်ရာ ပဋ္ဌာန်းသည် ဝိပဿနာကို အကြီးအကျယ် ကူညီပေသည်။

သို့ဖြစ်သောကြောင့် ဤကျမ်းကိုဖတ်ရှုပြီးသူတို့သည် အကြိမ်ကြိမ်အထပ်ထပ် ပြန်၍ပြန်၍ ဖတ်လျက် သဘောပေါက် နားလည်သည်ထက် နားလည်အောင် ကြိုးစားပြီး ဆိုခဲ့ပါ လောကီကျိုး လောကုတ္တရာကျိုးတို့ကို အရအမိသည်ပိုးရယူနိုင်ကြပါစေဟု မေတ္တာပြု တိုက်တွန်းရပေသည်။

**အစွမ်းထက်**သော ဆေးကောင်းတစ်လက်ကို ပေးအပ်ပေပြီ၊ ဤဆေးကို သောက်ဖြစ်သူတိုင်းသည် ရောဂါကင်း၍ ကျန်းမာပျော်ရွှင်ခြင်း ဆုလာဘ်ကို ရမြဲဖြစ်ပေသည်၊ သို့သော် ဆေးကိုသောက်ဖြစ် မှိုပဲဖြစ်သည့် အပိုင်းကား ဆေးပေးသူနှင့် ဆေးတို့က တတ်နိုင်သော ကိစ္စမဟုတ်ပါပေ။

မြတ်စွာဗုဒ္ဓသည် မဟာဘိသက္ကဆေးဆရာကြီးနှင့် တူဘိ၏၊ ဗုဒ္ဓရှင်တော်၏ တရားဓမ္မ (ဝါ) ပဋ္ဌာန်းဒေသနာတို့သည်ကား အစွမ်းထက်သောဆေးနှင့်တူချေသည်၊ သတ္တဝါတို့သည်ကား ဘဝရောဂါကိုလေသာလူနာတို့ပမာဖြစ်ဘိသည်၊ထိုသတ္တဝါတို့အထဲမှ ဉာဏ်ရှိသူ လာဘ်မြင်သူတို့သည် ဘုရားဆေးဘုရားနည်းကို အသုံးပြု၍ ချမ်းသာကြပေသည်။

ဤစာအုပ်ကို ဖတ်ရှုဖြစ်သူ ဟူသမျှတို့သည်လည်း အမြော်အမြင်ကြီးကြီးဖြင့် ဘုရားပေးသော ဆုလာဘ်ကို ခံယူနိုင်ကြသူများ ဖြစ်ကြလိမ့်မည်ဟု ကြိုတင်မျှော်လင့် ကြည်နူးဝမ်းမြောက်ရပေသတည်း။

**နှစ်ဖက်လှ**

စာပြီးကာလ – ၁၃၅၅ ခုနှစ်၊ နယုန်လ

(၁၉၉၃ ခု၊ ဇွန်လ)

စာပြုနေရာ – အမှတ် ၃၉၀၊ ၃ လမ်း **အရှေ့ဂါယာလက်**၊

ကမ္ဘာ့အေး၊ မရမ်းကုန်း**မြို့နယ်**

ရန်ကုန်။

## နှစ်ဖက်လှ – ဦးကျော်လွင် ရေးသားထုတ်ဝေပြီးသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | ထုတ်ဝေသော ခုနှစ် | အကြိမ် | အုပ်ရေ |
|---|---|---|---|---|
| ၁။ | သ–စ–အ ခရီးစဉ် | ၁၉၆၀ | – | ၁၀၀၀ |
| ၂။ | အောင်ဇေယျဘုရားကြီး သမိုင်း | ၁၉၆၁ | – | ၅၀၀၀ |
| ၃။ | ပဋ္ဌာန်းရွှေသော | ၁၉၆၂ | – | ၁၀၀၀ |
| ၄။ | ခေတ်သစ်သောနတ္ထိုရ် (ပထမတွဲ) (လူသေလူဖြစ် စိစစ်ဝေဘန်ချက်) | ၁၉၆၃ | – | ၅၀၀၀ |
| ၅။ | ခေတ်သစ်သောနတ္ထိုရ် (ဒုတိယတွဲ) | ၁၉၆၅ | – | ၃၀၀၀ |
| ၆။ | မျက်မှောက်ခေတ် ဘာသာရေးနှင့် ကွန်ပ်တို့ သုံးသပ်ချက် | ၁၉၆၅ | ပ – ကြိမ် | ၅၀၀၀ |
| ၇။ | ကဗျာအလင်္ကာနှင့်နည်းဥပစာ အကျယ်ဖွင့်ကျမ်း | ၁၉၆၈ | – | ၂၅၀၀ |
| ၈။ | ဗုဒ္ဓဝင် အမြွေတော | ၁၉၇၄ | ပ – ကြိမ် | ၂၀၀၀ |
| | ။ | ၁၇၉၇ | ဒု – ကြိမ် | ၂၀၀၀ |
| ၉။ | ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအမေး နှစ်ရာ၊ အဖြေနှစ်ထောင် | ၁၉၇၄ | ပ – ကြိမ် | ၂၀၀၀ |
| | | ၁၉၇၈ | ဒု – ကြိမ် | ၂၀၀၀ |

| | | | | |
|---|---|---|---|---|
| ၁၀။ | ကျန်းမာရေးအတွက် | | | |
| | မြတ်ဗုဒ္ဓ၏ ဟောကြားချက်များ | ၁၉၇၅ | | ၂၀၀၀ |
| ၁၁။ | သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏ | | | |
| | အစိန္တေယျတရား | ၁၉၇၅ | ပ – ကြိမ် | ၂၀၀၀ |
| | ။ | ၁၉၈၁ | ဒု – ကြိမ် | ၂၀၀၀ |
| ၁၂။ | အလင်းပြပရိတ်ကြီး | ၁၉၇၆ | ပ – ကြိမ် | ၂၀၀၀ |
| | ။ | ၁၉၈၃ | ဒု – ကြိမ် | ၂၀၀၀ |
| ၁၃။ | ဗုဒ္ဓနှင့်မာရ်နတ် | ၁၉၇၆ | ပ – ကြိမ် | ၂၅၀၀ |
| | ။ | ၁၉၈၄ | ဒု – ကြိမ် | ၂၀၀၀ |
| ၁၄။ | ငွေနှင့်မိန်းမ | ၁၉၇၇ | – | ၂၀၀၀ |
| | (ဗုဒ္ဓဘယ်လိုဟောခဲ့သလဲ) | | | |
| ၁၅။ | နှစ်ဖက်လှ–မြန်မာစာပဒေသာ | ၁၉၇၈ | – | ၂၀၀၀ |
| ၁၆။ | ပုတီးသမိုင်းနှင့် ပုတီးစွမ်းရည် | | | |
| | အမျိုးမျိုး | ၁၉၇၉(ဠန်) | ပ–ကြိမ် | ၃၀၀၀ |
| | ။ | ၁၉၇၉(စက်) | ဒု–ကြိမ် | ၃၀၀၀ |
| | ။ | ၁၉၈၀ | တ–ကြိမ် | ၃၀၀၀ |
| | ။ | ၁၉၉၀ | စ–ကြိမ် | ၃၀၀၀ |
| | ။ | ၁၉၉၄ | မ–ကြိမ် | ၂၀၀၀ |
| ၁၇။ | ဇယမင်္ဂလာရန်ကင်းဂါထာများ | ၁၉၈၀ | – | ၂၀၀၀ |
| ၁၈။ | တက္ကသိုလ်တရားများ | ၁၉၈၂ | – | ၂၀၀၀ |
| ၁၉။ | ကဝိလက္ခဏာဝိဘာဝနီ | ၁၉၈၂ | – | ၃၀၀၀ |
| ၂၀။ | ဂုဏ်ထူးပန်နည်းပြ | | | |
| | အဖြေ(ငယ်) | ၁၉၈၄ | ပ–ကြိမ် | ၂၀၀၀ |
| | ။ | ၁၉၈၅ | ဒု–ကြိမ် | ၂၀၀၀ |

သာမညတောင်ဆရာတော်ဘုရားကြီးကို ဖူးရလျှင်
ထူးခြားမှုရှိတယ်လို့ ဆိုတယ်၊
ဘာတွေထူးခြားသလဲ၊
ရဟန်းစာရေးဆရာ ရှင်ရာဟုလာကိုယ်တိုင်
သွားရောက်ဖူးမြော်၍ အကဲဖြတ်ထားသည်။

# သာမညတောင်ဆရာတော်ဘုရားကြီးရှေ့မှောက် သွားရောက်ဖူးမြော်ခြင်း

## မှတ်တမ်းစာအုပ်

ဂုဏ်ထူးစာပေ
၁၉၂/၃၃ လမ်း၊ ရန်ကုန်။
ဖုန်း ၇၄၅၁၀

ဦးနု (သခင်နု)

ကိုယ်တိုင် စီစဉ်ရွတ်ပွားသော

အစွမ်းထက် ဂါထာမန္တန်များနှင့် အဓိဋ္ဌာန်ပုတီးစိပ် တို့ပါဝင်သည့်

# တြိရတန သဗ္ဗဓေယျ

# မင်္ဂလာဂါထာတော်များ

ရှားရှားပါးပါးစာအုပ်

ထွက်ပါပြီ

## ဗုဒ္ဓဘာသာကောင်းတစ်ယောက်

အတွက်

အထူးလိုအပ်ချက်ဖြစ်သော

## [illegible]

# မြတ်[illegible]ဝန္ဒနာ

ကို လက်ကိုင်ပြုကာ

ရှိခိုးခြင်း နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက်

သိရှိနားလည် ကျင့်သုံးသင်သည်များကို ဖတ်ရှုလေ့လာကျင့်သုံးပါ။

ဂုဏ်ထူးစာပေ ၂၃ လမ်း၊ ရန်ကုန်မြို့။ တယ်လီဖုန်း ၇၄၅၁၀

DESIGNED BY WIN PAW MAUNG

# သိပ္ပံအဘိဓမ္မာ

(ဒုတိယတွဲ)

ပဋ္ဌာန်းပညာ၊ ပဋ္ဌာန်းတရား

## နှစ်ပါက်လှ ဦးကျော်လွင်